စိတ်ကူးချိုချိုအနုပညာ

# ကြည်အေး

ဤမာန

ဒုတိယအကြိမ်

ဉာဏ်မာန

ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ် - ၅၀၀၁၁ နှင့်

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၀၅၀၀၀၅၁၁ တို့ဖြင့်

မျက်နှာဖုံးဒီဇိုင်း ဏ . ဒ . ဝ ပြုလုပ်ပြီး ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချို စာအုပ်တိုက်၊ ၉(က)၊ ၁၆၄ လမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်နှင့် ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်၊ ရန်ကင်း၊ ရန်ကုန်တို့က ဒုတိယအကြိမ် စောင်ရေ- ၅၀၀ ရိုက်နှိပ်ကာ ၂၀၁၁၊ ဇူလိုင်လတွင် တန်ဖိုး ၂၃၀၀ ကျပ်ဖြင့် ဖြန့်ချိသည်။

စာအုပ်ချုပ် - ကိုမြင့်

၇၉၅·၇၃

ကြည်အေး

ဉာဏ်မာန / ကြည်အေး ။ - ရန်ကုန်။ စိတ်ကူးချိုချိုစာပေ၊ ၂၀၁၁။
စာမျက်နှာ ၁၇၃ မျက်နှာ။ ၁၃·၂ စင်တီ× ၂၀·၅ စင်တီ
(၁) ဉာဏ်မာန

"စုဇန်ငေးလော့ တစ်ယောက်တော့ လက်ထပ်တော့မယ်" ဟူသော စကားလုံးများကို အသံတစ်သံက ပြောဆိုနေသည့်ပမာ ပီသစွာ ကြားနေလေသည်။ ပတ်ဝန်းကျင်မှ သစ်ပင်များကလည်း ယင်းသို့ ပြောဆိုနေသည့်ပမာပင် ကြားရသည်။ သူမနှင့် မာ့က်တို့ ရပ်နေသော "လူလေလွင့်သစ်တော" တွင်းရှိ မနီးမဝေးမှ ငှက်ကလေးလည်း ထင်းရှူးပင်ပေါ်မှ ယင်းသို့ပင် ပြောဆိုနေသည့်ပမာ ကြားရသည်။ အားလုံးသော အရာဝတ္ထုများက ပြောဆိုနေသည့်ပမာပင်။ စောစီးသော နွေဦး၏ ပုရစ်ငယ်ကလေးပင် ယင်းသို့ စူးရှစွာ တွန်လျက် ရှိသည်။ ထို့နောက်ကား မာ့က်၏ ရိုးသား လေးပင်သော ကျိုးနွံစွာ မေးမြန်းနေသံကို ကြားရသည်။

"စုဇန် ကိုယ့်ကို လက်ထပ်နိုင်မလားကွယ်"

စင်စစ် ထိုအခြင်းအရာမှာ မာ့က်၏ စီမံလာခဲ့မှု တစ်ခုပင်ဖြစ်ကြောင်း သူမ ကောင်းစွာ သိခဲ့လေသည်။ မာ့က်ကို အနီးအနားရှိ ယာတစ်ခင်းမှ ရှက်ကြောက်တတ်သော ထွားကျိုင်းသည့် သူငယ်ကလေး တစ်ယောက် အနေဖြင့် သိကျွမ်းခဲ့ရလေသည်။ သူငယ်သည် ပဋ္ဌမဆင့်သို့ လမ်းလျှောက်ပြီး ကျောင်းတက်လေ့ရှိသည်။ ငယ်ငယ်ကစ၍ သိကျွမ်းခဲ့ရသူထံ၌ အံ့အားသင့်စရာဟူ၍ မရှိနိုင်ချေ။ ကျောင်း၏ကျေးဇူးဖြင့် သူတို့နှစ်ယောက်သည်

အချင်းချင်း အဖော်ပြုခဲ့မိလေသည်။ သူမက အစဉ် ရွှင်လန်းသော ကလေးမ။ သူက သူမကို ငေးလျက်ရှိသော ပရိသတ်အစွန်က ထွားကျိုင်း၍ အစဉ် ရုက်ကြောက်သော သူငယ်ကလေး။ သူ၏ မျက်လုံးများမှာ သူမအပေါ်၌သာ ရှိသည်ကို ပထမဆုံးနေ့မှစ၍ သိခဲ့လေသည်။

"ကိုယ်လည်း လက်ထပ်ချင်နေတာပါ" ဟု သူမသည် ခေါင်းကို ဆတ်ခနဲ နောက်ပစ်၍ ပြောလေသည်။ "ပြီးတော့ မင်းကိုပဲ လက်ထပ်မယ်လေ..." သူက တုန်သွားလေ၏။ သူ၏ ကြီးမားသော လက်များသည် သူမ၏ပခုံးပေါ်မှာ တုန်နေကြသည်ကို ခံစားမိလေသည်။ ကိစ္စတစ်ရပ် ပြီးဆုံးလေပြီ။ သူမသည် လက်ထပ်ရပေတော့မည်။ သူမအဖို့ ပြုလုပ်စရာ ကိစ္စများ အများကြီး ရှိသည့်အနက် လက်ထပ်ခြင်းကို ပထမဆုံး လုပ်ချင်သည်။ ယခု ကား မှာက်သည် သူမအား ဆွဲယူလျက် ရှိလေသည်။ သူမနှင့် မကျွမ်းသေးသော ထောင့်ကျမာကျောသော သူ့ကိုယ်ခန္ဓာကိုယ်၏ အလေးချိန်သည် ဖိလျက် ကျလာသည်ကို ခံစားရသည်။ သူမသည် သေးကွေးသူ မဟုတ်ချေ။ အခြား မိန်းကလေးများလောက်တောင်မှ မသေးသွယ်ချေ။ သို့သော် သူနှင့် ကျတော့ ကိုယ့်ကိုယ်ကို သေးငယ်လှသလို ထင်မိသည်။ ထိုထူးဆန်းသော အတွေ့၌ ပျော်မွေ့မိသည်။ သို့သော် ထိုအတွေ့သည် မှာက်က သူမအား ချစ်ကြိုက်စိတ်ဖြင့် လေးနက်စွာ နမ်းရှုပ်နေသည့်ကြားကပင် သူမအား သွက်သွက်ခါအောင် မလှုပ်ယမ်းနိုင်ချေ။

"ကိုယ်လေ... ပထမဆုံးနေ့ ပဥ္စမဆင့် ကတည်းက မင်းနဲ့ခုလို တွေ့ချင်တယ်" ဟု သူက ပြောသည်။

"နမ်းတမ်းကစားရင်တော့ ကိုယ့်ကို မင်းရွေးလည်း ရွေးဖူးပေါင်" ဟု သူမက ရယ်ပြီးပြော၏။

"နမ်းတမ်း ကစားတာတွေကို မုန်းတယ်၊ နမ်းတာကို အဖိုးထားစေချင်တယ်" ဟု သူက ခပ်တိုးတိုး ပြော၏။ သူမကို ဆိတ်ငြိမ်စွာ နီးနီးကပ်ကပ် ကိုင် ထားတုန်းပင် ရှိလေ၏။

"ကိုယ် သိပါတယ်" ဟု သူမက တိုးတိုးစွာ ပြောသည်။ သူတို့သည် ကြာရှည်စွာ တိတ်ဆိတ်လျက် နေ၏။ သူမသည် မှာက်ကို မှီလျက်ရှိ၏။ သူမ၏ ဂနာမငြိမ်ခြင်းမှာ ပျောက်ကွယ်သွားလေပြီ။ သူမ ဘာလုပ်ချင်သည် ဆိုတာများကို သိဖို့ရာမှာ အလွန် ခက်ခဲခဲ့ဖူးလေပြီ။ အင်္ဂလိပ်စာ အချိန်၌

တစ်ခါက ပါမောက္ခအိုကြီး ကင်ကော့က ပြောဖူး၏။ စုဇန်၊ နင် စာရေးမယ် ဆိုရင်လည်း ရေးနိုင်လိမ့်မယ်... တဲ့။ သို့ရာတွင် ထိုစဉ်အခါက သူမ၏ ဖခင်သည် နယူးယောက်မြို့သို့ ခေါ်သွားကာ ပြဇာတ် ကြည့်စေရာ သူမသည် ပြဇာတ်ထဲ ပါချင်စိတ်သာ ရှိခဲ့လေသည်။ နှစ်ပေါင်းများစွာပင် သူမသည် တကယ်တမ်း မဖြစ်ရသော ဇာတ်ဆောင် သူကြီးပမာ ကိုယ့်ကိုယ်ကို ထင်ကာ၊ ဇာတ်စင်ပေါ် တက်နေရသလို ထင်စားလျက် ရှိခဲ့လေ သည်။ ဘယ်လို လူစားမျိုးအဖြစ်သို့မဆို သူမ ရွေးချယ်လျှင် ဖြစ်နိုင်စွမ်းရှိ သည်။ သို့သော်လည်း ထိုအချိန်၌ သူမ၏ လက်များ ရှိနေသေးသည်။ လက်များဖြင့် လုပ်ချင်သည်။ အလုပ် လုပ်ချင်သော သူမ၏ လက်များဖြင့် အရာဝတ္ထုများကို စမ်းသပ် ထိတွေ့မိသလို ရှိသည်။ ထိုအရာဝတ္ထုများမှာ ဖခင်က သင်ပေးခဲ့သော ဂီတ ထက်တောင်မှ ပိုပြီး စမ်းသပ်တွေ့ထိ၍ ရသည်။ သူမသည် သူမ၏ လက်များကို ဘယ်နေရာမှာ သုံးရပါမည်ဟု မသိဘဲ ဂနာမငြိမ်ဘဲ ရှိလေသည်။ ဘာကြောင့်ဆိုလျှင် သူမသည် အားလုံးကို ကြိုက်နှစ်သက် ကာ လုပ်ချင်လျက်ရှိ၏။ အားလုံးကို သူမ လိုချင်သည်။ ယင်းသို့လျှင် သူမ သည် လက်ထပ်ပြီး ကလေးများစွာကို မွေးမြူဖို့ ဆုံးဖြတ်လိုက်ပြန်၏။

သူမသည် သူမ၏လက်များဖြင့် ပြုလုပ်ခဲ့သော မေရီ၏ ဦးခေါင်းကို သတိရကာ အတွေးများစွာ အလယ်၌ တန့်သွားလေ၏။ လွန်ခဲ့သော အပတ်က ထိုဦးခေါင်းကို ပြုလုပ်စဉ်က သူမ၏ လက်များ ဘယ်လို နေသည်ကို သတိရ၏။ လက်များသည် သွက်လက်ပြီး ကျွမ်းကျင်လှလေသည်။ စုဇန် သည် ပျော်ရွှင်စွာ မေရီကို အော်၍ ပြောမိသည်။ "မေရီရေ... ကြည့်စမ်း၊ နင့်ခေါင်းရပြီ ဆရာ"

မေရီက လာကြည့်သည်ကို စုဇန် စောင့်မိသည်။ မေရီက အံ့ဩ တကြီးနှင့် "စုဇန်ရေ... သိပ် အံ့ဩစရာကြီးပါလားကွာ၊ ငါနဲ့ကို တစ်ပုံတည်း ပဲဟေ့" ဟုများ ပြောမလားဟု သူမ စောင့်နေစဉ် မေရီသည် သူမ၏ လက်များဖြင့် လှမ်းပြီး စိုစွတ်သော ရွှံ့ရုပ်ကို ရွှံ့ပုံမျှသာ ကျန်တော့အောင် ဆုတ်ဖွဲ့ပစ်လိုက်သည်။

မေရီက "နင် ငါ့ကို ကြောက်စရာ ရုပ်ဆိုးကြီး လုပ်ပစ်တယ်၊ ဒါကြောင့် နင့်ကို မုန်းတာ" ဟု ပက်ပက်စက်စက် ပြောကာ ငိုယိုပြီး ထွက်ပြေးသွားလေသည်။

စုဇန်လည်း စကား မပြောနိုင်အောင် အံ့အားသင့်ကာ ရှုံ့ကို ကောက်ယူပြီး အဓိပ္ပာယ်မရှိ နယ်နေမိလေသည်။ သို့သော် သူမ၏ လက်များက ခံစားရခြင်းအားဖြင့် သူမ သိနေသည်မှာ မေရီ ကြိုက်သည် ဖြစ်စေ၊ မကြိုက်သည်ဖြစ်စေ သူမ ပြုလုပ်ခဲ့သည့်ပုံမှာ မေရီပင် ဖြစ်သည် ဟူ၏။ ယခု စုဇန်သည် ပြန်၍သတိရလာကာ လက်ဖဝါးများ ပူလောင်လျက် ဖွင့်လိုက်ဆုပ်လိုက် ဖြစ်နေလေ၏။

"မာ့က်" ဟု သူမ ခေါ်လိုက်သည်။ သူ့မျက်နှာကို မြင်ရအောင် နောက်သို့ ဆုတ်လိုက်၏။ "ကိုယ်တို့ လက်ထပ်ပြီး ကိုယ်ပန်းပု ထုချင်တယ် ဆိုရင် ကြိုက်ပါ့မလား၊ ပန်းပုထုတာကို တို့နှစ်ယောက်ကြားထဲ ဝင်မရှုပ်စေပါဘူးကွယ်" ဟု ပြော၏။

"မင်း လုပ်ချင်တာ လုပ်ဖို့သာ ကိုယ် အလိုရှိတယ်" ဟု မာ့က်က ပြော၏။ သူ၏ ပျော့ပျောင်းကြည်လင်သော မျက်လုံးပြာများမှာ ရက်ကြောက်သော သဏ္ဌာန်ကို ဆောင်လာ၏။

"ကိုယ်ဟာ မင်းနဲ့ မတန်လှပါဘူး စုရယ်၊ ကိုယ် သိပါတယ်၊ ကိုယ့်မိဘ ဆွေမျိုးတွေဆိုတာက သိပ်ပြီး မတော်လှဘူးလေ၊ ကိုယ်လည်း မတော်ပါဘူး၊ မင်းကတော့ တစ်မြို့လုံးမှာ အသွက်ဆုံး မိန်းကလေးတစ်ယောက်ပဲ"

"အို… အလကား စကာပါ၊ ကိုယ်ကတော့ကော ဆင်းရဲတဲ့ ပါမောက္ခ တစ်ယောက်ရဲ့ သမီးအပြင် ဘာများ ဖြစ်သေးလို့လဲ" ဟု သူမက ပေါ့ပါး ရွှင်လန်းစွာ ပြောမိလေသည်။

သူမသည် အားလုံးကို တစ်ပြိုင်နက် စတင် ပြုလုပ်ချင်စိတ် ပေါ်ပေါက်လာ၏။ သူမသည် စူးရှသွက်လက်စွာ သူ့ကို နမ်းပြန်၏။ နောက် ရယ်လိုက်ကာ သူ့လက်ကို ဖမ်းကိုင်လိုက်သည်။

"ပြေးရအောင်" ဟု သူမက ပြောပြီး သူတို့နှစ်ယောက်သည် သစ်တောကို ဖြတ်ကာ အိမ်ဘက်သို့ ပြေးကြလေသည်။

ပျံလွှားနေသော ခြေများ၏ ပျော်ရွှင်သော သီချင်းသံအလိုက်အတိုင်း "ငါ လက်ထပ်တော့မယ်၊ ငါ လက်ထပ်တော့မယ်" ဟု သူမ တွေး၏။

မိခင်ဖြစ်သူ မစ္စစ်ဂေးလော့က "စုဇန်… ညည်းကို ဒီလောက်ငယ်ငယ်ကလေးနဲ့ လက်မထပ်စေချင်ဘူး၊ ညည်း လက်ထပ်တာနဲ့ တစ်ပြိုင်နက် ညည်းဟာ အတုပ်အနှောင် ခံလိုက်ရတော့တာပဲ" ဟု ပြောလေသည်။

"ကျွန်မတော့ လက်ထပ်ချင်တယ်" ဟု စုဇန်က ပြော၏။

သူမ၏ အမေက ဘာမျှ မပြောတော့ချေ။ သူတို့သည် စက်ချုပ်ခန်းထဲ၌ သူမ၏ ပွဲထိုင် အဝတ်အစားအတွက် ညှပ်ကာ သီကာ ရှိကြသည်။ သူတို့ နှစ်ယောက်တည်း ဖြစ်လေ၏။ မနက်စာ စားပြီး၍ ပန်းကန် ခွက်ယောက်များ ဆေးပြီးတိုင်း သူတို့သည် နှစ်ယောက်တည်း ရှိမြဲဖြစ်လေသည်။ စုဇန်သည် တစ်ချိန်လုံးပင် သူမ အမေက ပြောစရာစကား ရှိနေသည်ကို သိနှင့်လေသည်။ ထိုစကားသည် သွယ်ဝိုက်၍ ဘေးချော်သော အဓိပ္ပာယ်ကို ဆောင်လိမ့်မည်။ အဘယ့်ကြောင့်ဆိုသော် သူမ၏ အမေသည် အိမ်ရာထောင်သည့် အကြောင်းကို ပြောရမှာ ရှက်ကြောက်တတ်သောကြောင့် ပေတည်း။

လွန်ခဲ့သောနှစ် တစ်ချိန်၌လည်း မာ့က်သည် ပထမဆုံးအကြိမ် သူမထံ လာလည်သည့်အခါ သူမ အမေသည် တစ်စုံတစ်ခု ပြောဖို့ရာ ကြိုးစားခဲ့ဖူး၏။ စုဇန်ကမူ ညဦးအလယ်တွင် သူမကိုယ်တိုင် နားမလည်နိုင်သော အောင်မြင်ရွှင်လန်းစိတ်နှင့် မျက်နှာများ နီမြန်းကာ အပေါ်ထပ်သို့ တက်ခဲ့သည်။ အမေဖြစ်သူက သိုးမွေး ဂါဝန်ညိုကြီးဝတ်ကာ မနက်ဖြန် ဆံတွန့်များအတွက် ယနေ့ ကျစ်လိမ်ထားသော ဆံပင်များနှင့် အခန်းထဲက စောင့်နေသည်။

အမေက စိတ်ညစ်ခက်ပွေသော မျက်လုံးများနှင့် "စုဇန်၊ အမေ နည်းနည်း ပြောချင်တယ်" ဟု ဆိုခဲ့လေသည်။

"ဘာလဲ အမေ" ဟု သူမက အမေဖြစ်သူကို တည့်တည့်မတ်မတ် ငေးစိုက်ကာ မေး၏။

"ညည်း အသက်အရွယ်မှာ အေ..." ဟုသာ ပြော၏။ စုဇန်ကမူ အမေဖြစ်သူ၏ ရှက်ကြောက်နေမှုကို ခံစားရကာ ပူရှိန်းရှိန်းဖြစ်ပြီး တစ်ချက်နှစ်ချက်မျှ နှလုံး ပြင်းပြင်းခုန်မိသည်။

"မာ့က်အတွက် ပြောတာလား" ဟု သူမက တောင့်တောင့်ကြီး မေးသည်။

"လူပျို လူရွယ်ကလေးတိုင်းအတွက် ပြောတာ" ဟု အမေက ဆိုသည်။

စုဇန်က မြန်ဆန်စွာ "စိတ်မပူပါနဲ့ အမေ၊ မာ့က်နဲ့ ကျွန်မက

အကြောင်း သိချင်းပါ၊ ပြီးတော့ ကျွန်မကိုယ်ကျွန်မ ဂရုစိုက်တတ်ပါတယ်"

"အေးလေ… အမေ ပြောချင်တာ နားလည်ရင် ပြီးတာပဲ" ဟု အမေက ပြောကာ သက်ပြင်းချကာလေသည်။

အမေသည် ပါးပြင်များ ရှက်သွေးကြွကာ စုဇနီအား စိတ်မရှင်းမလင်းနှင့် နမ်းရှုပ်လေ၏။ အမေသည် အခန်းတွင်းမှ ထွက်သွားသော် သူမအင်္ကျီမှ ခါးပတ်သည် တွဲလောင်းဆွဲကာ ပါသွားရာ တံခါးလည်းပိတ်၊ ခါးပတ်လည်း ညပ်ပြီးသား ဖြစ်သွားလေ၏။

"အမယ်လေးတော်" ဟု အမေက အပြင်မှ အော်သည်။

"ပေး… ကျွန်မ လုပ်ပေးမယ်" ဟု ဆိုကာ စုဇနီက ဖြုတ်ပေးလိုက်ရသေးသည်။

ယခုမနက်မှ စုဇနီသည် ဆိုးညစ်သည့် စိတ်ကလေး တစ်ဝက်နှင့် ပြုံးနေမိလေသည်။ ညကဆိုလျှင် မော်ကန်နှင့်တောင် ရယ်နေခဲ့မိသေး၏။ "အမေကတော့ ကိုယ့်ကို စကားနည်းနည်း ပြောစရာ ရှိဦးမှာပဲ။ ကိုယ်က ကိုယ်တို့နှစ်ယောက် တကယ့်ကို စေ့စပ်လိုက်ကြပြီဆိုတာ ပြောပြရင်လေ" ဟု ပြောခဲ့၏။

"ကိုယ့်အကြောင်းလားကွာ" ဟု မော်ကန်က တည်ကြည်စွာ မေးခဲ့လေသည်။ "ကိုယ်တော့ မြင်ယောင်သေးတယ်၊ မင့်အဖေက မျက်ခုံးတွေ ပင့်ပြီး "ငါ့ သမီးကို ဘာကိစ္စ မင်းက လက်ထပ်မှာလဲ သူငယ်" လို့ မေးမှာကို ကိုယ်တော့ ဘာမှ ပြောတတ်မှာ မဟုတ်ဘူး၊ သူ့ကဗျာသင်တန်းမှာ ကိုယ် သိပ်ညံ့တာဆရာ၊ သိလား စု"

သူမက ရယ်ကာ ပြော၏။ "အမေကတော့ အဲဒါကို ဂရုစိုက်မှာ မဟုတ်ပါဘူး၊ အို… အမေ ပြောမှာက ဘဝအကြောင်းပါကွ"

"အခြေခံအချက်တွေ ဘာတွေပေါ့ဟင်" ဟု သူက လေးနက်စွာ မေးရာ စုဇနီက ခေါင်းညိတ်ပြီး သူတို့နှစ်ယောက် ရယ်ကြပြန်သေးသည်။

ယခု အမေက မေးနေသည်။ "အင်္ကျီ လည်ကုပ်မှာ အတွန့်ကလေးတွေ မထည့်တော့ဘူးလား အေ"

"အတွန့်ကလေးတွေ သီထည့်ထားပြီ အမေ"

သူမသည် ဂါဝန် နောက်တွဲရှည်ကြီးအလိုက် ချုပ်ရိုးစပ်ကာ တချောင်းချောင်း ချုပ်သည်။ ထို့နောက် ကိုယ်ထည်ကို ချုပ်ပြန်သည်။

အမေက တုံ့ဆိုင်းဆိုင်းနှင့် ပြောသည်။

"ညည်းကတော့ အင်မတန် အဆန်းထွင်တတ်တာပဲ အေ၊ ညည်း လုပ်ပုံကိုင်ပုံကလည်း မြန်လွန်းတော့ အပေါက်တည့်မယ် မထင်ရဘူး၊ ဒါပေမဲ့ တယ်ပြီး နေရာကျတာကိုး၊ ညည်း ဘယ်လို လုပ်လိုက်တယ် ဆိုတာ အမေတော့ မသိတတ်ပြီဘူး"

"မှန်မယ် မှားမယ်ဆိုတာက ကျွန်မ လက်တွေက စမ်းတတ်တယ်"

အမှန်ပင်၊ သူမ၏ ဦးနှောက်ထဲ၌ ဆွဲပြီးသော မျဉ်းတစ်ကြောင်း၏ မှန်မမှန်ကို ခံစားတတ်သော၊ မဖြေလည်း မဖြေရှင်းပြတတ်သော ဝေဒနာ အသိ ရှိသည်။ ထိုအသိကို များစွာသော အကြောင်းအရာများနှင့် ပတ်သက်၍ ရသည်။ အထူးသဖြင့် သူမ ရုပ်ပုံထုသည့်အခါ ဆိုပါစို့။ သို့သော် ထိုအသိ သည် အဝတ်အစား ချုပ်ရိုးတစ်ရိုးကို ချုပ်ရာ၌လည်းကောင်း၊ ကိတ်မုန့် နယ်ရာ၌ လည်းကောင်း၊ ပန်းအိုး၌ ပန်းစိုက်ရာ၌ လည်းကောင်း သူမ၌ ရှိလေသည်။ အားလုံးသော အရာများသည် ဘယ်လိုရှိနေရမည် ဆိုသည်မှာ သူမ ခေါင်းတွင်း၌ ပုံဆွဲပြီးသား ရှိကာ၊ လက်ချောင်းများကို လျင်မြန်သော၊ ဖျတ်လတ်သော ကျွန်များပီသစွာ ထိုအမြင်၏ အစေကို နာခံကြလေသည်။ သူမက ပြုံးကာ ထပ်ပြောခဲ့သေးသည်မှာ "ကျွန်မရဲ့ အဝတ်အစားကိုတော့ မမှားအောင် ချုပ်နိုင်ရမှာပေါ့"

သူမသည် ပွဲထိုင်ဂါဝန်ကို ဝယ်မည်ဆိုလည်း ဝယ်နိုင်ပေသည်။ သူမ၏ အဖေက "မင်း လိုချင်တာ ဝယ်ဟေ့ စုဇန်" ဟု ဆိုကာ ဒေါ်လာ တစ်ရာ ပေးလေသည်။ "ဒါဟာ အနည်းဆုံး ကဗျာ အပုဒ်နှစ်ဆယ်ရဲ့ အဖိုးပဲ၊ ဘုရား... ဘုရား... ကဗျာဈေး ပေါလိုက်တာကွာ၊ တော်ပါသေးရဲ့၊ မင်းရဲ့ သူငယ်က ကဗျာမှာ မသန်ဘဲ အိမ်မြေနဲ့ လုပ်ကိုင်စားလို့" ဟု ဆို၏။

သူမ၏အဖေမှာ အီစတန် တက္ကသိုလ်၌ အင်္ဂလိပ်စာပေ သင်သည့် ဆရာ ဖြစ်သည်။ ထိုလစာဖြင့်သာ သူတို့ စားသောက်နေထိုင်နိုင်ခြင်းပေ တည်း။ အဖေ လုပ်သူကမူ သူ့ တကယ့် အလုပ်အကိုင်မှာ ကဗျာရေးခြင်း ဖြစ်သည်ဆို၏။ သို့သော် သူသည် ထိုစကားကို ယုံကြည်စေခြင်းငှာ မည်သူ့ ကိုမျှ မတတ်နိုင်ချေ။ ကဗျာရေးခြင်းဖြင့် ရရှိသမျှကိုမူ စားရာ သောက်ရာ၌ ချည်းပဲ မကုန်စေလိုဟု သူက ဆိုပြန်သည်။

စုဇန်သည် ဒေါ်လာတစ်ရာကို ကျေးဇူးတင်စွာ လက်ခံကာ မြို့ထဲ

ရှိသမျှ ဆိုင်တို့၌ ပွဲထိုင်အဝတ်ကို ရှာလေသည်။ သေသေချာချာ ရှာလေ သူမဘာသာ ချုပ်ရမည့် အဖြစ်ကို မြင်လေလေပင်။ သူမ လိုချင်သည်မှာ သည်ထဲက တစ်ခုမျှ မဟုတ်။ သူမကိုယ်တိုင် ချုပ်လုပ်မှ ဖြစ်တော့မည်။ ထို့ကြောင့် အဝါပျော့ရောင် လေးလံသော ဖဲစ ကိုက်ပေါင်းများစွာကို ဝယ်လေသည်။ ဖဲစမှာ ခပ်ဖြူဖြူ ဖြစ်သော်လည်း စင်စစ် အရောင်ပြေးသော အဖြူပေတည်း။ သူမသည် အလွန်နု၍ မှုန်သော ဇာများရရန် ဆယ်ဒေါ်လာ ပေးခဲ့ရသေးသည်။ နောက်ထပ် ဆယ်ဒေါ်လာကိုလည်း နူးညံ့သော ပဝါပါး တစ်စအတွက် ကုန်ကျရသေးသည်။

“အကျီပုံစံကော ယူဦးမလားဗျာ” ဟု စာရေးက မေးသည်။

“မလိုချင်ပါဘူး ရှင်” ဟု သူမက ဖြေခဲ့၏။

သူမ၏ ကိုယ်ခန္ဓာနှင့် ပုံစံသွင်းကြည့်သည့် အခါ၌ကား သည်ဟာ သည် သူမ၏ လက်ထပ်ပွဲထိုင် အဝတ်အစားပါကလားဟု တစ်နည်းအားဖြင့် နူးညွတ်ရမည်ကိုပင် မေ့သွားလေတော့၏။ မာ့က်ကိုလည်း မေ့၍သွားသည်။ သူမကား တစ်စုံတစ်ရာကို ပြုလုပ်နေပြန်ခြင်း ဖြစ်လေ၏။ ဘာကိုပဲ လုပ်လုပ် လုပ်ကိုင်နေသည့် အဖြစ်က သူမကို ဆွဲခေါ်သွားလေ့ ရှိပေ၏။ သူမ၏ ကိုယ်ခန္ဓာမှာ ဂီတပမာ သံစုံညီညွတ်လျက် ကျေနပ်ကာ ရှိသည်။ စုဇန်သည် ဖဲထည်ကို နပျိုသန့်မာသော ကိုယ်၌ ကပ်ကြည့်၏။

အမေက “အင်း... တယ်လှတာပဲ အေ” ဟု ပြောကာ သက်ပြင်းချ လေသည်။

စုဇန်က သက်ပြင်းချသံ ကြား၍ “မောသလား ဟင်” ဟု ဖျတ်ခနဲ မေးရာ “မမောပါဘူး” ဟု အမေက ဖြေပြီး ပါးစပ်စေ့ကာနေလေ၏။

အမိုးနိမ့်သော စက်ချုပ်ခန်းကလေးကား ပူလာလေသည်။ သူမ၏ အမေသည် မျက်မှန်ကို အပေါ်သို့ ပင့်တင်ကာ အရေတွန့်သော မျက်နှာ ဝိုင်းဝိုင်းကို အကျီရှေ့ဖုံးအဖြူနှင့် သုတ်၏။

တိတ်ဆိတ်သော အခန်းတွင်းဝယ် သူမ၏ ကိုယ်တွင်းရှိ ဂီတသံစုံကို ကျော်ကာ စုဇန်သည် မပြေပြစ်သော အသံဗလံကို သတိပြုမိလေသည်။ ထိုအသံသည် မှန်ပြတင်းကို တိုးနေသော နကျယ်ကောင်လို တဗီဗီမြည် သည်။ သူမသည် ခေါင်းထောင် လိုက်မိလေသည်။

ညီမဖြစ်သူ မေရီသည် မန်ဒယ်ဆွန်း၏ “နစ်သိမ့်ခြင်း” အမည်ရှိ

သီချင်းကြီးကို ဖြည်းညင်းစွာ ဂရုတစိုက် တီးနေလျက်က ထိုဂီတ၏ အချက်အချာဖြစ်သော အသံမြှင့်ခလုတ်ကို မတို့ဘဲ သံကြောင်ကိုသာ ချလျက်ရှိသည်။ စုဇန်သည် ခဏမျှ တန့်နေပြီး နားထောင်နေသေး၏။ သံကြောင်သည် သူမ၏နားကို ရိုက်ခတ်ကာ ကြီးမားသော သောတဝေဒနာကို ပေးလေ၏။ သူမသည် ဖဲစကိုချခဲ့ကာ တံခါးသို့ သွားလေသည်။

အမေက "ဘာ..." ဟု စရုံရှိသေးစဉ် စုဇန်သည် မရပ်ဘဲ ဆက်၍ သွား၏။ စုဇန် အမီရောက်ရမည်။ မေရီသည် ခုတင်က အသံမြှင့်နေရာသို့ မရောက်ခင် သူမ အမီရောက်ရမည်။ သူမ၌ ရုပ်ဝေဒနာ ဖိစီးလျက် ရှိသော ကြောင့်ပင် ဧည့်ခန်းတံခါးကို လျင်မြန်စွာဖွင့်လေ၏။

"မေရီ" ဟု နူးညံ့သိမ်မွေ့စွာ ခေါ်လေ၏။ သူမထက် ၅ နှစ်မျှငယ်သော ညီမနှင့်ဆိုလျှင် စုဇန်သည် အမြဲတမ်း နူးညံ့သိမ်မွေ့လေ့ ရှိ၏။ စန္ဒရားခုံ၌ အသားညို မေရီသည် မျက်နှာကလေးကို လည်ကာ စောင့်ဆိုင်းလျက် ရှိလေသည်။ မေရီ၏ သေးငယ်ပိန်ခြောက်သော လက်များမှာမူ စန္ဒရားခလုတ်များပေါ်၌ လက်ချောင်းများ ဖြန့်ကားလျက် ရှိ၏။

"ညီမလေးရေ... ညည့်... မမ ပြပေးမယ်နော်"

စုဇန်သည် မေရီကို စန္ဒရားခုံမှ ညင်သာစွာ တွန်းဖယ်လိုက်ကာ စန္ဒရား တီးလေ၏။ ထိုသီချင်းကြီးကိုပင် ပြည့်ဝချိုသာစွာ ခပ်တိုးတိုး တီးသည်။

"ဟော... ဟော... ကြားလား၊ သီချင်းက ဒီလိုဆိုနေတယ်။ ဝမ်းမနည်းပါနဲ့ကွယ်၊ နည်းနည်းမှ ထပ်ပြီး ဝမ်းမနည်းပါနဲ့တော့။ အို... သတိရလိုက်စမ်း၊ မင်းရရှိခဲ့တဲ့ ပျော်ရွှင်မှုတွေကိုလေ" ကဲ... ဟုတ်ပြီလား၊ ခလုတ်ဖြူကိုနှိပ်ကွဲ့၊ အမည်းကို မဟုတ်ဘူး၊ ဟော... ဟောဒီလို"

စုဇန်သည် တီးကွက်အမှားကို ကျော်လွှန်နိုင်ရခြင်းအတွက် ဝမ်းသာကာ စိတ်သက်သာရာရပြီး စန္ဒရား တီးလေသည်။ မေရီကိုလည်း သတိမရတော့ပြီ။ သီချင်းဂီတကို ကြွယ်ဝနိုင်သမျှ ကြွယ်ဝသော အသံဖြစ်စေကာ မိမိ၏စိတ်သက် သာရာရရေးအတွက် မိမိနှစ်သိမ့်ရေးအတွက် ထပ်တလဲလဲ တီးလေ၏။

"ကျွန်မတော့ ဘယ်တော့မှ ဒီလို တီးနိုင်မှာ မဟုတ်ဘူး" ဟူသော မေရီ့အသံသည် အင်အားပျော့စွာ၊ သေးနုပ်စွာ သူမ၏ နားတွင်းသို့ ဝင်လေ

သည်။

"ညည်း တီးနိုင်ပါတယ်ကွယ်" ဟု သူမက ရွှင်လန်းစွာ ပြောပေးလေ၏။ ထို့နောက် စန္ဒရားခုံမှ ထသည်။

"ညည်း ပြန်တီးပါလားကွဲ့... မမ ပြပေးမယ်လေ"

သို့သော် ခဏချင်းပင် စုဇန်သည် မေရီ့ စိတ်ဖြစ်ပျက်ပုံကို ရိပ်မိလေသည်။ ဘာပဲဖြစ်ဖြစ် မေရီ့အသက် ဆယ့်ငါးနှစ်နှင့် သူမ၏ အသက်နှစ်ဆယ်ကို ယှဉ်ရပေတော့မည်။

"အေးလေ... ညည်းဘာသာညည်း တီးယူပေါ့ကွာနော်၊ ညည်းတီးနိုင်ပါတယ်အေ...။ ညည်းက အတီးအမှုတ်တော့ အတော်ကောင်းတာ"

စုဇန်သည် မေရီကို ပြန်လည် စိတ်ချမ်းသာစေချင်၏။ ဘယ်သူ့ကိုဖြစ်ဖြစ် သူမ၏ ပတ်ဝန်းကျင်က လူများကို စိတ်ချမ်းသာစေချင်သည်။

မေရီက "ကျွန်မတော့ ထပ်ပြီး မကျင့်ချင်တော့ပါဘူး" ဟု ဆိုပြီး သီချင်းစာအုပ်ကို ပိတ်လေသည်။ သူမ၏ သေးငယ်နီမြန်းသော ပါးစပ်မှာ စေ့ကျပ်နေလေသည်။

စုဇန်က "ကဲ... ညီမလေးသဘော... သဘော" ဟု ပြုံး၍ဖြေ၏။ "မမတော့ စက် ဆက်ချုပ်လိုက်ဦးမယ်။ မမအဝတ်ကို လိုက်ကြည့်ပါ့လား"

"နောက်တော့မှ" ဟု မေရီက ဆိုသည်။ မေရီက စုဇန်ကို မကြည့်။ ပြုံးလည်းမပြုံး။ သူမ၏ နက်မှောင်ဖြောင့်စင်းသော ဆံပင်ကို လက်နှစ်ဖက်လုံးဖြင့် နောက်ပြန်သပ်ကာ ဖြည်းညင်းစွာ လျှောက်သွားလေ၏။

စုဇန်သည် ဖဲထည်အပုံကို ကိုင်လေ၏။

"ဘာဖြစ်တာလဲ" ဟု အမေက မေးသည်။

"မေရီက အသံကြောင် တီးနေတာကို" ဟု ဖြေသည်။

အမေက ဘာမျှ မပြောချေ။ အမိုးနိမ့် အောက်ဝယ် အပူရှိန်သည် အပေါ်သို့ ရုတ်ခြည်းကြွတက်လာသလို ထင်ရလေသည်။

အမေက အတန်ကြာမှ ပြောသည်မှာ...

"ညည်း ဒီလို လုပ်ချင်လို့ တမင်လုပ်တာ မဟုတ်ဘူးဆိုတာ အမေသိပါတယ်။ ဒါပေမဲ့ မေရီဟာ ဆတ်ဆတ်ထိမခံ ဖြစ်နေတယ်။ သူ့ အရွယ်ကို ကြည့်ပါလား။ အမေသာ ညည်းနေရာမှာဆိုရင်တော့ ဘယ်လို နည်းနဲ့မှ သူ လုပ်နေတာကို အမှား ပြင်ပေးမှာ မဟုတ်ဘူး"

"ဟင့်အင်း... ကျွန်မ သူ့ကို အမှားပြင်ပေးနေတာမှ မဟုတ်ဘဲ" ဟု စုဇန်က ချက်ချင်း ပြန်ဖြေလေ၏။

"ဒီလို လုပ်ဖို့ရာ ကျွန်မ သိပ်မုန်းတာပဲ၊ ဒါပေမဲ့ ခုလိုမဟုတ်တဲ့ တီးကွက်ကိုချည်း တီးနေတာ ကျွန်မ နားမခံနိုင်ဘူး၊ အဲဒါဟာ ကျွန်မကို ကြက်သီးထစေတယ်၊ ကျွန်မ အာခေါင်ကို ခြောက်လာတာပဲ။ လက်ဖဝါးတွေ စိုလာတယ်၊ ဒါဟာ ကျွန်မ သက်သက်ရူးတာပါ၊ ဒါပေမဲ့ ကျွန်မ မတတ်နိုင်ဘူး အမေ"

"အဲဒီလိုဆိုရင် မကြားနိုင်တဲ့နေရာ သွားနေပေါ့အေ" ဟု အမေက ပြော၏။

ခဏကြာသော် ထပ်ပြောသေးသည်။ "ညည်းက နည်းနည်းတော့ ဆရာ လုပ်ချင်စိတ်ကလေး ရှိသေးတယ်၊ ကိုယ့်ကိုယ်ကို သတိထားဦးလေ"

အမေ လုပ်သူ၏ အဆိုအပြောကို သူမ ခံစားရမိသဖြင့် ဘာမျှ ပြန်မပြောတော့ချေ။ သူမသည် မိမိနှင့် တခြား လူများကြားတွင် အမြဲတက်လာလေ့ရှိသော တိမ်မိုးကလေးကို မကြာခဏ တွေ့ရလေသည်။ စင်စစ်မှာ သေးငယ်၍ အသိအမှတ် မပြုသော တိမ်မိုးမျှင်ပင်တည်း။ သူမ နားလည်ခဲ့သည်မှာလည်း အကယ်၍ သူမသာ ဘာမျှ ပြန်မပြောဘဲ နေလိုက်ပါက၊ သို့မဟုတ် မိမိအတွက် ရှင်းလင်းဖို့ မကြိုးစားဘဲ နေလိုက်ပါက၊ ထို့ပြင် သူမသာ အကယ်၍ အဖြစ်အပျက်များ၏ မျက်နှာပြင်ကို လှုပ်ရှားနေမြဲ လှုပ်ရှားစေရန် လွှတ်ထားလိုက်ပါက ထိုတိမ်မိုးကလေးသည် ပျက်ပြယ်၍ သွားမည်ဆိုသော အကြောင်းပင် ဖြစ်လေ၏။

"ကျွန်မ အမဲဟင်းရည် သွားချက်လိုက်ရမလား" ဟုသာ စုဇန်က မေးလေ၏။

"ညည်း ချက်ချင်ရင် ချက်လေ၊ ဒါပေမဲ့ အဲဒီ အမဲဟင်းရည်ကို ငါချက်တာထက် ကောင်းအောင် ဘာကြောင့် ညည်း ချက်တတ်တယ်ဆိုတာလဲ ငါ မသိပါဘူး"

"အလကားပါ" ဟု ပေါ့ပါး ရွှင်လန်းစွာ ပြောပြီး သူမသည် အမေဖြစ်သူကို ငုံ့၍ နမ်းလိုက်လေသည်။ သို့သော် သူမ၏အမေက ပြန်ပြီး ပြုံးမပြ။ သူမသည် အမေကို ပြုံးတတ်သောအမေ ဖြစ်စေချင်လေ၏။ ဘယ်ဟာမှ မကျိုးမပျက်ဘူးဆိုရင် ဘာကြောင့် မဖြစ်နိုင်ရမှာလဲကွယ်။ သို့သော် သူမနှင့်

အမေတို့ကြားမှာ တိမ်နိုးကလေးသည် လွယ်ကူစွာ တက်လာလေ့ပင် ရှိသည်။
စုဇန်သည် အင်္ကျီရှေ့ဖုံးကို ခါးမှာစည်းရင်း မီးဖိုခန်းမှ နေ၍တွေး သည်။ မိမိနှင့် မှော်က်တို့ လက်ထပ်ပြီးလျှင် သည်လို တိမ်နိုးကလေးမျိုး ကြားမှာ မရှိစေရ။ သည်အိမ်ကို သူမ ချစ်ပါ၏။ သို့သော် မိမိကိုယ်တိုင် ပြုလုပ်သည့် ပစ္စည်းဖြစ်သည့် မိမိကိုယ်ပိုင် အိမ်ကို မှော်က်အတွက် သူမ ဆောက်ဦးမည်။
"ငါ လက်ထပ်ချင်ပါတယ်" ဟု စိတ်ပါလက်ပါ ထပ်၍ ပြော၏။
အိမ်တံစက်မြိတ်အောက် အရိပ်ကောင်းသော ဝက်သစ်ချပင် အောက် လရောင်ထဲတွင် သူမသည် မှော်က်၏ လက်မောင်းများကြား၌ လဲလျောင်း လျက် နေလေ၏။ သူတို့သည် ကော်ဇောကို ခင်းထားကြပြီး ဖြစ်လေ၏။ လမ်းဆုံးတစ်ဖက်မှ တက်၍လာသော လကို ကြည့်လျက် ရှိခဲ့ကြလေ၏။ တစ်အိမ်လုံးမှာမူ မီးလင်းလျက်ရှိ သည်။ အမေမှာ မီးဖိုခန်းထဲတွင်ရှိ၍ အဖေမှာ အခန်းထဲတွင် အတန်းစာ စစ်ဆေးနေသည်။
အဖေ၏ "အို...ဘုရား...ဘုရား၊ အို...ဘုရားရေ" စသဖြင့် ညည်းညူ နေသံကို သူတို့ ကြားရသည်။
အဖေသည် နောက်သို့လှဲ၍ မိုလိုက်ကာ မျက်စိစုံမှိတ်ပြီး မလှုပ်မယှက် နေလိမ့်ဦးမည်ဟု သိလေသည်။ အဖေသည် ရှေ့ဆက်ပြီး စာရွက်များ ဖျက်နိုင်လိမ့်ဦးမည် မဟုတ်။ စက္ကန့်အနည်းငယ်မျှ နေဦးမည်။ အဖေသည် ဘယ်တော့မျှ သူမတွေ့နိုင်သည့် စာပေတွင် ပြည့်စုံကျနမှုကို စုံမက်သည့် အတွက် ဒုက္ခရောက်ရရှာသည်။
ယခုအခါ မေရီသည် ဧည့်ခန်း၌ ထိုင်ကာ စန္ဒရားတီးကျင့် နေပြန် လေသည်။ စုဇန်သည် ထထိုင်လိုက်ကာ တုန်တခိုက်ဖြင့် နားစိုက်နေလေ၏။
"ဟင်း... ဘုရားရှင့် ကျေးဇူးပဲ" ဟု သူမက အော်ကာ ရယ်လေ သည်။
"အာမင်... ဒါပေမဲ့ ဘာတုံးကွ" ဟု မှော်က်က မေး၏။
"ဒီတစ်ခါတော့ မေရီ တီးတာ မှန်သွားပြီ" ဟု သူမက ပြောသည်။ မှော်က်ကမူ သူမ ဘာဆိုလိုသည်ကို နားလည်လိမ့်မည် မဟုတ်။ သို့ပေမည့် ကိစ္စမရှိ။ မေရီသည် တွန့်ဆုတ်ထစ်အသော လက်ချောင်းများဖြင့် ဂရုတစိုက် မှန်ကန်စွာ တီးလျက်ရှိပေပြီ။

စုဇန်သည် ပြန်၍လှဲချလိုက်လေသည်။ မှော်က်နှင့် ဘာမျှဆက်သွယ်၍ မရနိုင်သော အရသာရှိလှသည့် သာတောင့်သာယာ နေခြင်းဖြင့် နေလေသည်။

အို... မှန်ကန်တဲ့ တရားဟာ ဘယ်လောက်များ သက်သာရစေ နှစ်သိမ့်စေသလဲကွယ်၊ ဘာပဲဖြစ်ဖြစ် အရာတစ်ခုသည် စည်းစနစ်ကျစွာ ရှိသည့်အခါ ထိုအရာ မျဉ်းကြမ်းများကို မှန်စွာ သေချာစွာ ရိုးစွာဆွဲချသည့် အခါ ထိုအခါသည် အဆုံးမရှိသော ကျေနပ်ပြည့်ဝမှုပင်ဖြစ်၍ လောက တစ်ခုလုံးကိုလည်း အလင်းရောင် ပေးပေသည်။

မှော်က်က ဘာမျှ ပြန်၍ မပြောတော့။ သူက စုဇန်ကို ကြည့်နေလေရာ သူမ ဆိုလိုသမျှကို ဘာမျှ သူ နားမလည်ကြောင်း သိရလေသည်။ သူ့ကို ပြောမပြနိုင်ပါ။ အကြောင်းမှာ သည်ကိစ္စသည် မှော်က်နှင့် ဘာမျှ ပတ်သက် သည် မဟုတ်။ ထို့ပြင် သည်အရာမှာ သူမ၏ ဇာတိစိတ်ပင်ဖြစ်၍ ဇာတိ စိတ်၏ အသိဉာဏ်ဆိုသည်ကို စကားလုံးအဖြစ်ဖြင့် ရှင်းလင်း၍ ရကောင်း သည် မဟုတ်သောကြောင့် ဖြစ်လေ၏။ စုဇန်သည် အခြားအကြောင်း တစ်ခုကို လှည့်ဖယ်၍ ပြောဖို့ရာ လိုလာပြန်လေသည်။

"ကိုယ့်လက်ထပ်ပွဲ အဝတ်အစား တစ်ဝက်ပြီးနေပြီ ဆရာ" ဟု သူမက တီးတိုးစွာ ပြော၏။

"အချစ်ရယ်... မင်းလို လူမျိုးတော့ ရှားပါတယ်ကွယ်၊ ဒီမြို့မှာ ဒီလို လုပ်နိုင်တဲ့ မိန်းကလေး နောက်ထပ် တစ်ယောက် ရှိမယ် မဟုတ်ပါဘူး" ဟု သူက တီးတိုးစွာ ပြန်ပြော၏။

"ဒီလို ပစ္စည်းတစ်ခုခုကို လုပ်ရတာဟာ သိပ်ပျော်စရာ ကောင်းတာပဲ" ဟုသာ ပြောနိုင်၏။

"ဒါပေမဲ့ မင်းကလေးဟာ အားလုံးမှာ ကောင်းကောင်း လုပ်နိုင်တာ ပဲ" ဟု သူက ပြောကာ စိတ်တစ်ဝက်တစ်ပျက် ထိနိုက်ဟန်ဖြင့် "မင်း စန္ဒရား တီးတယ်၊ သီချင်း ဆိုတယ်၊ ပန်းချီ ဆွဲတယ်၊ ချက်ပြုတ်တယ်၊ ရုပ်တု ထုတယ်" သူသည် ခဏမျှ စောင့်နေပြီး နိမ့်ကျစွာ ပြော၏။

"မင်းအတွက်ဟာ သိပ်မသင့်တော်ပါဘူး"

သူမသည် မှော်က်၏ နိမ့်ချမှုကို မုန်းတီးလေသည်။ သူမအဖို့ သူ၏ နိမ့်ချမှုသည် သူ့အား အနည်းငယ် ရွံရှာဖွယ် ကောင်းအောင် လုပ်လေသည်။

သူမ၏ နံ့ဘေးဝယ် သေးနုပ်သိမ်ငယ်သော စိတ်ထားရှိသူကို သူမ လက်မထပ်လိုချေ။ သည်ဟာကို သူမထံမှ မောင်းပစ်ဖို့အတွက် တခြားစကားကို ပြောရပြန်ဦးမည်။

သူမက "မောက်ရေ... မင်းခေါင်းပုံ ကိုယ် လုပ်ချင်တယ်၊ ပြစမ်း၊ သူ့မှာ ခေါင်းလှလှကလေး ရှိတာကိုး" ဟု ပြောလိုက်လေသည်။

စုဇန်သည် ထထိုင်ပြီး သူ့ခေါင်းကို လရောင်ရှိရာသို့ လှည့်လေသည်။ သူမ၏ လက်များကို ဖြည်းညင်းစွာ ရွရွသွားစေပြီး ခေါင်း၏ ပုံကြမ်းကို စမ်းသပ်စေလေ၏။ ချက်ချင်းပင် အလုပ် ဘယ်လို စရမည်ဆိုတာကို နားလည်လေ၏။ ဦးနှောက် အောက်ခြေ၏ ထင်ရှား သွယ်ဆင်းသော အကွေ့အဝိုက်ကို ဖြစ်စေရန် အတွက် မြဲမြဲခိုင်မာစွာ ရွှံ့ကို ဖိနှိပ်ရမည် ဖြစ်၏။ ကျယ်ဝန်းသော မျက်တွင်းများ ဖြစ်လာရန်အတွက် သန်မာစွာလက်မများကို အတွင်းဘက်နှိပ်ရမည်ဖြစ်၏။ သူမနှင့် ကျွမ်းဝင်ရင်းနှီးသော နက်နဲသည့် အကိုက်အခဲတစ်ခု ကြွလာလေ၏။

လရောင်နှင့် ဝက်သစ်ချပင်သည် ထွက်ပြေးကုန်လေပြီ။ မောက်ကိုယ်တိုင်ပင် မှုန်ဝါး၍ သွားလေသည်။ ဆံပင်ပွရောင်း၍ တည်ငြိမ်သော ခေါင်းတစ်ခေါင်းသာလျှင် သူမ၏လက်တွင်း၌ ရှိသည်။ သူမ၏ အခန်းတစ်ဖက်ရှိ အခန်းမြှောင်ကလေး တွင်းသို့ ရောက်နေချင်လှသည်။ လက်တွင်း၌ စွတ်စိုသော ရွှံ့တုံးနှင့် ပြီးတော့ ရွှံ့တုံးကို အဝတ်ရေစိုနှင့် ဖုံးလျက်။

သူမသည် တက်ကြွလှုပ်ရှား လာမိသော်လည်း ကိုယ့်ကိုယ်ကို ငြိမ်ဆိမ်စေလိုက်လေ၏။ ကိုယ့်ချစ်သူရဲ့ ခေါင်းကို ရွှံ့နှင့်လုပ်ဖို့ရာ လရောင်ထဲမှာ ချစ်သူကို ထားခဲ့မယ်ဆိုရင် ဘယ်လောက်ရယ်စရာ ကောင်းလိုက်မလဲ။

သူမသည် မောက်၏ခေါင်းကို ရင်ခွင်တွင်းသို့ ဆွဲယူလေ၏။

ဒါသာ ကောင်းပါတယ်လေ၊ အဆာမတန် မကောင်းပါတယ်။ ပူနွေးတဲ့ ခေါင်း အစစ်အမှန်ကို ရင်ခွင်မှာ ကပ်ထားရတာသာ ကောင်းပါတယ်။

သူမသည် ရုပ်တုများကိုသာ ပြုလုပ်နေခြင်းအားဖြင့် ပူနွေးသော အစစ်အမှန်များကို လက်လွှတ်ခံသည့်အဖြစ်သို့ မရောက်စေရန် သတိထားရပေတော့မည်။

တစ်ပွင့်ပြီး တစ်ပွင့်၊ မီးပွင့်များ ငြိမ်းကုန်ခဲ့လေပြီ။ စန္ဒရားသံသည်

ဆိတ်ခဲ့ကာ မီးဖိုခန်းသည် မည်းမှောင်လာပြီ၊ တစ်ခဏမျှ အမေနှင့် အဖေတို့သည် လသာဆောင်သို့ ထွက်ခဲ့ကြသည်။

"ဟေး... နှင်းစွတ်တဲ့ လူသား နှစ်ကောင်" ဟု အဖေက သူတို့ထိုင်နေသော အရိပ်အမှောင်ထဲသို့ လှမ်း၍ခေါ်လေ၏။

လရောင်ဝယ် အဖေ့ ငွေရောင်ဆံပင်သည် ခပ်မှုန်မှုန် ပြောင်လက်ကာ အချိုးကျ လှပသော မျက်နှာမှာ ကြည်လင်လျက် ရှိလေ၏။ မကျေနပ်မှုကို ပြမြဲဖြစ်သည့် သူ့နှုတ်ခမ်းပုံနှင့် မျက်လုံးအမူအရာများမှာ လရောင်အောက်၌ တစ်ခဏမျှ ပျောက်ပျက်သွားလေ၏။

"ဂွတ်နိုက်... ဂွတ်နိုက်" ဟု သူမက ဖြည်းညင်းစွာ ပြောလိုက်လေ၏။

"ဂွတ်နိုက် ဆာ" ဟု မှာ့က်က သံယောင်လိုက်လေသည်။

"မင်းတို့ လူငယ်တွေရဲ့ အကျင့်က ဒါပဲ၊ ဒါနဲ့ ငါ အိပ်ရာထဲ ဝင်ရတော့မှာ ပေါ့လေ" ဟု အဖေက ဆူလေ၏။

သူတို့လည်း ရယ်နေကြလေသည်။ ဖခင်ဖြစ်သူက ခဏမျှ ကြာနေပြီး "ဒီလိုဆိုတော့ ငါလည်း ဘာမှလုပ်စရာ မရှိတော့ဘူးထင်တယ်" ဟု ပြောပြီး သမ်းလိုက်လေရာ စုဇန်က အော်ပြောသည်မှာ "ဖေဖေလည်း တခြား ဝက်သစ်ချပင် တစ်ပင် ရှာပေါ့"

အမေက "စုဇန်... အဲ့ဒီမှာ စွတ်စွတ်စိုစို မနိုင်ဘူးလား၊ အိမ်ထဲဝင်ကြပါလား" ဟု ခေါ်ရာ အဖေက "ဟာ... လာကွာအိပ်စို့" ဟု ဆွဲခေါ်သွားလေတော့သည်။

ယင်းသို့ တစ်အိမ်လုံး ငြိမ်သက် မည်းမှောင်ခဲ့လေ၏။ သူမသည် ခေါင်းကို မှာ့က် ပခုံးပေါ်အုံးကာ အိပ်မက် မက်နေလေ၏။

နောက်ဆုံး မှာ့က်က "ဘာတွေ တွေးနေတာလဲကွယ်" ဟု မေး၏။

"အစုံပဲ၊ ဟင့်အင်းလေ... တွေးနေတာ မဟုတ်ပါဘူး၊ သိနေ မြင်နေတာပါ"

"ဘာတွေများ မြင်နေသလဲကွ"

သူမသည် ဦးနှောက်ကို ငြိမ်ငြိမ် ဖမ်းယူထားပြီး လှမ်းကြည့်နေကာ မြင်သမျှကို ပြန်ပြောရန် ကြံ၏။ ပုံကားချပ်များကား ရာပေါင်းများစွာပင်။ သူတို့ နေမည့်အိမ်ကလေး၊ အပြာရောင်ခန်းဆီးများ၊ သူမ အကျအန ချက်ပြုတ်ထားသည့် စားစရာစားပွဲ၊ ကျန်းမာသော သားသမီးငယ်များ၊ ကလေး

တို့မှာ မှာက်၏ နှုတ်ခမ်းပေါက်မျိုးနှင့် သူမ၏ မျက်လုံးနှင့် ရှိသည်။ မှာက်၏ ခေါင်းပုံသည် ပြီးစီး၍ သူမလိုချင်သော ပုံအတိုင်း၊ သူမ၏ ပါတီပေးနေဟန်၊ သူမ သူငယ်ချင်းများ သူမ၏ အိမ်မှာ လွတ်လပ်ပျော်ရွှင်နေကြဟန်၊ ထို့ပြင် ထို့ပြင် သူမ၏ အနာဂတ်ပုံ ကားချပ်များမှာ နေရောင်ဖြင့် တောက်ပကာ တိမ်အထပ်များပမာပင် ဖြစ်လေ၏။

"ကိုယ်လေ... ကမ္ဘာပေါ်မှာ အတော်ဆုံးမယား၊ အတော်ဆုံး မအေ ဖြစ်ချင်တယ်၊ ကြာရှည်ခံတဲ့ ကျော်ကြားတို့ ကြေးတို့နဲ့မှ ချစ်စရာပစ္စည်းတွေ အများကြီး ထုချင်တယ်၊ ကမ္ဘာကို လှည့်ပြီး လူတွေကို ကြည့်ချင်တယ်၊ အို... ကိုယ် မလုပ်ချင်တဲ့ အလုပ်ရယ်လို့ ဘာမှ မရှိပါဘူး"

မှာက်က ခဏမျှ ဆိတ်ငြိမ်နေပြီး "ဒီလို ပြောတာသာ မင်း မဟုတ်ဘူး ဆိုရင်တော့ ရူးလို့သာ ထင်မှာပဲ၊ ဒါပေမဲ့ မင်းကတော့ တခြား လူတွေနဲ့တူတာ မဟုတ်ဘူးလေ" ဟု ပြောလေ၏။ တစ်ဖန် ထပ်ပြီး ပြော၏။ "မင်းကတော့ မင်းလုပ်ချင်တာတွေ အကုန် လုပ်ရမယ့် သူပါကွာ၊ ကိုယ်ကတော့ လုပ်ချင်တာတွေ တစ်ဝက်လောက်ပဲ လုပ်နိုင်ပါစေဦး"

သူမသည် တိမ်ခိုး အနည်းငယ်ကို လရှေ့တွင် မြင်လိုက်လေ၏။

"ကိုယ်လိုချင်တာက မှာက်ပဲ" ဟု တိုးတိုးသက်သာ ပြော၏။

အမှောင်တွင်းဝယ် သူမ၏ လက်ကို သူ့ခေါင်းရှိရာသို့ စမ်းသပ်လေ၏။ ထို့နောက် ဆံပင်များ၊ နားရွက်များ သူ့လည်ပင်းနှင့် မေးစေ့များဘက်သို့ ရွေ့လေ၏။ သူမသည် မေ့သွားပြန်လေသည်။ မနက်ဖြန်ဆိုလျှင် အိပ်ရာက စောစောထပြီး မှာက်၏ ခေါင်းပုံရုပ်တုကို စတေးမည်။

"အချစ်ရေ" ဟု မှာက်က တိုးတိုးခေါ်ကာ သူ့နှုတ်ခမ်းများကို သူမ၏ လက်များဆီသို့ လှည့်လေ၏။

"အချစ်ရေ... " ဟု သူမက ပြန်ဖြေ၏။

ထို့နောက် သူ၏ နှုတ်ခမ်းများကို မျက်ကန်းတို့၏ စမ်းသပ်ခြင်းမျိုးဖြင့် စမ်းသပ် ကိုင်တွယ်လေ၏။ အဲသည်မှာလေ၊ သူ့ရဲ့နှုတ်ခမ်း အတွန့် အဝိုက်များ၊ မနက်ဖြန် မနက်အတွက် မှတ်မိထားပါစေလား။ ယင်းသို့ တွေးရင်း သူမသည် ဂနာမငြိမ် ထထိုင်ပြန်လေသည်။

မှာက်က လန့်ပြီး "ဘာဖြစ်တာလဲ" ဟု မေး၏။ သူမဘာသာ မသိဘဲ သူမသည် ထဖို့ခြေပြင်လျက် ရှိနေလေ၏။ သူမသည် ကိုယ့်ကိုယ်ကို

ထိန်းလိုက်ကာ ကြက်သေသေမိသေးသည်။ "ကိုယ်လည်း မသိဘူး၊ ဘာမှ မဟုတ်ဘူးလေ" ဟု သူမက ဖြေကာ သူ့ထံသို့ ပြန်၍လှည့်လိုက်လေသည်။

သူက ပြောသည်မှာ "မင်းဟာ အရူးမကလေးပဲ ကြည့်စမ်း၊ ကိုယ်က မင်းကို ချစ်ခန်း ဖွင့်နေတယ်၊ မင်းက တစ်နေရာရာ ထသွားမယ့်ဟန် ပြင်တယ်"

မောက်က သူမအား စကားပြောနေသည့် အဖြစ်ကို ယခုမှ သူမသည် သတိရလာပေတော့သည်။ သူမသည် ရှက်သွားပြီး ကြောက်ရွံ့စိတ်လည်း ဝင်လာ၏။

"အို... ကိုယ်လေ မင်းကို ချစ်ပါတယ်ကွယ်၊ ချစ်ပါတယ်" ဟု မိမိ စကားဖြင့် မိမိအားပြုကာ တီးတိုးဆိုလေ၏။

သို့သော် သူကား အေးစက်နေလေ၏။ သူမကို ရစ်ပတ်ထားသည့် လက်မောင်းများမှာ သံသယ ဖြစ်ဟန် ရှိလေသည်။

"တစ်ခါတလေကျရင် မင်းဟာ ကိုယ်နဲ့မသိဖူးတဲ့ လူတစ်ယောက် လိုပဲ" ဟု ပြော၏။

"အို... ဒီလို မဟုတ်ပါဘူး မောက်" ဟု သူမက ဆင်ခြေကန်၏။ ခုလို လပသာယာတဲ့ ညမှာ သည်တိမ်ခိုးဟာ ဘယ်လိုဟာပါလိမ့်။

"ကိုယ့်ကို အမြဲချစ်ပါ မောက်" ဟု သူမက တောင်းပန်ပြီး သူ့ခေါင်းကို နှိပ်ပေးလိုက်ကာ သူ့နှုတ်ခမ်းများကို သူမ၏ နှုတ်ခမ်းများပေါ် ရောက်စေလေ၏။

"အမြဲချစ်မှာပေါ့" ဟု သူက လေးနက်စွာပင် ကတိပေးလေ၏။

"ကိုယ့်ကို ချစ်စမ်း၊ ချစ်စမ်း၊ ကိုယ့်ကို မင်းသာပိုင်ပါတယ်၊ မင်းသာ ပိုင်ပါတယ်"

စုဇန်သည် သူ့ကိုယ်ပေါ်သို့ တိုးမိလေ၏။ ဘာပဲဖြစ်ဖြစ် သူမသည် မောက်၏အတွက် ဖြစ်ရမည်ဖြစ်သည်။ သူမ၏ တခြားသော ဆန္ဒများသည် သည်ဟာလောက် ဘယ်ဟာမှ မပြင်းထန်။

"ကိုယ့်တို့ မြန်မြန် လက်ထပ်လိုက်ရအောင် နော်၊ ဇွန်လကျမှ မဟုတ်ဘူး၊ နောက်လဆိုရင် မကောင်းဘူးလား"

သူသည် စုဇန်အား ဆွဲယူထားပြီး သူမ၏ ပြောင်းလဲသွားမှုကြောင့် ထိတ်ပွေကာ စိတ်ဇောကြောင့်လည်း တုန်လှုပ်နေလေ၏။

"ဘာကြောင့် မဖြစ်ရမှာလဲ၊ မနက်ဖြန်ကျရင် လခ တိုးတောင်းရမယ်" ဟု သူက ပြောလေ၏။

သူတို့သည် ညဦးအခါတွင် တစ်ယောက်နှင့် တစ်ယောက် တွယ်ကပ်နေကြသည်။ မြေသည် သူတို့အောက်မှာ နွေး၏။ ဝက်သစ်ချပင်က သူတို့အထက်မှာ မည်းမှောင်၏။ ပထမဆုံး မတ်တတ်ရပ်လိုက်သူမှာ မှက်ဖြစ်လေ၏။

"ကိုယ် သွားဖို့တော်ပြီ၊ ခု တော်တော်တောင် နောက်ကျနေပြီ" ဟု သူက ဆို၏။

"အင်းလေ... " ဟု သူမက မတည်မငြိမ် ပြောလေသည်။ သူမသည် သူ့ကို ကြည့်ရင်း ခဏ လှဲနေသေးသည်။

"စုဇန် ထလေ... ဟု သူက ဆိုရာ သူမသည် ဆံပင်ကို နောက်သို့ သပ်ချလေသည်။ သူမသည် အားလုံးကို မေ့ပျောက်နေနိုင်သော်လည်း မှက်ကိုတော့ မမေ့ပျောက်နိုင်ဖို့ရာ အမှန်ပင် စုဇန် အလိုရှိလေသည်။ ယခုတော့ သည့် အတွက် စုဇန် သေချာလေပြီ။

ဝင်းတံခါးသို့ သွားကြ၏။ လ မြင့်လုပြီဖြစ်၍ အလင်းရောင်သည် တောက်ပလွန်းရကား သူတို့သည် ဖျတ်ခနဲသာ နမ်းလိုက်ကြလေသည်။ ကြာနေလျှင် လမ်းတစ်လျှောက်ရှိ အိမ်များမှ မြင်ကြလိမ့်မည်။ ပြတင်းပေါက်များ၊ ညဦးနက်ခံနေသော အိမ်ရှေ့ပေါက်ရှိ ပက်လက်ကုလားထိုင်များမှ မြင်ကြလိမ့်မည်။ သူသည် ဝင်းတံခါးကို ခုန်လိုက်ပြီး ပြုံးပြလေ၏။ "မနက်ဖြန်ကျမှ" ဟု ဆို၏။ "မနက်ဖြန်ကျမှ" ဟု စုဇန်က ပြန်ဖြေ၏။ သူထွက်သွားပြီး သူ့သဏ္ဍာန်သည် သေးငယ်သွားသည်အထိ ကြည့်နေပြီး သူမသည် တစ်နည်းအားဖြင့် အောင်မြင်ခြင်းအတိနှင့် ရပ်နေလေ၏။

ယင်းသို့ ကြည့်နေရင်းပင် စိတ်အလိုတစ်ခု တိုးဝှေ့သည်ကို ခံရလေ၏။ သူမ စောင့်နေသည်မှာ မှက်သည် လမ်းကွေ့တစ်ခုသို့ ရောက်ပြီး လက်ဝှေ့ယမ်းပြကာ လွန်သွားသည်အထိ ဖြစ်လေ၏။ လှံတံကို လွှတ်လိုက်သကဲ့သို့ အိမ်ထဲသို့ တစ်ဟုန်ထိုး ပြေးဝင်ကာ အပေါ်ထပ် မိမိအခန်းသို့ ပြေးတက်ခဲ့လေသည်။ သိပ်ပြီး ညဦးမနက်သေးချေ။ ညဦးလယ်ပင် ရှိသေး၏။ သူမသည် တံခါးကို ညင်ညင်သာသာ ပိတ်ကာ ရှံ့စေးရှိရာ အခန်းမြှောင်ကလေး ဆီသို့ ဖြောင့်ဖြောင့်သွားပြီး မီးဖွင့်လေ၏။ အလုပ်လုပ်ရန် အဝတ်

ကြမ်းကို စွပ်လေ၏။ သူမသည် ဝမ်းသာခြင်းဖြင့် တုန်တခိုက် ရှိလေ၏။ ယခုမှပင်၊ ယခုပင် သူမ အလုပ် လုပ်နိုင်ပြီလေ။ ရွှံ့လုံး တစ်လုံးကို မယူကာ အနည်းငယ် ထပ်ယူသေး၏။ သည့်လောက်ဆိုလျှင် တော်ပေပြီ။ စိတ်တွင်း အမြင်အတိုင်း အကြမ်းအားဖြင့် ပုံစံသွင်းလေ၏။ နာရီပေါင်းများစွာ ကြာလေ၏။ တစ်ခါနစ်ခါမျှ လေသံကလေးဖြင့် "အို... ဒါဟာလေ ငါ့ရဲ့ ဂုဏ်ကျက်သရေ... ဂုဏ်ကျက်သရေ ဖြစ်လာမှာပဲကွယ်" စသည်ဖြင့် သီချင်းဆိုမိလေသည်။

သို့သော် သူမသည် ဘာကို သီဆိုနေသည်၊ ဆိုတာကိုပင် မသိမြင်မိ။ သည်အိမ်မှာ၊ သည်လောကမှာ ယခုလို တစ်ယောက်ထီးတည်း နေရခြင်းအတွက် အလွန်အကြူး ဝမ်းသာလေ၏။ သူမသည် မှန်ကန်စွာ ရခဲ့လေပြီ။ ရွှံ့ရုပ်သည် မှော်နှင့် တစ်ပုံတည်း တူသည်။ အောက်ခြေအဖြစ်သုံးသော သစ်သားတုံး တစ်ခုပေါ် ရွှံ့ရုပ်တုကို တင်ပြီးနောက် ခပ်လှမ်းလှမ်းသို့ ဆုတ်လေ၏။

အင်း... ယင်းသို့ ပုံကြမ်းသွင်းပြီးပြီဆိုတော့ သူမသည် မိုးလင်းသည် အထိ စောင့်ဆိုင်းထားနိုင်လေပြီ။ သို့သော် နေပါဦး။ ယခုကတည်းက နှုတ်ခမ်းများ အပြီးသတ်၍ သွားရလျှင် မကောင်းပါကလား၊ သူမ၏ လက်ချောင်းများ သူတို့ကို ထင်ရှားစွာ မှတ်မိနေတုန်းကိုလေ။ ရွှံ့ရုပ်တုကို ထိတွေ့ပြီး ပုံသွင်းရာ သူမ၏ စိတ်များသည် နှုတ်ခမ်းများမှာသာ လုံးဝ နစ်လျက် ရှိလေ၏။ ကိုင်း... ကိုင်း... နှုတ်ခမ်းများသည် ခုလိုပင် မဟုတ်လား၊ အို... တစ်ခုခုကို မှန်ကန်စွာ ပြုလုပ်လိုက်ရခြင်းအတွက် ရရှိသော ကျေနပ်မှုဟာ ဘယ်လောက် ချစ်စရာ ကောင်းပါသလဲ။ နောက်သို့ ဆုတ်ပြန်ကာ မီးကို အောက်ဆွဲချလေ၏။ ဒါဟာ မှော်ရဲ့ ပါးစပ်ပါပဲ။ သူ့ ပါးစပ်ကို စုဇန် လုပ်ခဲ့လေပြီ။ တစ်ခုခုကို အပြီးသတ်သည့် အခါ လူတို့ သက်ပြင်းချနည်းမျိုးဖြင့် သူမသည် သက်ပြင်းချလေသည်။ မှော် ပြန်သွားပြီဖြစ်၍ သူတို့၏ နှစ်ပါးကြည်ချိန်မှာ ပျောက်ကွယ်ခဲ့သော်လည်း သူမကမူ မိမိတစ်ယောက်တည်းပိုင် လေးနက်ပြည့်ဝမှုတွင်းသို့ တည့်တည့်ပင် ဝင်ရောက်ခဲ့လေပြီ။ ယခုဆိုလျှင် သူမ အိပ်၍ပျော်နိုင်ပြီ။ လွတ်ငြိမ်းခွင့်ရခဲ့ပြီ။ ရေချိုးခန်းထဲသို့ ဝင်ခဲ့ပြီး အိပ်ချင်မူးတူးနှင့် ရေမိုးသန့်စင်လေ၏။ နောက် ဆယ်မိနစ် အတွင်းမှာမူ သူမသည် အိပ်မက်ပင် မမက်အားဘဲ လုံးဝ အနားယူ

အိပ်ပျော်နေပြီ ဖြစ်လေ၏။

"လက်ထပ်ပွဲကို ညည်းဘာကြောင့် အလျှင်စလို လုပ်တယ်ဆိုတာ အမေ မသိတတ်တော့ဘူး" ဟု မနက်စာ စားပွဲတွင် သူမအမေသည် နားမလည်နိုင်ဟန်နှင့် ပြောနေလေ၏။ စုဇန်သည် တင့်တယ်ခြင်း လွှင့်ပြယ်ပြီ ဖြစ်သော မိခင်မျက်နှာ၌ နားမလည်နိုင်ခြင်း တိမ်ရိုးကို မြင်နေကျပင် ရှိခဲ့လေ၏။ သို့သော် မျက်စိဖြင့် တပ်အပ်မြင်မှသာ ထိုတိမ်ရိုးကို သတိရလေ့ ရှိကာ တခြားအချိန်၌မူ သူမနည်းနှင့် သူမ မေ့ပျောက်ထားမြဲဖြစ်လေ၏။ စုဇန်ကမူ ထမင်းစားခန်းသို့ ခုန်က ဝင်လာပြီး "နောက်လကျရင် မော့က်နဲ့ လက်ထပ်တော့မယ်" ဟူသည်ကို သီချင်းဆိုသလို ဆိုနေခဲ့လေသည်။ တစ်ခဏချင်းပင် အမေဖြစ်သူ၏ မျက်နှာပေါ်တွင် တိမ်ရိုးထင် လာလေတော့သည်။

"အိမ်ထောင်သည်ဘဝဟာ ကြာရှည်တော့ ကြာရှည်တတ်ပါတယ် လေ" ဟု အမေက ပြော၏။

"မှန်သဟေ့... မှန်သဟေ့" ဟု အဖေက ရှောက်ချိုသီးကို ကိုက်ရင်း ဩဘာ ပေးလေ၏။

"ကျွန်မ ပြောတာ မဟုတ်ဘူးလား အဖေကြီး" ဟု အမေက မေးပြန် ၏။

"ဟုတ်ပါတယ်၊ ဒါပေမဲ့ ဒီတစ်ခါတော့ ကျုပ်နဲ့ ဆိုင်တယ်လို့ မထင်ဘူး"

"ခုလေးတင်... ခုလေးတင်ပဲ၊ ညည်းဟာ ကလေးမကလေး ရှိသေးတယ်အေ" ဟု သူမ အမေက ပြောပြီး "ဒီအတိုင်းဆိုရင်တော့ ညည်းရဲ့ လွှတ်လပ်ရေးကလေးတော့ သွားရှာပြီ" ဟု ပြောလေ၏။

"မော့က်ရော ကျွန်မရော ထင်တာကတော့ လက်ထပ်ပြီးရင် ပိုပြီးတောင် လွတ်လပ်ရေး ရဦးမယ်လို့ပဲ" ဟု စုဇန်က ပြောလေ၏။

"ကျွန်မ ကြက်ဥတွေ သွားယူလိုက်ဦးမယ်"

"အေးလေ၊ ညည်းကတော့ ညည်းလုပ်ချင်တာ လုပ်ရမှပဲကိုး၊ ဒါထက် တို့စားလိုက်ကြတာလည်း ကုန်လုပြီကော"

"ကျွန်မ ထပ်ထည့်မလေ" ဟု စုဇန်က ပြော၏။

မေရီကမူ သူမ၏ ကြီးမားနက်မှောင်သော မျက်လုံးကြီးများနှင့် ထုံးစံ

အတိုင်း မလှုပ်မယှက် ဆိတ်ငြိမ်စွာ တစ်မျက်နှာမှ တစ်မျက်နှာ ပြောင်းကြည့်နေလေ၏။ မေရီသည် အမေနှင့် နှစ်ယောက်တည်း ဆိုလျှင်တော့ ရောက်ရာစကား ပြောဆိုနေတတ်သည်။ သို့သော် စုဇန်နှင့် အဖေတို့ ရှေ့တွင်မူ သည်လို မဟုတ်ချေ။ မေရီသည် စုဇန်၏ တစ်ဦးတည်းသော အပျိုရံ လုပ်ရမည့်သူဖြစ်လေ၏။ မေရီသည် ယင်းသို့ လုပ်ရမည်ကို ဆုတ်ဆိုင်းဆိုင်းလည်းဖြစ်၊ ကျေနပ်လည်း ကျေနပ်နေသည်ဟု စုဇန်ထင်လေ၏။ မေရီ၏ မျက်လုံးအကြည့်ကို ရိပ်ဖမ်းမိသူ စုဇန်ကမူ မီးဖိုတံခါးဝ၌ ခဏတန့်ပြီး "နောက်တစ်ခါ ကျရင်တော့ မေရီတို့ အဝတ်အစား ချုပ်ရဦးမယ်" ဟု ပေါ့ပါးရွှင်မြူးစွာ ပြော၏။

"အို… ငါသိပြီ၊ ပန်းရည်ရောင် ဇာတွန့်တွေ တပ်တဲ့အကျီနဲ့ ဦးထုပ်ကြီးကြီး ဆောင်းရမယ်"

မေရီကမူ မသက်မသာ ပြုံးရာလေ၏။ မေရီသည် သူမ၏ မည်းမှောင်သော မျက်နှာကလေးကို ပန်းရည်ရောင်ဇာတွန့်တွေအုံပြီး ဦးထုပ်ကြီးကြီး အောက်၌ မြင်ရဟန် မတူချေ။ သူမဘာသာဆိုလျှင် မိမိ၏ အရုပ်ဆိုးပုံကို စိတ်ပျက်ပြီး ခပ်စင်းစင်း တောင့်တောင့်ရှိသော ပုံစံများကိုသာ ဝမ်းနည်းစွာ ရွေးချယ်လေ့ရှိ၏။ ပန်းရည်ရောင် ဇာတွန့်များနှင့်ဆိုတော့ သူမသည် ဆီးသီးခြောက်ကလေးနှင့်သာ တူတော့မပေါ့ဟု မေရီက ပြောလေသည်။

စုဇန်ကမူ ရယ်ပစ်လိုက်ကာ "မဟုတ်တာကွယ်၊ ညည်းမျက်လုံးကလေးတွေနဲ့ဆို သိပ်လိုက်မှာ" ဟု ဆိုလေ၏။ မေရီက ဘာမျှပြောမနေတော့ဘဲ နှာခေါင်းသာ ရှုံ့ပြလေသည်။

အဖေက သူ၏ စာရွက်များပေါ်က ကျော်ပြီး "မင်း လက်ကိုင်ပဝါကော" ဟု ဖြုန်းခနဲ မေးသည်။

မေရီသည် ထခုန်လိုက်မိလေသည်။ အဖေသည် တိတ်ဆိတ်နေရာက ဖြုန်းခနဲ ဖမ်းဖက်လေသည်။ အမှန်ပင် သူမ၌လည်း လက်ကိုင်ပဝါ မရှိ။ စုဇန်ကမူ ကြက်ဥများ ယူလာရာက လက်ကိုင်ပဝါ အသစ်ကလေးကို မေရီ၏ လည်ပင်းဆီသို့ ထိုးထည့်ရင်း ပြုံးပြလေသည်။

အမေက "ကိုယ့် လက်ကိုင်ပဝါ ကိုယ်သုံးကြလေ" ဟု ပေါ့ဆစွာ ဆိုလေ၏။ အမေသည် ပြတင်းမှ အပြင်သို့ ကြည့်လျက် ရှိသည်။ "ဟော…

မှာက်ပါလား၊ ဒီလောက် စောစောကြီး ဘာများဖြစ်လို့လဲ" ဟု အမေက ဆိုလေ၏။

စုဇန်ကမူ အစောကတည်းက မြင်ပြီးလေပြီ။ သူမသည် အိမ်ရှေ့တံခါးသို့ ရောက်လျက်ရှိပြီဖြစ်၏။ အသက်မရှုနိုင်ဘဲ "မင်းခေါင်းပုံ ကိုယ်လုပ်ပြီးနေပြီဆရာ၊ ကြည့်မလား" ဟု မေးလေသည်။

"ကိုယ် အရင်လိုလေလို့" ဟု သူက ဖြေ၏။ "လာစမ်း စု၊ နမ်းစမ်း၊ လက်ထပ်ဖို့ကို ကိုယ်စဉ်းစားမိတယ်၊ တကယ်လို့ ကိုယ့်လခ မတိုးရင်ကော"

သူမက အားပါးတရ ပြန်ပြောသည်မှာ "အို... ကိုယ်တို့ လုပ်စရာရှိတာသာ ဆက်လုပ်ရအောင်ပါ၊ ကိုယ် ပြောမယ်၊ လခ တိုးမတောင်းနဲ့၊ ကိုယ် အကြံရပြီ၊ မစ္စစ်ဖောင်တိန် ပြောဖူးတယ်၊ သူ့ ဥယျာဉ်ထဲမှာထားဖို့ မြားနတ်မောင် ရုပ်ကလေး တစ်ရုပ် လိုချင်တယ်တဲ့ကွ၊ ကိုယ်က ပြောလိုက်တယ်၊ ကိုယ် လုပ်နိုင်ပါတယ်လို့၊ သူ့ဆီက ၁၅၀ တောင်းမယ်ဟေ့"

"တစ်ရာ့ငါးဆယ်ဟာ အများကြီးပါလား၊ ကိုယ့် တစ်လခတောင် ဒီလောက် မများဘူး၊ ကိုယ့်ကို ခုကစပြီး လခတိုးပေးဦးတော့၊ ဇွန်လအထိ ရမယ့်ငွေဟာ အဲဒီလောက် မများဘူး"

"အဲဒီတော့ ကို လက်ထပ်နိုင်တာပေါ့" ဟု သူမက ချော့လေသည်။ မှာက်ကမူ သူမ၏ နက်မှောင်တောက်ပြောင်သော မျက်လုံးများကို ငေးကြည့်ကာ ဒွိဟ ဖြစ်နေဟန်နှင့် နေလေ၏။

"စုဇန့် ငွေကို ကိုယ် မလိုချင်ပါဘူး" ဟု မှာက်က ပြော၏။

"မရှုးစမ်းပါနဲ့ကွယ်၊ တို့နှစ်ယောက်ဟာ ဘာကိုမဆို မျှခံမျှစားပဲ မဟုတ်လား"

"မင်း သိပ်ချစ်စရာ ကောင်းတာပဲ" ဟု ဆိုကာ သူမအား မြန်ဆန်စွာ ပွေ့ယူလိုက်၏။

"အေးကွာ၊ ကိုယ် ပြောရဦးမယ်"

မှာက်သည် ပျောက်ကွယ်သွားပြီ ဖြစ်လေ၏။ စုဇန်လည်း သူ၏ ရွှံ့ဦးခေါင်းကို ကြည့်ဖို့ရာ မေ့သွားသည်ကို သတိရလာသည်။ သို့သော် ကိစ္စမရှိ၊ သူမသည် ရွှံ့ရုပ်တုကို ထပ်ပြီးပြင်ဆင်ခြင်းအားဖြင့် ပိုပြီးတောင် ကောင်းမွန် ပီသလာနိုင်သေး၏။ သူမသည် ထမင်းစားခန်းသို့ ခုန်ကျ၍ ပြန်လေ၏။

စုဇန်သည် ကြက်ဥများကို ပလုတ်ပလောင်း စားရင်း "အားလုံး အသင့်ဖြစ်ပြီလေ" ဟု ပြောလေသည်။

"ခုလို အခါမှာတော့ ကဗျာဟာ တယ်သွက်သွက် မထွက်တော့ဘူး" ဟု ညည်းညည်းညူညူ ပြောလေ၏။ သူသည် "အလိုရှိသည်" ကြော်ငြာများကို ဖတ်နေလေသည်။ "ယောကျ်ား တစ်ယောက် အလိုရှိသည်။ မြင်းဓောင်းကို စောင့်ရှောက် တတ်ရမည်။ မော်တော်ကား မောင်းတတ်ရမည်။ မီးဖို ကြည့်ရှုတတ်ရမည်။ ဥယျာဉ် ပြုပြင်တတ်ရမည် ဆိုပါကလား။ ဒါက တော့ ခေါင်းထဲမှာ ဗလာချည်း ကျန်တော့တဲ့ ကဗျာဆရာအဖို့ အလုပ် တစ်ခု ပါပဲ။ လင်မယားအစုံ အလိုရှိသည်။ မယားဖြစ်သူက ချက်ပြုတ်တတ်ရမည်။ အိမ်တွင်းမှု ပြုလုပ်တတ်ရမည်တဲ့။ ဘယ့်နှယ်လဲ မိန်းမ" ဟု သူ၏ ပုံပန်း သဏ္ဍာန် ကျနလှပသော မျက်ခုံးထူထူကြီးကို မယားသည်သို့ ပင့်ပြလေ၏။

သို့ရာတွင် အမေက အဖက် မလုပ်ချေ။ နှစ်ပေါင်းများစွာကဆိုလျှင် အမေသည် အဖေ၏ ထိုကြော်ငြာများကို အတည်ပေါက် ဖတ်နေလေ့ ရှိခြင်း ကြောင့် ထိတ်လန့်ခဲ့ရဖူးပေ၏။ ယခုမူ အဖေ၏ ထိုအတည်ပေါက်လေသံမှာ ဘာမျှ စိုးရိမ်စရာ မရှိ။ သူ၏ ပြက်လုံးများထက် ဘာမျှပို၍ မလေးနက် ကြောင်း သိပြီဖြစ်လေ၏။ ထိုနှစ်ခု၏ ခြားနားခြင်းကို အမေ မပြောပြတတ်။ ထို့ကြောင့် နှစ်ခုစလုံးကိုပင် ဘေးဖယ် ပစ်လိုက်လေတော့သည်။

"ကျွန်မအတွက် ဖေဖေ ကဗျာစပ်ဖို့ မလိုပါဘူး၊ ကျွန်မတို့ဘာသာ စီစဉ်ပြီး ပြီးသွားပါ" ဟု စုဇန်က တည်ကြည်စွာ ပြောလေ၏။ နံနက်စာ စားပြီးလျှင် ပန်းကန် ခွက်ယောက်များကို ပြီးအောင်ဆေးမည် ဖြစ်၏။ ထို့နောက် မစ္စစ် ဖောင်တိန်ဆီ သွား၍ မြားနတ်မောင်ရုပ်ကို လိုချင်နေသေး သလား ဆိုသည်ကို သူမ မေးမည်။

သူမ၏ အဖေလည်း ကုလားထိုင်မှ ခုန်၍ထပြီး "ဒီလိုဆိုရင် လက်ထပ်ပွဲ ကျင်းပစေ" ဟု ဆိုကာ စုဇန်ကို ဆွဲထူလေ၏။

သူတို့နှစ်ယောက်သည် အရှူးအမူး ထ၍တွဲကကြလေသည်။ မေရီကမူ အကြော်ကို ကိုက်စားရင်း အင်မတန် တည်ကြည်စွာ ဣန္ဒြေကြီးကြီးနှင့် ငေးကြည့်နေလေသည်။ မစ္စစ်ဂေးလော့ကမူ တတိယအကြိမ်မြောက် ကော်ဖီခွက်ကို ကော်ဖီရည် ငှဲ့လေ၏။ သူမသည် နှုတ်ခမ်းများကို သတိ မထားမိဘဲ လှုပ်ရှားနေလေ၏။ တစ်စုံတစ်ခုကို ခပ်တိုးတိုး ပြောလေ၏။ စုဇန်

လည်း ရပ်လိုက်လေသည်။

"ဘာပြောတာလဲ မေမေ" ဟု သူမက မေးမြန်းသည်။

မစ္စစ် ဂေးလော့က အလန့်တကြား မော့ကြည့်လေသည်။

"သြော်... ပိုးချည်လုံး ကုန်နေပြီလို့ ပြောတာပါ၊ ပိုးချည်လုံးအဖြူ နှစ်လုံးလောက် လိုနေတယ်"

"မနက်စာ စားပြီးတော့မှ ကျွန်မ ရှာယူမယ်" ဟု စုဇန်က ပြောသည်။

အဖေက "ကိုင်း... သွားမှ၊ စာပေခန်း ၆ မှာ ကဗျာဆရာပျို ကလေးပေါင်း ၅၀ စောင့်နေတော့မယ်၊ ဘုရား... ဘုရား... တချို့များ မှာ့က် ထက်တောင် ညံ့သေးသဟော့၊ မှာ့က်ကိုတော့ ငါ မမေ့ထားပါဘူး၊ ဒီကောင် ကလေးကို အဖျင်း တိုက်ရတာများ ငါ တယ်ပျော်တယ်" ဟု ပြောလေသည်။

စုဇန်က ဒေါသဖြစ်ကာ "သူ ကြိုးစားသားပဲဟာ၊ မှာ့က်က ဘယ်တော့ မဆို တတ်နိုင်သလောက်တော့ လုပ်လေ့ရှိတာပဲ" ဟု ပြောသည်။

"အဲဒါဟာ ဘာများ အသုံးကျတာမို့လဲ" ဟု အဖေက မေး၏။

ထို့နောက် သူ့အင်္ကျီအိတ်များအတွင်း၌ တစ်စုံတစ်ခုကို ရေးကြီး သုတ်ပျာ ရှာလေ၏။ "ဟော့... ငါ့ ခဲတံနီကော" ဟု စိတ်အားတကြီး မေးမြန်း လေ၏။ "အဲဒီ ခဲတံနီ ပျောက်ရင်တော့ အတန်း စာသွားသင်လို့ အကျိုး မရှိဘူးဟေ့"

စုဇန်လည်း ထလာကာ သူ၏ အင်္ကျီအိတ်များကို ဝိုင်းရှာပေးလေ၏။

စုဇန်က နှုတ်ထက်ဟန်ဖြင့် "မှာ့က်ဟာ ကဗျာမှာ မတော်ဘူးဆိုတာ သူတတ်နိုင်တဲ့ ကိစ္စမှ မဟုတ်ဘဲ၊ ဒီအတွက်ကြောင့်တော့ သူ့ကို ဘာမှ အထင်သေးစရာ မလိုပါဘူး ဖေဖေ" ဟု ပြောပြီး "ဟောဒီဟာ ဖေဖေ့ ခဲတံ၊ အတွင်းအင်္ကျီအိတ် ထဲက"

"ဘုရားရှင် ကျေးဇူးပဲ" ဟု အဖေက စိတ်ပါလက်ပါ ပြော၏။ "ခုမှပဲ ငါ့မှာ နေသားကျတော့တယ်၊ အေးပါဟ... ငါ မှာ့က်ကို အထင်မသေးပါဘူး၊ ဒီကောင်ကလေး ကဗျာဆရာမဖြစ်တဲ့ အတွက်ကြောင့်တောင် ပိုပြီး မင်းအဖို့ လင်ကောင်း တစ်ယောက်ဖြစ်ဖို့ ရှိသေးတယ်၊ ဒါပေမဲ့ ငါ ပြောချင်တာက အတတ်နိုင်ဆုံး ကြိုးစားတယ် ဆိုတာနဲ့ ကဗျာမှုနဲ့ကတော့ ဘာမှမဆိုင်ဘူး ဆိုတာပဲ၊ ကဗျာဟာ စမ်းရေယဉ်လို မင်းကိုယ်ထဲမှာ ရှိရမယ်၊ အထဲမှာရှိရင် စမ်းရေယဉ်ဟာ စီးဆင်းခဲ့လိမ့်မယ်၊ မရှိရင်တော့ မတတ်နိုင်ဘူး၊ ဝွတ်ဘိုင်

စု"

အဖေသည် သူမ၏ပါးပြင်ကို နမ်းပြီး ထွက်ခွာသွားလေ၏။

အဖေဖြစ်သူ ထွက်သွားသည်နှင့် တစ်ပြိုင်နက် မေရီလည်း ဖြည်းညင်းစွာ ထကာ လွယ်အိတ်ထဲမှ စာအုပ်များဆီသို့ လှမ်းလေ၏။ ထို့နောက် မတ်တတ်ရပ်ကာ ဆိတ်ငြိမ်စွာ နေလေသည်။ အမေကမူ သူမအား လှမ်းကြည့်ရင်း သူမ၏ ဖဲကြိုးကို ဖြန့်နေလေသည်။ စုဇန်ကမူ ပန်းကန်ခွက်ယောက်များ တစ်ပုံကြီးနှင့် ထွက်လာရင်းက တန့်ကာ ညီမငယ်၏ လည်ကုပ်ကို ရုတ်ခနဲ နမ်းသည်။

"ဒီည စပြီး ချုပ်ကြည့်ရအောင်၊ ညည်းဖို့ ငါ ဝယ်ခဲ့ရဦးမယ်" ဟု ကတိပေးလေ၏။

"ကောင်းပြီ" ဟု မေရီက ခြောက်ကပ်ပြတ်သားသော အသံနှင့် ပြောသည်။

စုဇန်သည် မီးဖိုခန်း ရေဆေးကန် အတွင်းရှိ ဆပ်ပြာရေပူထဲသို့ ပန်းကန်ခွက်ယောက်များကို နှစ်လိုက် ပြန်ထုတ်လိုက်နှင့် မြန်ဆန်လှစွာ လုပ်ရင်း ညီမငယ်ကလေးကို ချစ်ခင် နှစ်လိုစွာ တွေးနေလေသည်။ မေရီ ကြီးပြင်းလာသည့်အခါ သူတို့သည် သူငယ်ချင်းများ ဖြစ်ကောင်း ဖြစ်သွားကြမည် ထင်ရပေ၏။ ၁၅ နှစ်ရွယ် မိန်းကလေးဆိုသည်မှာ ရှက်ကြောက်တတ်မြဲတည်း။ သူမသည် မေရီဖို့အဝတ် လှလှကလေး ချုပ်မည်။ သို့မှသာ မေရီသည် ပါတီများသို့ ဝတ်၍ သွားနိုင်ပေမည်။

မေရီ၏ အရိုးပေါ် အရေတင်နေသော လက်မောင်းကလေးကို ကွယ်ဝှက်နိုင်ဖို့အတွက် သေးမွှန်သော အတွန့်ကလေးများကို ပခုံးပေါ်မှ ဖွာရရာ ချထားရလျှင် ကောင်းမည်။ မေရီလို အသားညိုအတွက်ဆိုလျှင် ထိန်လွန်းမည်ဖြစ်သည့် အရောင်ကို ဖျော့တော့သွားစေရန် လည်တစ်ဝိုက်တွင် ဇာတွန့်များထည့်ရမည်။ မေရီမှာ ကြီးထွားလာပြီဖြစ်ရာ သူမထံ၌ အဝတ်အစား လှလှပပ ရှိလာဖို့အတွက် စုဇန်သည် စီစဉ်လျက်ရှိ၏။ သူမ လက်ထပ်ပြီး၍ အချိန်အားရလျှင် မေရီကို ပေါ့ပေါ့ပါးပါး သုံးရန် ညနေခြုံဖဲအပေါ်ရုံကလေး တစ်ထည် ချုပ်ပေးရဦးမည်။ ယင်းသို့ဆိုလျှင် ချစ်စဖွယ် ပစ္စည်းကလေးများကို လုပ်စရာ အများကြီး ကျန်သေးသည်။

သူမ၏ အချိန်များလည်း များစွာ ရရှိပါ၏။ တစ်ဘဝလုံးပင်

ကျန်ပေသေးသည်။ သူမ၏ အမျိုးအဆက်ထဲ၌ မည်သူမျှ ငယ်စဉ်က မသေဆုံးစဖူး။ သူမ၏ ဘိုးဘွားဘီဘင်တို့သည် သူတို့၏ ရှည်လျားခဲ့သော သက်တမ်းဖြင့် သူမ၏ သက်တမ်းကို ရှည်လျားစေရန် ကတိပေးခဲ့သည့် သဖွယ်ပင်။ သူမသည် အားလုံးလုပ်နိုင်ပြီ။ ထို့ပြင် ပြည့်စုံပြီးမြောက်ခြင်းနှင့် လုပ်နိုင်ပြီး သူမ၏ ကိုယ်တွင်း၌ အေးငြိမ်းခြင်း တည်လာသည်။ "အို... အဲဒါဟာလေ ငါ့ ဂုဏ်ကျက်သရေ ဖြစ်ရမှာပါလေ" ဟု လက်များကို ခြောက်အောင် သုတ်ရင်း လေသံကလေးနှင့် သီချင်းဆို၏။

အပေါ်ထပ်သို့ ပြေးတက်၍ မှက်၏ရွှံ့ဦးခေါင်းကို ကြည့်သေး၏။ အဝတ်ရေစိုကို ဖယ်၍ ရုပ်တုရှေ့၌ရပ်သော်၊ သူမ၏လက်များသည် ရုပ်တု ပေါ်သို့ ရောက်ကာ စမ်းသပ်လျက် ရှိကြသည်။ စိတ်မလုံမလဲနှင့် ရုပ်ပုံကို ခဏမျှဆက်ပြီး လုပ်ပြန်လေ၏။ ရုပ်တုကို ပြန်၍အုပ်ထားလိုက်၏။ လက်ဆေးပြီးသော် ကုတ်အင်္ကျီကို ဝတ်၊ ဦးထုပ်ကိုဆောင်းကာ၊ အောက်သို့ ဆင်းခဲ့ပြီး အမေ ဖုန်ခါနေသော အခန်းထဲသို့ မိမိခေါင်းကိုသာ သွင်းလိုက် လေသည်။

"ကျွန်မ ချည်လုံး သွားဝယ်ဦးမယ်"

"အံ့ပါရဲ့အေ၊ အခု ပန်းကန်တွေတောင် ဆေးပြီးသွားပြီပေါ့လေ" ဟု သူမ အမေက အော်၏။

"ညည်း လုပ်နိုင်မယ်လို့ ထင်လို့လား၊ ငါ့ဥယျာဉ်တော့ မပျက်စီး ပါစေနဲ့ အေ" ဟု မစ္စစ်ဖောင်တိန်က သံသယဖြစ်ဟန်နှင့် ပြောသည်။

"ရှင် မကြိုက်ရင် မယူဘဲနေပေါ့၊ ဒါပေမဲ့ ကျွန်မကတော့ ကောင်း ကောင်း တတ်နိုင်ပါတယ်" ဟု စုဇန်က ဖြေသည်။

"ဒေါ်လာ တစ်ရာငါးဆယ်ဆိုတာ မိန်းကလေး တစ်ယောက်အတွက် တော်တော်များတဲ့ ငွေပဲ" ဟု မစ္စစ်ဖောင်တိန်က ပြောသော်လည်း ပြုံးလျက် ပြောခြင်းဖြစ်လေသည်။

"ဈေးသိပ်များတယ် ထင်ရင်လည်း မြားနတ်မောင်ရုပ် ဖြစ်ရုံမက ပါဘူး" ဟု စုဇန်က အလောတကြီး ပြောသည်။ "ကျွန်မ စိတ်ကူးမိတယ်၊ မြားနတ်မောင်ရုပ်ကလေးကို ရေကန်လေးထဲ ကိုယ့်အရိပ်ကိုယ် ကြည့်နေနိုင်း မယ်လေ၊ ဒူးကလေးထောက်လို့၊ အတောင်ပံကလေးတွေက ကြွလို့ပေါ့၊ ပြီးတော့ သူ့ လေးနဲ့မြားတွေက လျော့ကျ နေတော့မလိုနဲ့ အရုပ်ကလေးက

သစ်ငုတ်တိုပေါ် ဒူးထောက်နေရတယ်၊ သူ့ ပခုံးပေါ် လိပ်ပြာကလေး တစ်ကောင် နားလို့"

"အေးပါအေ၊ ငါ့ အကြိုက်ကျရင် ပြီးတာပါပဲ"

မစွစ်ဖောင်တိန်မှာ "နွေရာသီ ပရိသတ်" အထဲမှ တစ်ယောက် အပါအဝင် ပေတည်း။ နွေရာသီ ပရိသတ်ဆိုသည်မှာ ကြေးငွေချမ်းသာ၍ တောက်ပြောင်သော သူများဖြစ်ကာ၊ သူတို့သည် ရှေးအိမ်များ၊ ယာခင်းများကို ဝယ်လေ့ရှိပြီး နွေရာသီ တစ်လနှစ်လ ကလေးအတွက် ထိုအရာများပေါ်၌ ငွေကိုစုပုံ၍ ရေလိုဖြုန်းလေ့ ရှိကြပေ၏။

"ရှေ့သာတိုးပေတော့ မိန်းမချောကလေးရေ့" ဟု မစွစ်ဖောင်တိန်က ပြုံး၍ ပြော၏။

"စင်စစ်တော့ ငါက ဒေးဗစ်ဘာနေ လုပ်တာမှ ကောင်းတယ်ထင်ပေမဲ့ ဒီလူကြီးကို နိုင်းလို့မရနိုင်တာနဲ့ ရှူးတောင်ရှူးချင်ပါရဲ့၊ ဒါပေမဲ့ ငါ ကြိုက်မယ့် ပစ္စည်းမျိုး ညည်းလုပ်နိုင်မယ် ဆိုရင်တော့ အင်မတန် ကောင်းလိမ့်မပေါ့အေ"

"ရှင် မကြိုက်ဘဲနဲ့တော့ အတင်း မယူစေရပါဘူး" ဟု စုဇန်က အာမခံလေ၏။ သူမ၏ အသံမှာ တည်ငြိမ်၍ သူမ၏ ဒူးများမှာ ခိုင်မြဲ၏။ သို့သော် အတွင်းမှာမူ တုန်လျက်ရှိပေသည်။ စုဇန်သည် လက်ကိုထုတ်ကာ "ဝွတ်ဘိုင်... မစွစ်ဖောင်တိန်... ကျေးဇူးပါပဲ"

"ဝွတ်ဘိုင်ပဲ ကလေးမ၊ ညည်း ပြောတာက တစ်လ ကြာမယ်၊ ဟုတ်လား"

"အလွန်ဆုံး တစ်လပါပဲ၊ ပြီးရင် ပုံသွင်းဖို့ တခြားကို ပို့ရမယ်ရှင့်"

"ဂမုန်းပန်းတွေ ပွင့်ကြ ဖူးကြပြီဆိုရင် အဲဒီ အရုပ်ကလေးကို ဒီမှာ ရှိစေချင်တယ်"

"ရှိရပါစေမယ်" ဟု စုဇန်က ဆို၏။ အမှန်ပင် သူမတတ်နိုင်ပေသည်။ သူမသည် လိုချင်သည့်အရာများကို ရအောင် လုပ်ခဲ့ဖူးလေပြီ။

ခေါင်းဖြူနေသော ဘဏ္ဍာစိုးကြီးသည် သူမ၏ နောက်ကျော၌ တံခါးပိတ်လိုက်သည့်အခါ၌မူ၊ စုဇန်သည် လမ်းလျှောကို ပြေးဆင်းပြီး လေသံဖြင့် ဆိုလျက် ရှိပြန်သည်။ "အို... အဲဒါဟာလေ၊ ငါ့ရဲ့ ဂုဏ်ကျက်သရေ ဖြစ်ရမှာပါလေ"

အဲဒီ ကိုယ်လုံးတီးကလေးလေးဟာ ဘယ်လိုများ နေလေ့မလဲ။

သူမသည် တော်မီကလေးကို ကြည့်ရအောင် လူဆိုင်းပါမာတို့ဘက်က လှည့်၍သွားမည်။ ယခုနေဆိုလျှင် တော်မီကလေးသည် ရေချိုးလျက် ရှိချေမည်။ သည်တော့ ကလေး တစ်ယောက်၏ ဖွံ့ဖြိုးသော ကိုယ်ကလေး သည် ဘယ်လို ရပ်တည်နေနိုင်သည်ကို မြင်ရမည်။ ပြီးလျှင် ဒူးခေါင်း ကလေးများ ဘယ်လို... ။

သူမသည် လူဆိုင်းနေသော အိမ်ပုကလေးဆီသို့ မြန်ဆန်စွာ လျှောက်သွား၏။ သူမနှင့် လူဆိုင်းတို့မှာ အထက်တန်း ကျောင်းနေဖက် သူငယ်ချင်းများ ဖြစ်လေသည်။ စုဇန်က ကောလိပ်သို့ ဆက်ခဲ့၏။ လူဆိုင်း ကမူ ဟဲပါမာ အမည်ရှိ သူတို့ အထက်တန်း ကျောင်းသားနှင့် လက်ထပ် လိုက်ကြပြီး၊ တစ်နှစ်ကြာသော် တော်မီကို မွေးသည်။ ဟဲသည် ဘောကာ ဖိနပ်ကုမ္ပဏီ၌ အလုပ် လုပ်သည်။ ထိုဆိုင်သို့ သူမ သွားတိုင်း ဟဲသည် အလွန်သဘောကောင်းလှေ ရှိသည်။ "ခင်ဗျား ဖိနပ် ရောင်းရတာ ကောင်း တယ်ဗျ၊ ခင်ဗျားက ဖိနပ်ပုံကြီးကြီး စီးပေမဲ့ ခြေထောက်က ပုံကျတာကိုး၊ တခြား မိန်းမတွေ ခြေထောက်ဟာ တစ်မျိုးပဲ" သူသည် စုဇန်၏ သန်မာပုံ ကျသော ခြေဖမိုးများကို လက်ထဲ၌ထည့်ကာ ချီးမွမ်းလိုဟန်ဖြင့် "ခင်ဗျား ခြေစုံတွေက တယ်ခံ့ညားတာပဲ" ဟု ရွတ်တတ်သည်။

"လူဆိုင်းရေ..." ဟု စုဇန်သည် ဗိုလ်တဲကလေး၏ ပွင့်နေသော တံခါးဝကို ရောက်သော် အော်ခေါ်လိုက်လေသည်။ ထမင်းစားခန်းထဲ၌ မနက်စာ စားပြီး ပန်းကန်များ မသိမ်းရသေးဘဲ ရှိသည်ကို မြင်ရ၏။

"ဝူး... " ဟု လူဆိုင်း၏ အသံက ထွေးသည်။ "ရေချိုးခန်းထဲမှာ ဟေ့"

ရေချိုးခန်း ထဲသို့ ဝင်သွားရ၏။ လူဆိုင်းကို ရွှေရောင်ဆံပင် ကျောပေါ် ဖားလျားဝေလျက် တစ်ကိုယ်လုံး မသေမသပ်နှင့် စိုစွတ် ချော ထွက်သော တော်မီနှင့် လုံးထွေးနေကြသည်ကို တွေ့ရလေသည်။

"သူက ရေချိုးကန်ထဲ ဝင်ရမှတဲ့အေ၊ ကတ်သတ်နေတယ်၊ အား ကောင်းလိုက်တာလည်း လွန်ရော၊ သူ့ကိုယ်ကလေးကို ကွေးအောင် မလုပ် နိုင်ဘူး" ဟု လူဆိုင်းက ငိုတော့မလို ညည်းသည်။

တော်မီလည်း ဂွမ်းစ တစ်ခွဲနှင့် တိတ်ဆိတ်စွာ နေရာက လွတ်သွား ကာ ရေချိုးကန်နှုတ်ခမ်းသို့ တက်ပြန်လေ၏။ စုဇန်လည်း ရယ်မောကာ

ကလေးကို ချီပြီး ခေါင်းအပေါ်သို့ မြှောက်လေ၏။ တော်မီကလေးက မိုးပျံနေသော နတ်သူငယ် ကလေးပမာ သူမကို ဣန္ဒြေနှင့် ငုံ့ကြည့်ပြီးမှ ပြုံးလေ၏။ သူကလေးကို ကြည့်ရင်း စုဇန်သည် အမျိုးမျိုး ဉာဏ်ပွင့်လာလေသည်။ ကလေး၏ ခေါင်း၊ မျက်လုံး၊ ရွှေဝါ ရောင်ဆံပင်ဝင်းဝင်း၊ သူ၏ ပူနွေးသန့်မာသော ကိုယ်လုံး၊ လုံးလုံးပုပု ပခုံးကလေး များ၊ ကြယ်ပမာ ပြန့်ကားနေသော လက်ဖဝါးကလေးနှင့် ဆန့်တန်းထားသော လက်မောင်း တန့်တန့်၊ ကျောက်ကန်ထားသော ခြေထောက်ကလေး စသည်တို့သည် သူမ၏ ဦးနှောက်ထဲသို့ အမှတ်တရ ဝင်လာလေသည်။ စုဇန်သည် ကောင်ကလေးကို နှိမ့်ကာ အောက်သို့ချပေးသည်။ ကောင်ကလေးမှာ ရေချိုးကန်ကို မေ့သွားပြီဖြစ်လေ၏။ သိုးကလေးလို ရပ်ကာ စုဇန်က ရေသုတ်ပေးနေ၊ အဝတ်အစား ဝတ်ပေးနေသည်ကို ပြုံးဘူးပြုံ့တဲ ကြည့်ကာနေလေ၏။

"အို... လှလိုက်တဲ့ တော်မီ" ဟု စုဇန်က ရယ်ကာ ပြောမိလေသည်။ "လူဆိုင်းရေ၊ ညည်း တော်မီနဲ့ တစ်နေ့လုံး ကစားနေတာချည်းပဲလား၊ ဒိုပြင်ဘာများ လုပ်သေးသလဲ၊ ဒီလိုကလေးမျိုးများတော့ တစ်ဒါဇင်လောက် လိုချင်ပါရဲ့"

လူဆိုင်းက ညည်းသည်မှာ "သူတို့ကို ခုလို တစ်ခါတလေကလေး တွေ့ရတာတော့ ကောင်းတာပေါ့အေ၊ ဒါပေမဲ့ သူတို့နဲ့ အမြဲနေရရင် အလုပ်ပိုတစ်ခုပဲဆိုတာ ညည်းသိလိမ့်မယ်၊ သူတို့က ညည်းကို ဂရုစိုက်လောက်တယ် ထင်တာ မဟုတ်ဘူး"

တော်မီ၏ ပြာလဲ့ကျယ်ဝန်းသော မျက်လုံးကြီးများကို ငေးရင်း လူဆိုင်း၏ စိတ်မရှည်သံကို နားထောင်နေရသော်လည်း စုဇန်သည် အယုံအကြည် မရှိချေ။ မိမိသာဆိုလျှင် ကျနစွာ စီမံနိုင်မည် ဖြစ်လေ၏။ သူမသည် သူမ၏ကလေးများ အတွက် ဘာဒုက္ခမျှ တွေ့နိုင်မည် မဟုတ်ချေ။

"အခု သူ့ကို ကျွေးရမွေးရဦးမယ်။ ပြီးတော့ ဘုရား သိကြား မလို့ အိပ်လိမ့်မယ် ထင်ပေမဲ့ အိပ်ချင်မှ အိပ်ဦးမယ်"

စုဇန်က "တော်မီကလေးကို တွေ့ချင်လို့ ကိုယ်ဝင်လာတာ" ဟု ပြောပြ၏။

လူဆိုင်းက "ဖလေးချပ်ကလပ်ကို ညနေကျရင် လာဦးမလား၊ ဒီနေ့ ထရိုင်နာရဲ့ အိမ်မှာတဲ့" ဟု ပြောပြရာ စုဇန်က ခေါင်းသွက်သွက် ခါလေ

သည်။

"ကိုယ် အလုပ်များနေတယ်၊ မှက်နဲ့ လက်ထပ်မလို့အေ့"

"ဟုတ်လား၊ ဘယ်လိုက စတာလဲ အေ့"

"မနေ့ညက စတာပေါ့"

လူဆိုင်းက အလည်လုပ်ကာ "အခု လပြည့်နေပြီကိုး၊ ဘုရားစူးပါစေ၊ ကိုယ်လေ လမင်းဟာ ဘယ်လောက် တတ်နိုင်တယ်ဆိုတာကတော့ တကယ် သိပါတယ်၊ ကိုယ့်တုန်းကလည်း လသာနေတဲ့ ညမှာပေါ့၊ သူ့ကို လက်ခံ လိုက်တာ၊ စင်စစ်တော့ လွန်ခဲ့တဲ့ ၂ နာရီအတွင်းက အဲဒီလို လုပ်လိုက်မယ်လို့ အကြံမရှိရိုး အမှန်ပါ။ ဒီလိုပဲ ဖြစ်တတ်တာပဲလေ၊ နောင်ကျတော့ အမိခံလိုက် ရတာပဲ" ဟု ပြောလေသည်။

စုဇန်က ရယ်မောကာ "ကိုယ်က အမိခံရတယ် မထင်ပါဘူးအေ၊ ငါ ကိုယ်တိုင်က လက်ထပ်ချင်တာ"

လူဆိုင်းက ဆံပင်များကို လိမ်ရင်း "နောက်တော့မှသိမယ်လေ" ဟု ဆို၏။

"မဖြစ်နိုင်ပါဘူး၊ ဖွတ်ဘိုင် လူဆိုင်း" စုဇန်ကား သေးငယ်သော ညှော်ခန်းကလေးကို ဖြတ်လျက် ရှိလေသည်။

ထမင်းစားခန်းကလေးကို ဖြတ်သော် စုဇန်သည် ခဏမျှ တန့်ပြီး စားပွဲကို ကြည့်သည်။ စနစ်တကျ ရှိစေလိုခြင်း၊ လှလှပပ ဖြစ်စေလိုခြင်း တို့သည် ဝေဒနာထ၍ လာကြပြန်၏။ သူမသည် လူဆိုင်းကို ခဏမျှ ဝိုင်းကူ လိုက်ဦးမှ ဖြစ်မည်။ အကြောင်းမှာ ညစ်ပေသော ပန်းကန်များသည် ကြည့်ရ ဆိုးလှသည်တကား။

သူမသည် ပန်းကန်များကို သိမ်း၍ မီးဖိုခန်းသို့ ခြေဖျားထောက်ပြီး ဝင်လေ၏။ ရေကိုဖွင့်ချကာ ပန်းကန်များ ဆေးကြောပြီး စီထားလိုက်သည်။ ပန်းကန်များမှာ အရေအတွက်နည်းလှသည်ဖြစ်ရာ သူတို့ကို မသိမ်းဆည်း နိုင်သည်မှာ ညံ့၍ပင် ဖြစ်သည်။ ထမင်းစားခန်းတံခါးမှ ခြေဖျားထောက်ပြီး ဝင်ခဲ့ပြန်ကာ စားပွဲကို သုတ်ပြီး စက္ကူပန်းအတုများ စိုက်ထားသော ပန်းအိုး ကလေးကို တင်လေ၏။ ပန်းအတုတွေ စိုက်သတဲ့ရှင်။ ရှက်ဖို့ကောင်းလိုက် လေ လူဆိုင်းရေ့။ ဘာပန်းမှ မရှိဘူးဆိုသည့်တိုင်အောင် အိမ်ရှေ့လမ်း ကလေးကို အဆုံးလျှောက်လိုက်လျှင် တောစပ်သို့ရောက်လာ တောပန်းများ

တော့ ရနိုင်၏။

စုဇန်သည် ခြေဖျားထောက်၍ လမ်းသို့ ထွက်ခဲ့ကာ ယိမ်းယိုင်လှုပ်ရှားပြီး အိမ်ပြန်လေ၏။ သူမတွင် အပြုံးကလေးနှင့် တော်မီ၏ ပုံအဆင်သည် လက်ထဲတွင် ပွန္နေးဆဲပင် ရှိလေ၏။ သည်မနက်ပင် အပေါ်ထပ်ကို အလျင် ပြေးပြီး ပုံကြမ်းသွင်းမည် ဖြစ်လေ၏။ နေ့ခင်းမှာမူ ချုပ်ရလုပ်ရမည်။

အမေကမူ ထမင်းစားခန်းကို ဖုန်ခါနေဆဲပင်။

"ပြန်လာပြီလားဟေ့" ဟု အမေက အော်၏။

"ဟုတ်ကဲ့၊ ဟောဒီမှာ ပိုးကြိုး အမေ"

မော့က်၏ ရှုံ့ဦးခေါင်းနံဘေး အခန်းထဲတွင် စုဇန်သည် သူမ လိုချင်သည့် ဟန်အတိုင်းကလေး ဝဝတုတ်တုတ်ကလေးပုံကို အကြမ်းမျှ ပုံသွင်းလေသည်။ ဆံခွေအလိပ်ကလေးတွေ၊ ပါးချိုင့်ကလေးတွေ၊ ကြယ်လိုကားသည့် လက်ကလေးတွေကို လုပ်ရမှာ အင်မတန် ပျော်စရာ ကောင်းမှာပဲဟု တွေးမိလေသည်။

ပြီးတော့ မော့က်၏ ဦးခေါင်းလည်း ရှိသေးသည်။ ဩော်... အရုပ်ကလေးရဲ့ မျက်နှာကို မော့က်နဲ့ ခပ်ဆင်ဆင် လုပ်ရင် မကောင်းလား။ မော့က်၏ သားကလေးသည် ကြွေရုပ်ကလေးအဖြစ်ဖြင့် ရေကန်ထဲ ငုံ့ကြည့် နေလိမ့်မည်။ သူမ၏ ဥယျာဉ်ကျမှ သူမ၏သားကလေး ငုံ့ကြည့်ဖို့ရာ ရေကန်ကလေး တစ်ကန် တူးရပေဦးမည်။ သူမသည် တီးတိုး ဆိုပြန်လေသည်။ "အို... အဲဒါဟာလေ၊ ငါ့ရဲ့ ဂုဏ်ကျက်သရေ ဖြစ်ရမှာပါလေ၊ ငါ့ရဲ့ ဂုဏ်ကျက်သရေ ဖြစ်ရမှာပါလေ" သူမ လက်ထပ်ရတော့မည်လေ။

သူတို့ လက်ထပ်လိုက်ကြလေသည်။ သူမနှင့် မော့က်တို့ကြားမှ နံရံတံတိုင်းတို့သည် ဂီတလို ချိုသာသော စကားများဖြင့် လည်းကောင်း၊ သူမ၏ တုန်ယင်လျက်က နိုင်မြဲသော သဘောတူချက်၊ ဖြူရော်သော မော့က် မျက်နှာ၏ တင်းမာသော သဘောတူချက်များဖြင့် လည်းကောင်း၊ အဝေးသို့ လိမ့်သွားကြလေပြီ။

သူမသည် လက်ကို ဆန့်ထုတ်ကာ သူ့လက်ဇွပ်ကို ယူလေသည်။ သူတို့ နှစ်ဦးကြားက သွေးသော လေသည် ဂီတသံပေါက်လာ၏။ ထို့နောက် သူတို့နှစ်ယောက်သည် လှည့်၍ လျှောက်ခဲ့ကာ ဘုရားရှိခိုးကျောင်း၏ အဆောက်အအုံ တစ်ခုသို့ ရောက်ပြီး လက်ထပ်ကြရလေသည်။

လာကြသည့် ပရိသတ်များ သက်ပြင်းချကာ ပြုံးပြကာနှင့် ပြန်ဖို့ ပြင်သော အချိန် ဘုရားရှိခိုးကျောင်း တံခါး၏ အပြင်၌ စုဇန်သည် "မင်း... မူးလဲ သွားမလားလို့ ကိုယ် စိုးရိမ်နေသေးတယ်" ဟု ပြောလိုက်၏။ နေပါဦး၊ လက်ထပ်ပွဲတွင် ပျော်ရွှင်နေကာ သူတို့၏ စိတ်ကို လူတို့သည် သူတို့၏ သက်ပြင်းများနှင့် ဘာကြောင့် ရှုပ်ရပါသလဲ။

"ကိုယ်တော့ မှိုင်းမိနေသလိုပဲ၊ ကိုယ့်ကိုယ်ကိုယ် တခြားလူ တစ်ယောက် ဖြစ်နေသလိုပဲ"

သူတို့မှာ သူတို့ နှစ်ဦးကြားမှ နံရံတံတိုင်းများ ကာလျက်ရှိသည်ကို အကျင့်ပါနေလေရာ၊ ထိုနံရံတံတိုင်းများသည် နံနက်ခင်း၏ နှင်းဖြူပမာ အဝေးသို့ လိမ့်၍ သွားပြီး သူတို့ နှစ်ဦးအား တစ်ယောက်နှင့် တစ်ယောက် ရှင်းလင်းကြည်စင် မြင်သာအောင် ချန်ရစ်ခဲ့သည့်အခါ၊ သူတို့သည် သူတို့ကိုယ်ပိုင် ရက်ကြောက်ခြင်း နံရံတံတိုင်းကို တည်ဆောက် လိုက်မိကြ လေတော့သည်။

နံရံတံတိုင်းများကို စကားလုံးများ၊ အော်ဟစ်သံများ၊ ရယ်သံများ၊ ပြက်လုံးများ၊ ဆုတောင်း စကားများက ဆွဲယူသွားသည့်အခါ သူတို့သည် အစစ်အမှန် မဟုတ်နိုင်သော အိပ်မက်တွင်းမှာ ကျန်ရစ်ခဲ့သလို ဖြစ်နေပေ၏။ ပရိသတ်များ၏ "မင်းတို့ ပျော်ရွှင်သုခ ရပါစေ" ဟု ဆုတောင်းကြ၏။ ပရိသတ်များ အသံမှာ ကြည်ရွှင်သော်လည်း မျက်လုံးများမှာ သံသယ ဖြစ်ဟန် ရှိသည်။ စုဇန်ကမူ "ကျွန်မတို့ ပျော်ရွှင်သုခ ရမှာ သေချာပါတယ်" ဟု ပြန်ပြောခဲ့လေသည်။

သူမ၏ လက်သည် မာ့က်၏ လက်မောင်းကြားထဲ ရောက်နေ၏။ သို့သော် လက်သည်လည်း သူမ၏ လက်မဟုတ်။ လက်မောင်းသည်လည်း မာ့က်၏ လက်မောင်း မဟုတ်။ သူတို့နှစ်ယောက်မှာ လှပစွာ ဝတ်ဆင် ထားသော အရုပ်ကလေး နှစ်ရုပ်ဖြစ်ကာ လူပရိသတ်များက ရှေ့က ဖြတ်သွားစဉ် မတ်တတ်ရပ်လျက် ပြုံးနေရခြင်းသာ ဖြစ်လေ၏။ သူမနှင့် မာ့က်တို့သည် နှစ်ယောက်ထီးတည်း မကျန်ရစ်မချင်း သည်ကိစ္စသည် မပြီးဆုံးမချင်း သူတို့အခြေအနေသည် အစစ်အမှန် မဟုတ်သေးချေ။

အမေက "လာကြ ကိတ်မုန့် ခွဲရအောင်" ဟု တိုးတိုးပြောသည်။

သူမက မာ့က်၏ လက်မောင်းကို ဖျစ်လိုက်လေသည်။

"ကိုယ်တို့ ကိတ်မုန့် ခွဲရအောင်"

သူမက တိုးတိုး ပြန်ပြောပြီး လှည့်၍ ထမင်းစားခန်းသို့ လျှောက်ခဲ့ကာ မာ့က်က သူမအားတွင် ရပ်နေလေသည်။ စားပွဲပေါ်မှာကား အဖြူရောင် ကိတ်မုန့်ဝိုင်းကြီး ရှိသည်။ သူမ၏ အမေက ဝိုင်းပြီး ပျားယာစတ်ပေးခြင်း၊ မုန့်ဖုတ်ခွက်ကို ဆီသုတ်ပေးခြင်း၊ မီးဖိုကို ဂရုစိုက်ပေးခြင်းဖြင့် ကူညီ၍ စုဇန်ကိုယ်တိုင် ဖုတ်ခဲ့သော ကိတ်မုန့်ပေတည်း။

"ညည်း လက်ထပ်ပွဲ ကိတ်မုန့်ကို ညည်းကိုယ်တိုင် မလုပ်ကောင်းဘူး ထင်ပါရဲ့" ဟု အမေက ပြောခဲ့ပေ၏။

"ကျွန်မ လုပ်ချင်တယ်"

ယခုမူ သူမသည် ငွေဓားဖြင့် ညိုဒြိသော ကိတ်မုန့်သားကို ခွဲလျက်ရှိလေပြီ။ လူပရိသတ်မှာ အခန်းငယ်ကလေး အတွင်းဝယ် ကျပ်ညပ်လျက်ရှိသည်။ "ဟာ... ပထမတန်းပါပဲလား၊ စုဇန်" ဟု ကျိတ်၍ အော်လိုက်သော လူဆိုင်း၏ အသံကို ကြား၍ သူမ ပြုံးလာသည်။ သို့သော် ယခုအချိန်သည် မီးဖိုခန်း၌ ပန်းကန်လုံးကြီးထဲသို့ သကြား ထောပတ်နှင့် ကြည်လင်ဝါလဲ့သော ကြက်ဥနှစ်များ ထည့်စဉ်ကလောက် လေးနက်ခြင်း မရှိချေ။

ထိုစဉ်ကဆိုလျှင် စုဇန်သည် မွှေရ၊ ဆန်ခါချရ၊ ကြက်ဥအကာများကို အမြှုပ်ထအောင် ရိုက်ရ။ ထို့ပြင် ညိုမှောင်သော သစ်သီးများ၊ ထိုအရာအားလုံးတို့သည် အနုစိတ်၍ လုပ်ရသော ညိုမောင်းမွှေးကြိုင်သည့် မုန့်တုံးတစ်တုံး အတွင်းသို့ဝင်ကာ၊ ထိုမုန့်တုံးကြီးကို မုန့်ဖုတ်ခွက်ထဲမှ ထုတ်ယူရသည့် အကြောင်းများကိုသာ သတိရလျက် ရှိပေတော့သည်။

"ငါဟာငါ့ လက်ထပ်ပွဲ ကိတ်မုန့်ကို လုပ်နေတာလေ" ဟူသော အသိသည် အမြဲပင် ရှိနေပေ၏။ ယခု ကိတ်မုန့်ကိုခွဲကာ စိတ်ကာ ပြက်လုံးများနှင့် အိပ်မက်ဆန်သော စကားများကို နားထောင်ကာ နေရသည့် အခါ၌မူ၊ ဤကိတ်မုန့်မှာ အခြား အခြားသော ကိတ်မုန့်များထက် ဘာမျှ မထူးတော့ချေ။ ကိတ်မုန့်မှာ ဖုတ်နေစဉ်ကသာ အဖိုးတန်လေတော့သည်။

လူတိုင်းပင် စားနေ သောက်နေ စကားပြောနေပေ၏။ မာ့က်၏ မျက်လုံးများကို တိုးမိ၏။ "အခုလား" ဟု အဓိပ္ပာယ် ပေါက်အောင် သူ့နှုတ်ခမ်းများက လှုပ်ပြလေသည်။ သူမက ခေါင်းညိတ်ပြီး လစ်ထွက်ခဲ့သည်။ လွန်ခဲ့သော ရက်များကပင် သူတို့စီစဉ်ခဲ့သည်မှာ သူတို့သည် လစ်၍

ထွက်ခဲ့ပြီး တစ်ယောက်တစ်ကွဲ စီသွားကာ မှော်က်ရပ်ထားခဲ့သော ဆူဆူညံညံ အသံမြည်လေ့ရှိသည့် သူ့ကားကလေးရှိရာသို့ ဆုံရမည် ဖြစ်လေသည်။

သူမသည် အခန်းတွင်းသို့ဝင်ကာ ဆွယ်တာနှင့် ဂါဝန်တိုတို ဝတ်သည်။ မီးဖိုကိုဖြတ်၍ ပြေးဆင်းခဲ့ကာ နောက်ဖေးခြံဘက်မှ ထွက်၏။

မည်သူမျှ သူမကို မမြင်။ အင်း... တစ်ယောက်တော့ မြင်ပါ၏။ သူမ၏ အဖေသည် မီးဖိုတံခါးမှ အပြေးကလေး လာလေရာ သူ့အကျီ နောက်မြီးမှာ လွင့်ပျံနေလေ၏။

"စုဇန်" ဟု လှမ်းအော်ခြင်း ဖြစ်သော်လည်း စင်စစ် တီးတိုးသော အသံဖြင့် ခေါ်လေသည်။ သူမက ရပ်တန့်လိုက်ရာ အဖေလည်း ဟောဟဲ လိုက်ကာ မီလာ၏။

"ဖေဖေ... တစ်ခု ပြောချင်... ပြောစရာရှိ... မင်း ဖေဖေ့အပေါ် အရင် အတိုင်းပဲ ရှိသေးတယ် မဟုတ်လား"

"ကျွန်မ သိပါတယ်လေ"

သူတို့နှစ်ယောက်သည် ဆိတ်ငြိမ်စွာ တစ်ယောက်ကိုတစ်ယောက် ကြည့်လျက်ရှိ၏။

"အေးလေ... မှော်က်ကတော့ စောင့်နေပြီ မဟုတ်လား"

"ဟုတ်ကဲ့၊ ကျွန်မ သွားရမယ် ဖေဖေ"

"အေးလေ ဟုတ်တာပေါ့၊ ဂွတ်ဘိုင်"

သူမသည် အဖေ့ကို နမ်းလိုက်ပြီး ဆက်ပြေးလေသည်။ တစ်ခါမျှ လှည့်ကြည့်သော် အဖေသည် ရပ်လျက်ပင်ရှိသေးသည်။ သူမက လက် ဇွေ့ယမ်းပြသော်လည်း အဖေက မလှုပ်မရှား နေလေ၏။ သူမကမူ ကြာမနေ ရဲဘဲ မှော်က်ထံသို့ အရောက်ပြေး၏။ မှော်က်သည် ကားထဲသို့ ရောက်နှင့်ကာ ကားစက်မှာ နိုးလျက် ရှိနေ၏။

"ဘယ်သူမှ မမြင်ဘူး မဟုတ်လား" ဟု မှော်က်က မေးသည်။

"ဟင့်အင်း၊ ဖေဖေ တစ်ယောက်တည်းပဲ"

သူက ခေါင်းကိုညွတ်ကာ သူမကို ရှုတ်ခနဲ နမ်း၏။ ကားကလေး သည် ဆောင့်၍ထွက်လေသည်။ သူမမှာ ထူးဆန်းနေသော စိတ်ဖြင့် လှုပ်ရှား ထိခိုက်မိသည်။ သူ့အနမ်းမှာ သူမအား မရင်းနှီးစေသေးပေ။ ကားလည်း အရှိန်သေသွားပြန်လေသည်။

"ဘာဖြစ်လို့ပါလိမ့်" ဟု သူက အသံပြုကာ ဂီယာသွင်းလေ၏။

သူမက လှမ်းကြည့်သည်။

သူမက ရယ်ပြီး "ဒီမှာ ဘရိတ်လေ"

သူသည် ဘရိတ်များကို မေ့လျက်ရှိလေသည်။

သူက လွှမ်းလွှမ်းဆွေးဆွေးနှင့် "စုတော့ လူအ, တစ်ယောက်ကို လက်ထပ်ပြီး ဖြစ်နေပြီ" ဟု ဆိုသည်။

သူမက ခေါင်းခါပြီး ပြုံး၍ "ဖေဖေလည်း ဒီလိုပဲ ဖြစ်တတ်တယ်၊ ကိုယ်ကတော့ ရိုးနေပါပြီ။ ဖေဖေလေ... ကား မထွက်ကောင်းလားလို့ ကျိန်တတ် ဆဲတတ်သေးတယ်" ဟု ပြော၏။

"ကဲ... စုက ဘရိတ်တွေ လွှတ်ပေးစမ်း" ဟု မော့က်က ပြောသည်။

သူတို့သည် လေထန်သော နွေဦးဝယ် တဝုန်းဝုန်း လာခဲ့ကြလေသည်။ သူမကတော့ မော့က်၏ စကားလုံးများကို သတိရ၏။ "စုတော့ လက်ထပ်ပြီးသား၊ လက်ထပ်ပြီးသား ဖြစ်နေပြီ၊ လူအ, တစ်ယောက်ကို" သို့သော် သူ မှားနေသည်။ သူမ လက်ထပ်ပြီးသား သူမှာ သူ... သူသာ ဖြစ်လေ၏။

"ငါ လက်ထပ်ပြီးပြီ" သူမ တွေး၏။ ရှေ့သို့လှမ်း၍ ကြည့်လေသည်။ တောင်များ၊ သစ်ပင်များ၊ ကွင်းစိမ်းများကို မဟုတ်။ တောက်ပြောင်၍ မရေရာသေးသော နှစ်များသို့ ဖြစ်လေ၏။

သူတို့ နှစ်ယောက်တည်း ရှိတော့သည့်တိုင်အောင် အတွင်းမှ ရက်ကြောက်ခြင်းဟူသော နံရံတံတိုင်းသည် ဆွဲယူသွားဖို့ရာ ကျန်သေးသည်။ ဒါမှမဟုတ်လည်း သူ့ဘာသာ ပြိုလျှင်ပြိုလိမ့်မည်။ အကြောင်းမှာ ဖခင်ထံမှ ငှားထားသော ထိုရေကန်ကလေး နှုတ်ခမ်းရှိ အိမ်ကလေး၌ သူတို့ တစ်ပတ်မျှ နေစရာ ရှိလေသည်။

အဖေသည် သူ့အိမ်သားများအဖို့ ထိုအိမ်ကလေးကို ဆောက်ထားသည်မှာ သူမ ကလေးအရွယ်ကတည်းက ဖြစ်သည်။ သို့သော် သူတို့သည် အိမ်ကလေးသို့ များစွာ လာလေ့ မရှိကြချေ။ သူမ၏ အမေသည် တိတ်ဆိတ်ငြိမ်သက်ခြင်း၊ အထီးတည်းနိုင်ခြင်း၊ ပိုးကောင်များ၊ ညဗီးကွက်များနှင့် သံချေးတက်သော မီးဖိုဟောင်းကြီး စသည်တို့ကို မုန်းသည် ဆို၏။ ထို့ကြောင့် သူတို့ မလာကြတော့ချေ။ အဖေသာ တစ်ခါတစ်ရံ တစ်ယောက်

တည်း လာတတ်သည်။ သို့သော် ကြာရှည် မနေချေ။

"တစ်ယောက်တည်း နေတတ်လောက်အောင် ငါ မကြီးရင့်သေးဘူး ထင်ပါရဲ့ကွာ" ဟု နောက်တတ်သည်။

"ဖေဖေ ကြီးလှပြီ မဟုတ်လား" ဟု သူမသည် ကလေးမျှသာဖြစ်၍ မေးဖူးလေရာ...

"သိပ် မသေချာသေးဘူး" ဟု အဖေက လေးနက်တည်ကြည်စွာ ဖြေသည်။

သို့သော် အဖေသည် အိမ်ကလေးကို လက်မလွှတ်ချေ။

"တစ်ခါတလေ သွားနေချင်နေမှာ" ဟု အဖေ ပြောတတ်သည်။

လွန်ခဲ့သော နှစ်ရက်က မာ့က်နှင့် သူမသည် ဖုန်သုတ် တံမြက်စည်း လှည်းရန် လာကြပြီး အစားအစာနှင့် စာအုပ်များ ထားပစ်ခဲ့သည်။ သူမ၏ စာအုပ်များကို အိမ်ကလေးသို့ ယူသွားရန် ထုပ်ပိုးစဉ်က တွေးမိသေးသည်မှာ "ရွှံ့တုံး ယူသွားရ ကောင်းမလား၊ ပန်းချီဆေးဘူး ယူရကောင်းမလား။ အိမ်ကလေးကျလို့ တစ်ခုခု လုပ်ချင်ရင် ဘယ့်နှယ် လုပ်မလဲ"။ သို့ရာတွင် သူမ၏ မင်္ဂလာဦး ခရီးထွက်ချိန်တွင် သည်အရာမျိုးကို ယူ၍မဖြစ်။

သည်ပစ္စည်းများကို ဘယ်အခြေအနေအထိ သူမ အလိုရှိလိမ့်ဦးမည် ကို သူမ မသိ။ နည်းနည်းမှ မလိုတော့ဘဲလည်း နေချင်နေမည်။ ထိုပစ္စည်း များကို ထုပ်ပိုးပြန်၏။ မင်္ဂလာဦးခရီးအတွက် မဟုတ်။ သူမနှင့် မာ့က်တို့ နေကြရန် ရွေးချယ်ထားသော အိမ်ကလေးသို့ ယူသွားရန် ဖြစ်ပေ၏။ ထိုအိမ်သို့ ယူသွားရန် ပစ္စည်းများကို သေတ္တာကြီး တစ်လုံးနှင့် ထည့်ပြီးသော် သူမ၏ အခန်းမြှောင်ကလေးမှာ ဟာလာဟင်းလင်းနှင့် ခြောက်ကပ်နေ သယောင် ရှိတော့လေ၏။ မြားနတ်မောင်ရုပ်ကလေးမှာ ယခုအခါ ပြီးစီး သွားကာ မစ္စစ် ဖောင်တိန်၏ ဥယျာဉ်အတွင်းသို့ ဂမုန်းဖူးများ အကြားတွင် ဒူးထောက်လျက် ရှိနေပေပြီ။ မာ့က်၏ ရွှံ့ဦးခေါင်းကိုမူ သူမကိုယ်တိုင် လမ်းမတစ်လျှောက် သယ်ယူကာ အိမ်သစ်မှ အိမ်ဝဲလင်းခန်း၌ ထားလေ သည်။ ဦးခေါင်းမှာ မပြီးသေးချေ။ ရုပ်တုတွင် တစ်စုံတစ်ရာ မှားယွင်း နေသည်။ နှုတ်ခမ်းမှာ ကျနပြီးစီးပါ၏။ မျက်လုံးများမှာ မျက်ခုံးအောက်တွင် မှားယွင်းလျက် ရှိပေ၏။ သူမ ဘယ်လိုလုပ်သော်လည်း မျက်လုံးများသည် ဟာလာဟင်းလင်း အဓိပ္ပာယ်ကင်းသလို ရှိနေသည်။

"ဒါ… မမှန်ဘူး၊ ဒီအရုပ် စကားမပြောဘူး" ဟု သူ့ကို ပြောပြဖူး၏။ ကုန်ဆုံးသွားသော ယနေ့အတွက် သူတို့ စီစဉ်ခဲ့စဉ်က သူတို့သည် ထိုအိမ်ကလေးပေါ်၌ ရှိခဲ့ကြလေသည်။

"စကားပြောတယ်ဆိုတာ ဘာလဲ" ဟု သူက မေး၏။

"ကိုယ့်ရုပ်တုကို ပီပီသသ ရရင် သူတို့စကားပြောသံကို ကြားသလိုပဲ" ဟု ပြောပြရ၏။

မာ့က်ကမူ ရုပ်တုကို စိန်းစိန်းကြည့်ရင်း "ဘုရားရေ…ကိုယ်နဲ့တော့ အတော်တူတာပဲ၊ ကိုယ်ဖြင့် စိတ်ထဲ ကြောင်တောင်တောင်နဲ့"

သူတို့သည် ရွှံ့မျက်နှာကို ကြည့်နေကြရာက မာ့က်က ဖြုန်းခနဲ "ကိုယ် သေရင် ဒီရုပ်အတိုင်း နေမှာ" ဟု ပြောသည်။

သူမက ဘာမျှပြန်မဖြေ၊ ပြန်ဖြေနိုင်ဖို့လည်း မရှိ။ အကြောင်းမှာ သူ့စကား မှန်သောကြောင့်ပေတည်း။ ရွှံ့မျက်နှာမှာ သေနေသော မာ့က်၏ မျက်နှာ စင်စစ်ပင်။ သူမသည် အဝတ်စိုနှင့် ခပ်မြန်မြန် ပတ်လိုက်လေသည်။

"ဒါက ပြီးမှမပြီးသေးဘဲ၊ ဒါကို အသက်သွင်းပေးရဦးမယ်"

သူတို့ ပြန်လာ၍ သူတို့၏ဘဝ အစစ်အမှန်ကို စတင်သည့်အခါကျလျှင် ဒါကို အလျင်ဆုံး လုပ်မည်ဖြစ်လေ၏။

ယခုအိမ်ကလေးသို့ ရောက်သော် တိတ်ဆိတ်ငြိမ်သက်သော လူသေလို မျက်နှာဖုံးသည် သူမအား အကျိုးအကြောင်းမရှိဘဲ သေလွန်မေ့ပျောက်ထားသော မျက်နှာတစ်ခုပမာ တစ္ဆေခြောက်လျက် ရှိလေသည်။ သူနှင့် မာ့က်တို့ စကားပြောနေစဉ် အထုပ်အပိုးများ ဖြေနေစဉ် သူမသည် မာ့က် မျက်နှာကို ကြည့်ကာ ထိုအကြောင်းကိုပင် တွေးလျက်ရှိလေသည်။ သူတို့သည် တစ်ယောက်ရှေ့ တစ်ယောက် ရပ်ကာ နမ်းကြလျှင်လည်း သူမသည် မာ့က်၏ မျက်နှာကို မမြင်။ သူမသည် ထုလုပ်ထားသည့် မျက်နှာဖုံးကိုသာ မြင်သည်။

"ကိုယ်တို့ဟာ အရူးတွေပဲ။ ဒီအချိန်ကလေးကို တောင့်တလိုက်ရတာ၊ ခု ရပြန်တော့လည်း တစ်ယောက်ကို စိမ်းနေသေးသလိုပဲ" ဟု သူမက ပြောပြီး ရယ်လေသည်။

သူက စုဇန်ကို အပြုံးမရှိဘဲ ငုံ့ကြည့်လေသည်။

"ကိုယ့်စိတ်ထဲမှာတော့ ခုထက်ထိ ကိုယ်တို့ နှစ်ယောက်ကို တခြား

လူတွေလိုပဲ ဖြစ်နေသေးတယ်" သူ့မျက်လုံးများမှာ ဟင်းလင်းနေလေ၏။ သူမသာလျှင် အစစ်အမှန်ကို ဖော်ပေးရမည်။ သူ့မျက်နှာသည် သူမ ထုလုပ်မပြီးစီးသေးသော သူ့မျက်နှာဖုံး မဖြစ်စေရ။ သူမက ပြီးစီးအောင် ထုပြီး အသက်သွင်းပေးမည့် အချိန်အထိ သနားဖွယ် ကျိုးနွံစွာ စောင့်နေရမည့် မျက်နှာဖုံး မဖြစ်စေရ။

သူမက အလုပ်သဘော သက်ဝင်ဟန်ဖြင့် "လာစမ်း၊ ကိုယ်တို့ အိတ်တွေ ဖြေပြီးရင် ညစာ စားရအောင်၊ ည လသာတော့ ရေကူးတာပေါ့နော် မှော်က်" ဟု ပြောသည်။

"အေးဟေ့... လုပ်ရအောင်" ဟု မှော်က်က စိတ်ထက်သန်စွာ ပြော၏။

တစ်စုံတစ်ခုကို နှစ်ယောက်အတူ လုပ်ကြရန်မှာ သူတို့အဖြစ်ကို အစစ်အမှန် ဖြစ်အောင်လုပ်ခြင်း မည်ပေသည်။ သူတို့ နှစ်ယောက်သည် ယခုလို နာရီပိုင်းမျိုးကိုရအောင် ကြာရှည်စွာက စီစဉ်လာခဲ့ရာ၊ ယခု ရောက်ခဲ့ပြီကို သူတို့ တွေ့ရပေမည်။ ယင်းသည်သာ အရေးကြီးသော ကိစ္စပေတည်း။ သူတို့သည် ထိုကာလမျိုးကို ကြာရှည်စွာ အိပ်မက်မက်ခဲ့ရလေရာ၊ နောက်ဆုံးတွင် အိပ်မက်ထဲမှ ဆွဲထုတ်ခြင်းငှာ မတတ်နိုင်ဖြစ်နေ၏။ ထိုကာလကို ရရှိ၍ ထိုကာလထဲ၌ နေလင့်ကစား သူတို့အဖို့ ထိုအချိန်သည် လာဖို့ လိုနေသေးသည့်ပမာ ဖြစ်နေ၏။

စုဇန်သည် ပွင့်ရိုက်သရက်ထည် ခန်းဆီးနောက်၌ အကျီအဝတ်များကို ချိတ်၍ ချိတ်နေသည့်အခါ၊ ထင်းရှူးသား စားပွဲကို နေရာချသည့်အခါ၊ အမဲသား လျှာကို တပွက်ပွက်ပြုတ်၍ ကော်ဖီဖျော်သည့်အခါ ထိုအခါများတွင် မှော်က်သည် သူမ၏ နောက်သို့သာ တစ်တန်းတည်း လိုက်ရုံလိုက်တတ်လေ၏။ သူသည် ဘာလုပ်ရမည်ဆိုတာ သိပ်စဉ်းစား၍မရ။ သူမ၏ အပြုအမူအားလုံးမှာ အလွန် မြန်ဆန်၍ သေချာမှန်ကန်သည်။ သူမသည် တစ်ချိန်တည်းတွင် အလုပ်ပေါင်းများစွာကို လုပ်နေသလို ထင်ရသည်။ သူမ၏ လျင်မြန်သော နှုန်းရှေ့တွင် မှော်က်သည် အမ်း၍ နေလေသည်။

"စုဟာ အံ့သြစရာကောင်းတယ်၊ ကိုယ်... စုကို ကြည့်ပြီး ကိုယ့်ကိုယ်ကို အသုံးမကျဘူး ထင်မိတယ်"

သူမသည် ဖခင်၏အိမ်မှ ထွက်လာသော် ခါးပတ်တွင် ထိုးခဲ့သည့် နှင်းဆီနီများကို ရေကြည်ကြည် အပြည့်နှင့် ဖန်ခွက်တွင် စိုက်နေဆဲ ဖြစ်၏။

ပန်းစိုက်ဖန်ခွက်ကို စားပွဲပေါ်တင်နေစဉ် မှာက်က "စုဟာ အံ့ဩစရာ ကောင်းတယ်" ဟု ဆိုသည်နှင့် တစ်ပြိုင်နက်၊ သူမသည် မှာက်ထံသို့ ပြေးဝင်ကာ သူမ၏ မျက်နှာကို သူ့ကိုယ်မှာ မြှုပ်ပစ်လိုက်လေ၏။

သူ့ရင်ခွင်ဝယ် မှွန်းနေရင်း "အို... ဒီလို မပြောပါနဲ့၊ မပြောပါနဲ့" ဟု အော်မိ၏။

သူက အံ့အားကြီးသင့်ကာ "ဟေး... ကိုယ် တကယ်ပြောတာ အံ့ဩစရာကောင်းတယ်လို့ ပြောတာ မကြိုက်ဘူးလား"

"မကြိုက်ဘူး... မကြိုက်ဘူး" ဟု သူမက ဆို့ထစ်စွာ ပြော၏။

မှာက်က အသက်ရှူ မှားကာ "ကိုင်း... ကိုင်း... ထားပါတော့၊ ဒါပေမဲ့ ကိုယ်တော့ နားမလည်နိုင်ပါဘူး၊ တခြားလူတွေကတော့"

သူမသည် ခေါင်းကို ဆတ်ခနဲ မော့ကာ နှာခေါင်းရှုံ့သည်။

"ဟော... အမဲသား ခြစ်နေပြီ၊ အဲဒါတော့ အံ့ဩစရာကောင်းတဲ့ စု မဟုတ်တော့ဘူး"

သူမသည် တဖျစ်ဖျစ် မြည်နေသော အမဲသားလွှာကို ပန်းကန်ပြားပေါ်တွင် တင်လေ၏။ မှာက်ကမူ သူမ ငိုနေသလား၊ ရယ်နေသလားဆိုတာ မပြောတတ်တော့ချေ။

"တစ်သက်နဲ့ တစ်ကိုယ် ဆာခဲ့ဖူးတာထက် ဒီတစ်ခါ ပိုဆာတယ်" ဟု သူမက ပေါ့ပါးမြူးထူးစွာ ပြောလေ၏။ ဖယောင်းတိုင်၏ အလင်းရောင်ဝယ် သူတို့နှစ်ယောက်သည် အစားအစာကိစ္စနှင့် အလုပ်များ များရင်းက တစ်ယောက်နှင့် တစ်ယောက် ပြေပြစ်ရင်းနှီးလာလေ၏။ သို့သော် ကျကျနန တော့ မဟုတ်သေးချေ။

"ကိုယ်လည်း စု လိုပဲပေါ့ အချစ်ရယ်" ဟု သူက ပြော၏။

သူတို့သည် အခြေအနေ အစစ်အမှန်သို့ ရောက်လုနီးနီး ဖြစ်လေ၏။ သို့သော် ကျကျနနတော့ မဟုတ်သေးချေ။ သူမသည် မှာက်၏ မျက်လုံးများကို အတွေးနှင့် ငေး၏။

ဖယောင်းတိုင်မီးက ယိမ်းနေတာကိုး၊ သူ့မျက်လုံးတွေက အရိပ်ထဲ ရောက်နေတာပေါ့၊ ဒါကြောင့် မျက်လုံးတွေက ဟင်းလင်းကြီး နေသလို ဖြစ်နေတာ၊ အမှန်က ဟင်းလင်း မနေပါဘူး၊ သူ့ကို ချစ်တယ်၊ သူဟာ ငါ့ရဲ့လင်" သူ့ကို ချစ်ခြင်း၏ အပြင်ဘက် မှာက်ကို လက်ထပ်ထားသော

မိန်းမအဖြစ်၏ ဟိုဘက်တို့ ၌ကား သူမ၏ အလုပ်ရှုပ်နေသော ဦးနှောက်က စကားပြောမြဲတိုင်း ပြော၏။ "ရွှံ့ရုပ်ဟာ ခုနေတော့ သူနဲ့ကို တစ်ဖုံတည်းပဲ၊ ရွှံ့ရုပ်ကို အတတ်နိုင်ဆုံးတော့ လုပ်ခဲ့ပြီ ထင်တာပဲ၊ အဲဒီအရုပ်ဟာ ဘယ်တော့မှတော့ အသက်ရှင်မယ် မထင်ပါဘူး၊ အသက်ရှင်အောင် လုပ်ဖို့ကိုလည်း ငါ တတ်နိုင်မှာ မဟုတ်ဘူး ထင်ပါရဲ့၊ ဒီလိုဆို ငါဟာ တကယ့် ရုပ်တုဆရာ ဖြစ်နိုင်ပါ့မလား ဟင်"

သို့သော် သူမသည် အသက်ရှင်အောင် လုပ်နိုင်ရမည်ဟု သန္နိဋ္ဌာန်ချ၏။ သူတို့သည် ထလာကာ ကန်ပေါ်သို့ လှမ်းကြည့်နိုင်သော အိမ်ရှေ့ဆောင်ကလေး၌ ထိုင်ကြသည်။ မာ့က်က ဆေးတံ သောက်နေ၏။ သူတို့သည် အလွန်နီးကပ်စွာ ထိုင်ကြကာ တိတ်ဆိတ်နေကြလေ၏။ တစ်ယောက်အနီးမှာ တစ်ယောက် ရှိနေသည်ကိုလည်း သဘောပေါက်ကာရှိကြသည်။

"ဒါဟာ အစပါပဲ" ဟု သူမက တိုးတိုးကလေး ပြောလေ၏။

"ကိုယ်တို့ဘဝရဲ့ အစပါပဲ" ဟု မာ့က်က ဖြေလေ၏။

လရောင်နှင့် တိတ်ဆိတ်ခြင်း အလယ်မှာ သူတို့နှစ်ယောက်သည် အချင်းချင်း အမြင်ကြည်လင်လာကြ၏။ နီးစပ်လာကြ၏။ သူတို့၏ မျက်နှာ မျက်လုံးနှင့် အသားတို့မှာ ငါစွဲသည် ပျောက်၍သွားကာ ပို၍ နီးကပ်သော အရိပ်အရောင်များ သမ်းလာလေ၏။ သူ၏ အသက်ရှူ မှန်သော၊ ပူနွေးသော၊ စောင့်စားနေသော၊ ရက်ကြောက်တတ်သော ရုပ်အစုအဝေးကို သူမ သတိပြုမိလေ၏။

"ရေကန်ကို သွားစို့" ဟု မာ့က်က ဖြုန်းခနဲ ပြောသည်။ လရောင်တွင် သူတို့သည် အဝတ်အထည်များ ချွတ်ကြလေသည်။ သူတို့၏ ခန္ဓာကိုယ်များမှာ ကျောက်စရစ်လို ဖွေးလျက် ရှိကြလေ၏။ မာ့က်မှာ ကျောက်စရစ်ရုပ်တုနှင့် ပမာတူလေ၏။ ထိလိုက်လျှင် ကျောက်လိုပင် အေးနေလိမ့်မည်။ သူမသည် မိမိကိုယ်ကို ငုံ့ကြည့်သော် သူမသည်လည်း ကျောက်နှင့် တူသည်ကိုလည်း တွေ့ရ၏။ သို့သော် သူမသည် အေးမနေချေ။ မာ့က်က မလှုပ်မယှက်နှင့် သူမကို ငေးကြည့် နေလေရာ မာ့က်သည် ရက်ကြောက်ခြင်းဖြင့် အေးနေသည်ကို တွေ့ရလေသည်။

"လာလေ ရေကန်ကို ပြေးရအောင်"ဟု သူမက ခေါ်ရ၏။

အကြောင်းမှာ သူမသည် သူတို့နှစ်ယောက်၏ ပျောင်းညွတ် ဖြူဖွေး

သော ကိုယ်ခန္ဓာများထဲမှ အသက် ရှိနေခြင်းနှင့် လှုပ်ရှားခြင်းကို လိုချင်သည်။ သူတို့သည် လက်ချင်းတွဲကာ ရေကန်သို့ ပြေးကြ၏။ ရေထဲ ပြိုင်တူခုန်ကာ ရေကူးကြလေသည်။ ထို့နောက် ကုန်းပေါ်တက်ခဲ့ကာ ကမ်းနဖူးသို့ ပြေးခဲ့ကြပြန်သည်။ မော့က်သည် တုန်နေလေ၏။

"သိပ်ချမ်းတာပဲ၊ မီးဖိုရအောင်" ဟု သူက ပြောလေ၏။

သူတို့သည် အိမ်ကလေးသို့ ပြန်ပြေးခဲ့ကာ ညဥ့်နှင့် သစ်တော၏ အမှောင်ကို တံခါးပိတ်၍ ကာဆီးလိုက်ကြ၏။ မော့က်က မီးဖိုတွင် ထင်းများကို ပုံကာ စုဇန်က ထင်းစအသေးများနှင့် မီးမွေး၏။ မီးတောက်လာလေ၏။ မီးဖိုရှေ့ဝယ် သူတို့ ခဏထိုင်ကြသေး၏။

ထို့နောက် စုဇန်သည် သူမအား ဆွဲယူခြင်း ခံလိုက်ရကာ သူမ၏ ခေါင်းသည် မော့သွားရပြီး သူ့အနမ်းနှင့် တွေ့လိုက်ရလေသည်။ သူ၏ အနမ်းက ငြိမ်သက်သွားသောအချိန်ကလေး တစ်ချိန်ကို မပြုလုပ်မီကလေးတွင် သူမ၏ ဦးနှောက်သည် ဘေးခဏဖယ်ကာ သူ့ဘာသာသူ လျှင်မြန်စွာ ပြောသေး၏။

"ဟော... အဲဒီအကြည့်မျိုးပေါ့၊ ဟိုမျက်နှာဖုံးမှာ လိုနေတာ၊ မော့က် အသက်ရှင်လာပြီလေ"

သူမသည် အလုပ်ခန်းအဖြစ် ထားမည်ဟု စိတ်ကူးသော ဝဲလင်းဆောင် အတွင်း၌ မပြီးစီးသေးသည့် ဦးခေါင်းသည် သည်အတိုင်း ရှိသေး၏။ သို့သော် ယခုအထိ သူမ တစ်ယောက်တည်းအတွက် အခန်းတစ်ခုကို မလိုချင်သေးဘဲ ရှိလေ၏။ ဤဟာမှာ သူမ ကလေးဘဝက ပြေးလွှား ကစားခဲ့သော လမ်း၏အဆုံးရှိ သူမ၏အိမ်ပင် ဖြစ်ပေ၏။

ထိုအိမ်ရှေ့ပြတင်းမှ ကြည့်လိုက်လျှင် သူမ၏ဘဝနှင့် ရင်းနှီးကျွမ်းဝင်ခဲ့သော အရာများကို မြင်ရ၏။ အဖြူရောင်အိမ်တန်းများ၊ တစ်ဖက်စွန်းရှိ ကွင်းမှ မြက်စိမ်းခင်း၊ သစ်ပင်ထိပ်ဖျားများကြားမှ ထွက်ပေါ်နေသော တက္ကသိုလ်ပင်မ အဆောက်အအုံ၏ အမိုးခုံးကြီး၊ ထိုတက္ကသိုလ်တွင် သူမနှင့် မော့က်တို့ လေးနှစ်မျှ နေခဲ့သည်။ ထိုတက္ကသိုလ်တွင် သူမ၏ဖခင် စာသင်လျက် ရှိသည်။ ထိုတက္ကသိုလ်ကို သူမသည် ခင်လည်းခင်ကာ မုန်းလည်းမုန်း၏။ ထိုတက္ကသိုလ်သည် သေးငယ်၍ နယ်မှ တက္ကသိုလ်လေးမျှသာ ဖြစ်သည်ကို သူမသိပေ၏။

တက္ကသိုလ်ကို ကြိုးကိုင်နေသူများမှာ ငွေထောက်နိုင်သော စီးပွားလမ်း ဖြောင့်သည့် ယာရှင် နှစ်ဦး၊ ရှေ့နေတစ်ဦးနှင့် မြို့မဘဏ်တိုက်မှ ဥက္ကဋ္ဌတို့ ဖြစ်လေသည်။ ထိုအထဲကပင် သူမ ခင်မင်မိသေးသည်မှာ မွဲတေသလောက် ရန်လည်းလိုကာ စိတ်ပြင်းပြ၍ ရှုံကြောက်စရာ ကောင်းသော တက္ကသိုလ် အဖွဲ့ကို ဖြစ်ပေ၏။ ထိုအဖွဲ့မှ လူတိုင်းကို စုဖနေ့သည် မိမိကို စာသင်သော ဒေါသကြီးသည့် တစ်ယူသန်သမားများ အဖြစ်လည်း သိသည်။ တက္ကသိုလ်အဖွဲ့ အစည်းအဝေး တစ်ခုအပြီးတွင် ဖခင်ပြောဖူးသလို "ဆန်ဖို့ ဆိုတဲ့အကောင်ဟာ အရူးပဲ၊ နက္ခတ်တာရာတွေ အကြောင်း သူ ဘယ်လောက် နားလည်လဲ၊ ငါ ဂရုမစိုက်ဘူး၊ သူက ကြယ်တွေက လွဲလို့ ဘာကိုမှ မြင်တတ်တဲ့ လူမှ မဟုတ်ဘဲ" ဤသို့ ပုဂ္ဂိုလ်အနေနှင့်လည်း သိသည်။

သနားစရာကောင်းသည့် ဆန်ဖို့လေး။ အမှန်ပင် သူသည် ကြယ်တွေ ကြား၌သာ နေထိုင်ပေ၏။ သို့သော် သူတို့အားလုံးပင် သူတို့၏ အိမ်ငယ်ကလေးများတွင် နေကြသည်မဟုတ်ဘဲ တစ်နေရာရာ၌ နေကြသည် မဟုတ်ပါလား...။ သူတို့၏ အိမ်ငယ်များတွင် အားနည်းဖျော့တော့သော မယားသည်တို့သည် အစေခံ မထားနိုင်ဘဲ ကလေးမွေးလိုက်၊ အိမ်မှုကိစ္စကို လုပ်လိုက်နှင့် တတ်သိ မွန်ရည်ဖို့ရာ ကြိုးစားလေ့ရှိသည်။ ထိုမိန်းမတို့ကို သူတို့ ကောင်းစွာ သိလေရာ အိမ်ရှေ့ပြတင်းမှ ကြည့်လိုက်လျှင် သူတို့ အကြောင်းကို တွေးလျှင်တော့ ရင်အောင့်သည်။ သူတို့သည် သူတို့နည်းနှင့် သူတို့သာယာသည်ဟုထင်သော ဘဝကိုရနိုင်ရန် အင်မတန်မှ အပင်တပန်း ကြိုးစားလျက်ရှိကြ၏။

သူတို့၏အိမ်များကား သေးငယ်လှသည်။ အိမ်နီးချင်းကပ်လှသည်။ ထို့ကြောင့် သူတို့၏ ကလေးများ အော်ဟစ်ဆူပူသံများကို လည်းကောင်း၊ သူတို့ကိုယ်တိုင် ရယ်သံ သို့မဟုတ် ဒေါသထွက်ခြင်း၊ သို့မဟုတ် ငိုယိုခြင်းများကို လည်းကောင်း၊ အမြဲတမ်း ချုပ်တည်း ဆို့ပိတ်ပစ်ရတတ်လေသည်။ သူတို့သည် သီးသန့်နေလိုပါက တိတ်ဆိတ်ငြိမ်သက်စွာနေဖို့ တစ်လမ်းသာ ရှိပေ၏။ သူတို့သည် အသိပညာ ခေါင်းပါးသူများ မဟုတ်သည့်ပြင် အထက်တန်း ကျခြင်းကိုလည်း လိုအပ်သည်ဟု ထင်ကြလေရာ သူတို့သည် သီးသန့်နေထိုင်လိုကြပေတော့သည်။

သူတို့သည် ဆင်းရဲခြင်းကို ပြက်လုံးထုတ်နိုင်၍ ပြက်လုံးလည်း ထုတ်ကြသည်။ သို့ရာတွင် တစ်နေ့မှာမူ မစ္စစ်ဆန်ဖို့ကလေးသည် လက်သီး တဆုပ်ဆုပ်နှင့် ရှိခဲ့ရလေသည်။ အကြီးတန်းဆရာများကို ဧည့်ခံသောတစ်နေ့ ဖြစ်၏။ သူမသည် နှစ်စဉ်ဝတ်မြဲဖြစ်သော တွဲရရွဲဆွဲသည့် ဇာအကျီအနက်ကို ဝတ်ထားလေသည်။ သူမသည် ခပ်ရွံ့ရွံ့နှင့် စုဇန်ကို မော့ကြည့်ကာ "စုဇန် စုဇန်၊ ဘာလုပ်ဖို့ စိတ်ကူးထားသလဲ" ဟု မေးသည်။

"အစုံပါပဲ" ဟု စုဇန်က ပေါ့ပါးစွာ ဖြေလေရာ မစ္စစ်ဆန်ဖို့သည် ရေဝဲစားလျက် စင်ကြယ်သော လက်သည်းပုံများရှိသည့် လက်ချောင်းများကို ဆုပ်ကာဆုပ်ကာနှင့် ရှိလေတော့သည်။ ထိုနေ့မှာ တနင်္လာနေ့ဖြစ်၍ နံနက် ကပင် မြေအောက်ခန်း၌ အဝတ်လျှော်ခဲ့ပြီး ခပ်သုတ်သုတ် ထွက်လှန်း နေကြသော မယားသည်များကို မမြင်ချင်ယောင်ဆောင်ခဲ့ရသည်။

သူမက ပြောသည်။ "စုဇန်ရယ် ကျွန်မဖြင့် ကြောက်ပါပြီ၊ လူ့ဘဝကြီး မှာ လိုချင်စရာတွေကို လိုချင်ရမှန်း သိလျက်နဲ့ မရနိုင်တာဟာ သိပ်ဆိုးဝါး တာပါပဲလား။ တစ်ခါတလေ တွေးမိတယ်။ ဘာမှ မသိတတ်တာက ကောင်းလိမ့်ဦးမယ်လို့၊ ဥပမာ ဆိုပါတော့ စာဖတ်တတ်ရက်နဲ့ စာအုပ် မဝယ်နိုင် မဖတ်နိုင်ဘူး၊ အင်မတန်ကို သီချင်း ဂီတ ဆိုချင်ပေမဲ့လည်း လိုက် စားသင်ကြားဖို့ရာ မတတ်နိုင်ဘူး၊ အဲဒီလိုပေါ့"

စုဇန်ကမူ ဘာပြောရမှန်း မသိခဲ့ချေ။ မစ္စစ်ဆန်ဖို့က ပြုံးကာ စုဇန်၏ လက်မောင်းကို သုံးလေးချက် ပုတ်ပြီး "ဒါပေမဲ့ ရှင်ကတော့ တယ်ပြီး ဉာဏ် သွက်တာပဲ၊ ရှင်တစ်ယောက်တော့ အောင်မြင်ပါလိမ့်မယ်" ဟု ပြောရှာသည်။

တစ်စုံတစ်ယောက်က အော်လိုက်သည်မှာ "ကျုပ်တို့ကို မစ္စစ်ဆန်ဖို့ က သီချင်းဆိုပြပါလိမ့်မယ်ဗျို့" မစ္စစ်ဆန်ဖို့က ပြန်အော်သည်။ "ဘုရားရေ... ကျွန်မ သီချင်းဆိုတာကို ဘယ်သူက ကြားချင်မတဲ့လဲ"

စုဇန်က "ဟုတ်သားပဲ၊ မစ္စစ်ဆန်ဖို့ကလည်း ဆိုပါ၊ ကျွန်မ နား ထောင်ချင်လို့ပါ၊ လုပ်ပါရှင့်" ဟု ပြောသည်။

"တကယ်လားကွယ်၊ ဒီလိုဆိုရင် ဆိုမယ်လေ"

မစ္စစ်ဆန်ဖို့က သူမ၏ သေးငယ်သော အသံကလေးဖြင့် ရှိုက်သံ ပါပါ စိတ်အားထက်သန်စွာ ဆိုလိုက်သံကို သူတို့အားလုံး ရပ်လျက် နားထောင်ကြလေ၏။ မစ္စစ်ဆန်ဖို့ဆိုသည်ကို သူမ မကြာခဏ ကြားဖူး၏။

ဒါနှင့်တောင် ယခု သတိရမိရုံကလေးနှင့် ဘာကြောင့် ရှိုက်မိပါသလဲ၊ စုဇန်သည် အိမ်ရှေ့ပြတင်းပေါက်မှနေ၍ ကြည့်လိုက်တိုင်း ထိုနေ့က မစ္စစ်ဆန်ဖို့သည် သီချင်းဆိုသည့်အခါ ဘယ်လိုရုပ်ကို ဆောင်လျက် ရှိသည်ကို သတိရမြဲပေတည်း။

အိမ်၏ အနောက်ဘက်သို့ မျက်နှာပြုသော ပြတင်းပေါက်များမှာမူ လူလေလွင့် သစ်တောကို လှမ်းမြင်နိုင်၏။ ထိုသစ်တောတွင်းမှာပင် သူမနှင့် မာ့က်တို့ လက်ထပ်ရန် စီမံခဲ့ကြ၏။ ထိုနေ့ကဆိုလျှင် မာ့က်သည် "ကိုယ်တို့ ဘယ်သွားရမလဲ စု" ဟု မေးနေခဲ့၏။ သူမက ပြောခဲ့သည်မှာ "လူလေလွင့် သစ်တောထဲကို သိပ် သွားချင်နေတာပဲ၊ ကိုယ်တို့ သွားရအောင်ပါ"

ကလေးအဖြစ်နှင့်တော့ သစ်တောထဲတွင် မကစားခဲ့ဖူးချေ။ အကြောင်းမှာ ကစားဖော်တစ်ဆက်မှ နောက်တစ်ဆက်သို့ ပြောလာခဲ့သော ကလေးတို့၏ အယူရှိချက် တစ်ချက်ကြောင့် ဖြစ်၏။ သူတို့က ပြောသည်မှာ လမ်းထဲရှိ အိမ်တွေ၊ လူတွေ၊ ကလေးတွေ၏ မျက်စိရှေ့၊ နားရှေ့တွင်ပင် လူလေလွင့် တစ်ယောက် သူ့အထီးကျန် စတည်းချရာနေရာတွင် ကြိုးဆွဲချ၍ သေသွားကာ တစ္ဆေဖြစ်သည် ဟူ၏။ လူလေလွင့်သည် ညစာစားနေဆဲတွင် သူတို့၏ အိမ်ပြတင်းမှ မီးရောင်တို့သည် သူ့မျက်စိထဲတွင် သွား၍ မှိတ်တုတ်တုတ် တောက်ပတတ်သည်။ လူလေလွင့် စားခဲ့သည့် ညစာမှာ ပဲတောင့် တစ်အိုးဖြစ်၍ တစ်ဝက်မျှသာ ကျန်ရစ်ခဲ့လေရာ သူသည် ဆာလောင် မွတ်သိပ်စွာ သေရသည် မဟုတ်ချေ။ သူ မီးဖိုရန် အတွက်လည်း ထင်းတစ်ပုံလည်း ရှိခဲ့သေးသည်။ အမွေအတွက် အငြင်းပွားမည့်အကြောင်း မရှိဘူးဆိုပါက သူ့ကို မြှုပ်နှံသင်္ဂြိုဟ်နိုင်လောက်သော ငွေကြေးပင် သူ့အိတ်ထဲတွင် ကျန်ရစ်သေး၏။ စာအိတ် တစ်အိတ်ကား ကျန်ခဲ့၏။ ထိုစာအိတ်မျက်နှာပေါ်တွင် ခဲတံနှင့် ခြစ်ခဲ့သော "သင်္ဂြိုဟ်စရိတ် ဖြစ်ပါသည်၊ မသာချသည့် အခမ်းအနား လုပ်ရန်မလိုပါ" ဟူသော စာကို တွေ့ရ၏။ လူအများမျက်စိရှေ့တွင် ယခုလို ကြိုးဆွဲချသေသွားစရာ အကြောင်းဟူ၍ သူ့မှာ မရှိချေ။ လူလေလွင့်မှာ အလွန် ထူးဆန်းသောသူ ဖြစ်လေရာ သူ သည်လို လုပ်သွားသည့်အခါ များစွာသော ကလေးအမေတို့သည် စိတ်သက်သာရာ ရကြကုန်၏။ ယင်းသို့ စိတ်သက်သာရာ ရခြင်းကိုလည်း ဘယ်တတ်နိုင်မလဲ လေဟု သဘောထားကြသည်။ ကလေးအမေတို့သည် ကလေးတို့ကို အနား

ထားကာ အချင်းချင်း ပြောမိသည်။ "ဒီလိုလူစားမျိုး တစ်ယောက်တော့ စခန်းသိမ်းသွားပြီလေ၊ ဘယ်သူ သိနိုင်မလဲ၊ တစ်နေ့ကျရင် သူ ဘာလုပ်မယ် ဆိုတာ..." ဟု ပြောကြသည်။ ကလေးတို့သည်လည်း အမေများ၏ လေယူ လေသိမ်းကို ရိပ်ဖမ်းသံဖမ်းရကာ လူလေလွင့်ကို တစ္ဆေလုပ်ပစ်လိုက်ကြပြီး သူသေသွားသော သစ်တောနားသို့ မသွားဝံ့ကြတော့ချေ။

ထို နေ့လယ်တွင်မူကား သူမနှင့် မာ့က်တို့သည် နှစ်ယောက်တည်း နေချင်သဖြင့် သစ်တောသို့ လာခဲ့ကြသည်။ လူလေလွင့် သစ်တောမှာ ဆိုလျှင် သူတို့ နှစ်ယောက်တည်းသာ ရှိနေနိုင်မည်ကို စိတ်ချကြသည်။

စုဇန်က ရယ်ရင်း "ကြောက်သလား မာ့က်" ဟု မေး၏။

"စုနဲ့ဆိုရင်တော့ မကြောက်ပါဘူး" ဟု သူက ပြန်၍ ရယ်လေ၏။

ယခုအခါ သူမ၏ အိမ်ကလေးသည် တစ်နည်းအားဖြင့် ထိုသစ်တော များ ဘက်သို့ လှည့်လျက်ရှိလေရာ သူမသည် ဒါကိုပင် အေးချမ်းသာယာ သည်ဟု ထင်နေသေး၏။ တစ်ခါတစ်ရံ နေ့လယ်များတွင် မာ့က် ပြန်လာ သည်ကို စောင့်ရင်း တောစပ်သစ်ပင်များကြား၌ သူမ လျှောက်သွားနေလေ့ ရှိ၏။ လူလေလွင့် ဒဏ္ဍာရီကို သတိတစ်ဝက် ရနေသော်လည်း သူမနှင့် မာ့က်တို့နှင့် သက်ဆိုင်ဖူးသဖြင့် ကြောက်ရွံ့စိတ် မရှိချေ။ သစ်တောမှာ ထူးဆန်းသော သစ်တောပင်။ အလွန်ဆိတ်ငြိမ်၍ တောတွင်းရှိ တောရိုင်းပန်း များကို မည်သူမျှ မထိမကိုင်ကြ။ သူမသည် ထိုသစ်တောတွင် မည်သူ တစ်ယောက်ကိုမျှ တွေ့ဖူးသည်ဟု မရှိချေ။

သို့ဖြစ်ပေမဲ့ သစ်တောစပ်သို့ မကြာခဏ မသွားနိုင်။ အိမ်၌ အလုပ် လုပ်စရာ များသောကြောင့်ပင်။ အိမ်အလုပ်များကို အပြီး မလုပ်ရသေးဘူး ထင်သော်လည်း၊ သူတို့ ရောက်ပြီး နောက်တစ်နေ့ သူငယ်ချင်းများ လာ လည်ကြရာ "အိမ် အလုပ်တွေကို ဘယ်လိုများ လုပ်လိုက်သလဲ စုရယ်"ဟု နှစ်လိုစွာ ပြောကြတော့သည်။ "ကွယ်... သူတို့ဒီမှာ နှစ်ရှည်လများ နေသား ကျနေတော့သလိုပဲ" ဟု ပြောကြသည်။ သူမနှင့် မာ့က်ကမူ လက်ချင်းတွဲကာ သူတို့၏ လေးနက်၍ ရိုးရိုးစင်းစင်းမျှသာ ဖြစ်သော စိတ်ချမ်းသာ သုခဖြင့် အတိပြီးလျက်ရှိ၏။ ယင်းသို့ ချိုးမွမ်းချက်ကိုလည်း စိတ်ချမ်းသာသုခ ဖြစ်ခြင်း၏ တစ်စိတ်တစ်ဒေသအဖြစ် သူတို့ လက်ခံကြလေသည်။ သူတို့ သည် ဘာမျှ ထူးထူးကဲကဲ လုပ်ခဲ့ခြင်း မဟုတ်၊ အကြောင်းမှာ လူတိုင်းပင်

အိမ်ထောင်ပြုကြမြဲ ဖြစ်သောကြောင့်ပင်။ ထို့ပြင် သူတို့၏ အိမ်မှာ သေးငယ်လှသည်ကို သိသည်။ ဒါနှင့်တောင် တစ်ပါးသူနှင့် မတူအောင် သူတို့ အောင်မြင်ခြင်းရသည်ဟု သူတို့ ထင်မြင်၏။

ထိုပထမနေ့ညဥ့်တွင် လူများ ပြန်ကုန်ကြသော် သူတို့သည် စိတ်တုံးတုံးချရအောင်၊ လုံးစေ့ပတ်စေ့ သိရှိရအောင် တစ်အိမ်လုံးကို လှည့်ပတ်ကြည့်ရှုကြ၏။ နားနေစရာ အခန်း၊ ထမင်းစားခန်း၊ မီးဖို၊ ဧည့်ခန်းဆောင်၊ လှေကား၊ အိပ်ခန်း နှစ်ခန်း၊ မှာက်အဖို့ စာကြည့်ခန်းကလေးနှင့် အဝါရောင်လျှာထိုးပျဉ်နှင့် ဆောက်သည့် ရေချိုးခန်းကလေး၊ မှာက်က ဝဲလင်းဆောင်သို့ တက်မည် ပြုသေးသော်လည်း သူမက ဆွဲထားလိုက်၏။

"ကိုယ်တို့ မတက်ပါနဲ့စို့ကွယ်၊ အဲဒီမှာ ဘာမှမရှိပါဘူး၊ အဲဒီအပေါ်မှာ ဘာလုပ်ရမယ်ဆိုတာတောင် စိတ်ကူး မပေါက်သေးပါဘူး"

အမှန်ပင် သူမ၏ မပြီးစီးသေးသော ရှုံဦးခေါင်းနှင့် တန်ဆာပလာများကို အပေါ်သို့ သယ်ယူချထားပြီးကတည်းက တစ်ခါမျှ ထပ်မရောက်တော့ချေ။ သို့နှင့် သူတို့ပြန်လာပြီး နားနေစရာ အခန်းတွင်းရှိ မီးဖိုဝဲလင်းမှ မီးခိုး အပြင် ထုတ်မထုတ်ကို ကြည့်ကြ၏။ မှာက်က မီးဖိုလေ၏။ စင်စစ် မီးဖိုစရာ မလိုချေ။ ညဥ့်ရာသီမှာ ချိုသာလှသဖြင့် တံခါးကိုပင် ဖွင့်လျက်ထားပစ်ခဲ့ကြသည်။ လမ်းမဒ္ဒ သူငယ်ချင်းတို့အိမ်မှ မီးရောင်များ အမှောင်ထုကို တိုးနေဟန်ကို တိုးလျှိုပေါက် မြင်ရလေ၏။ ပျော်စရာ ကောင်းလိုက်တာ။ ပျော်စရာ ကောင်းလိုက်တာ။ သူမသည် သူမ ဘဝ၏ နံရံများဖြစ်သော အလင်းရောင်၊ သူငယ်ချင်းများ၊ ကိုယ့်အိမ်နှင့် လင်သည် မှာက်တို့ထံမှ ရှင်လန်းပျော်မြူးခြင်းသည် ကြွရှ၍ လာသည်ကို ခံစားမိလေ၏။ လမ်းမ ထောင့်ချိုးမှ ကွေ့လိုက်လျှင် သူမ၏ မိဘများ၊ မေရီနှင့်သူမ၏ ပျော်ရွှင်ခဲ့သော ကလေးဘဝကို တွေ့ရမည်။ သူမသည် ကံကောင်းသူ ဖြစ်လေ၏။ အဖေဟာ ဒါနဲ့များ ဘာကြောင့် ဌတ်ဘိုင်လို့ နှုတ်ဆက်ရတာလဲ။ မှာက်နှင့် သူမ ထွက်ခွာလာခဲ့သည့်အခါ ဘာကိုမျှ သူမ အနောက်မှာ မထားပစ်ခဲ့။ အားလုံးပင် သည်မှာရှိသည်။ သူမ လိုချင်လျှင် လမ်းမကို ပြေးဆင်းကာ၊ ထောင့်ချိုးကို ကွေ့၍ အိမ်တံခါးကိုဖွင့်ပြီး ကလေးဘဝသို့ ပြန်၍ ရောက်နိုင်သည်။

ဘာပဲဖြစ်ဖြစ်၊ သူမသည် ဘယ်ကိုမျှ ပြန်မသွားချင်သေးပေ။ မှာက်

ဘက်သို့ စိတ်ပါလက်ပါ အားပါးတရ လှည့်ကာ "ကိုယ် သိပ်ပျော်နေတော့တာပဲ" ဟု တိုးတိုးကလေး ဆိုလိုက်၏။ မီးဖိုရှေ့ဝယ် သူတို့သည် အစာဝလင်စွာ ပူနွေးစွာ ထိုင်ကြ၏။ သူမ၏ လေသံကလေးဖြင့် "အို… အဲဒါဟာလေ ငါ့ရဲ့ ဂုဏ်ကျက်သရေ ဖြစ်ရမှာပါလေ" ဟု သီချင်းဆို၏။

မာ့က်က ရယ်ပြီး ပြော၏။ "အဲဒီ သီချင်းကို ပထမဆုံး စုဆိုတာ ကြားဖူးတုန်းက စုက ငါးနှစ်သမီးကလေး ရှိသေးတယ်။ အရုပ်ဖို့ အင်္ကျီကလေး ချုပ်နေတယ်၊ လသာဆောင် လှေကားထစ် ပေါ်မှာလေ"

"ဟုတ်လား၊ သိပ်မှတ်မိတဲ့ အချစ်ပဲ"

"စု သီချင်းဆိုနေရင် ဆိုနေမှန်း မသိဘူး မဟုတ်လား ဟင်" သူမက ခေါင်းခါသည်။ "သူ့ဘာသာသူ ထွက်သွားတာပဲ"

နံနက်ခင်းတွင် သူတို့ ခွဲကြရမည်မှာ ကြီးစွာသော ဒုက္ခ ဖြစ်သည်။ ထိုအချိန်ကို မာ့က်အတွက် ဒုတိယကော်ဖီတစ်ခွက် ငှဲ့ပေးသည့် အချိန်ကစ၍ သူမ ကြောက်ရွံ့လျက်နှင့် ရှိတတ်သည်။ ထိုအခါ မာ့က်သည် နာရီကို ကြည့်တတ်သည်။

"ဆယ်မိနစ်" ဟု သူက လေးလေးကြီး ပြောသည်။

သူမသည် ပြေးကာ နာရီကို တစ်ဖက်သို့ မျက်နှာ လှည့်ပစ်လိုက်၏။ သူမ၏ ကုလားထိုင်ကို သူ့ကုလားထိုင်နှင့် ကပ်လိုက်သည်။ ထိုအချိန်မှာဆိုလျှင် သူမ တွေးနေသည်မှာ "မာ့က်သာ မရှိရင် တစ်အိမ်လုံးတော့ မခံရပ်နိုင်စရာ ကောင်းအောင် ဟာနေတော့မှာပဲ"

"မောင်သာ အိမ်မှာ လုပ်ရတဲ့ အလုပ်မျိုးကို လုပ်ရင်ကွယ်၊ မောင်သာ စာရေးဆရာဖြစ်ဖြစ်၊ ပန်းချီဆရာဖြစ်ဖြစ် ဖြစ်ရင်" ဟု သူမကတော့ တောင့်တောင့်ကြီး ပြောတတ်၏။

မာ့က်က ကော်ဖီပန်းကန်ကို မွှေရင်း တည်ကြည်စွာ ပြော၏။

"သာမန် လူစားမျိုးကို စု လက်ထပ်ခဲ့တာပဲ၊ မောင်တော့ မသေမချင်း အလုပ်ခွင်ကို သွားနေရမယ်နဲ့ တူပါရဲ့ စုရယ်"

သူမက "လောကကြီးမှာ မောင်တစ်ယောက်သာ ရှိတယ်" ဟု လျင်မြန်စွာ ပြောပြီး သူ့လက်သို့ နမ်းရအောင် ငုံ့လိုက်၏။ သူ့ကို စူးစိုက်လည်ပတ်သော အကြည့်ကလေးနှင့် ကြည့်၏။ "မောင့်ကို သုံးနာရီခွဲလုံးလုံး လွမ်းနေရဦးမှာ"

သူက ဝမ်းနည်းပမ်းနည်းနှင့် "နေ့လယ်စာအတွက်တောင် အိမ်ပြန်နိုင်ပါ့မလား မသိဘူး၊ ဂရိန်ဂျာ အဆောက်အအုံကို သွားကြည့်ချင်တဲ့လူ ရှိလို့တဲ့ စုရာ" ဟု ပြော၏။

"အို... တစ်နေ့လုံးကြီးပေါ့ဟင် မှာ့က်" ဟုဆိုကာ မှာ့က်လည်း ထ၍ နာရီကို ပြန်လှည့်လိုက်လေသည်။

ခွဲခွာရသည့် အချိန်မှာ ဝေဒနာကြီး တစ်ခုပေတည်း။ သူသည် လမ်းကွေ့ကလေးကို စိတ်ပျက်လက်ပျက် ချိုးလိုက်သည့် ထိုအချိန်။ သို့သော် ထိုအချိန်များကို ကျော်လွန်ခဲ့သည်နှင့် တစ်ပြိုင်နက် သူမ၏ နံဘေးသို့ ပွမွှေးစွာ ကပ်လာသည့် ဘဝတွင်းဝယ် အရာအထောင်သော ပြဖွယ် အလုပ်တို့သည် ပြည့်၍နေပေ၏။ စုဇန်သည် တစ်အိမ်လုံးအနှံ့ ပျာယာခတ်ကာ နေရာတကာ သန့်ရှင်းစင်ကြယ်စေပြီး ပစ္စည်းများ အထားအသိုကို ကျနစေရ၏။ နောက်ဆုံး၌မူ သူမသည် အခန်းတိုင်း အခန်းတိုင်းသို့ ဝင်ကာ ပန်းချီကား တစ်ချပ် ဆွဲသည့်ပမာ တစ်ခန်းလုံး ခြုံ၍ခြုံ၍ ကြည့်လေ၏။ ကုလားထိုင်ကို ဘယ်လိုချသည်။ ခန်းဆီးဘယ်လို တွဲရရွဲကျလာသည်။ ချိတ်ထားသော အရုပ်ကား အရောင်က ဘယ်လိုဟပ်သည်။ ပန်းပွင့်တစ်ပွင့်က ဘယ်လို လေးနက်သော အဓိပ္ပာယ်ကို ဖြစ်စေသည် စသည်ဖြင့် အသေးစိတ်၍ ကြည့်လေသည်။

အိမ်သည် တစ်ခုတည်းသော အရာဖြစ်၍ အသီးအသီးသော ပြည့်စုံကျနသည့် အခန်းတို့ဖြင့် တည်ဆောက်ထားခြင်းပေတည်း။ သို့သော် ထိုပြည့်စုံ ကျနခြင်းသည် အသေလို ငြိမ်မနေရ၊ မတောင့်ရ၊ အသက်ရှင်၍ သူမနှင့် မှာ့က်တို့၏ ဘဝကို အသွင်ဆောင်ရပေမည်။ မှာ့က်နှင့် သူမတို့ နေထိုင်ကြသော အိမ်ဖြစ်စေရမည်။ သူမသည် စာကြည့်ခန်းကိုလည်း မှာ့က်နှင့် လိုက်အောင် ပြင်သည်။ သူ၏ ကိုယ်လျှားရှည်ကြီး လဲလျောင်း နိုင်ရန် အတွက် ဆိုဖာရှည်ကြီးကို ချသည်။ သူမောလာလျှင် ကိုယ်ကို အပြားလိုက်ချပြီး လျောင်းတတ်သဖြင့် ပါးချပ်သော ခေါင်းအုံးများကို တင်သည်။ စားပွဲမှာ ထုထည်ကြီး၍ ခြေမြဲ၏။ အရုပ်ကားများမှာ ကြည်လင်၍ ရိုးစင်း၏။

ထူးဆန်းသည်မှာ မှာ့က်အတွက် ပြင်ဆင်ပေးရသည်မှာ သူမ ကိုယ်တိုင် အတွက် လုပ်ရသည်ထက် တထစ်ချ လုပ်နိုင်ခြင်းပင်တည်း။ သူမ အတွက်ဆိုလျှင် သူမ၏ အသုံးအဆောင်များကို နေ့စဉ်နေ့တိုင်း နေရာ

ပြောင်းလေ့ ရှိသည်။ ပြောင်းလျှင်လည်း တထစ်ချစိတ် မရှိချေ။ သူမ၏ မှန်တင်ခုံသည် ပြတင်းနှင့် ကပ်ထားလျှင် ကောင်းမလား၊ အိပ်ရာနှင့် မျက်နှာချင်းဆိုင် ထားရလျှင်ကောင်းမလား မသိတတ်။ ပန်းများကို သည်မှာ ထားရမလား၊ ဟိုမှာလား ဆိုသည်ကိုလည်း မသိ။ သူမသည် စိတ်မကျေနပ် ဖြစ်ကာ အတွေးနက်မြဲပင်။ သူမ ဘာလိုချင်သည်ကို မိမိဘာသာ မသိဘဲ အမျိုးမျိုး စမ်းသပ်လျက် ရှိလေသည်။

နာရီသည် မွန်းတည့်ချိန်ကို ညွှန်ပြနေသည်ကို နောက်ဆုံးမှ သိရ၏။ သူမသည် မာ့က်နှင့် ကွေကွင်းနေရသော အချိန်တို့သည် ထိုမျှမြန်စွာ ကုန်ဆုံး သွားသည့်အတွက် အပြစ်မကင်းသလို ဖြစ်မိလေ၏။ သူ့ကို မလွမ်းရသေး ခင်ပင် သူ ပြန်ရောက်နေပြီဖြစ်၏။ ည့်ခန်းမှ သူ့ခေါ်သံကို ကြား၏။

"သူတို့ မလာကြဘူး၊ အချစ်ရေ ကိုယ်ပြန်လာပြီဟေ့"

"အို... မာ့က်" သူမသည် မီးဖိုချောင်တွင်းသို့ ပြေးဝင်ကာ အားလုံးကို တစ်ပြိုင်နက်တည်း လုပ်၏။ အာလူးကြော်၊ စားတော်ပဲ၊ အသီးအရွက်စိမ်းတို့ ကို အလွန်မြန်အောင် ပြင်ဆင်သည်ကို ကြည့်ရသည်နှင့်ပင် ပျော်စရာ ကောင်း နေပေ၏။ စားပွဲကိုလည်း နှစ်ယောက်စာ ပြင်သည်။ ပန်းစိုက်အိုးကိုလည်း တင်သည်။ စက္ကူပန်းတုများတော့ သည်အိမ်မှာ မရှိစေရ။

ဆယ့်ငါးမိနစ်အတွင်း "ကိုင်း..." ဟု သူမက ဆိုနိုင်သည်။

သူက ကုလားထိုင်ကို ဆွဲယူရင်း "စုလို မိန်းကလေးတော့ မရှိပါဘူး"

"မဟုတ်တာတွေ" ဟု သူမက ပြော၏။ "မပြောစမ်းနဲ့... မောင်ဒီလို ပြောပြောနေတာ စု မကြိုက်ပါဘူး"

"ဒါပေမဲ့ ကြည့်လေ၊ မောင် ဘာလုပ်ရသေးလို့လဲ၊ လက်ဆေးတယ်၊ ခေါင်းဖြီးတယ်၊ လည်စီးလဲတယ်၊ ဩော်... လည်စီးပေါ် တစ်ခုခု ကျသွား တယ်နဲ့ တူတယ်... ဘယ်လို... "

"စု ကြည့်လုပ်လိုက်မလေ" ဟု သူမက သွက်လက်စွာ ပြော၏။

"အဲ... ကိုယ်လည်း အောက်ဆင်းခဲ့ရော... စုလည်း နေ့လယ်စာ ပြင်ပြီးရော၊ သိပြီလား၊ စုလို မိန်းကလေးမျိုး မရှိနိုင်ဘူးဆိုတာ..."

သူမသည် ပြုံးလိုက်ကာ ပြန်မပြောတော့ချေ။ စင်စစ် ဘာကြောင့်များ သူမလို မိန်းကလေး မရှိနိုင်ဘူးဟု သူ ပြောသည်ကို မကြိုက်နိုင်ပါလိမ့်။ သည်လို ပြောခြင်းသည် သူမအား အထီးတည်း ဖြစ်စေ၏။ သူမသည်

တခြား လူတွေနှင့် တူချင်၏။ သို့ဖြစ်ပေမဲ့ မှာ့က်ကမူ အားရပါးရ ပျော်ရွှင်စကားပြောကာ ဆာဆာလောင်လောင်နှင့် စားသောက်လျက်ရှိပေပြီ။

"၁၂ နာရီထိုးဖို့ ၁၀ မိနစ်မှာ တယ်လီဖုန်း ဆက်လိုက်တယ်၊ သူတို့ ဂရိန်ဂျာ အဆောက်အအုံကို မသွားချင်တော့ဘူးတဲ့၊ စုဆီတောင် မောင်ဆက်ပြီး ပြောဦးမလို့၊ ဒါပေမဲ့ ကောင်မလေးဆီ အမြန် ရောက်အောင်ပဲ သွားလိုက်တော့မယ်လို့ စိတ်ကူးရလို့" ဟု သူက ပြောပြနေပေသည်။

သူမက စပ်စုဟန်နှင့် "ဂရိန်ဂျာ အဆောက်အအုံကို ဘာကြောင့် မကြိုက်ပါလိမ့်၊ အမှန်ကတော့ သိပ်ကောင်းတဲ့ ရှေးအိမ်ကြီး တစ်အိမ်ပဲ"

"ဝေးလွန်းတယ်၊ အခိုင်းအစေတွေ မရနိုင်ဘူး"

"ဒါဖြင့် မာဆေး နွေရာသီ အဆောက်အအုံကို သူတို့ ကြိုက်ချင်ကြိုက်မှာ"

"ရောင်းမှာတဲ့လား"

"စု ကြားမိသလိုပဲ၊ မစ္စတာမားဆေးကြီး ဆုံးသွားတာနဲ့ အိမ်သားတွေလည်း ခရီးထွက်မလို့တဲ့၊ ဘယ်နေရာက ကြားခဲ့တာလဲတော့ မမှတ်မိဘူး၊ ဒါပေမဲ့..."

"စုမှာလေ မှတ်စုစာရွက်ကလေးလို မှန်ဉာဏ်မျိုးကို ရှိတာ၊ ဒါထက် ကိုယ်ကတော့ ဒီအကြောင်းကို ဘာကြောင့် မတွေးမိတာလဲကွာ"

သူသည် ထကာ လျင်မြန်စွာ တယ်လီဖုန်း ဆက်ရာ၊ သူမက စောင့်နေ၏။ "သူဌေးက ပြောတယ် စု၊ သိပ်ကောင်းတဲ့ အကြံပဲတဲ့" ဟု ပြောရင်း ပြန်ထိုင်လေ၏။ "မောင်က ပြောလိုက်တယ်၊ ကျွန်တော့်မိန်းမရဲ့ အကြံပါလို့"

"အို...မောင်ကလည်း" ဟု သူမက မနှစ်မြို့စွာပြော၏။ "ဒီအကြောင်းကလေး စုတွေးမိတာနဲ့ သူ့ပြောပြလိုက်ရသလား"

မှာ့က်က ခပ်တိုတို ပြောသည်မှာ "ဘာပဲဖြစ်ဖြစ်လေ ဒီအကြောင်းကလေးကိုပဲ မောင်ကတော့ မတွေးမိဘူး မဟုတ်လား"

သူမသည် မှာ့က်ကို ကြည့်ရင်း အသည်းထဲမှ ကြောက်ရွံ့ တွန့်ဆုတ်မိ၏။ "စု ဘာများ အမှား လုပ်မိသလဲဟင်၊ မှာ့က်ကို ကြည့်ရတာ စုကို စိတ်ဆိုးနေသလိုပဲ"

မှာ့က်သည် ဖြုန်းခနဲ ထကာ သူမထံ လာပြီး နမ်းလိုက်လေသည်။

"မောင်နဲ့ အဝေးကြီးမှာ ဘာလို့ ထိုင်ရတာလဲကွယ်" သူမ၏ ကုလား

ထိုင်ကို သူ့ ကုလားထိုင်နားသို့ ဆွဲ၍ ကပ်လိုက်၏။

"ဘယ်တော့မဆို ဘေးချင်းကပ် ထိုင်ရမယ်နော်"

သူမ တစ်ခါက ဖတ်ဖူးခဲ့သည်မှာ အချစ်ဆိုသည်မှာ လူကို စွမ်းသန်စေသော ခွန်အားတစ်ခု ဖြစ်သည် ဟူ၏။ ဘာကိုမျှ ဖြစ်မြောက်အောင် လုပ်နိုင်မည်ဟု မထင်သော လူအချို့သည် အချစ်စိတ် ဝင်နေသည့်အခါ ကဗျာ ဂီတများ စပ်ကာ ကြီးကျယ်သည့် တာဝန်များကို ထမ်းဆောင်လျှင် ထမ်းဆောင်မိကြလေ၏။ သူမနှင့်မူကား အချစ်သည် ထိုကဲ့သို့ မဟုတ်ချေ။ မှော်က်၏ အချစ်ကို သူမသည် တင်းကျပ်၍ နွေးထွေး ရစ်ပတ်ထားသည့် ခြုံထည်ပမာ အထင်ရှိကာ တကယ် သာမက အိပ်မက်ထဲ၌ပင် ကြီးကျယ်သော အမှုကို မပြုဖြစ်ချေ။ သူမသည် ဝဲလင်းဆောင်သို့ တစ်ခါမျှပင်မသွား။ ရုပ်တု ထုဖို့ရာလည်း အတွေးပင် မထည့်မိ။ တစ်နေ့တခြား သူမ ခုံမင်လာခဲ့သည့် အိမ်ကလေး၏ အလုပ်များကို လုပ်ရသည်နှင့်ပင် သူမ၏ လက်များက ကျေနပ်ကြသည်။ အိမ်အပြင်အဆင်ကို အသစ်အသစ်ပြင်ကာ စိတ်ကူးရသလို အလှဆင်ချင်တိုင်း ပရိဘောဂများကို အကျနဆုံး နေရာချလေ့ရှိ၏။ ပြီးလျှင်မူ မီးဖိုခန်းသို့ဝင်၍ ချက်နည်းပြုတ်နည်း စာအုပ် တပိုက်ပိုက်နှင့် အစားအသောက် စီစဉ်ချက်ပြုတ်မည်။ အားလုံးပြီးလျှင်တော့ ကျေနပ်ရောင့်ရဲ၍ မှော်က် ပြန်အလာကို စောင့်၏။ တောစပ်ရှိ သူတို့ အိမ်ကလေးကို တံတိုင်းများဖြင့် ကာအပ်သကဲ့သို့ မှော်က်၏ အချစ်ကိုလည်း သူမ ပတ်လည်၌ ဝိုင်းကာလျက် ဆောက်တည်ထားလေသည်။

တောကလေးကို သူသည် အမှတ်ရလျက်ရှိလှသည်။ တောကလေးမှာ ဖြားယောင်းတတ်သော တောဖြစ်၏။ လမ်း၏ အဆုံး၌ တောသည် သစ်ပင် ခပ်ပါးပါး ဖြန့်ကြဲပေါက်နေရုံမျှ ထင်ရသည်။ တောတွင်းသို့ ဝင်မိလျှင်မူကား မိုင်ပေါင်းများစွာ ရှည်လျား၍ မမျှော်လင့်ဘဲ တောနက်လာကာ ရှုပ်ထွေး ထိတ်ပွေလှပေ၏။ တောမြေမှာ အလွန်ကြမ်း၍ ကျောက်ထူသဖြင့် ယာထွင်ခြင်းငှာ မတတ်နိုင်ချေ။ ဓားကြာလျှောက်လျှင် စမ်းချောင်းတစ်ခုသို့ ရောက်၏။ နက်မှောင်သော ကျောက်ကြိုကျောက်ကြား အောက်ခြေတွင် စမ်းရေသည် နက်ရှိုင်းစွာ ပြေးလွှားနေလေသည်။ ထို့နောက်ကား သစ်တောသည် ဆက်၍သွားပြန်လေ၏။

တောကလေးတွေကို မှော်က မနှစ်သက်နိုင်။ လွန်ခဲ့သည့် တနင်္ဂနွေ

နေ့လယ်က သူ့ကို စုစန် ခေါ်ဆောင်သွားဖူး၏။ မှော်က သူမ၏ ဘေးမှ နှုတ်ဆိတ်လျက် စိတ်အားမလျှော့သာဘဲ ခြေသာလှမ်းခဲ့သည်။

စုစန်သည် နွေလယ်၏ ပြည့်ဖြိုးခြင်းဖြင့် မည်းမှောင်စွာ သစ်ရိပ်ထိုးနေသော သစ်ပင်များသို့ မျက်နှာမော့ကာ "မလှဘူးလားဟင်" ဟု မေး၏။

"မောင့်စိတ်ထဲတော့ တစ်မျိုးကြီးပဲ၊ စုကို လက်ထပ်ဖို့ ပြောတဲ့နေ့ တုန်းကတော့ ဒါတွေကို ဘာဖြစ်လို့ မမြင်သလဲ မသိပါဘူး။ အဲဒီနေ့ကတော့ စုကလွဲပြီး ဘာကိုမှ မမြင်နိုင်တော့ဘူးလေ"

သူတို့နှစ်ယောက်သည် လက်တွဲ၍ လမ်းလျှောက်လျက် ရှိကြသော်လည်း တစ်ယောက်ထီးတည်း ကျန်သော စိတ်ထားမျိုး ဝင်၍နေကြ၏။ စမ်းချောင်းသို့ ရောက်လျှင် နက်မှောင်သော ကျောက်ပေါ်တွင် စမ်းရေစီးဆင်းနေပုံကို ရပ်ကြည့်ကြလေသည်။

"ဒီလောက်မာတဲ့ ကျောက်ကို ချောင်းဖြစ်အောင် စီးဖို့ဟာ အနှစ်တစ်သန်းလောက်ကို ကြာမှ ဖြစ်မှာ"

ယင်းသို့ မှော်က ပြောလိုက်ရာ ချက်ချင်းပင် အနှစ် တစ်သန်းမျှ အထီးကျန်ခြင်းသည် သူတို့အပေါ် ထပ်ဆင့်လိုက်ပြန်ပေတော့၏။ သူတို့သည် ငေးစိုက်ငုံ့ကြည့်လျက်ရှိစဉ် လျှိုတစ်ဖက်မှ ဝုန်းခနဲကျသံ ကြားလိုက်ရလေ၏။ စမ်းချောင်း အကွေ့ခပ်လှမ်းလှမ်းရှိ ချောင်းနဖူးပေါ်မှ သတ်သတ်ဖယ်ထွက်လာသော ကျောက်တုံးတစ်တုံး ချောင်းထဲကျခြင်း ဖြစ်၏။ ကျောက်တုံးငယ်များ၊ မြေအချို့နှင့် သစ်ပင် ငယ်တို့လည်း ရေထဲသို့ လိုက်ပါလာသည်။ ကျောက်တုံးလည်း ထိုနေရာတွင် ရပ်တည်နေ၏။ တစ်ခဏမျှ လှုပ်ရှားပွက်ကြွပြီးလျှင် ရေသည် ချောမောစွာ ခွဲ၍သွားကာ တစ်ဖက်မှ ကွေ့၍ စီးဆင်းလေသည်။ ကျောက်တုံးလည်း နှစ်ပေါင်းများစွာကပင် သည်နေရာ၌ နေလာသလို ရပ်တည်လျက်နေလေသည်။

မှော်က ပြောသည်မှာ "အိမ်ပြန်ကြစို့၊ မောင်တို့ တောထဲ သိပ်ကျွံလာပြီ၊ ဒီနေရာအကြောင်းကို မောင်တို့ ကြားဖူးတာတွေ ရှိတယ်"

"စုနဲ့ ဆိုရင် မကြောက်ဘူးလို့ မောင် တစ်ခါက ပြောဖူးတယ်လေ" ဟု စုစန်က သတိပေးလေသည်။

"မောင်က ဘာဖြစ်လို့ ကြောက်ရမှာတုံး၊ ဒါပေမဲ့ နေရောင်လင်းတဲ့ အပြင်မှာ ဘာဖြစ်လို့ မလျှောက်ချင်ရတာလဲ"

ထို့ကြောင့် သူတို့သည် အိမ်ဘက်သို့ လှည့်ကြသည်။ သူတို့သည် သစ်ပင်များကြားရှိ ဆည်းဆာချိန်မှ ထွက်လှမ်းခဲ့သော လမ်းမဒွန်မှ နေသည် မြင့်လျက်ပင် ရှိသေးသည်ကို တွေ့၏။ ပျော်ပွဲစားထွက်ရာ ဂေါက်သီးရိုက်ရာမှ ပြန်လာကြသော လူများကို တွေ့နိုင်သေး၏။

ခပ်လှမ်းလှမ်းတွင် လူဆိုင်းနှင့်ဟဲတို့ အိမ်ပြန်လာကြသည်ကို တွေ့ရ၏။ တော်မီက လင်မယားနှစ်ယောက်ကြားတွင် ဆတ်တောက်ဆတ်တောက်နှင့် လျှောက်၍လိုက်သည်။ လူဆိုင်းက လက်ဝှေ့ယမ်းပြ၏။ ဟဲက "ကလပ်မှာတုန်းက ခင်ဗျားတို့ကို သတိရသေးတယ်" ဟု လှမ်းအော်၏။

မှော့က်က ဦးထုပ်ကို၊ စုဇန်က လက်ကို ဝှေ့ယမ်းပြလိုက်ကြသည်။ ထို့နောက် သူတို့အိမ်၏ လှေကားထစ်များကို တက်ကြ၏။

"တစ်ခါတစ်ခါတော့ ကလပ်ကို သွားဖို့ကောင်းတယ်၊ နို့မဟုတ်ရင် မောင်တို့ကို အိမ်ချည်း သိပ်ကုပ်တယ်လို့ လူတွေထင်မှာ စိုးရတယ်" ဟု မှော့က်က ပြောလေရာ စုဇန်က "လူတွေက စုတို့အကြောင်း သိပါတယ်လေ၊ မထင်ပါဘူး" ဟု ပြော၏။

သူမသည် ထိုလူတွေကို မေ့သွားကာ သီချင်းတအေးအေးနှင့် မီးဖိုထဲဝင်ပြီး ညစာအတွက် ပြင်နေသည်။

ခဏကြာလျှင် မှော့က်က "ဘာပဲဖြစ်ဖြစ်လေ၊ စုကိုတော့ အိမ်မှာပဲ ကုပ်နေတယ်လို့ လူတွေက ထင်မှာပဲ၊ စု... အထူးသဖြင့် စုလို... မိန်းမစားမျိုးအဖို့"

သူမသည် အသီးအရွက်တစ်ပွဲပြင်ရန် လိမ္မော်သီးကို ကွင်း၍ လှီးနေသည်ကို ရပ်တန့်ပစ်လိုက်၏။ သူမ တွေးနေမိသည်မှာ လိမ္မော်သီး၏ ဆန်းကြယ်လှသော အကန့်များ အမြှာများနှင့် အတွင်းက အရောင်စိုသော လိမ္မော်ရည်စက်ကလေးများ နေပုံကိုပေတည်း။ လက်ထဲ၌ ဘာမျှမရှိ၊ လိမ္မော်သီးတစ်လုံးကိုသာ ကိုင်ကာ မှော့က်ကို စိန်းစိန်းကြည့်လျက် ရှိလေသည်။

"မောင် ဘာတွေ ပြောနေတာလဲ" ဟု အံ့ဩစွာ မေးလေ၏။

သူမ၏မျက်နှာမှာ သွေးကြွကာ သူ့ကိုစိတ်ဆိုးသလို ဖြစ်မိလေ၏။

"ဘာမှ မဟုတ်ပါဘူး၊ ဒါပေမဲ့ စု တစ်ခါတစ်ခါ လုပ်ပုံတွေက စု တစ်ဖွတ်ထိုးနိုင်တယ်၊ အဲလေ... လူတွေက နားလည်မှာ မဟုတ်ဘူး"

သူမသည် လိမ္မော်သီးကိုသာ ဆက်ပြီးကွင်း၍ လှီးလေ၏။ သူမကို

နာအောင် မှာက်လုပ်ခဲ့ပြီ။ သို့သော် သူမကတော့ ဘာမျှ ပြောဦးမည် မဟုတ်။

သူမက လေအေးနှင့်ပြော၏။ "အို... ဒီမြို့ကလေးမှာ စုအကြောင်း လူတိုင်း သိပါတယ်၊ လူဆိုင်းရယ်၊ ကောင်မလေးတွေရယ်၊ ကောင်လေးတွေ အားလုံးပဲ စုကို သိကြပါတယ်"

သူမသည် မှာက်နှင့် အလှမ်းဝေးလှသလို ထင်မိ၏။ သူမ ငယ်စဉ်က ဆရာတစ်ယောက် ပြောနေသည်ကို ကြားလိုက်ဖူးသည်မှာ "စုဟာ အင်မတန် ဆန်းတဲ့ ကလေးတစ်ယောက်ပဲ မဟုတ်ဘူးလား၊ တခြား ကလေးတွေနဲ့ကို မတူဘူး"

သူမသည် မီးဖွင့်လိုက်ရာ သူမ၏ မျက်နှာကို မှာက် မြင်ရလေသည်။

"မောင်ဘာတွေ ပြောနေမိသလဲ မသိပါဘူးလေ၊ စုကို စုနေတတ်သလိုသာ မောင် နေစေချင်ပါတယ်" ဟု သူက ဖြည်းညင်းစွာ ပြောသည်။

"စု တခြားလိုလည်း မနေတတ်ပါဘူး" ဟု သူမက ပြောပြီး "မှာက် လာလေ... ထိုင်"

သူတို့နှစ်ယောက် စားပွဲ၌ ထိုင်မိကြသော် မှာက်က ပြော၏။ "ဟောဒီ အသီးအရွက် ဟင်းပွဲလောက် အရသာရှိတာတော့ တစ်ခါမှ မစားဖူးပါဘူး စုရေ၊ စုဟာ အံ့သြစရာကောင်းတဲ့ ထမင်းချက် တစ်ယောက်ပဲ"

စကားလုံးများသည် သူမ၏ ဦးနှောက်ထဲမှ တစုတဝေးကြီး ထွက်ခဲ့ကြကာ သူမ၏ လျှာဖျားတွင် တစ်နေလေ၏။ မြွေ၏ လျှာနှစ်ခွပမာ စကားလုံးများကို သူ့ထံသို့ ထုတ်လိုက်လုလု ဖြစ်ရလေသည်။ "သတိတော့ ထားမှ မှာက်ရေ့၊ လိမ္မော်ခါး တစ်လုံးတော့ ပါလေရဲ့..." လို့။

အကယ်၍ ယင်းသို့များ သူမ ပြောမိလျှင် မှာက်သည် အံ့အားသင့်စွာ အပြစ်ကင်းစွာ ငေးကြည့်နေလိမ့်မည်ဖြစ်၏။ သူမသည် စကားလုံးများကို အမီ ပြန်ယူလိုက်၏။ သူမသည် အလွန် လွယ်ကူစွာ နာတတ်သည်။ သူမ သည် နာကြည်းသွားသည့် အခါမျိုး၌ စကားလုံးများကို မထွက်ဖို့ရာ အမီ ပြန်ယူလိုက်ခြင်း အတတ်ကို ကာလရှည်ကြာစွာက တတ်ခဲ့လေသည်။ ကလေးအရွယ်ကပင် သူမ၏ ဦးနှောက်ထဲမှ ထွက်လာသော စကားများဖြင့် အမေ ဖြစ်သူကို ရှံ့ထိတ်သွားအောင် ပြောနိုင်စွမ်းရှိသည်ကို သိရဖူး၏။ အမေဖြစ်သူ၏ မျက်လုံးတွင် ရှံ့ထိတ် သွားခြင်းကို ပထမအကြိမ် တွေ့သည့် အခါက စုဇန်သည် သူမ၏ အခန်းတွင်းသို့ ပြေးဝင်ကာ ငိုဖူးသည်။

"ငါ့ကို နာအောင် လုပ်တဲ့အတွက်တော့ ဘယ်သူ့ကိုမှ ငါ့ကို ကြောက်ရွံ့သွားအောင် ဘယ်တော့မှ ဘယ်တော့မှ မလုပ်တော့ပါဘူး" သူမကိုယ်ကို သူမ စိတ်ထိခိုက်စွာ ပြောခဲ့သည့်အပြင် အမြဲတမ်းလည်း သတိရှိနေလေ၏။

"ဒါဖြင့် ထပ်ယူဦးလေ အချစ်" ဟု သူမက ဆိုကာ သူ လှမ်း၍ခံသော ပန်းကန်ပြားထဲသို့ ထပ်ဖြည့်ပေးလေသည်။

သို့သော် သူတို့သည် တောကလေးထဲသို့ မဝင်ကြတော့ပေ။ မာ့က်က မသွားချင်။ သူ မသွားချင်သည်ကို စုဇန်က သူမပါဘဲ တစ်ယောက်တည်း မသွား။ သို့သော် ဖြန့်းခနဲ အဆက်အစပ်မရှိ တစ်စုံတစ်ခုကို သတိရလိုက်၏။ အပေါ်ထပ် ဝဲလင်းဆောင်၌ မပြီးသေးသော ဦးခေါင်းရှိသည်။ ဝဲလင်းဆောင်သို့ သန့်ရှင်းရန်၊ ဖုန်ခါရန် သွားသော်လည်း ဒါထက်ပို၍ ဘာမျှ မလုပ်ခဲ့။ ယခုမူ မာ့က်က သူမကို နာအောင် လုပ်သည်နှင့် နောက်တစ်နေ့တွင် အပေါ်ထပ်သို့ တက်၏။ ဟာလာဟင်းလင်း ဖြစ်နေသော အခန်းကို အတွေးနက်၍ ကြည့်၏။ သို့သော် အခန်းကို တန်ဆာဆင်ဖို့ကား ဘာမျှ မလုပ်။ မပြီးစီးသေးသော ဦးခေါင်းမှ အဝတ်ကိုပင် မလှစ်သေးချေ။

သူတို့၏ နားနေစရာ အခန်းကို ပတ်လည်ကြည့်ပြီးသော သူမ၏ အမေက ပြောသည်မှာ "မိန်းမတစ်ယောက် လိုအပ်တဲ့ အရာတွေတော့ ညည်း အကုန်ရနေတော့တာပဲ၊ လင်ကောင်း တစ်ယောက်ရယ်၊ မြို့ထဲမှာ ရှိသမျှထဲက အကောင်းဆုံး ရပ်ကွက်က ပျော်စရာ အိမ်ရယ်"

သူမသည် ပြုံးကာ "ဟုတ်တယ် အမေ၊ ကျွန်မ အကုန်ရနေပြီ"

"မာ့က်က တည်ကြည်တာပဲ" ဟု အမေက ဆက်ပြောပြန်၏။ အမေသည် သူမ၏ ဦးထုပ်ကို ချွတ်ဖို့ ငြင်းဆန်လျက် ရှိခဲ့လေ၏။ "ခုချက်ချင်း ပြန်ရမှာပါအေ" ဟု သူမ ပြောလေ့ရှိ၏။ တစ်နာရီ၊ နှစ်နာရီ ကြာအောင် နေချင်နေသော်လည်း ဦးထုပ်ကို ခေါင်းမှာ ဆောင်းထားရလျှင် ယခု ချက်ချင်းပင် ထပြန်ရမည်ဟူသော အစွဲကလေးနှင့် နေနိုင်လေသည်။ "အိမ်မှာ အလုပ်တွေက သိပ်များတာ"

စုဇန်က ပြောသည်မှာ "အမေနဲ့ ကျွန်မ လိုက်ခဲ့မယ်၊ ကျွန်မကတော့ အလုပ် ပြီးပြီ"

အမေက သွက်သွက်ကလေး ပြောသည်မှာ "အို... မဟုတ်တာအေ၊ ညည်းမှာလည်း ညည်းအိမ်နဲ့ ရှိနေတာပဲ၊ တော်ကြာ မာ့က်က ထင်သွားဦး

မယ်၊ အမေဟာ အိမ်ကိုနိုင်အောင် မသိမ်းနိုင်ဘူးလို့"

စုဇန်က ရယ်လေ၏။ "အမေတို့ဆီ အလည်လာမလို့ပါ အမေရယ်၊ ပြီးတော့ အခုပဲ တစ်အိမ်လုံး အလုပ်ပြီးသွားပြီ၊ ဝဲလင်းခန်းက လွဲလို့ပေါ့လေ၊ ဒါနဲ့ ကျွန်မလည်း ဘာလုပ်ရပါ့မလဲဆိုတာ စဉ်းစားလို့ မရသေးလို့"

အမေက အိမ်၏ တောက်ပြောင်ခြင်းကို လှည့်လည်ကြည့်ပြန်ကာ "အိမ်ကလေးက ချစ်စရာပဲ" ဟု လိုလိုချင်ချင် ပြော၏။ "အိမ်ကလေးကို ဒီအနေအထားမျိုး ထားတတ်တာ အံ့ဩစရာပါပဲ၊ ညည်းကတော့ နေရာတကာမှာ အဖြစ်ရှိတဲ့ မိန်းကလေးပဲ"

"အိမ်ကလေးဟာ ဒီအနေမျိုးနဲ့ သူ့ဟာသူ နေတာပဲ အမေရဲ့၊ တစ်ကမ္ဘာလုံးမှာ အလွယ်ဆုံးအိမ်ကလေးပါ၊ ကျွန်မတို့နဲ့ ရောပြီး နေရှာတာပါပဲ၊ ပစ္စည်းတွေကလည်း သူတို့နေရာမှာ သူတို့ နေကြတာပဲ၊ ဟောဒီလိုပေါ့ အမေရဲ့"

စုဇန်က လက်ကို ဝှေ့၍ပြကာ မျက်ခုံး ပင့်လိုက်လေ၏။ သို့သော် သူမ၏ အမေက မပြုံးပြချင်။

အမေက အမိပွာယ်ပါပါနှင့် "ခုနေတော့ ဟုတ်ပါတယ်လေ၊ နောက်ဆိုရင်တော့ ညည်း အကူလိုလာတာ တွေ့ရလိမ့်မယ်၊ ကဲ... အမေပြန်ဦးမှ" ဟု ပြောသည်။

စုဇန်က "ကျွန်မ ဦးထုပ်သွားယူဦးမယ်" ဟု ဆိုပြီး

အမေက နံဘေး စကြံကလေးပေါ်တွင် ရပ်တန့်ကာ ပြန်၍ ကြည့်နေပြန်ရင်း "တကယ့်ကို နေချင်စရာကောင်းတဲ့ အိမ်ကလေးပါအေ၊ တောနက်ကြီးရဲ့ အစွန်မှာ နေရတာ တစ်ခုပါပဲ၊ အမေ့အဖို့ရာကတော့ ဒီလိုနေရလည်း ကိစ္စမရှိပါဘူး"

"တောစပ်ကလေးနား နေရတာ ကျွန်မကတော့ ကြိုက်တိုက်တိုက်ပဲ၊ မှောက်ကတော့ အမေနဲ့တူတယ်"

အမေနှင့်အတူ လျှောက်၍လာကြရာ လမ်းကလေးနှင့် သူမ၏ ခြေထောက်များမှာ အသားကျလျက် ရှိပေ၏။ သို့သော် သူမသည် အမေ့ထံမှ လွတ်လပ်ခွင့်ကို ရခဲ့ပေပြီ။ သူမသည် အိမ်ဟောင်းကို ပြန်သည်ဆိုလျှင် သူမ အလိုအလျောက် ပြန်ခြင်းသာ ဖြစ်ပေ၏။ အိမ်ထဲဝင်မိလျှင် ဝင်မိချင်း အကျင့်ဟောင်းဖြစ်သော ပန်းကန်ဆေးခြင်း၊ အောက်ထပ်များကို လှည်းကျင်း

ဖုန်ခါခြင်းတို့ကို လုပ်လေသည်။

အမေက ရွတ်နေသည်မှာ "ဒီမနက်တော့ အားလုံး ဒီအတိုင်းပဲ ပစ်ထားခဲ့ရတယ်အေ၊ စနေနေ့ဆိုရင် စတိုးဆိုင်မှာ လူတွေ ကျပ်လွန်းလို့ စောစောရောက်အောင် သွားချင်တာနဲ့ ပြီးတော့ ဒီနေ့ ရာသီကလေးက သာတာနဲ့ ညည်းတို့အိမ်လည်း ဝင်ဦးမလေလို့၊ ကဲ... ညည်း ဒီမှာ လုပ်နေရင် အမေ အိပ်ရာတွေ သွားသိမ်းတော့မနော်"

အမေသည် လှေကားကို လေးလံစွာ တက်သွား၏။ စုဇန်ကမူ စင်ကြယ်သော မျက်နှာသုတ်ပဝါတစ်ထည်ကို ခေါင်းပေါင်းကာ တစ်ခန်းနှင့် တစ်ခန်း အပြေးအလွှား ကူးသန်းနေလေ၏။ နေသားတကျ ရှိအောင်၊ အသစ်ဖြစ်လာအောင် လုပ်ရခြင်းကား ပျော်စရာ ဖြစ်သည်။ အလုပ်လုပ်ရင်း သူမ သီချင်း ဆိုလေသည်။ အပျိုဘဝကဆိုလျှင်မူ နေ့စဉ်မပြတ် လုပ်နေရသဖြင့် သူမ၏ စိတ်တွင်း၌ တခြားလုပ်စရာကိစ္စများ ပြည့်နှက်နေသေးသည်နှင့် ငြီးငွေ့စရာလိုလို ဖြစ်ခဲ့ရပေသေး၏။ စင်စစ်မူ အလုပ် လုပ်ရသည်ဆိုလျှင် တစ်နည်းအားဖြင့် ကျေနပ်မိလေရကား ငြီးငွေ့သင့်သလောက် မငြီးငွေ့ခဲ့ချေ။ သူမသည် ဖန်တီးပြုလုပ်နေခြင်း၊ ပြင်ဆင်ပြောင်းလဲ နေခြင်းသာ မဟုတ်လား။ သူမ၏ လက်တွင်းတွင်ပင် အခန်းတို့သည် အသွင် တစ်ခုကိုဆောင်ကာ အခြေအနေလည်း ပြောင်း၍ သွားလေတော့သည်။

အားလုံး ပြီးလုပြီးခင်ဝယ် အပေါ်ဆုံးထပ်မှ တံခါးပွင့်သံ ဂွန်းခနဲ ကြားရ၏။ "စုဇန်လားဟေ့" ဟူသော အဖေ၏ အသံသည် နစ်ဆင့်သော လှေကားတစ်လျှောက်မှ ဟိန်း၍ ဆင်းလာလေ၏။

"စုဇန်ပဲ ဖေဖေ" ဟု အသံနေအသံထားနှင့် အော်လိုက်၏။

"ဒီကို တက်ခဲ့စမ်း" ဟု အော်ပြန်၏။

လှေကားမှ ပြေးတက်သွားသော် အဖေသည် လှေကားပွတ်တိုင်ကို မှီ၍ ရပ်နေသည်ကို တွေ့၏။ သူ့ဆံပင်မှာ ရှုပ်ပွပွနှင့် ချယ်ရီသားနှင့် လုပ်သည့် ဆေးတံကိုလည်း ကိုက်လျက်...။

"ဆိုက်ဘီးလီယပ် တီးတာ ကြားချင်တယ်၊ မေရီကတော့ ဘယ်တော့မှ တီးနိုင်မှာ မဟုတ်ပါဘူး၊ မေရီ ပေါက်ကရ တီးထားတာနဲ့ နားထဲ ဝင်နေလိုက်တာ၊ အဲဒီအလိုက်ကို ခေါင်းထဲက ထုတ်လို့တောင် မရတော့ဘူး"

သူမသည် ဟောင်းနွမ်းသော အဖေ့ မတ်ရပ်စန္ဒရားကြီးတွေထိုင်ကာ

"အပြုံးကလေးနှင့် ဖင်လန်ဒီယ" ဟု ခေါင်းစဉ်တပ်ထားသော စာမျက်နှာများကို လှန်နေ၏။ အဖေက အိပ်ရာပေါ် လှဲကာ လက်မောင်းများကို မျက်စိပေါ်တွင် အုပ်ထားလေ၏။

"တီးလေ" ဟု အမိန့်ပေးလေ၏။

အားလုံးကို မေ့လျော့ကာ သူမသည် လေးနက်ပြည့်ဝစွာ တီးလေ၏။ ဘာကိုလုပ်လုပ် သည်လိုချည်းဖြစ်ရ၏။ အမှန်ပင် သူမသည် မှော်ကိုတောင်မှ မမေ့လျော့ဘဲ မနေနိုင်ချေ။ တင်းမာခက်ထန်၍ ပြောမပြနိုင်သောဝေဒနာဖြင့် ပြည့်လျှံကာ သူမသည် ဂီတပြယုဂ် တစ်ခုကို တည်ဆောက်နေခြင်း ဖြစ်လေ၏။ ယင်းသို့ ပြည့်လျှံအောင် ပြုလုပ်နည်းကိုလည်း သူမသိပေ၏။ သူမသည် ငယ်ရွယ် လှသေးရကား ဝေဒနာသည်ပင် ကြည်နူးစရာ ဖြစ်နေပေသေး၏။

တစ်သက်တာတွင် ဒုက္ခဝေဒနာဟူ၍ မခံစားခဲ့ရဖူးသော်လည်း အတွေ့အကြုံထက် ပို၍ လေးနက်သော သန္ဓေပါစိတ်အားဖြင့် ဝေဒနာကို ပြုလုပ်ဖန်တီးတတ်လေ၏။ တီး၍ပြီးသော် သူမသည် တစ်ကိုယ်လုံး တုန်၍နေလေ၏။

ခဏစောင့်ပြီးမှ အဖေ့ဘက်သို့ လှည့်၏။ သူ့လက်မောင်းများသည် မျက်နှာပေါ်မှ လျှောကျကာ အဖေသည် မျက်စိမှိတ်လျက် ဆေးတံ ကိုက်ထားသော သွားများ ခပ်ဖြူဖြူပေါ်ကာ လျောင်းနေလေသည်။

"ဖေဖေ" သူမက တီးတိုးခေါ်လေ၏။

"သွားစမ်း...သွား...သွား..." ဟုသာ သူက ပြောနိုင်၏။ သူ၏ မည်းမှောင်သော မျက်တောင်များအောက်တွင် မျက်ရည်စများ တောက်ပြောင်နေသည်ကို တွေ့ရပေ၏။ "အဲဒီသီချင်းဟာ..." ဟု သူမက မပွင့်တပွင့်ပြော၏။

လှေကားမှ သူမ ဆင်းလာခဲ့၏။ အိမ်သည် ငြိမ်သက်လှသည်။ အမေ့အခန်းတံခါး၌ ခဏရပ်ကာ နားထောင်၏။ ဘာသံမျှ မကြားရ။ တံခါးကို ညင်သာစွာဖွင့်၍ ကြည့်သော် မသိမ်းဆည်းရသေးသော အိပ်ရာပေါ်တွင် အမေ အိပ်ပျော်နေသည်ကို တွေ့လေ၏။ အမေ့အသက်ရှူသံမှာ ကလေးတစ်ယောက်ပမာ နှစ်ခြိုက်အေးချမ်းစွာ ထွက်လာနေ၏။ တံခါးကို ညင်သာစွာ ပြန်ပိတ်ကာ အိမ်မှထွက်၍ သူမ၏နေအိမ်ရင်းသို့ ပြန်လေသည်။

မနက်ခင်းသည် တစ်ဝက်ကုန်၍သွားသော် စုဇန်သည် ရပ်တန့်လိုက်ကာ နားနေရာ အခန်းကလေးကို လှည့်ပတ်၍ ကြည့်လေ၏။ ဤအိမ်တွင် အားလုံးသော အရာများသည် ပြီးစီးပြီးသား ရှိလေသည်။ ဘာမျှထပ်လုပ်စရာ မရှိ။ ပြတင်းများ ကြည်လင်စွာ၊ ကြမ်းပြင်က တောက်ပစွာ အားလုံး သူ့နေရာတကျရှိသော အိမ်ကလေးသည် သူမကို လျှမ်းလျှမ်းတောက် ပြန်၍ ကြည့်လေ၏။ သူမ ထပ်၍ လုပ်စရာနေရာ ဟူ၍ပင် မကျန်တော့။ နောက်ဆုံး ကျန်နေသော ထိုင်ခုံ၊ နောက်ဆုံး ကျန်နေသော ခန်းဆီးကိုလည်း ပြင်ဆင်၍ ပြီးလေရာ တစ်ခုထပ်၍ လုပ်လိုက်လျှင် ပိုလွန်းရာကျတော့မည် ဖြစ်လေ၏။ သူမ၏ သေးငယ်သော လင်နှင်ခန်းကလေးတွင်လည်း သူမ ပန်းထိုးထား၊ အနားဖောက်ထားသော လင်နှင်စများဖြင့် ပြည့်နှက် နေပေပြီ။ အပြင်မှာဆိုလျှင် ဥယျာဉ်ကလေးသည် ယုယပြုပြင်ထားသည်နှင့် နွေလယ်ပန်းများ ပွင့်ဖူးကာရှိသည်။ ဥယျာဉ်ကို ပြုရသူမှာ မာ့က်ဖြစ်ပေသည်။ နေသာသော နေ့များတွင် သူမသည် ပြေးထွက်ခဲ့ကာ ပေါင်းမြက်သုတ်သင်၍ ပန်းပင် စိုက်ပျိုးလေ့ ရှိသည်။ မနေ့က နေ့လယ်မှာဆိုလျှင်မှ သူမသည် လမ်းလျှောက်ခင်းများကိုပင် ရိတ်ဖြတ်ညှိခဲ့မိလေရာ မာ့က်က စိတ်ဆိုးလေတော့သည်။

"ညစာ စားပြီးမှ လုပ်မယ်လို့ထားတာ မနေ့က မောင် ကြည့်ပြီးပါပြီ၊ ညှပ်ဖို့ ဒီလောက် မလိုသေးပါဘူး"

"အို... အပျော်လုပ်လိုက်တာပါ၊ နေ့လယ်က ဘာမှလုပ်စရာ မရှိတာနဲ့၊ ပြီးတော့ အပြင်လည်း ထွက်မလည်ချင်တာနဲ့ ညှိရုံညှိတာပါ" ဟု သူမက ချော့ပြောလေ၏။

"နောက်တစ်ခါ မလုပ်ပါနဲ့၊ ဒါ မိန်းမအလုပ် မဟုတ်ပါဘူး" ဟု သတိပေးလေ၏။

သူမသည် ပြတင်းမှ အပြင်သို့ ကြည့်နေကာ ဘာမျှ ပြန်မပြောချေ။ ညီညာရှည်လျားသော အစိမ်းမြွောင်းများကို ရိတ်ဖြတ်ခဲ့ရသည်မှာ ကြည်နူးစရာတော့ ဖြစ်ခဲ့ပါသည်။

"နောက်တစ်ခါ မလုပ်တော့ဘူး"

ထို့ကြောင့် ယနေ့ဆိုလျှင် ဘာမျှ လုပ်စရာ မရှိတော့ချေ။ ပြတင်းပေါက်သို့ သွား၍ အိမ်ပြင်သို့ ကြည့်၏။ ဘာမျှ လုပ်စရာမရှိသဖြင့် ဂနာမငြိမ်

ဖြစ်မိလေသည်။ လမ်းမတွင် လူဆိုင်းသည် ကလေးလက်တွန်းလှည်းကလေးကို လသာဆောင်သို့ လှိမ့်လာပြီး အိမ်တွင်းသို့ လျင်မြန်စွာ ဝင်၍သွား၏။ တံခါးပိတ်သံ ဝုန်းခနဲ ကြား၏။ ကလေးငယ်မှာ လွန်ခဲ့သော ၆ လက မွေးသော လူဆိုင်း၏ ဒုတိယကလေးပင်။ "ကိုယ်တော့ ဒေါသဖြစ်လှတယ်၊ ကလေးတစ်ယောက် မွေးပြန်ပြီ၊ ခုမှ တော်မီက ဟိုဟိုသည်သည် ခေါ်သွားနိုင်တဲ့ အရွယ်ရောက်သေးတယ်။ ဟဲကလည်း အစေခံ တစ်ယောက် ထားပေးနိုင်မှာ မဟုတ်သေးဘူး။ ယောကျ်ားတွေကိုက တစ်ကိုယ်ကောင်း ကြံလွန်းပါတယ်အေ" ဟု သူမကို ပြောပြခဲ့ဖူး၏။

သူမက လူဆိုင်းအား ဘာမျှ ပြန်မပြောဘဲ ဘာမဆို ပြောတိုင်းလိုက်နာ နာခံတတ်၍ အမြဲ နွမ်းဟိုက်နေလေ့ရှိသော ဟဲ့ကို တွေးမိလိုက်လေ၏။ ဟဲသည် စင်စစ် လူဆိုင်း မလုပ်ချင်သော ကိစ္စများကို အတင်း လုပ်နိုင်းနိုင်စွမ်းရှိပုံမရ။

သူမ၏ နောက်၌မူကား အိမ်သည် စနစ်ကျနစွာ ငြိမ်သက်လျက်ရှိပေ၏။ သူမ လှည့်ကြည့်သည့်အခါ အိမ်သည် ကောင်းစွာပြုစုခြင်းခံရသော ကလေးငယ်၏ တောက်ပတည်ငြိမ်သော အကြည့်မျိုးဖြင့် ပြန်၍ကြည့်တတ်၏။ ကဲ... အခု သူမ ဘာလုပ်ရမလဲ။ မနေ့ကဆိုလျှင်လည်း မေရီ၏ အဝတ်သစ်ကို စက္ကူပွနှင့် ပတ်ကာ အဝါရောင်ဖဲကြိုးနှင့် စည်း၍ သွားပေးခဲ့ပြီ။ ထိုအဝတ်ကို နေ့စဉ် သူမ ချုပ်လုပ်နေခဲ့၏။ ထိုအဝတ်ကို မစ္စစ်ဖောင်တိန်ထံမှ ရငွေထဲက ဝယ်သော ဖျော့တော့သည့် ဇာပွင့်နှင့် ချုပ်ခဲ့၏။ အင်္ကျီကို ခပ်တောင့်တောင့် ခပ်စင်းစင်းနှင့် ခံ့ညားကြွား ဝင့်အောင် ချုပ်ခဲ့၏။ မေရီ၏ မျက်လုံးများလည်း ခါတိုင်း တောက်ပြောင်ဖူးသည်ထက် ပို၍ နွေးထွေးသော အရောင်ဖြင့် တောက်ပြောင်ခဲ့လေသည်။

"သိပ် ချစ်စရာကောင်းတာပဲ စုရယ်" ဟု မေရီက ပြောရာ၊ အဘယ်ကြောင့် ဟူ၍ မသိဘဲ စုဇန်၏ မျက်ခွံများ အောက်တွင် မျက်ရည်များဖြင့် ပွလောင်လာပေ၏။

"မင်း တကယ်ကြိုက်ရဲ့လား ဟင်"

မေရီက ပြောသည်ကို ထပ်၍ ကြားချင်နေ၏။ တစ်နေ့တွင် သူတို့နှစ်ယောက်သည် ယခုထက်ပို၍ ချစ်ခင်ရင်းနှီး လာကောင်းလာလိမ့်မည်။

"တကယ်ပါ သိပ်ကြိုက်တာပဲ"

အမေက သက်ပြင်းချလေ၏။

"ငါလည်း ကြိုက်တယ် ဆိုရရုံပေါ့အေ၊ တော်တော်လှတဲ့ အဝတ်အစားပါပဲ၊ စုဇန်... ညည်းဘယ်လို လုပ်လိုက်တယ်ဆိုတာတော့ အမေ မသိပါဘူး"

သူမ၏ အဖေသည် တံခါးမှ ခေါင်းပြူဝင်လာလျက်... "ဘုရားရေ... ကျုပ် ပိုက်ဆံ မကုန်ပါစေနဲ့ဦး" ဟု ညည်းသည်။

အမေက ပြောသည်မှာ "ရှက်ဖို့ကောင်းလိုက်တာ အဖေကြီးရယ်၊ ဒါ စုဇန် ချုပ်ခဲ့တာရှင့်"

"စု ချုပ်ခဲ့တာလား၊ မေရီကို ရွှေဒင်္ဂါးပန်းနဲ့တူအောင် လုပ်တာလားဟေ့"

အဖေ့ မျက်လုံးများမှာ ဘယ်တုန်းကမျှ မျက်ရည်မအိုင်ခဲ့ဖူးသည့်ပမာ ကလိန်ဉာဏ်ရွှင်၍ နေပေတော့၏။

မနေ့ညကပင် မှော်ကို သူမက ပြောပြခဲ့ဖူးသည်။ "သူတို့ သိပ်ကြိုက်တာပဲ၊ မေရီက အဲဒီအင်္ကျီ ဝတ်လိုက်တော့ ချစ်စရာကောင်းသွားတယ်"

"သူတို့ ကြိုက်ဖို့ကောင်းတာပဲလေ၊ အင်္ကျီက တော်တော်လှတာပဲ၊ စု ဘယ်လိုများ လုပ်လိုက်သလဲဆိုတာတော့ မသိတော့ဘူး"

သူ့အသံမှာ နူးညံ့၍ သူ့မျက်လုံးများမှာ သူမကို ကြည့်ရင်းက အောက်ကျစွာနေလေရာ သူမသည် အနည်းငယ်မျှ တွန့်လိုက်မိလေသည်။

"အင်္ကျီပုံစံက လွယ်တာကိုး" မှော်၏ အောက်ကျခံခြင်းမှလွဲ၍ ဘယ်အရာမှ ကာကွယ်စရာ လိုသည်ဟု မသိဘဲ သူမက ပြော၏။ မှော်ကို သူမ၏ ရှေ့တွင် အောက်ကျနောက်ကျ ဖြစ်မနေစေလိုချေ။ မဖြစ်နိုင်ပါဘူး... သည်ဆိုလျှင် သူသည် သူမနှင့် ခြားနားသော သူများပင် ဖြစ်နေပေတော့မည်။

လူဆိုင်း၏ ကလေးမကလေး ငိုသံသည် လမ်းမတစ်လျှောက် တက်၍လာခဲ့၏။ ကလေး သိပ်ငိုသည်။ သူမမှာသာ ကလေးရှိခဲ့လျှင် ကလေးကို အပြင်မှာ ထားခဲ့ပြီး ငိုချင်တိုင်း ငိုနိုင်းမည် မဟုတ်ပါ။ သူမသည် ဖြုန်းခနဲ လှည့်၍ တံခါးဖွင့်ကာ လမ်းမသို့ ဆင်းခဲ့လေ၏။ လူဆိုင်းထံ အလည် လာသည်ဟု ပြောနိုင်၏။ လှေကားမှ အသံမကြားအောင် တက်ကာ လက်တွန်းလှည်းကလေးထဲသို့ ကြည့်၏။

အို... သနားစရာ သတ္တဝါကလေးမှာ ခြင်ထောင်နှင့် လုံးထွေးနေပါသည် တကား။ သူမသည် ခြင်ထောင်ကိုတင်ကာ ကလေးကို ထုတ်၍ ဂါဝန်ကလေးဆန့် ပေး၏။ ကလေးဦးထုပ်ကြိုးမှာ မာတောင့်တောင့် အော်ဂန်ဒီစဖြစ်၍ ကလေး၏ သေးငယ်သော မေးစေ့ကို ရှနေရာ ကြိုးကို လျှော့ပေးရပြန်၏။ သူမသည် ထိုင်ကာ ကလေးကို ရှေ့နောက် ယိမ်းထိုး၍ လှုပ်ကာ ညင်သာစွာ ချော့လေ၏။

ဘာမျှ မတတ်နိုင်သော နူးညံ့သည့် ကလေးကိုယ်ခန္ဓာကို ထိမိသည်နှင့် တစ်ပြိုင်နက် ကြီးမားလှသော ကြင်နာခြင်းသည် မိုးမမြင် လေမမြင် ဝင်၍လာပေ၏။ ကလေးကို ယင်းသို့ ပွေ့နေရာ ခန္ဓာကိုယ်ကလေးသည် ဝမ်းဗိုက်ထဲမှာ နေသလို ကွေးလိုက်လေ၏။ ယင်းသို့ ကလေးငယ်၏ ဘာမျှ မတတ်နိုင်ခြင်းမှာ ဝမ်းနည်းစရာ ကောင်းအောင်ပင် ကြီးမားလှပေ၏။ ဘဝသည် ဘယ်လောက် အကူအညီမဲ့စွာ စတင်လာပါသလဲ။ သေးငယ်သော မျက်နှာကလေးကို ငုံ့ကြည့်၏။ ကလေးသည် အငိုတိတ်ကာ သူမကို နှုတ်ခမ်းတရွရွနှင့် မော့ကြည့်နေပေ၏။

အကယ်၍များ သူမသည် ကလေးငယ် တစ်ယောက်၏ မျက်နှာပုံထုမည် ဆိုပါက ကလေးမျက်နှာ၌ ရှိသည့်ဟာကို ဘယ်လို အဓိပ္ပာယ်ဆောင်ရပါမလဲ။

"ဘယ့်နှယ် စုဇန်" ဟူသော တံခါးဝသို့ ရောက်လာသည့် လူဆိုင်း၏ အသံကို ကြားရ၏။ "ဖြစ်မှဖြစ်ရ... "

"ကလေးက သိပ်ငိုနေတာ" ဟု စုဇန်က ကျိုးနွံစွာ ပြော၏ ။

"ထားပါတော့၊ ဒါပေမဲ့ ကလေးကို အိပ်ပျော်နေသလားလို့ ထားခဲ့တာ"

"ကိုယ် ခုပဲ အိမ်အလုပ် ပြီးတာနဲ့ ခဏဆင်းခဲ့ဦးမယ်ဆိုပြီး... "

လူဆိုင်းကမူ ကလေးငယ်ကို လှမ်းယူလျက်ရှိ၏။ ကလေးကို လက်တွန်းလှည်းထဲ ထည့်ကာ ခြင်ထောင်ကို ချ၏။ "အိမ်ထဲဝင်လေ၊ လာပါ၊ ကလေးက ဒီအတိုင်းဆိုရင် ဘယ်တော့မှ အိပ်မှာမဟုတ်ဘူး၊ မအိပ်ရင်လည်း တစ်နေ့လုံး စိတ်ကောက်ပါရော"

တောက်ပသော နေရောင်တွင် လူဆိုင်း၏မျက်နှာမှာ တင်းမာ၍ ရန်သူပမာ ဖြစ်နေ၏။

"ကိုယ် ဝမ်းနည်းပါတယ်ကွာ၊ ကလေးက သိပ်ငိုနေလို့" ဟု သူမက ထစ်ထစ်ငေါ့ငေါ့ ပြော၏။

"အေးလေ၊ ဒါပေမဲ့ ညည်းနဲ့ ဘာဆိုင်လို့လဲလို့သာ ပြောချင်တာပါ စုရဲ့"

"မဆိုင်ပါဘူး" ဟု သူမက မြန်ဆန်စွာ ပြော၏။ "တကယ်ဆိုတော့ မဆိုင်ပါဘူး၊ နည်းနည်းမှ မဆိုင်ပါဘူး၊ ကိုယ် ဒီမနက်တော့ မဝင်တော့ဘူး ကွယ်၊ မင်း အားမှ မအားသေးဘဲ"

"ကိုယ် ဘယ်တော့မှ မအားဘူး၊ ကလေး နှစ်ယောက်နဲ့ ညည်းတော့ အိမ်ထဲ ဝင်နိုင်ပါတယ်လေ၊ အားလုံးလည်း ဆေးကြောပြီးရော ကလေးလည်း နို့တိုက်ဖို့ အချိန်ကျရော"

"မဝင်သေးဘူးကွယ်၊ နေ့လယ်ကျမှ လာရင် လာခဲ့မယ်" သူမသည် ပြုံးလိုက်ကာ လေ့ကားရင်းသို့ ရောက်သော် လှည့်၍ လက်ပြလိုက်၏။ လူဆိုင်းမှာ ငယ်သူငယ်ချင်း တစ်ယောက်ဖြစ်၏။ လူဆိုင်းကို မျက်၍မဖြစ်။

သို့သော် အိမ်ရောက်သည့်အခါမှ ဘာမျှ မဝေခွဲတတ်နိုင်ဘဲ ခဏမျှ ရပ်နေသေး၏။ ကလေး၏ မျက်စိထဲက ကြာရှည် လေးနက်သော အကြည့် မှာ မျိုးရိုး ရှိသည့် အကြည့်ပေတည်း။ လူတစ်စုံတစ်ယောက်၏ တစ်ဦးချင်း အကြည့်မဟုတ်။ ပုဂ္ဂိုလ်တစ်ဦးဟူ၍ မပီပြင်သေးသော ကလေးတစ်ယောက် ၏ အဆမတန်သော လူ့အကြည့်ပေတည်း။ ကလေးသည် သူ၏ ဘဝတွင်း သို့ တိုးဝင်ကြီးပြင်း၍ သွားသောအခါမှ သူ၏ စိတ်တန်ခိုးသည် ရင့်သန်ကာ ထိုမိမွေးတိုင်း ရှိသေးသည့် အကြည့်ကို ကွယ်ဝှက်လိုက်ပေလိမ့်မည်။ ယခုမူ ကလေး၏ မျက်လုံးများသည် အကြီးချဲ့တတ်၍ ဘဝ၏အစကို ဖွင့်လင်း၍ ပြနေသော မှန်ဘီလူးများသာ ဖြစ်ပေတော့၏။

အိမ်ရှေ့လသာဆောင်၏ အထက်ဆုံး လှေကားထစ်ပေါ်တွင် စုဇန်သည် မိမိ၏ ဒူးများကို ပွေ့ဖက်၍ ထိုင်ကာ မမြင်ရသော မျက်စိများဖြင့် ဥယျာဉ်သို့ ငေးနေလေ၏။ လူဆိုင်းကိုတော့ မေ့လျော့သွားပြီ ဖြစ်၏။ သူမ သတိရနေသည်မှာ ကလေးကိုသာ ဖြစ်၍ ယခုပင် ထိတွေ့နေရသေးကာ ကလေး၏ ကြီးကျယ်ခြင်း အတွင်း၌ သူမ တစ်ကိုယ်လုံး နစ်၍ နေပေ၏။ သူမ၏အတွင်း၌ ချင်ခြင်းဖြစ်နေ၏။ မျက်ကန်းနှင့်တူသော၊ လေးနက်သော၊ မခံရပ်နိုင်သော၊ ချိုမြသော၊ နက်ရှိုင်းသော၊ တစ်စုံတည်းသော ချင်ခြင်း။

ထိုချင်ခြင်းကို သူမ ကောင်းစွာ သိကျွမ်းကာ၊ ထိုချင်ခြင်းကို မည်သူနှင့်မျှလည်း ဝေခွဲ၍မခံစားနိုင်။ မတ်တတ် ရပ်လိုက်ကာ သူမသည် လှေကားထစ်များမှ ဖြည်းညင်းစွာ တက်ခဲ့၏။ အိပ်ခန်းကို ဖြတ်ခဲ့၏။ ဝဲလင်းဆောင်သို့တက်၏။ နွံ့ပျော့ကို စပ်စပြုကာ မွေးစ ကလေးတစ်ယောက်ပုံကို သွင်းထုလေ၏။ မပြီးစီးသေးသော သေးငယ်သည့် ပုံပန်းသဏ္ဌာန်များမှ ကြီးမားစွာသော မဖြေရှင်းပြတတ်သည့် အကူအညီ ဘာမျှမတတ်နိုင်သဖြင့် စိတ်ရှုည်သည်းခံခြင်းသည် ပေါ်လွင်နေပေ၏။

သူမ၏ ခြေအောက်မှအိမ်သည် အဝေးသို့ လျှောထွက်သွားကာ သူမ၏ ခေါင်းပေါ်မှ အိမ်မိုးသည်လည်း ပျောက်သွားပြီ ဖြစ်၏။ ဘယ်သူ့ကို ဘယ်အရာကိုမျှ သတိရခြင်း မရှိတော့၊ လွန်ခဲ့သော အများဆိုသည်မှာ မရှိခဲ့ချေ။ သူမ၏ တစ်သက်တာမှ နှစ်ပေါင်းများစွာတို့လည်း ဆုံးပါးခဲ့လေပြီ။ သူမသည် ယခုအခါ နွံ့စေးမှ ကလေးတစ်ယောက်ကို ထုလုပ်နေခြင်းသာ ဖြစ်တော့လေ၏။ နွံ့စေးမှ ကလေး၏ဘဝကို ပုံပန်းသဏ္ဌာန်အဖြစ် သွင်းပေးနေခြင်းပေတည်း။ သူမသည် နွံ့စေးကို မွေးဖွားစကလေးပုံ ထုလုပ်ယူ၏။ ဝမ်းဗိုက်၏ အတုပ်အနှောင်သည် ကလေး၏ ကုန်းနေသော ကျောပေါ် ရှိနေသေးစေကာ မြှောက်နေသော ခြေများ၊ နုနယ်ချည့်နဲ့သော ပိုက်ဖက်ထားသည့် လက်များနှင့်တကွ ပုံသဏ္ဌာန် ပေါ်စေ၏။

မသိဖူးသော ဘဝကို အံ့ဩစဖွယ်ကောင်းသော စိတ်ရှည်သည်းခံခြင်းဖြင့် လှမ်းကြည့်နေသော ခေါင်းတစ်ခုသာ ခံ့ညားလေးနက်၍ ကြီးမားကာ လွတ်လပ်စွာ နေပေ၏။ ထုရုပ်ပြီးသော် သူမသည် အကြောက်တစ်ဝက်နှင့် စိမ်းစိမ်းကြည့်နေမိ၏။ သူမ ဘာကိုပြုလုပ်ခဲ့သည်ဟု မသိတော့။ သူမ ပြုလုပ်ခဲ့သည့် အရာကို ပြန်၍ကြောက်နေသည်။ သူမဘက်သို့ လှည့်လျက်ရှိသော ထိုမျက်နှာသည် "ဘာကြောင့် ငါ မွေးလာရသလဲ" ဆိုသော မေးခွန်းကို မေး၏။

"ငါ ဘယ်သိမလဲ" ဟု သူမသည် ကျယ်လောင်စွာ ဖြေ၏။ ဟင်းလင်းဟာသော အခန်းတွင်း၌ သူမ၏ အသံသည် ပဲ့တင်ပြန်ကာ သူမသည် ပတ်လည်၌ မှောင်ရီနေသည်ကို သတိထားမိ၏။ ပြတင်းပေါက်မှ ထွက်ကြည့်သော် တော၏ ဟိုဘက်၌ အင်မတန် နီရဲသော နေဝင်ချိန်ကို တွေ့မြင်ရ၏။

"ငါ တစ်နေ့လုံး အလုပ် လုပ်နေတာကိုး" ဟု သူမသည် တွေဝေ၍ တွေး၏။ အပေါ်ဝတ် အကြမ်းထည်ကို ချွတ်ကာ ဆံပင်ကိုသပ်၏။ ထို့နောက် "မှာက် ပြန်လာတော့မယ်" ဟု တွေး၏။ မှာက်။ အို... သူ့အကြောင်းကို တစ်ခါမှ မတွေးမိခဲ့ပါလား၊ သို့သော် ယခုမူ သူ့အကြောင်း တွေးမိသော် အိမ်သည် သူမ၏ ခြေအောက်၌ရှိကာ အိမ်မိုးသည်လည်း သူမ ခေါင်းပေါ် ရောက်ခဲ့ပေ၏။ သူမ ပြုလုပ်ထားသော ပစ္စည်းများကို ကြည့်ပင် မကြည့် သော်ဘဲ အောက်ထပ်သို့ ပြေးဆင်းလေ၏။

မှာက်အတွက် ညစာကို ကမန်းကတန်းပြင်ရင်း သူမသည် ကြာမြင့် လှစွာ အဝေးသို့ ရောက်နေခဲ့သည်ဟု ထင်နေ၏။ ဝဲလင်းဆောင်မှာကား သူမ ပြုလုပ်ခဲ့သော အရာသည် အမှန်မလွဲ ရှိမြဲရှိနေသည်ပင်။ ထိုရှိနေသော အရာသည် သူမ ကိုယ်၏ တစ်စိတ်တစ်ဒေသ ဖြစ်သော်လည်း သူမနှင့် မဆီမဆိုင် တစ်ဘာသာ သတ်သတ်နေပေသေး၏။ သူမသည် အားကုန် နွမ်းလျကာ အထီးကျန်သလို ခံစားရသော်လည်း ကျေနပ်ပြည့်ဝသည်။

ရုတ်ခြည်းပင် မှာက်ကို မခံရပ်နိုင်အောင် တွေ့ချင်လာ၏။ မှာက်၏ နှုတ်ခမ်းများ လက်များနှင့် ထိတွေ့ဖို့။ စိတ်မာန်ပါသော မှာက်ကို အကောင် အထည်နှင့် တွေ့ဖို့။ သူမသည် ငတ်မွတ် တောင့်တနေပေ၏။ အဘယ် ကြောင့်ဆိုလျှင် သူမသည် ကြာမြင့်လှစွာ အဝေးသို့ ရောက်နေခဲ့ သောကြောင့် ပင်တည်း။ သူစားဖို့ အဆင်သင့်ဖြစ်ရန် ပျာယာခတ်နေရ၏။ နောက်ဆုံး၌ မှာက်သည် အိမ်ထဲသို့ ဝင်လာကာ "စုဘယ်မှာလဲဟေ့" ဟူသော ကျယ် လောင်၍ စိတ်ဖောသန်သော အသံကို ကြားလျှင်ကားသူမသည် သူ့ကိုယ် ရှိရာ ပြေးခုန်၍ တွေ့ကာ ကျပ်ကျပ်ဖက်ယမ်းလေ၏။

"အို... မှာက်ရယ်၊ အို... မှာက်" ဟု သူမ တီးတိုးခေါ်၏။ မှာက်သာ ညဥ့် ညဥ့် ပြန်မလာဘူးဆိုလျှင် သူမ ဘာများ လုပ်ရမလဲ။

"ဘယ်လောက်ရှည်တဲ့ နေ့ကြီးလဲ စုရယ်၊ နေ့လယ်စာ ပြန်မစားရတဲ့ နေ့များဟာ သိပ်ကြောက်စရာ ကောင်းတာပဲ"

သို့သော် ထိုနေ့သည်ကား လေတစ်သုတ် ဝှေ့သွားသလို ကုန်လွယ် ခဲ့သည် သာဖြစ်၏။ မှာက်၏ ဖက်ပိုးတွင် မျက်နှာကိုမြှုပ်ရင်း "တို့ရဲ့ ဘဝမှာ ဒီနေ့ဟာတော့ ဗလာပဲ" ဟု စုဇန်တွေး၏။ ထိုနေ့သည် မှာက်နှင့်အတူ နေထိုင်ခဲ့သောနေ့ မဟုတ်ပေ။ သူမသည် မှာက်နှင့် ပူးကပ်၍သာ နေရမည်

ဖြစ်၏။ သူမသည် ခေါင်းကို ဆိုးဆိုးဆတ်ဆတ် မော့ကာ အော်ပြော၏။ "မော့က် စု ကလေးတစ်ယောက် လိုချင်တယ်၊ အို... မော့က်ရယ်၊ သိပ်လိုချင်တာပဲ၊ အဟုတ်ပါ"

"ဟင်... ဖြစ်မှ ဖြစ်ရတယ် စုရယ်" ဟု မော့က်က အံ့သြခြင်း ကြီးစွာဖြင့် ပြော၏။ စုဇန်က စိန်းစိန်းကြည့်ကာ စိတ်ထိခိုက်ပြီး အနည်းငယ်ပြုံး၏။ "ဘယ်လိုကောင်မလေးပါလိမ့်" ဟု သူမကို မတည်မငြိမ်ပြော၏။ ထို့နောက် မော့က်သည် ရယ်မောကာ "နေပါဦးလေ၊ ညစာ စားပြီးတဲ့အထိတော့ စောင့်ဦးမှပေါ့" ဟု ပြောလေသည်။

"ပထမတန်းစား ညစာ စားပွဲကြီးပါပဲ" ဟု ဆိုရင်း မော့က်သည် နောက်သို့မှီကာ သူ့ဆေးတံကို ဆေးသိပ်လေ၏။ "လသာဆောင်ကို သွားကြရအောင်ကွာ"

သူတို့ ထွက်လာသော် တောကလေးပေါ်၌ ခိုနေသော ဆန်းသစ်စလကို တွေ့ကာ ထိုလရောင်၌ သူတို့ ထိုင်ကြလေ၏။ သစ်ရွက်နှင့် လုပ်သော ကုလားထိုင် နှစ်လုံးရှိရာ မော့က်က တစ်လုံး၌ထိုင်၏။ စုဇန်ကမူ လှေကားအပေါ်ဆုံးထစ်၌ ထိုင်ကာ သူမ၏ ခေါင်းကို မော့က် ဒူးခေါင်းများပေါ်သို့ မှီလေ၏။ မော့က်က ကုန်း၍ သူမ၏ မျက်နှာကို ဖြုန်းခနဲ လှည့်ယူလိုက်ရာ လရောင်သည် တစ်မျက်နှာလုံးပေါ်သို့ အနှံ့ ကျရောက်လာလေသည်။

"ကလေးလိုချင်တယ်လို့ မောင့်ကို ပြောရအောင် စု ဘာဖြစ်သွားတာလဲ" ဟု ဖြုန်းခနဲ မေးလေ၏။

သူမက ခေါင်းခါ၏။ "မသိဘူးမောင်၊ လူဆိုင်းရဲ့ ကလေးကြောင့် ဖြစ်ရင်ဖြစ်မှာပဲ၊ ဒီနေ့ ကလေးလေးကို ခဏချီလိုက်တော့လေ ကလေးက လက်မောင်းမှာ အတင်းတိုးဝင်နေတာပဲ... "

သူက စုဇန်၏ဆံပင်များကို နောက်သို့ သပ်ရပ်ပေး၏။ "လူဆိုင်းကို မြင်ရတာနဲ့ စုကို ကလေးမွေးနိုင်းရမှာ ကြောက်နေပြီ၊ လူဆိုင်းစိတ်ထဲဘယ်လို ရှိနေတယ် ဆိုတာသိတော့ ဟဲက သိပ်စိတ်ရှုပ်နေတာ၊ ဟဲက ပြောတယ်၊ ကလေး နှစ်ယောက်စလုံးဟာ မတော်တဆ ရလာတာပါတဲ့၊ လူဆိုင်း အသင့်မရှိသေးခင် တော်မီကို မွေးတာကိုး၊ သူတို့ ဆုံးဖြတ်ထားတာက အစေခံ တစ်ယောက် မထားနိုင်သေးသရွေ့ ကလေးမရအောင် လုပ်ဖို့တဲ့၊ မောင်တော့... အေးလေ စု သိသားပဲ၊ စု တကယ်ပဲ သေချာမှ... "

"စုသာဆိုရင် စုတို့ အစေခံထားထား မထားထား၊ စုဘဝမှာ လိုချင်တဲ့ အရာတစ်ခု အတွက်တော့ ဘာမှ ဆုံးဖြတ်ထားမှာ မဟုတ်ဘူး" ဟု စုဇနီက အေးဆေးစွာပြော၏။ မှော်က ဘာမျှ မပြောသော်လည်း သူ့ဆေးတံမှ ပြင်းပြကာ ဆေးရှူသံကို ဖောက်ခနဲ စုဇနီ ကြားလိုက်ရ၏။ မှော်၏ ကြီးမားငြိမ်ဆိမ်သော လက်များက စုဇနီ၏ ဆံပင်ကို သပ်ကာ သူမ၏ လည်ကုပ်ကို ထိလာ၏။ သူတို့ နှစ်ယောက်သည် အလွန် နီးကပ်နေကြလေရာ သူမသည် "ဒီနေ့ ကလေးလေး တစ်ယောက်ပုံ ထုလိုက်တယ် မှော်၊ အဲဒါ... " စသည်ဖြင့် ပြောမိတော့မလို ဖြစ်လေ၏။ သို့သော် သူမက မပြောဖြစ်ခင် မှော်က စကားပြောသည်။

"တစ်ခါတလေ... မောင့်ကို စု ဘာဖြစ်လို့ ယူတယ်ဆိုတာ အံ့ဩမိတယ်" ဟု သူကပြော၏။ သူ့အသံ၌ မုန်းစရာကောင်းသော အောက်ကျကျိုးနွံမှုသည် ယခင်အတိုင်း ပြည့်ညပ်လျက် ရှိပြန်၏။

"မှော်" ဟု သူမက ချက်ချင်း လှည့်လာ၏။ "မှော်ကို ချစ်တာကိုး..."

သူက သိလိုဟန်ဖြင့် "ဘာကြောင့် ချစ်တာလဲဆိုတာ တွေးမရဘူးလေ၊ မောင်ဟာ တကယ့်ကို သာမန်လူစား တစ်ယောက်ပဲ"

"မဟုတ်ပါဘူး" ဟု သူမက အော်၏။

"ဟုတ်ပါတယ်... ဒီတစ်လမ်းလုံးမှာ မောင့်လို လူစားမျိုးတွေချည်းပဲ၊ ဟဲ၊ တွမ်ပေ့၊ ဘော့ရက်ပလင်၊ မောင်တို့တစ်တွေဟာ တစ်စားတည်းပဲ"

"အို... ဒီလို မပြောပါနဲ့၊ မောင်ဟာ သူတို့နဲ့ တစ်စိမှ မတူပါဘူး"

"မောင်တို့တစ်တွေဟာ စိတ်သဘော ကောင်းတယ်၊ ရိုးဖြောင့်တယ်၊ အလုပ် ကြိုးစားတယ်၊ ဒါပေမဲ့ မောင်တို့ သေတဲ့အခါကျလည်း ဒီထက်ဘာမှ ပိုမထူးတဲ့ လူတွေအတိုင်း သေမှာပဲ၊ မောင်လည်း မောင့်အဖေလိုလာမှာပဲ၊ သူနဲ့ အမေနဲ့စပြီး နေကြတဲ့ ယာခင်းက အိမ်ကလေးမှာပဲ တစ်သက်လုံး စိတ်ပူစိတ်ရှုပ်ပြီး သွားရသလို ပေါ့၊ အမြဲတမ်း ချောင်လည် လာမလားလို့ မျှော်လင့်နေပြီး ဘယ်တော့မှလည်း မချောင်လည်သလိုပေါ့၊ မောင်တို့လည်း အတူတူနဲ့ အနူနူပဲ၊ ဟဲ ပြောလိုက်တာ ကြည့်ပါလား၊ လခ တိုးပြီးရရင် ရချင်းတဲ့လေ"

"ဒါပေမဲ့ မောင့်ကိုမှ စု ချစ်တယ်ဆိုရင်ကော၊ ဟဲ တို့ တွမ်တို့၊ ဘော့

တို့ကို စုကမှ မချစ်ဘဲ"

"စု ဘာကြောင့် မောင့်ကိုချစ်တယ် ဆိုတာ တွေးမရပါဘူးဆိုနေ၊ စုကထူးတယ်၊ စုက လူဆိုင်းတို့တစ်တွေနဲ့ တူမှမတူဘဲ"

"စုက မထူးပါဘူး၊ အတူတူပါပဲ၊ စုက ထူးလည်း မထူးချင်ပါဘူး"

"မထူးချင်ပေမဲ့ မနေရဘူးလေ... တတ်နိုင်တာမျိုးမှ မဟုတ်ဘဲ"

"အို... မပြောပါနဲ့၊ မပြောပါနဲ့၊ ဒီလိုဆိုရင် စုဟာ သိပ်ပြီးအထီးကျန်နေအောင် လုပ်တာနဲ့ အတူတူပဲ..."

သူမသည် မှာက်၏ ဒူးခေါင်းကို ပွေ့ဖက်ကာ သူ့နားတိုးလေ၏။ မဖြစ်တော့။ ထိုနေ့ ဘယ်လို ကုန်ဆုံးခဲ့သည်ကို သူ့ကိုပြော၍ မဖြစ်တော့။ သူ့ကို ဘယ်သောအခါမျှ ပြော၍မဖြစ်။

"စုတို့ ကလေးလေး တစ်ယောက်ရရင် ကောင်းမှာ၊ မောင်စုကို ကူဖို့ ဘယ်သူမှ မလိုချင်ပါဘူး၊ စုလုပ်နိုင်တာရဲ့ တစ်ဝက်တောင် စုမလုပ်ရပါဘူး၊ စုက အလုပ် များနေတာမှ ကြိုက်တာ... "

"စု တကယ်ပြောတာလား၊ အခုလား... " သူ၏ လက်များသည် သူမ၏ လည်ကုပ်ပေါ်တွင် တုန်ယင်နေသည်ကို ခံစားရလေ၏။

"အင်း" ဟု တီးတိုးပြောလိုက်ကာ သူ့လက်ကို သူမ၏ လက်နှစ်ဖက် စလုံးဖြင့် ကိုင်ကာ သူမ၏ လည်ပင်းပေါ်သို့ အုပ်စေလေ၏။ သူမ၏ နှလုံးသည် သူ့လက်ဖဝါးပေါ်၌ ခုန်နေသည်ကို ခံစားရပြန်၏။ "စု... စု" ဟု တီးတိုးပြော၏။

မှာက်က မိနစ်အနည်းငယ်မျှ စောင့်နေ၏။ ကုန်း၍ သူမကို ကြည့်၏။ လရောင်အားဖြင့် သူ၏ ထောင့်ကျ၍ နပျိုသော မှာက်၏ မျက်နှာမှ မျဉ်းကြောင်းများ၊ မျက်နှာပြင်များကို ကြည့်လေ၏။ မှာက်က စကားမပြော။ မှာက်က တိတ်ဆိတ်နေစဉ်အတွင်း စုဇနဲသည် ခေါင်းကိုတစ်ဖက်သို့ လှည့်ကာ တော၏ ဟိုတစ်ဖက်သို့ ငေးမျှော်လျက် ရှိလေ၏။ အချိန် အတော်ကြာသွားလေ၏။ ထို့နောက် ဖြန်းခနဲပင် မှာက်သည် ထရပ်လိုက်ကာ သူမကို ဆွဲထူလေသည်။ မှာက်၏ လက်များသည် သူမကို ရစ်သိုင်းလျက်။ သူတို့ အိမ်ထဲ ဝင်ကြ၏။ လမ်းတစ်လျှောက်ရှိ တစ်အိမ်အိမ်မှ ရေဒီယိုဖွင့်သံ ကြားလေ၏။

"ဘာကြောင့်လဲဆိုတော့ မင်းက အထက်လမ်းကသွားပြီး ငါက

အောက်လမ်းက သွားမှာမို့ပါကွယ်" ဟု သီချင်းသံ ထွက်လာ၏။ မှာက်က တံခါး ပိတ်ကာ သော့ခတ်၏။ နှုတ်ဆိတ်ကာ နှစ်ယောက်သား အပေါ်ထပ်သို့ တက်ကြလေသည်။

ဝဲလင်းဆောင်ရှိ ဝမ်းဗိုက်သဏ္ဍာန် ကိုယ်ခန္ဓာမှ မေးခွန်းမေးဟန် ခေါင်းမော့ ကာနေသော ရုပ်ပုံကွေးကွေးကို တစ်ခါတစ်ရံ သူမ တွေးမိ၏။ သို့သော် ထိုအတွေးကို လျင်မြန်စွာ ဖယ်ပစ်လိုက်တတ်သည်။ တစ်ခါကမူ မှာက်၏ အောက်ကျကျိုးနွံခြင်းကို သတိရကာ အပေါ်ထပ်သို့ တက်၏။ သူမသည် ထိုရုပ်တုကို ဖျက်ဆီးပစ်ဖို့၊ အစိတ်စိတ် အမွှာမွှာ ချိုးဖဲ့ပစ်ဖို့။ ရွှံ့စေးပုံမျှသော အဖြစ်သို့ ရောက်အောင်ပိုဖို့ကို သန္နိဋ္ဌာန်ချပြီးဖြစ်၏။ သို့သော် ထိုရုပ်တုဘေး၌ ရပ်သည့်အခါ သူမ မလုပ်ရက်နိုင် ဖြစ်ရလေ၏။ ရုပ်တုသည် သတ္တဝါတစ်ခုအဖြစ်သို့ ရောက်နေပြီးဖြစ်၏။ သူမ မဖျက်ဆီးရက်သော အသက်တစ်ချောင်းလို သူ့နည်းသူ့လမ်းဖြင့် ထိုရုပ်တု ရှိပြီး ဖြစ်၏။ မဖျက်ဆီးရက်နိုင်အောင် သတ္တဝါတစ်ခုအဖြစ် အသက်ဝင်လျက်ရှိပြီဟူသော အတွေ့အကြုံမျိုးကို သူမ၏ ဦးနှောက်ဖြစ်ပေါ်နိုင်သည်မှာ ထူးဆန်း၏။ ရုပ်တု၏ မျက်နှာကို တွေဝေငေးမောကာ ကြာမြင့်စွာ ရုပ်တုကို ကြည့်နေလေ၏။ ပြီးတော့လည်း သူမ၏ လက်နှစ်ဖက်ဖြင့် ရွှံ့စေးကို ပုံသဏ္ဍာန်ထင်အောင် လုပ်သကဲ့သို့ သူမ ကိုယ်တိုင်၏ ကိုယ်တွင်း၌လည်း ပုံသဏ္ဍာန် တစ်ခု ဖြစ်နေပြီဖြစ်၏။ ပုံသဏ္ဍာန် တစ်ခုကို သိနားလည်သည်ထက် ပို၍ ကျန်တစ်ခုကို မသိ။ ဤဘာမျှ မရှိသော ဝဲလင်းဆောင်ကလေး အတွင်း၌ ဘယ်ဟာသည် ပို၍ ကြီးကျယ်သော ပြုလုပ်ဖန်တီးခြင်းဖြစ်သည် ဆိုတာတောင် သူမ မပြောနိုင်။ သူမ၏ ကိုယ်တွင်းမှ ဖြစ်လာသော ကလေးသည် သူမ ဦးနှောက်တွင်းမှ ဖြစ်လာသော သည်ကလေးထက် ပို၍ အသိတရား ရှိနိုင်ပါမည်လား။ သူမသည် ရွှံ့စေးရုပ်ကို စိတ်မှ ပယ်ဖျောက်လိုသဖြင့် လျင်မြန်စွာ ထွက်လာခဲ့လေသည်။

ယခုမူ သူသည် ရုပ်နှင့်သာ တည်နေချင်၏။ ပြုလုပ် ဖန်ဆင်းခြင်းဆီသို့ သူမ၏ ရုပ်က ဖျတ်ခနဲ ခုန်လိုက်ခြင်း၌ ပျော်ရွှင်၏။ ချက်ချင်းလက်ငင်းပင် သူမ၏ ရုပ်ခန္ဓာသည် ပေးလိုက်သည့် ဘဝမျိုးစေ့ ဖမ်းဆုပ်မိကာ ထိုခဏ၌ သူမသည် ကလေးနှင့် ဖြစ်နေလေပြီ။ ထိုအတွက် သူမသည် စိတ်ကြီးဝင်ကာ တစ်မနက်၌ မှာက်ကို ကြွားမိသည်မှာ "စုလေ... အစပြု

နေပြီရှင့်"

"ဘာ… ဟုတ်နေပြီလား၊ ကြည့်စမ်း… မောင် ထင်နေတာက၊ မောင်တော့ ရတဲ့ငွေကို ရေရတော့မယ်"

ထိုတစ်ညတွင် သူတို့နှစ်ယောက်သည် အထူးဂရုပြုကာ ငွေကို စစ်ကြလေသည်။ မှာက်သည် တစ်ပတ်လျှင် ငါးဒေါ်လာမျှ တိုး၍ ရလေသည်။ ထိုငွေကို ဆရာဝန်ပေးဖို့ထား။ မှာက်က ကြေးပြားမကျန် ရေတွက်နေစဉ် သူမက မေးထောက်၍ သူ့ဘေးတွင် ထိုင်နေလေသည်။

"မောင်တို့ တတ်နိုင်ပါတယ်"ဟု နောက်ဆုံး၌ ဂဏန်းစာလုံး အနည်းငယ်ဖြင့် ပြည့်အောင် ရေးထားသည့် စာရွက်ဆီမှ ခေါင်းထောင်ကာ မှာက်ပြော၏။ "ဝမ်းသာလိုက်တာ၊ ကလေးအတွက် ကုန်တဲ့ငွေကို မွေးလာတဲ့အခါကျလို့မှ မပေးနိုင်ရင် စိတ်ညစ်စရာကြီး၊ ဒါပေမဲ့ ဒေါ်လာငါးဆယ်နဲ့ အဝတ်အစား ဝယ်ဖို့ လောက်ပါ့မလား၊ ဟင်… စု သေချာရဲ့လား"

သူမသည် ခေါင်းညိတ်၏။ "သိပ်ကို သေချာပါတယ်လေ" ထိုငွေနှင့် ပြည့်စုံအောင် သူမ ကြည့်လုပ်ရမည်ဖြစ်၏။ အားလုံးကို သူမ ကိုယ်တိုင်လုပ်ကာ ငွေကို ထပ်၍မသုံးဘဲနေရမည်။

"တစ်ခုကတော့ ငွေနည်းနည်းလောက် ရအောင်တော့ စု လွယ်လွယ်ကလေး လုပ်နိုင်ပါတယ်" ဟု သူမက ပြောလိုက်၏။

"အလိုလေး… မလုပ်ရပါဘူး ခင်ဗျား၊ ကျွန်တော့်သားအတွက် ကျွန်တော်က အကုန်ခံရမှာပေါ့"

"စုရဲ့သားရော မဟုတ်ဘူးလား"

"မောင်ပြောတာ နားလည်တယ် မဟုတ်လား စု" ဟု သူက တင်းမာစွာ ပြောကာ သူမကို စာရွက်ကလေး ကမ်းလိုက်၏။

"အဲဒါတွေဟာ စုဖို့ စည်းကမ်းချက်တွေပဲ၊ ဒါတွေရဲ့ နယ် အကျယ်အဝန်း ထဲမှာတော့ လုံးဝ လွတ်လပ်ခွင့် ရပါတယ် ကလေးမ"

နောက်တစ်နေ့ မနက်၌ အိမ်သည် မနက်ခင်း၏ သန့်ရှင်း၍ ပြုပြင်လွယ်သော အကြည့်နှင့် သူမကို ပြန်ကြည့်နေသည်အထိ အိမ်ကို ပြင်ပြီးသော် ပြတင်း၌ ထိုင်ကာ စာရွက်ပေါ်ရှိ ဂဏန်းများကို ကြည့်လေ၏။ ဒေါ်လာငါးဆယ်။ ထိုမျှသော နယ်အကျယ်၌ သူမသည် လုံးဝ လွတ်လပ်ခွင့်ကို ရသည်။ ဘာတွေ လုပ်နိုင်သည်။ ဘယ်လောက် ကောင်းမွန်လှပသည့်

အစများကို ဝယ်နိုင်သည်။ နုနယ်သေးကွေးသော ပုံကလေးများ ဖြစ်လာအောင် လုပ်ဖို့ ဘယ်လို ပစ္စည်းများ လိုသည်ဆိုတာကို ကြည့်ရှုရဦးမည်မှာ ပျော်စရာဖြစ်ဦးမည်။ အို... ပျော်စရာ ဖြစ်ပေဦးမည်။ သို့သော် ဆိုင်ခန်းများရှိ အထူးခန်းများကို သူမသည် နှံ့အောင် လျှောက်ခဲ့ရာ သူမ သိရသည်မှာ ထို ငွေငါးဆယ်သည် "မောင်တို့ ပေးနိုင်တာကိုသာ မောင်တို့ ကလေးတွေ ရမှာပဲ" ဟု မှော်ကက ညက ပြောသည်။ သူ၏ နှုတ်ခမ်းများကို ကျပ်ကျပ် စေ့ပြီးနေသည်။

မနက်ကမှ နက်ရှိုင်းစိမ်းမြသော တောကိုကြည့်ကာ သူမသည် တစ်ယောက်တည်း ထိုင်နေပေ၏။ သူမကတော့ ဘာကြောင့် အကုန်မခံရပါသလဲ။ သူမ တတ်နိုင်သမျှ ကလေးကို မပေးရဟူသည်မှာ အကျိုးအကြောင်း မဆက်စပ်။ အစွမ်းကုန် လုပ်ရမည့်သူမှာ ဘာကြောင့် မှော်တစ်ယောက်တည်း ဖြစ်ရပါမလဲ။

စင်စစ် မိန်းမသည် ယောကျ်ားထက်ပို၍ မိမိ၏ကိုယ် မိမိ၏အချိန်ကို ပေးနိုင်ပေသေး၏။ ထို့ပြင် တခြားနည်းလမ်းဖြင့် သူမက ပေးနိုင်သည့်အရာကို ဘာကြောင့်မပေးဘဲ ထားရပါ့မလဲ။ အိမ်နောက်က နေရောင်ဝင်သော အိပ်ခန်းကို ကလေးခန်း လုပ်နိုင်သည်။ ကလေးနှင့် သင့်တော်သည့် ပရိဘောဂ သေးသေး ငယ်ငယ်ကလေးများ ထားချင်သည်။ သည့်ထက် ကောင်းအောင် လုပ်စရာလည်း မလိုအပ်။ သူမက ငွေရအောင် တတ်နိုင်လျက် မလုပ်လျှင် သူ့အပေါ် တရားရာကျမည်မဟုတ်။ သူမသည် ဖျတ်ခနဲ ထ၏။ မှော်သည် သူမနှင့်တကွ ကလေးကိုပါ ချုပ်ချယ်နေခြင်း ဖြစ်တော့သည်။ ဒါကို သူမြင်ရမည်။ သူ မြင်လာအောင် သူမ လုပ်မည်။ တောထဲသို့ ကြာမြင့်စွာ ငေးမောကြည့်နေပြီးလျှင် အပေါ်ထပ်သို့ တက်၏။ အစိမ်းရောင် တွီဝတ်စုံကို လဲ၏။ သေးငယ်သော ဦးထုပ်ညိုကလေးကို ဆောင်းကာ မြဲမြဲ ဖျတ်လတ်စွာ မစ္စစ်ဖောင်တိန်၏ အိမ်သို့လျှောက်ကာ လူခေါ် ခေါင်းလောင်းကို ဆွဲလေသည်။

"မစ္စစ်ဖောင်တိန်ကို တွေ့ပါရစေ" ဟု ဦးထုပ်ဖြူ ဆောင်းသည့် အစေအပါး မိန်းမကို ပြော၏။

"မစ္စစ် ဖောင်တိန် ဥယျာဉ်ထဲမှာ ရှိပါတယ်၊ ညှော်သည်တွေနဲ့မို့" ဟု ထိုမိန်းမက ဆုတ်ဆိုင်းနေစဉ် မစ္စစ်ဖောင်တိန်သည် ပွင့်နေသော ပြင်သစ်

ဘဲခါးပေါက်မှ နှင်းဆီပန်းများ တစ်ပွေ့တစ်ပိုက်ကြီးနှင့် လျင်မြန်စွာ ဝင်လာ၏။

"အို… ညည်း ရောက်နေတာကိုး၊ ကျုပ်တို့တောင် ညည်းအကြောင်း ခုပဲ ပြောနေကြသေးတယ်။ လူတကာတော့ မြားနတ်မောင်ရှူး ရှူးနေကြပြီလေ၊ ဒေးဗစ်သာ…၊ နေလာလာချင်း ကျုပ်အရုပ်ကလေး ပြလိုက်ရဦးမယ်၊ ဥယျာဉ်ထဲ သွားရအောင်လားဟော့၊ ဩော်… ဒိုရာ ဒီပန်းတွေ ရေထဲစိုက်လိုက်စမ်း"

မစ္စစ်ဖောင်တိန်၏ လက်မောင်းသည် သူမ၏ လက်မောင်းကြားထဲတိုးဝင် လာခဲ့သည်ကို စုဇန်သိရလေ၏။ မစ္စစ်ဖောင်တိန်၏ ဖော်ရွေ ရင်းနှီးသော စကားလေသံတွင် စုဇန် မြောပါ၍ သွားလေ၏။ လူတိုင်းပင် မြားနတ်မောင်ရှူး ရှူးနေကြပြီဖြစ်ရာ၊ မစ္စစ်ဖောင်တိန်၏ အသံတွင် နတ်ရုပ်ကလေးအတွက် သံသယ ဖြစ်ဟန် မရှိတော့ချေ။ "သူတို့အားလုံး မြားနတ်မောင်ရုပ်တွေ လိုချင်ကုန်ကြပြီတဲ့ ကလေးမရယ်" မစ္စစ်ဖောင်တိန်လည်း ကျန်လက်တစ်ဖက်ဖြင့် ရေကန်တစ်ပိုက်တွင် ပျင်းရိလေးတွဲ့စွာ ထိုင်နေကြသောမိန်းမများကို အားရပါးရ လှုပ်ယမ်း၍ ပြ၏။ မိန်းမတစ်တွေ၏ အဝတ်အစားများမှာ အနောက်မှ ညို့မှိုင်း၍ အမြဲစိမ်းလန်းသော တောစည်းရိုးကို ဆန့်ကျင်ကာ ပြာတစ်တန့်၊ ဝါတစ်လှဲ့၊ နီတချို့နှင့် ရှိပေ၏။

"ဒီမှာလေ မြားနတ်မောင်ရဲ့ မယ်ကလေးရှင့်" ဟု မစ္စစ်ဖောင်တိန်က အော် ပြောလိုက်၏။ စုဇန်သည် သူတို့နားသို့ ရောက်လျှင် မိန်းမတစ်တွေက ကြင်နာတတ်၍ မျိုးရိုးကောင်းမှန်း သိရသော မျက်နှာများကို မော့ကြလေသည်။ စုဇန်သည် လက်ကောက်၊ လက်စွပ်များ အကွင်းကွင်းရှိသည့် နူးညံ့သော လက်များကို ဆွဲယူနှုတ်ဆက်ရလေ၏။ မိန်းမတစ်တွေ၏ အသံများကလည်း ဖော်ရွေစွာ ပြောကြသည်မှာ…

"ရေကန်ထဲမှာ သူ့အရိပ် သူ ကြည့်နေတဲ့ လူကလေးကို ကျွန်မတော့ သိပ်ချစ်တာပဲ"

"ရှင် ထုထားတာဟာ သာမန်မြားနတ်မောင် ရုပ်ကလေးမျှ မကပါဘူးရှင်"

"ကျွန်မတို့ကော ဘာထုပေးဦးမလဲရှင်"

"ဘာလိုချင်ပါသလဲ" ဟု သူမက ဖျတ်ခနဲ မေး၏။ သူမ သည်ကိုလာသည့် အကြောင်းတော့ မှာက်ကို ပြော၍ မဖြစ်။

"ကလေးမက သူ့ကိုယ်သူ မစွစ်မက်ကီးနင်းလို့ ပြောတာပါပဲ" ဟု မစွစ်ဖောင်တိန်က သူမ၏ အောင်မြင်သော အသံဖြင့် စည်စည်လွင်လွင် ပြောလေ၏။ "ဒါပေမဲ့ သူဟာ စုဇနီ စုဇနီပါပဲ"

မိန်းမတစ်တွေသည် လွယ်ကူမြန်ဆန်စွာ စုဇနီနှင့် ရင်းနှီးသွားကြလေသည်။ "အို...စုဇနီရယ်၊ ကျွန်မ ဥယျာဉ်ထဲ လာကြည့်စမ်းပါ၊ ပြီးတော့ အရုပ်တစ်ခု ထုပေးပါနော်၊ ရေပန်းကလေးတစ်ခု ဖြစ်ဖြစ်ပေါ့"

"စုဇနီ ရှင်ခေါင်းပုံ ထုလေ့ရှိသလားဟင်၊ ကျွန်မမှာ ကလေး တစ်ယောက် ရှိတယ်၊ သူ့ခေါင်းကလေးချည်း ကြည့်ရင်တော့ ခရစ်တော် မွေးစအတိုင်းပါရှင်"

သူတို့၏ နှစ်လိုဖွယ် ကောင်းသော ဖော်ရွေခြင်းမှာ လိုက်ပါမိကာ စုဇနီသည် အားလုံးကို ကတိပေးလေ၏။ "ဟုတ်ကဲ့ရှင့်၊ ဥယျာဉ်ကို လာကြည့်ဦးမယ်လေ၊ ရှင့်သားကလေးကိုလည်း တွေ့ချင်လိုက်တာ"

ထိုဥယျာဉ်၊ စက်တင်ဘာလ၏ နူးညံ့သာပြေသော ထိုလေညင်း၊ ကြေးငွေ ကြွယ်ဝ၍ လှပသော ထိုမိန်းမများကြောင့် ထိုကာလမှာ ဒဏ္ဍာရီစာအုပ်မှ စာမျက်နှာ တစ်ရွက်နှင့် သဏ္ဍာန်တူလာပေ၏။ ချမ်းသာသူများဟာ ဘာကြောင့်များ ဖော်ရွေကြ၊ ကြင်နာကြပါလိမ့်။ သေးကွေး၍ စိတ်ထက်သန်သော်လည်း ကြောင့်ကြမကင်း ရှိတတ်သည့် ဆင်းရဲသော မစွစ်ဆန်ဖို့ကို တွေးမိ၏။ ထိုအခိုက်တွင် မစွစ်ဖောင်တိန် ပြောပြနေသည်မှာ...

"မိန်းကလေးမှာ သူမတူတဲ့ ဆုတောင်း ရှိခဲ့တယ်ရှင့်၊ တစ်နေ့နေ့မှာ ကျွန်မတို့ အံ့အားသင့်ရအောင် သူ တစ်ခုခု လုပ်ပြလိမ့်မယ်"

စုဇနီသည် အကြောက်တစ်ဝက်နှင့် မော့၍ကြည့်ရာ မစွစ်ဖောင်တိန်၏ အာမခံဟန်ဖြင့် ကြင်နာသော အပြုံးကို တွေ့၏။

"အို... ဒီလိုတော့လည်း မဖြစ်" ဟု သူမက စ,ရုံရှိသေး၏။

"ဟုတ်ပါတယ်၊ ညည်းဖြစ်နိုင်ပါတယ်" ဟု မစွစ်ဖောင်တိန်က သူမဦးထုပ်ဖြင့် သူမဘာသာ ယပ်ခတ်ရင်း တထစ်ချ ပြောလေသည်။ "တစ်နေ့နေ့မှာ မြားနတ်မောင် အရုပ်ကလေးကို လက်ညှိုးထိုးပြီး ပြောပြရမှာ ရှိသေးတယ်၊ ဟုတ်ပါတယ်၊ ဟုတ်ပါတယ်၊ အဲဒါ စုဇနီဂေးလော့ ငယ်စဉ်က လက်ရာ ပေါ့၊ သူ ဒီမှာ နေသွားတာပဲရှင့်၊ သိလား၊ သူ့ ကလေးဘဝရဲ့ အိမ်လေ၊ အဲဒီလိုပေါ့ အေရယ်၊ အမယ်... ကျွန်မလက်မ နင်းဆီဆူး မြက်

သွားပြီ" မစွစ်ဖောင်တိန်သည် ဆတ်ခနဲ တုံ့ကာ သူမ၏လက်မကို ပါးစပ်ဖြင့် ငုံလေ၏။

"ကျွန်မ လုပ်ပေးမယ်" ဟု စုဇန်က ပြောကာ မစွစ်ဖောင်တိန်လက်ကို ဆွဲပြီး သူမကိုယ်တိုင် လက်မနှင့်လက်ညှိုး ညှပ်ကာ ဆူးကို ထုတ်ယူလေသည်။

"ညည်းလက်တွေ ညည်းပြန်ကြည့်စမ်း" ဟု မစွစ်ဖောင်တိန်က လွှတ်ခနဲ ပြောကာ စုဇန်၏ လက်များကို မှောက်ကာ လှန်ကာ ကြည့်လေသည်။ "ဒီလို လက်မျိုးများ မြင်ဖူးရဲ့လား"

မိန်းမများက အသက်မရှူနိုင်အောင် စိတ်ပါဝင်စားခြင်းနှင့် သူမ၏လက်ကို ဝိုင်း၍ ငုံ့ကြည့်ကြလေ၏။ မှော်တောင်မှ သည်လို မကြည့်ခဲ့ဖူးပေ။ "ဟောဒီ လက်ထိပ်ကလေးတွေ မြင်လား" ဟု မစွစ်ဖောင်တိန်က မေးနေ၏။ လက်ထိပ်က ဝန်းလည်းဝန်းပြီး သန်လည်းသန်တယ်၊ ဒီအထဲက ပိုးကောင်နှုတ်ခမ်းမွေးလောက် နူးညံ့ပျော့ပျောင်းသေးတယ်၊ ဘယ်ဘက်ဖြစ်ဖြစ် လှန်ချိုးနိုင်တယ်၊ စုဇန်၏ လက်ညှိုးကို စပရိန်ချောင်းကဲ့သို့ နောက်ပြန်လှန်၍ ချိုးပြလေ၏။ စုဇန်လည်း သူမ၏ လက်ချောင်းများကို မိမိကိုယ်ပိုင်မဟုတ်သည့်ပမာ ထိုင်၍ ကြည့်နေလေသည်။ သူမ လက်များ၌ အမှန်ပင် တစ်စုံတစ်ရာ ရှိလေသလား။ မစွစ်ဖောင်တိန်သည် လက်ချောင်းများကို ချစ်စနိုးပုတ်ရင်း စုဇန်ပေါင်ပေါ် အသာအယာ တင်ပေးလိုက်၏။

မစွစ်ဖောင်တိန်ကို မြမြစွာ ပြော၏။ "မြားနတ်မောင်ရုပ်ကလေး ညည်းယူ လာကတည်းက ညည်းဟာ ဘယ်လိုမိန်းကလေးလဲ ဆိုတာ ကျုပ်သိပါတယ်၊ တကယ်တမ်း ပြောရရင်တော့ အစဦးကဆိုရင် ညည်း မဖြစ်နိုင်တာ လုပ်လာမှာပဲလို့ စိုးရိမ်မိပါရဲ့၊ လူကြီးလူကောင်း တစ်ယောက်ရဲ့သမီး၊ ပညာသင်ဖူး တတ်ဖူးတဲ့ မိန်းကလေး တစ်ယောက်မျှပဲပေါ့အေ...၊ ဒါပေမဲ့ အရုပ်ကလေးလည်း ညည်းယူလာရော ညည်းဟာ ဘယ်မှာမွေးတယ်၊ ညည်းမိဘ ဘယ်သူဖြစ်တယ်၊ ညည်းဘယ်သူ့ကို လက်ထပ်တယ် ဆိုတာ၊ အို...ဘာပဲဖြစ်နေနေ ကိစ္စမရှိပါဘူးဆိုတာ သိရတယ်၊ တစ်နေ့နေ့မှာတော့"

"ဒီမြို့က ထွက်သွားဖို့တော့ စဉ်းစားလို့ မရပါဘူး" စုဇန်က လျင်မြန်စွာ ပြော၏။ "ဒါဟာ ကျွန်မရဲ့ အိမ်ပဲ၊ ကျွန်မရဲ့ သူငယ်ချင်းတွေ၊ ကျွန်မရဲ့ အိမ်သားတွေ... ကျွန်မ တခြားမှာ နေဖို့ စဉ်းစားမရပါဘူး"

မစွစ်ဖောင်တိန်က ပြုံးကာ သန်းဝေလေသည်။ "ညည်းကလေးပဲ ရှိသေးတယ်၊ စုဇန်ဂေးလော့" ဟု မှတ်ချက်ချ၏။

"အလို... ကျုပ် အိပ်ချင်နေပြီကော၊ ရှင်တို့အားလုံး အိမ်ပြန်ကြရင် ကျွန်မ သိပ်သဘောကျမှာပဲ၊ စုဇန်ရေ၊ သူတို့ကို ခေါ်သွားပြီး ဘာလိုချင်တယ် ဆိုတာ ကြည့်လုပ်လိုက်ပါဦး"

မိန်းမတစ်တွေလည်း တစ်ပြိုင်နက်တည်း ရယ်ကြလေ၏။ မိန်းမ နှစ်ယောက်မှာမူ စုဇန်အတွက် အပျော်အပြက် ရန်ဖြစ်နေကြပေ၏။ "ကျွန်မ ဥယျာဉ်ကို အရင်လာခဲ့ပါရှင့်"

"ဟင့်အင်း... ဒိုင်ယာနာ၊ ရှင်လည်း သိရဲ့သားနဲ့၊ ဒီနှစ်ပတ်အတွင်း မှာပဲ မိုက်ကယ် ကျောင်းသွားရတော့မှာ"

စုဇန်က ပြောသည်မှာ "နှစ်ခုစလုံး ကျွန်မ လုပ်နိုင်ပါတယ်၊ စိတ်ချပါ လေ၊ ဘာလုပ်ရမယ်ဆိုတာ သိပြီးရင် ကျွန်မ လုပ်လိုက်ရင် အင်မတန် မြန်ပါတယ်"

"ကောင်းပြီလေ၊ မိုက်ကယ်က ပထမ၊ နောက်တော့ ကျွန်မ ဥယျာဉ် ပေါ့ ဟုတ်လား"

သူမသည် ကားတစ်စီးတည်း ရောက်ကာ လိုက်ပါသွားရ၏။ မစွစ် ဖောင်တိန်က တတွတ်တွတ် ပြောကျန်ရစ်၏။ "ညည်း စလာပြီလေ၊ စုဇန် ဘယ်မှာ ဆုံးမယ်ဆိုတာတော့ ဘုရား သိပါတယ်ကွယ်"

သူတို့သည် မြို့ပြင်၌ မိုင်များစွာသွားပြီး ကြီးမားသော အိမ်ဖြူကြီး ရှေ့ဝယ် ရပ်ကြလေ၏။ အိမ်နေရာမှာ တစ်ခါက ကြွေးတင်သော လယ်ရှင် တစ်ဦး ပိုင်ဆိုင်ဖူးပေ၏။ ဆင်ဆွယ်ရောင် နံရံနှင့် ညှော်ခန်းတွင် စုဇန်ရပ်ပြီးမှ ဖန်မှန်စီသော ခန်းဆီး များ တပ်ဆင်ပြီး အခန်းရှည်ထဲသို့ ဝင်ရောက်နေ သည်။ ရွှေရောင်ဆံပင် ကွေ့လိမ်လိမ်နှင့် ထွားကျိုင်းလှပသော ၁၄–၅ နှစ် အရွယ် ကောင်ကလေးတစ်ယောက် စာအုပ်တစ်အုပ်နှင့် ကုလားထိုင်ပေါ် ကိုးရိုးကားယားထိုင်ကာ နေသည်ကို တွေ့၏။

"မိုက်ကယ်" ဟု သူ့အမေက ခေါ်လိုက်ရာ သူက ခေါင်းထောင် လိုက်လေ၏။

"ဘာလဲ" ဟု ပြော၏။ သူ့အသံမှာ ချဉ်သိုးသော်လည်း သူ့ခေါင်း ကား နတ်သားကလေး ခေါင်းပမာပင်။

"ကြည့်ပါဦး၊ ဒီခေါင်းကလေးမျိုး ကျောက်နဲ့ဖြစ်ဖြစ်၊ ကြေးနဲ့ဖြစ်ဖြစ်၊ ဘာနဲ့ပဲဖြစ်ဖြစ်လေ ထုပြီးသား လိုချင်တာ၊ ကျွန်မကို အပြစ်ဆိုဦးမလား"

"ဟင့်အင်း" ဟု စုဇနီကဖြေ၏။

ကြောက်မက်ဖွယ်ကောင်း၍ လှပမွန်ရည်လှသည့် ယခင်က စိတ်အလိုသည် ပိတ်ဆို့ထားသည့် ရေတံခွန်ကို ဖွင့်လိုက်သည့်အခါ ကန်ထွက်သည့် ရေပမာ ထကြွ၍ လာချေ၏။

"မဆိုနိုင်ပါဘူး၊ သိပ်လှတာပဲနော်"

"ခင်ဗျား တိတ်တိတ်နေစမ်း" ဟု ကောင်ကလေးက စာအုပ်နှင့် မျက်နှာ မခွာဘဲ ရွတ်သည်။

"မင်းသာ တိတ်တိတ်နေစမ်း" ဟု စုဇနီက ပြော၏။ "မင်းခေါင်းကို ကြည့်ရအောင်၊ မင့် အမေကလည်း မင့် ခေါင်းပုံ လုပ်စေချင်တယ်၊ ငါက လည်း လုပ်ရလိမ့် မယ်"

"ကျုပ် မလိုချင်ပါဘူး" ဟု ကောင်ကလေးက ပြော၏။ "ကျွန်တော် သိပ်စိတ်ပျက်တာပဲ၊ ကျောင်းမှာ တခြားကောင်တွေ ရှေ့မှာလည်း အမေဟာ ဒီလိုပြောနေတာပဲ၊ ကျွန်တော့် ခေါင်းပုံတော့ မလုပ်စေရဘူး"

စုဇနီက ရယ်မောကာ... "ဒါကို မင်း ဘယ်တတ်နိုင်မှာလဲ၊ ငါတော့ လုပ်ရမှာပဲ၊ ဘယ်လို လုပ်ရတယ် ဆိုတာ မင်းကို သေသေချာချာ ပြရဦးမယ်၊ သိပ် ပျော်စရာကောင်းတာ ဆရာ၊ မင်း စိတ်ပါရင်လည်း ရွှံ့စပ်နိုင်တယ်ဟေ့၊ မင့်ခေါင်းကို ရွှံ့နဲ့အရင်လုပ်ပြီးမှ ကြေးပုံ သွန်းရမယ်ကွ၊ ဒါဟာ ကြေးနဲ့သွန်းမှ ကောင်းမှာ... " ဟု သူ့အမေဘက်သို့ လှည့်ပြောသည်။

မိန်းမနှစ်ယောက်သည် အနားမှာ ရပ်၍နေ၏။ သူတို့၏ မြန်ဆန်သော ချီးကျူးခြင်းကို ခံစားရကာ စုဇနီသည် အားရှိလာလေ၏။

"ငါ့အိမ်ကို နေ့လယ်ကျရင် လာပါလား" ဟု မိုက်ကယ်ကို ပြော၏။ "နှစ်နာရီလောက်မှာ တို့နှစ်ယောက် အတူတူလုပ်မယ်လေ၊ မင်းနဲ့ငါ... ဟုတ်လား"

ကောင်ကလေးက မဝေခွဲတတ်ဟန်နှင့် သူမကိုကြည့်၏။

"ကျွန်တော် မြင်းနဲ့ လာခဲ့မယ်"

"ကောင်းတယ်... " စုဇနီသည် ကောင်ကလေးထံမှ လှည့်လာခဲ့၏။ "ကဲ... ဥယျာဉ်က ဘယ်မှာလဲ... "

ကောင်ကလေးအမေက တိုးတိုးပြောသည်မှာ သူ့ကိုနိုင်အောင် ဘယ်လို ကိုင်ရမယ်ဆိုတာ ရှင်သိသားပဲ၊ မိုက်ကယ်ဟာ ဘယ်လောက် ခေါင်းမာတဲ့ ကောင်ကလေးလဲဆိုတာ ရှင်မသိသေးဘူး၊ သူများ ကျောင်းပြန် သွားရင် ကျွန်မ သိပ်ဝမ်းသာရတယ်၊ ဗွတ်ဘိုင် စုဇန်၊ ခေါင်းပုံကို ဘယ်တော့ မြင်ရမလဲဟင်"

"တစ်ပတ်ပါပဲ၊ ရွှံ့နဲ့ ပြောတာလေ"

"ဩော်... ကျွန်မနယ် မေ့လိုက်တာ၊ အဲဒါ ဘယ်လောက်ကျမလဲ ဟင်..."

စုဇန်သည် အသက်ပြင်းပြင်း ရှူသွင်းကာ ပြောချလိုက်၏။ "ဒေါ်လာ နှစ်ရာပါပဲ" ဟု မြန်မြန်စွာပြော၏။

မိုက်ကယ်၏ အမေက တစ်ခဏမျှ သူမကို ကြည့်ကာ မြန်မြန်ပင် ပြော၏။ "ဒေါ်လာ နှစ်ရာ၊ ကောင်းပါပြီ၊ မစ္စစ်ဂေးလော့"

သူမစိတ်ထဲတွင် ကြေးကြီးသည် မကြီးသည် ဘယ်လို တွေးသလဲ ဟူ၍တော့ သူမ မပြောနိုင်ချေ။ ဒါအရေးမကြီးပါဘူးဟု ဥယျာဉ်ထဲ၌ စုဇန် တွေးမိ၏။

မစ္စစ်ဝင်ဒါဝဲ့၏ အသံပြတ်ပြတ်ကမူ ပေါ့ပါးစွာ ပြောဆိုနေပေ၏။ "ဆူးချုံပင်ကတော့ သူ့သဘာဝအလျောက် ပန်းပေါင်းမိုးကလေး ဖြစ်နေပြီ လေ... ဒီတော့ ရေပန်းကလေး တစ်ခုရှိလိုက်ရင် ဘယ်လောက်ကောင်းမလဲ"

"ဟုတ်ကဲ့" ဟု ပြောရင်း ပန်းပေါင်းမိုးကို စိန်းစိန်းကြည့်နေ၏။ ရေပန်းရေနှင့် ကျောက်တို့နှင့် ပတ်သက်၍ သူမ၌ စိတ်ကူးဉာဏ်များ အမြဲ ပွင့်ခဲ့ပေ၏။ လူတွေဝယ်ကြ၊ ခေါ်ဝေါ်ကြသည့် ရေပန်းဆိုသော အရာများ ကား အရုပ်ဆိုးသည်ဟု ထင်၏။ ရေသည် ထိုအရာ၏ တစ်စိတ်တစ်ဒေသ သာ ဖြစ်ရမည်ဟု ထင်၏။ ရေသည်သာ အရေးတကြီး ပေါ်လွင်၍မနေရ။

"ကျွန်မ စိတ်ကူးအတိုင်း လုပ်ရမလား၊ ကျွန်မလေ... ရေရယ်၊ ကျောက်တုံးရယ်ကို ပေါင်းပြီး ရုပ်ပုံတစ်ပုံ ဖြစ်စေချင်တယ်၊ ရေပန်းဖြစ်ရုံ ကလေး မဟုတ် ဘူး"

"ရှင် လုပ်ပေးမလား" ဟု မစ္စစ်ဝင်ဒါဝဲ့က မေး၏။ "နားထောင်ရ တာနဲ့ အတော် သဘောတွေ့စရာ ကောင်းနေပြီ၊ ဘယ်လောက် ကျမယ်လို့ ထင်သလဲဟင်"

"ကျွန်မရဲ့ ရုပ်ပုံကို မမြင်သေးခင်တော့ မပြောတတ်သေးပါဘူး။ ဒါပေမဲ့ ရှင် အတတ်နိုင်ဆုံး ပြောထားရင်တော့"

"ကောင်းပြီလေ... ကျွန်မတို့ ဒေါ်လာ ငါးရာလို့ ဆိုရင်ကော"

"ကောင်းပါပြီ၊ ကျွန်မ စိတ်ထဲမှာ ထားပါ့မယ်... "

သူမအား ကားနှင့် လိုက်ပို့၏။ သူမ၏အိမ် လှေကားထစ်များဆီသို့ ရောက်သော် အသားမည်း မော်တော်ကားမောင်းသမားက တံခါးဖွင့်ပေး၏။ သူမလည်း ထွက်လာကာ သူမ၏ လှေကားထစ်များမှ တက်၍ သူမ၏ အိမ်တွင်းသို့ ဝင်၏။

လွန်ခဲ့သော နာရီအနည်းငယ်ခန့်က ထိုင်နေခဲ့သည့် နားနေရာ အခန်းတွင်း၌ သူမသည် ဦးထုပ်ဆောင်းလျက်သားပင် ထိုင်နေ၏။ စားပွဲပေါ်တွင် မှော်က်၏ စာလုံးများ၊ ဂဏန်းများ ပါသော စာရွက်ရှိသည်။ မှော်က်က ဒေါ်လာ ငါးဆယ်ဟု ရေးထားပြီး ကွင်းဖွင့်ကွင်းပိတ်နှင့် "စုဇန်အတွက် သတ်မှတ်ချက်" ဟု ရေးထားသေး၏။ သူမကတော့ သည်မနက် အပြင်ထွက်ကာ ဒေါ်လာစုနစ်ရာ ရှာခဲ့ပြီဖြစ်၏။ ဒေါ်လာ ခုနစ်ရာကို မကြာခင် ရအောင်တော့ အနည်းဆုံးသူမ လုပ်နိုင်၏။ သို့သော် သူမအား ခြောက်လှန့်နေသည်မှာ ထိုကိစ္စ မဟုတ်ဘဲ ဘယ်နည်းနှင့်မျှ ငွေမဟုတ်နိုင်သော ပိုမိုကြီးမား အပြန့် ကျယ်သည့် တစ်စုံတစ်ခုဖြစ်ပေ၏။ သူမ၏ပတ်လည်တွင် ရှိစေဖို့အတွက် မှော်က် ကြိုးစားပမ်းစား အလုပ်လုပ်ပြီး တည်ဆောက်ရသည့် မှော်က်၏ အိမ်။ အားန္ဓဲ့သော နံရံများရှိသည့် သည်အိမ်။

သည်မနက်အဖို့တော့ သည်ဟာတွေကို သူမ အဝေးသို့ ပစ်ပယ်ခဲ့သည် ဖြစ်၏။ သည်အရာများထက် သူမ ကျော်လွန်သွားခဲ့သည်။ မိုက်ကယ် ထိုင်နေသော အခန်း၏ အခန်းပို အခန်းမြှောင်ကလေးလောက်သာ သူမ ထိုင်နေသော အခန်းကလေး ကျယ်ဝန်းပေ၏။ သို့ပေမဲ့ သည်အခန်းကလေးကို သူမချစ်၏။ သူမနှင့် မှော်က်တို့ အတူနေဖို့အတွက် အတူတည်ဆောက်ခဲ့သည် မဟုတ်လား။ သူမသည် သန္နိဋ္ဌာန်ချပြီးဟန်နှင့် ထ၏။ မှော်က်ကို ရိုးရိုးရှင်းရှင်းပင် "အချစ်ရေ စုလုပ်တတ်တဲ့ဟာ ရှိတယ်ဆိုရင် ဘာကြောင့် စု မလုပ်ရမှာလဲကွယ်" ဟု မပြောနိုင်စရာ အကြောင်းမရှိ။ ထို့နောက်မှကား သူမသည် ငွေအကြောင်း ပြောပြမည်။

မီးဖိုချောင်တွင်လည်း နေ့လယ်စာဖြစ်သော ပေါင်မုန့်၊ နွားနို့၊ ပန်းသီး

တစ်လုံးတို့အပေါ်တွင် အတွေးနက်ပြန်သေးသည်။ မှာက်ကို ပြောဖို့ ခဲယဉ်းစေသည့် အရာမှာ ငွေမဟုတ်။ အေးလေ၊ ငွေသာ ဖြစ်ပေတော့သည်။ အကယ်၍ အဲဒါသည် ငွေသာဖြစ်ခဲ့လျှင် ဘာမျှ မဟုတ်တော့ချေ။

နေဦး၊ ဒါလည်း မဟုတ်သေးဘူး ထင်၏။ အဲဒါသည် ငွေထက်ပို၏။ အများကြီးပို၏။ ထို့နောက်မူကား တိတ်ဆိတ်သောအိမ်တွင်း၌ တစ်ယောက်ထီးတည်းရှိရင်း အားလုံးသည် သူမထံမှ ထွက်ခွာ၍သွားကာ ကောင်ကလေး၏ ခေါင်းနှင့် ညို့မှောင်သော ဆူးချုံပေါင်းမိုးသာ ကျန်ရစ်လေ၏။ သူမ၏ကလေးအဖို့ ငွေလိုသည်ဆိုတာပင် မေ့လျော့သွား၏။ ရေနှင့်ကျောက်၊ ထိုနှစ်ခုသည် ကြေးရတတ် မိန်းမတစ်ဦး၏ ခြံတွင်းမှာ ဖြစ်လျက်နှင့်ပင် လောကုတ္တရာ ဆန်နေသော အမြဲစိမ်းလန်းသည့် သစ်ပင်အိုများ၏ ရင့်ကျက်သော အစိမ်းညို့ညို့ကို ဆန့်ကျင်ကာ ဘယ်လို သဏ္ဌာန် ဆောင်တတ်နိုင်ကြပါမည်လဲ။ သူမသည် မီးဖိုချောင်၏ စာရွက်ထပ်ကို ယူကာ ခဲတံတစ်ချောင်းနှင့် ရေးဆွဲစပြုလေ၏။ တံခါးခေါင်းလောင်းသံသည် သူ မ၏ အိပ်မက်တွင်းသို့ စူးရှစွာ မြည်လာမှ တံခါးဝသို့ ပြေးရ၏။

မိုက်ကယ်ကား သေးသွယ်မြင့်မားသော ကိုယ်ဟန်နှင့် မြင်းထိန်းသမား ကိုင်ထားသည့် မြင်းညိုကို နောက်ခံပြုလျက် ရပ်နေ၏။

"ခင်ဗျား ရွှံ့နဲ့လုပ်တာ ကြည့်ချင်လို့သာ ကျွန်တော် လာတာ သိရဲ့လား၊ ဝဲလင်းဆောင်က ဘယ်မှာလဲ" ဟု ကောင်ကလေးက မလုံမလဲ ကာကွယ်ကာ ဖုံး ဖိကာ ပြောလေ၏။

"အိမ်အပေါ်ဆုံးမှာပေါ့ကွယ်၊ မင်းကလည်း" ဟု ဖြေရင်း သူ့ကို အပေါ်ထပ်သို့ ခေါ်၏။ ကောင်ကလေးဟာ ပြောရအင်မတန် ခက်လေမလား သူမသည် သံသယ ဖြစ်စွာပင် ဝဲလင်းဆောင်တံခါးကို ဖွင့်၏။ ကောင်ကလေးက မတ်တတ်ရပ်ကာ လှည့်ပတ်ကြည့်ရှုလေ၏။

"ဒီအထဲမှာ ဘာမှလည်း မရှိဘူး" ဟု ကောင်ကလေးက ပြော၏။

"မင်းရယ်၊ ငါရယ်၊ ရွှံ့တုံးရယ် ဒီပြင် ဘာလိုချင်သေးလို့လဲ"

သူမသည် အင်္ကျီလက်မောင်းကို လိပ်တင်ကာ ကြမ်းကို ရှေ့ကပ်ပြီး ဝပ်၏။ နောက်ကျောပေးကာ ရွှံ့စေးကိုနယ်လေ၏။ "တယ်ဆန်းတဲ့ကလေးပဲ" ဟု ကောင်ကလေးက ပြောသံကြားရ၏။

"မွေးခါစ ကလေးကိုး" ဟု သူမကဖြေ၏။

ကောင်ကလေးက ဘာမျှမပြော။ သူမ လှည့်လိုက်သည့် အခါကား မပြီးပြတ်သေးသော မှက်၏ ခေါင်းပုံမှ အဝတ်ကို လှစ်နေသည်ကို တွေ့ရ၏။

"ခင်ဗျား ဘာဖြစ်လို့ လူသေပုံ ထုရတာလဲ" ဟု ကြောက်ရွံ့ဟန်ဖြင့် မေး၏။

"လူသေပုံ မဟုတ်ပါဘူး၊ မပြီးသေးတာပါ" ဟု သူမက လျင်မြန်စွာ ပြော၏။

"ခင်ဗျားဘာမှ ပြီးအောင် လုပ်တတ်တာ မရှိဘူးလား" ဟု စိန်းစိန်း ကြည့်မြဲ ကြည့်ကာ နေရာမှမေးရာ...

"ရှိတာပေါ့၊ ခုမင်းပုံ ပြီးအောင်လုပ်မလို့လေ၊ လာ... ဒီမှာ ရွှံ့ရပြီ"

ကောင်ကလေးသည် ခေါင်းပုံကို ပြန်၍ဖုံးပြီး သူမအနားလာကာ စားပွဲ ပေါ်ရှိ စပ်နယ်ထားသော ရွှံ့တုံးကို ကြည့်၏။

"ကျွန်တော်တော့ လက်ပေတာ မကြိုက်ပေါင်" ဟု ပြော၏။

"မကြိုက်ရင် မင်း တခြားအလုပ် လုပ်ရမှာပေါ့၊ ဒါကတော့ လက်ပေ တဲ့ အလုပ်မျိုးပဲ"

"ကျွန်တော် ပုံဆွဲတယ်ဗျ၊ အများကြီးပဲ ဆွဲတယ်"

"ဘာတွေလဲ"

"အင်း... မြင်းတွေ များတာပဲ"

သူမသည် လက်များကို သုတ်ကာ သူမ၏ ပစ္စည်း ပစ္စယများကို မွှေနှောက်၏။ ပုံဆွဲစက္ကူနှင့် ဆေးရောင်စုံများ၊ မိုများ ရှာ၍ရ၏။ သူမသည် စက္ကူကို ပြတင်းဘေးရှိ နံရံတွင်ကပ်ကာ ကောင်ကလေးအား ဆေးရောင်စုံ များ ပေးလေ၏။

"အဲဒီမှာရပ်ပြီး မင်း မြင်းရုပ်တွေ ဆွဲပေဦးတော့"

ကောင်ကလေးသည် စကားတစ်လုံးမျှ မပြောတော့ဘဲ ပုံဆွဲစပြု၏။ သူမသည်လည်း သူ၏နုပျိုသော ခေါင်းပေါ် အလင်းရောင်ဖြာကျပုံကို ကြည့် ကာ ရွှံ့စေးပုံကို ခေါင်းပုံသဏ္ဍာန်တူ ရအောင် မြန်ဆန်စွာ ပုံသွင်း လုပ်ကိုင် နေ၏။

သဏ္ဍာန်တူကို မိအောင် ဖမ်းရသည်မှာ ခက်ခဲ၏။ ခေါင်းသည် ခဏချင်း ပြေးလွှားပျောက်ကွယ်သွားတတ်သော ပြေပြစ်သည့် ထောင့်ချွန်း

ကလေးများဖြင့် အတိပြည့်ကာ မမျှော်လင့်ဘဲ ပေါ်လာသည့် ကလေးခေါင်းများမှာ ရှိသော အကွေ့အဝိုက်၊ အလှည့်အဖယ်ကလေးများ ရှိပေ၏။ ပါးပြင်များစွာ ကလေးပီစွာ ဖောင်းပြည့်နေစဉ် ပါးစပ်မှာ လုလင်တစ်ယောက်၏ ပါးစပ်လို တင်းမာစိတ်သန်၏။ နှုတ်ခမ်းများကမူ ပြည့်ဝလျက် နေပြန်ပေ၏။ ကောင်ကလေးက သူမကို တစ်ချက်မျှ မကြည့်။ တစ်နာရီ နီးပါးမျှ စုဇနိသည် တိတ်ဆိတ်စွာ အလုပ် လုပ်နေ၏။ ထို့နောက် ကောင်ကလေးသည် ဆေးရောင်စုံများကို ပစ်ချပစ်လိုက်သည်။

"အတော် ပြီးသွားပြီ၊ မနက်ဖြန်မှ အပြီးသတ်မယ်" ဟု သူကပြော၏။

သူမလည်း အလုပ်ရပ်ကာ ကောင်ကလေးထံသို့ လာ၏။

"အလို... သစ်တောတစ်ခုတည်း မင်း ဆွဲရသေးတာပဲ၊ ငါက မင်း မြင်းကို မင်း ဆွဲနေမယ်ထင်တာ"

"ကျွန်တော်က တောထဲကို မြင်းနဲ့ စိုင်းသွားမှာဗျ၊ ဒါကြောင့် သစ်တောကို အရင် ဆွဲထားတာ၊ တိမ်တွေ တောက်နေတဲ့ အောက်မှာပေါ့၊ မနက်ဖြန်ဆိုရင် တိမ်တွေတောက်နေတာ ရှိတော့မှာမဟုတ်ဘူး၊ ကျွန်တော်က အရှေ့မှာ သိပ်သေးသေးကလေးဖြစ်နေမှာပဲ"

ကောင်ကလေးသည် တောက်ပသော ကောင်းကင်ကို ဆန့်ကျင်ကာ ညိုမှောင်သော တောအုပ်ကို ဆွဲထားပေ၏။

"ပုံက ကောင်းသားပဲ၊ တကယ့်ကို တော်တော်ကောင်းပါတယ်"

ကောင်ကလေးက ချီးကျူးခြင်းကို အဖြေမပေးဘဲ လက်ခံပြီး ခေါင်းပုံရှိရာ သို့သွား၏။

"ဒါ ကျွန်တော်လား"

"မင်းပဲ ဖြစ်ရမယ်လေ၊ ကြိုက်ရဲ့လား"

သူက ခေါင်းခါ၏။ "ဒါ ကြည့်ရတာ တယ်ပြီး ညစ်ပတ်သလိုပဲ၊ ဒါပေမဲ့ ကျွန်တော့် အရုပ်လည်း ကျွန်တော်မသိပါဘူး၊ ကျွန်တော် ပြန်ဦးမယ်၊ မနက်ဖြန်မှ လာပြီး မြင်းရုပ်အပြီးသတ်ရမယ်"

"မင်းကို စောင့်နေမယ်ဟေ့" ဟု သူမဆို၏။ ကောင်ကလေးလည်း သွားလေပြီ။ သူမသည် ဖျတ်ခနဲ ပျောက်သွားသော ဘေးစောင်းတိုက် မျဉ်းတစ်မျဉ်းကို ဖမ်းမိလိုက်ရာ ထိုမျဉ်းကြောင်းကို ရှုံ့စေးထဲသို့ ဖိသွင်းလိုက်သေး၏။ ထို့နောက်ကား လက်များကို သုတ်ပစ်ပြီး ပြတင်းသို့ သွား၏။ ကောင်

ကလေးမှာ မြင်းပေါ်တက်၍ စီးထွက်သွားလေပြီ။ သူ့ပုံကားကို ကြည့်မိ၏။ ညနေ၏ မိုးကောင်းကင်ကို ဆန့်ကျင်နေသော သစ်တောတ၏ အရိပ်များကို ကောင်ကလေး အမိအရ ဆွဲယူခဲ့ပုံမှာ အံ့သြစရာပေ။

သူမ စိတ်ဥ်ထားသလို "မှက်ရေ... စုတော့ ဒီနေ့ ငွေနည်းနည်း ရအောင် လုပ်ခဲ့ပြီ" ဟု ရွှင်ရွှင်လန်းလန်း ပြောပြလိုက်ပုံမှာ ဝန်လေးလှပေ၏။ သူမသိသမျှ တခြား မိန်းမများသာဆိုလျှင် ထိုစကားကို လင်ဖြစ်သူအား လှမ်း၍ပင် အော်ဟစ် မိမည်ဖြစ်၏။ လူဆိုင်းများ ဖဲကစား၍ နှစ်ဒေါ်လာခန့် နိုင်မည်ဆိုလျှင် အမြဲကြွားတတ်သည်မှာ "ဟဲကတော့ အူတက်အောင် ရယ်တော့မှာပဲ၊ ဒီလအဖို့ ကိုယ် ဆယ့်နှစ်ဒေါ်လာလောက် နိုင်ပြီးပြီသိလား၊ ကိုယ်တစ်နေ့ရာရာသွားရင် ကလေးတွေ ထိန်းဖို့ ကောင်မလေးတစ်ယောက် တောင် ငှားလာခဲ့ပြီ"

ယခု သူမကား အလွန်များသော ငွေကို အလွန် လျင်မြန်စွာ ရခဲ့ပြီ ဖြစ်၏။ "ဘယ်လောက်ရသလဲ" ဟု မှက်က မေးမည်။ သူမက ပြောပြသည့် အခါ၌ကား သူမ ကြောက်ရွံ့လှသော ညိုမှောင်၍ အသက်မဲ့သည့် အကြည့် သည် သူ့မျက်လုံး အိမ်ထဲဝင်လာကာ သူကပြောလေမည်။ "ကိုယ် သုံးလ လေးလပဲ ထားပါတော့၊ လေးလလောက်ရှာမှ ရတဲ့ ငွေထက် များသေး တာပေါ့"

သူ လုပ်နိုင်သည်ထက် ပိုမို၍ သူမလုပ်နိုင်ခြင်းအတွက် စုဇနံရှက်၏။ သူ့ကို အောက်သို့ နှိမ့်ရမှာ သူ မခံရပ်နိုင်ချေ။ ပြီးတော့ ငွေထက်ပိုသော ကိစ္စတစ်ရပ်လည်း ရှိသေး၏။ ထိုကိစ္စကို သူမသည် မှက်အား မပြောပြစွမ်း နိုင်။ အကြောင်းမှာ ဘယ်လို ပြောရမှန်း မသိသောကြောင့်ပင်တည်း။

သိသမျှထဲ၌ အပြင်းထန်ဆုံးသော ထိုစိတ်အလို ထိုရှိအပ်သော အရာ သူမအား သူ့ထံမှ ခွဲထုတ်ခေါ်ဆောင်သွားသော တစ်ခုတည်းသော ထိုပြည့်ဝ ကျေနပ်အောင် လုပ်ဆောင်ရမှု သူမနားမလည်နိုင်သော်လည်း တစ်ယောက် ထီးတည်းရှိကာ ဘယ်သူ့ကိုမျှ မလိုချင်။ မှက်ကိုပင် အလိုမရှိဘဲ တစ် ယောက်ထီးတည်းပင် နေစေလိုသော အကြောင်းများကို သူမ ပြောမပြတတ် ချေ။ ငွေအကြောင်း ပြောပြတတ်ဦးမည်။ ဒါကိုတော့ သူမ ပြောမပြတတ်။

မီးဖိုခန်းဝယ် ဖျတ်လတ်သော မီးဖိုမှ စားပွဲသို့၊ စားပွဲမှ အခန်းမြောင် သို့ ကူးသန်းရင်း မှက်ကို ကျေနပ်မှုပေးမည့် ညစာကို ပြင်ဆင်၏။ သို့သော်

သူမ၏ ဦးနှောက် တစ်ပိုင်းတစ်စကိုသာ စိုးမိုးနိုင်၏။ သူမ၏ လက်များ ကစားခြင်းသာ ဖြစ်၏။ သူမ၏ လက်များသည်ပင် ရုပ်ပုံထုနေစဉ်ကကဲ့သို့ အလုပ်မလုပ်။ မနေ့က အအေးစိမ်ထားသော ကြက်ကလေးကို ချက်ရသည်။ သေးနုတ်သော အလုပ်အပေါ် အမွှေးရည်ဖျန်းသည့် အစာသွပ် ကျောက်ကျော ဖြင့် ပြုပြင်ထားသည့် အသီးအနှံပွဲနှင့် ချိုချဉ်ပွဲများအပေါ်တွင် သူမ၏ စိတ်သည် အတွေးနက်ကာ အကျိုးအကြောင်း ဆင်ခြင်လျက် ရှိလေ၏။

မှောက်အဖို့ သူ မဖြစ်ချင်သော မိန်းမမျိုးအဖြစ်သို့ လည်းကောင်း၊ သူမ ဘာသာ ဖြစ်နေသော မိန်းမမျိုးအဖြစ်သို့ လည်းကောင်း မဖြစ်အောင် ငြင်းဆန်ခြင်း မှာ ကောင်းသောအလုပ် မဟုတ်ချေ။ မှောက်သည် ပထမက တော့ ပျော်ရွှင်သုခ ရဟန်တူပါ၏။ သို့သော် သူမသည် သူမသာဖြစ်၍ နေခြင်း အားဖြင့် သူ့ကို ပျော်ရွှင်သုခ မဖြစ်နိုင်။ ("စုဖန်အဖို့ သတ်မှတ်ချက်") ဟူသော ကွင်းဖွင့်ကွင်းပိတ်များကိုတော့ သူ ပြုလုပ်ခဲ့လေပြီ။

မီးဖိုပြတင်းမှနေကာ တောအုပ်ပေါ်မှ ကောင်းကင်ကို စိန်းစိန်းကြည့် နေမိ၏။ နေဝင်ချိန်ကား လွန်မြောက်ခဲ့ပြီ။ ကောင်းကင်မှုကား အရောင်ရင့်ရင့် တောက်ပနေ၏။ ညနေကြယ်ကမူ နီးကပ်သောကြောင့် အလွန်ကြီးမားစွာ တွဲလွဲခိုလျက် ရှိ၏။ ထိုကြယ်သည် ကြီးမားစွာ တည်ငြိမ်စွာ တစ်ကိုယ် ထီးတည်းနိုင်စွာ အမိပ္ပာယ် မြားမြောင်စွာ တွဲလွဲခိုနေပေ၏။ ရုတ်ခြည်းပင် သူမသည် အထီးကျန်ဖြစ်ရသလို ခံစားရကာ ထိုသို့ ဖြစ်ရင်းကပင် တစ် ယောက်တည်း မဟုတ်သလို ဖြစ်ရပြန်သေး၏။

မီးဖိုပတ်လည်ကို ကြည့်မိသော် ထိုနေရာသည် တစ်ခဏမျှ ဖြစ်စေ သူမ အဖို့ ထူးဆန်းသော အရပ်ဖြစ်၍ သွား၏။ တစ်နေ့နေ့တွင် သူမ လွတ် မြောက်လာရမည့် အတည်မနေ ထွက်ခွာနေသော အရပ်ပေတည်း။ သို့သော် သူမသည် စိတ်ကို ထိန်းချုပ်၍ ချော့ရ၏။

"မှောက်ကိုတော့ အကုန် ပြောပြမှ ဖြစ်မယ်" ဟု လျင်မြန်စွာ ဆုံးဖြတ်ချက် ချလိုက်လေသည်။ "ငါ့အကြောင်း တစ်စမကျန် မှောက်သိရ မယ်၊ ဒါသာ ဘေးအကင်းဆုံး ဖြစ်တယ်"

သူမ တွေးပြန်သည်မှာ "နေပါဦး၊ ဘာကြောင့် ငါ့ကိုယ်ငါ ဘေး မကင်းသလို ထင်နေရတာလဲ" သူမသည် ပြတင်းမှ ခန်းဆီးကို ဆွဲချကာ တစ်လုံးသောကြယ်နှင့် ကောင်းကင်ကို ကာလိုက်၏။ သူမကိုယ်ကို သူမ

မီးဖိုချောင်ထဲ သွင်း၍ ပိတ်လိုက်၏။ ထိုနောက်မူကား "ကိုယ့်နှာခေါင်းထဲ တူးဇော်နံသလိုလိုပဲ" ဟူသော တံခါးဝမှ မှော်က်၏အသံကို ကြားရသဖြင့်...

သူမသည် မီးဖိုသို့ပြေးကာ နီညိုပြီး ကြွပ်နေသော ကြက်ကလေးချက်ကို ဆွဲထုတ်ရ၏။

"မောင် ရောက်လာတာ မီးရှံကလေးပဲ" ဟု သူမပြောကာ "အို... မှော်က်" ဟု အော်၍ ကြက်ကလေးချက်ကို ချပြီး သူ့လက်မောင်းများ ကြားသို့ ပြေးဝင်၏။

သူကား အလွန်ကြင်နာ၍ အလွန် ကောင်းရှာသည်။ ဘာကြောင့် သူ့ကို ပြောရမှာခက်သည်ဟု တွေးထင်မိပါလိမ့်။

"ကတိပေးစမ်း... ကတိပေးစမ်း၊ စု ပြောပြရင် မောင် နာမသွားဘူးလို့" ဟု ညစာစား၍ အပြီးတွင် သူမတောင်းပန်၏။ လသာဆောင် အမှောင်အတွင်း၌ ထိုင်ဖို့ရာ အလွန်အေးလှသည်ဖြစ်၏။ သို့သော် သူ၏ တွီကုတ်အကျီအဟောင်းကို သူမအား ရစ်ပတ်ပေးကာ သူကိုယ်တိုင်လည်း ဆွယ်တာ တစ်ထည် စွပ်ခဲ့ပြီး "ကြယ်တွေစုံလှပြီ" ဟု ပြောခဲ့၏။

"မောင် ပြန်လာတုန်းက တောအုပ်ပေါ်မှာ ကြယ်ကြီးတစ်လုံးတည်း ရှိသေးတယ်၊ ဒီတစ်ညထပ်ပြီး အပြင်ထွက်ရအောင်ပါ၊ အတော်ကြာ ဆောင်းဝင်လာတော့မှာ"

ထို့နောက် သူက မေး၏။ "မောင့်ကို နာအောင် စုပြောနိုင်မယ်များ ထင်လို့လားကွယ်"

သူမက သူ့ရှေ့တွင် ဒူးထောက်ကာ ကြယ်ရောင်ဖြင့် မှုန်ဝါးဝါး မြင်ရသော သူ့မျက်နှာကို ငေးကြည့်ပြီး "မောင့်ကို တခြား လူတွေထက်ပိုပြီး စုက နာအောင် လုပ်နိုင်တော့မပေါ့၊ မောင်ကလည်း စုကို ဘယ်သူမှ မတတ်နိုင်တဲ့ နည်းနဲ့ နာအောင် လုပ်နိုင်တာပဲ၊ ဘာကြောင့်လဲ ဆိုတော့ စုတို့ နှစ်ယောက်က တစ်ယောက်ကို တစ်ယောက် ချစ်ကြတာကို" ဟု ပြော၏။ သူက သူမကို စိန်းစိန်းကြည့်ငေးကာ နေရာ သူမသည် မှော်က်၏ မျက်လုံးများကို မမြင်ရသော်လည်း သူ့ပါးပြင်၊ သူ့မေးစေ့၊ သူ့နဖူး၊ သူ့နှာခေါင်းနှင့် ပါးစပ်၏ မျဉ်းကြောင်းများကို မြင်၏။

"ဘာများလဲ" ဟု သူကမေး၏။

"မောင် ကတိပေးမလား"

"စု အကြောင်း မောင်သိတာပဲ၊ မောင့်ကို စု နာအောင် မလုပ်နိုင်ပါဘူး"

"ကတိ ပေးပါဆို"

"ကောင်းပြီလေ၊ ဒါပေမဲ့ မောင်ကတော့... လာစမ်း၊ ပေါင်ပေါ်ထိုင်"

ထို့ကြောင့် သူ့ပေါင်ပေါ် ထိုင်ရလေရာ သူ၏ လက်မောင်းသည် တင်းကျပ် သန်မာစွာ ရစ်ပတ်လာခဲ့လေ၏။

"မှာက်... ညကတည်းက တွေးနေတယ်၊ စုလည်း တတ်နိုင်တဲ့ ဘက်က တာဝန်ယူမယ်လို့ တွေးမိတယ်၊ ဒါနဲ့ စု ရုပ်တုထုတာ သတိရပြီး မစ္စစ်ဖောင်တိန်ဆီ သွားတယ်၊ ကံကောင်းချင်တော့ သူ့မှာ မိတ်ဆွေတွေ ရောက်နေတာနဲ့ ကြုံတာကို၊ သူတို့ စုကို အလုပ်နှစ်ခု ပေးလိုက်ပြီ"

"မိမှာ ခဏလေးကိုယ်ကို မတ်လိုက်စမ်းပါ၊ မောင် ဆေးတံ မီးညှိချင်လို့"

"မြားနတ်မောင်ကလေးက တကယ့်ကို ကြည့်လို့လှတာပဲ မှာက်" ဟု ကိုယ်ကို မတ်ရင်းပြော၏။ မီးခြစ်မှ အရောင်သည် ဝင်းလက်လာရာ သူက တစ်ခါ နှစ်ခါမျှ ပြင်းထန်စွာ ရှုသွင်းပြီး သူမကို ဆွဲယူလိုက်လေသည်။

"အင်း... ဆိုပါဦးလေ"

"စုက မိန်းမ တစ်ယောက်ဖို့ ခေါင်းပုံတစ်ခု ရမယ်၊ အခြား တစ်ယောက်ဖို့ ရေပန်းတဲ့"

"နွေရာသီ ပရိသတ်လား"

"ဟုတ်တယ်"

"ဘယ်လောက် ရသလဲ"

"မှာက် စိတ်မဆိုးပါနဲ့နော်၊ ငွေက ခုနစ်ရာတည်း"

"ခုနစ်ရာ၊ ဟုတ်လား စု"

သူမသည် သူ့ပါးစပ်ကို လက်ဖြင့် လှမ်းပိတ်ကာ "ဆက်မပြောပါနဲ့၊ ဒါ အရေးမကြီးပါဘူး၊ အို... မှာက်ရယ်" အနောက်ဘက် အိပ်ခန်းကို ကလေးခန်း လုပ်ခွင့်ပေးစမ်းပါ၊ လက်တွန်းလှည်း ကောင်းကောင်း တစ်ခု ရယ်၊ ကလေးဖို့ အိပ်ရာ ကောင်းကောင်း တစ်ခုရယ် စုတတ်နိုင်ရဲ့သားနဲ့ ဘာကြောင့် မလုပ်ရမှာလဲ ဟင်"

သူက သူမ၏ လက်ကို သူ့နှုတ်ခမ်းကိုဖိကာ နမ်းပြီး ဖယ်လိုက်ကာ

သူ့ဆေးတံကို သောက်ပြန်၏။ သူမသည် စိတ်ပေါ့ပါးသွားကာ နောက်သို့ မှီလိုက်၏။ သူ့ဒေါသဖြစ်လိမ့်မည်တော့ မဟုတ်။ ဘာကြောင့် ပြောဖို့ ခက်သည်ဟု သူမထင်မြင်ခဲ့ပါလိမ့်။

"ကိုယ့်စဉ်းစားဉာဏ်ထဲကို တစ်ခု ဝင်လာတယ် စု" သူက ဆေးတံမှ ပြာကို ခေါက်ထုတ်ကာ လသာဆောင်ပေါ်သို့ ဂရုတစိုက်ချလိုက်၏။

"မောင် စိတ်မဆိုးပါဘူးလို့ ကတိပေးပြီးတော့" ဟု သူမက မြန်ဆန်စွာ ပြော၏။

"ဒါဟာ စိတ်ဆိုးရတဲ့ ကိစ္စတစ်ခု မဟုတ်ဘူး၊ ဒါဟာ စုအပေါ်မှာ တရားသဖြင့်ဖြစ်ဖို့ ကိစ္စပဲ အချစ်ရဲ့၊ မောင်က စုကို တရားသဖြင့် လုပ်ချင်ပါရဲ့၊ ဘယ်လို လုပ်ရမယ်ဆိုတာ မသိဘူး"

"ခု နေသလိုသာနေပါ မှာက်၊ စုတို့ဘဝကို စု သိပ်ချစ်ပါတယ်"

သို့သော် သူက ကြားပုံမပေါ်၊ သူမကိုသာ တင်းကျပ်စွာ ဖက်ထားသည်။

သူက တီးတိုးလေသံဖြင့် ပြော၏။ "စု သဘောရှိသလိုသာ လုပ်စေချင်ပါတယ်၊ စု ဝဲလင်းဆောင်ကလေးသာ စု ပြင်ပါလေ၊ အဲဒါသာ စု တကယ် လုပ်ချင်တဲ့အလုပ်ပဲ၊ ဒါကို မောင်သိခဲ့တာ ကြာပါပြီ"

သူမသည် ကိုယ်ကို မတ်လိုက်ကာ သူ့လက်မောင်းများကြားမှ ရုန်းကန်ထွက်၏။

သူမသည် အံ့အားသင့်စွာနှင့် "ဒါပေမဲ့ စုက ဝဲလင်းဆောင်ကိုမှ မပြင်ချင်ဘဲ၊ စုအဖို့ မဟုတ်ပါဘူး၊ ကလေးဖို့ ပစ္စည်းတွေသာ လိုချင်တာပဲ၊ မောင်ဆိုလိုတာ စု နားမလည်ပါဘူး"

"ကြည့်... စု နာသွားပြီ၊ နာတာက စုပဲမဟုတ်လား၊ မောင် ပြောချင်တာကတော့ မောင့်ကို ယူတာနဲ့ စုလုပ်ချင်တာ မလုပ်ရဘူးလို့ စု မတွေးစေချင်ဘူး၊ ဒါပဲ၊ မောင်ဆိုလိုတာက ဘယ်အရာမဆို မောင်မလုပ်တတ်တဲ့ အရာမျိုးပဲဖြစ်ဖြစ် စု လုပ်ချင်တာရှိရင် လုပ်သာလုပ်လို့"

"ဘယ်လိုလဲ မှာက်" ဟု စကားစပြီး သူမ ရပ်သွား၏။

"စုကို ကျေနပ်အောင် မောင်မတတ်နိုင်ပါဘူး" ဟု စိတ်ပျက်ဝမ်းနည်းစွာ သူက ပြောလေရာ...

"အို... အချစ်... အချစ်... အချစ်ရယ်" ဟု အော်ရင်း သူမသည်

အမှောင်တွင်း၌ သူ့ဆီရောက်အောင် သွား၏။

သူက သူမ၏ ရင်ခွင်ထဲသို့ ပြေး၏။ "စုဟာ ထူးခြားတယ်ဆိုတာ မောင် သိပါတယ်၊ စုဟာ ထူးခြားတယ်ဆိုတာ အမြဲပဲသိခဲ့ပါတယ်၊ မောင့်မှာ ဘာအခွင့် အရေးရှိလို့"

"ရှူး" ဟု သူမက တီးတိုးဆို၏။ "မပြောနဲ့တော့ ဒီလိုပြောတာဟာ စုကို အဝေးကို ပို့လိုက်သလိုပဲ၊ စုလေ ဘယ်တော့မှ ရွံ့ပဲဖြစ်ဖြစ် စုတ်တံပဲ ဖြစ်ဖြစ် လက်နဲ့တောင် မထိတော့ဘူး"

"ဟုတ်ပါတယ်၊ စု ထိမှာပါပဲ" သူက ခေါင်းထောင်လာ၏။ "ဒီမှာကြည့်စမ်း စု၊ ဒါဟာ မတရားဘူးလေ၊ မောင်ခုပဲ ပြောနေသေးတယ်"

"မောင်က ပါးစပ်ကတစ်မျိုး ပြောနေပြီး စိတ်ကတစ်မျိုး တွေးနေတာပဲ၊ မောင်ဟာ တစ်ခုခုကြောင့် အရိုးထိအောင် နာနေတယ်၊ ဘာတစ်ခုခု လဲတော့ စုမသိဘူး၊ အဲဒါဟာ ဘာလဲဆိုတာ ရအောင်ရှာပြီး အဲ့ဒါကို ရပ်ပစ် ရမယ်၊ အဲဒါဟာ ငွေလား"

"မဟုတ်ပါဘူး" ဟု သူက ထူထူပူပူ ပြော၏။ သူမသည် ယခုအခါ သူ့ ဘေးတွင် ရပ်လျက်ရှိကာ သူ့ပခုံးပေါ် လက်တင်လျက်နေ၏။ "အနည်း ဆုံး ဒါဟာ ငွေတင်မက"

"ဒီလိုဆိုရင် အဲဒီငွေတွေကို ကလေးအတွက် မသုံးဘူးဆိုရင်ကော မှာက်၊ စုကတော့ အမှန်ကို သိရမှ ဖြစ်မှာပဲ"

"အေးလေ" ဟု သူက အောင့်သက်သက်နှင့် ထစ်ငေါ့စွာ အမှောင် တွင်းမှ ပြော၏။

"လူတစ်ယောက်ဟာ သူ့ အိမ်သားအဖို့ သူကိုယ်တိုင် ငွေရှာနိုင်ရမယ် လေ၊ သူ့ကလေးအတွက် လိုအပ်သမျှ ကလေးတောင် မဝယ်ပေးနိုင်ဘူးဆိုရင် ဒီလူဟာ နွားပဲ၊ ဒါပေမဲ့... "

"ဒါဆိုရင် စု သတ်မှတ်ချက်ထဲပဲ စု နေတော့မယ်" ဟု သန္နိဋ္ဌာန်ချ ကာ ဆို၏။

"အို... ဒီလို မောင်ဖြစ်တာ မဆိုင်ပါဘူး၊ ပြီးတော့ မောင်မသိပါဘူး၊ အဲဒါဟာ အဲဒါပဲလို့၊ အဲဒါဟာ ဘာလဲလို့ မောင်မသိဘူး၊ မောင့်စိတ်ထဲ ဖြစ်တာလဲ မပြောပြတတ်ပါဘူး"

"မောင် မပြောပြတတ်ရင် စု ဘယ့်နှယ်သိမလဲ"

သူက မဖြေတော့။ ရှည်လျားတိတ်ဆိတ်၍ ကြောက်မက်ဖွယ်ကောင်းသော အချိန်သည် သူတို့နှစ်ဦးကြားဝယ် ခိုနားလျက် ရှိပေ၏။ ထို့နောက် သူသည် စကားစပြန်၏။ သည်တစ်ခါမူ အေးဆေးစွာ သူကိုယ်တိုင်လည်း တည်ငြိမ်စွာ ဖြစ်၏။

"ဒီမှာ စု၊ မောင့် အသက်ကလေးရယ်၊ မောင့်စိတ်ထဲ ဘယ်လိုဖြစ်နေတယ် ဆိုတာတော့ သိအောင် လုပ်ရဦးမှာပဲ၊ မောင် မတတ်နိုင်တာနဲ့ပဲ ကလေးအတွက် စု ဘာမှ မလုပ်ရဘူးလို့ ပြောစရာ မောင့်မှာ အခွင့်အရေး မရှိပါဘူး၊ မောင်တို့ တစ်ယောက်တစ်ဝက်ဆိုသလို လုပ်ရအောင်၊ မောင့်တစ်ဝက်အတွက် မောင် လုပ်မယ် စု" သူကား စုဇနီ၏ လက်များကို စမ်း၍ ရှာဖွေနေ၏။

"ဒါကိုတောင် မောင် မကြိုက်နိုင်ဘူးဆိုရင် စုကို ဒီအတိုင်း ပြောပြမလား"

"ကတိပေးပါတယ်" ဟု သူမ၏ ခေါင်းကို သူ့ပခုံးပေါ် ဖိလိုက်ရင်း ပြော၏။

"မောင် မကြိုက်ဘူးဆိုရင် ဧကလေးတောင် ဆက်မလုပ်တော့ဘူး၊ အားလုံးထက် မောင်သာ ပိုအရေးကြီးပါတယ်၊ စုအဖို့ ပြောတာလေ"

သူက ဆေးတံကို စမ်းနေပြန်၏။

"ဒါဟာ ငွေအတွက် ဖြစ်တာလဲလို့ သေသေချာချာ မပြောနိုင်ပါဘူး" ဟု သူက ပြောပြီး "မတ်မတ်ထိုင်လိုက်စမ်း၊ မောင် မီးခြစ် ခြစ်မလို့"

"ဒါဖြင့်ရင် ဘာလဲ" သူမသည် မတ်မတ်ထိုင်လိုက်၏။

"ကိုယ်သိရင် လူတော်ပေါ့၊ ကဲ... မှိုပြီးတော့ စုနဲ့ ကပ်နေချင်တယ်"

သို့သော် သူ့လက်မောင်းကြား၌ လှဲမှီနေစဉ်မှာပင် ပြေလျော့ ရွေ့ပျော့၍ မသွားနိုင်ပေ။

"ငါ ဘာသာ သိအောင်ကြံမယ်" ဟု တွေး၏။ သို့သော် သူမ ဘာမျှ မပြော။ မှာက်ကလည်း မပြော။ သူမသည် သူ့လက်မောင်းများကြား၌ အထီးတည်း ဖြစ်နေပြန်၏။ လကား မရှိတော့ပြီ၊ လ ဝင်သွားပြီ ဖြစ်၏။ လမ်းတစ်လျှောက်၌ မီးရောင်တို့သည် ရှေ့ဆင့်နောက်ဆင့် ငြိမ်းကုန်ပြီ။ ညဥ့်သည် မည်းမှောင်၍ လာလေ၏။ ညဥ့်ထက်နက်သည်မှာကား ကြယ်များအောက်ရှိ တောအုပ်၏ အမှောင်ပေတည်း။

သူမသည် ဂနာမငြိမ်နိုင်ဘဲ "အိမ်ပေါ် တက်ရအောင်၊ စု မောတယ် ထင်တယ်"

"စု မမောပါဘူး" ဟု သူက ညင်းညှံ့ညှံ့ပြော၏။ "မောတယ် ပန်းတယ် ဆိုတာမျိုးကို စု ပြောတတ်တဲ့ မိန်းကလေး မဟုတ်ပါဘူး"

သူမက အဖြေမပေး။ အိပ်ရာဆီသို့ သူမအား တစ်ဝက်ချီပွေ့ကာ တစ်ဝက် ခေါ်ဆောင်သွားစေ၏။ သည်ညဉ့်အဖို့တော့ သူမသည် တတ်နိုင်သမျှ နည်းနှင့် သူ့ကို မှီချင်၏။ သူမ အဝတ်အစားများ ချွတ်သည်ကိုလည်း မာ့က်ကို ကူညီစေ၏။ မာ့က်ကပင် သူမအဖို့ ချိုးရေစပ်၏။ သူမ ညဉ့်ဝတ်အင်္ကျီ ဝတ်ပြီးသော် သူကပင် ရှည်လျားသော ဆံပင်များကို ဖြီးပေး၏။ သူမ၏ ဆံပင်ကို မကြာခဏ ဖြီးခွင့် မပြုခဲ့ချေ။ ဤသို့ ဖြီးရသည်ကို မာ့က် နှစ်သက်မှန်းတော့သိ၏။ သို့သော် သူမဘာသာ လျင်မြန် လွယ်ကူစွာ ဖြီးနိုင်ပေ၏။ သူ့ကြီးမား နေးကွေးသော လက်ကြီးများသည် သူမကို စိတ်တိုရှုပ်ထွေးလာကာ မာ့က်ကိုယ်တိုင် မသိရှာဘဲ သူ့မတတ် တတတ် လုပ်ခြင်းသည် သူမ၏ အလွန်နူးညံ့သော ဦးရေကို တုပ်၍ ဆွဲမိလျက်သား ဖြစ်ရ၏။ သို့သော် ယနေ့ညဉ့်ကား သူ့ကို လုပ်ခွင့် ပေးလိုက်၏။ မာ့က်သည်လည်း တုန်နေကာ ချစ်ခင်စိတ်သန်နေပေ၏။

"သိပ်လှတဲ့ဟာပဲ" ဟု ပြောကာ သူမ ဆံပင်များထဲသို့ မာ့က်က မျက်နှာမြှုပ်လိုက်၏။ "သိပ်ကို သိပ်ကို လှတဲ့ဟာပဲ" ခဏမျှကြာသော် သူ၏ အသံသာ ထွက်နိုင်၏။ "ဒါ ဘာအရောင်လဲဆိုတာ ခုထက်ထိတောင် မပြောတတ်သေးပါဘူးကွယ်၊ အညိုလား၊ မီးကြိုးလား၊ ရွှေလား၊ အို... အမျိုးမျိုး ဖြစ်နိုင်တယ်"

သူမကို အနားသို့ ဆွဲယူသော် သူမသည် မာ့က်နှင့်သူမ အတူရှိနေခြင်း ဖြစ်သော်လည်း အထီးကျန်နေသလို ခံစားရ၏။ မာ့က်နှင့် နေသည့်အခါ သူမသည် တစ်ကိုယ်တည်း ဖြစ်နေသည်ဟု မခံစားနိုင်လေလေ၊ သူနှင့် အတူ ဝေမျှခြင်းမှာ မတတ်နိုင်ကောင်းသော ကိစ္စတစ်ရပ်ရပ်တွင် စိတ်အလုပ်များနေသည့်ပမာ သူမသည် ပို၍ အထီးကျန်ဖြစ်ကာ သူနှင့် ပို၍ ဝေးကွာကာ ဖြစ်နေသလား မသိရ။

ညဉ့်အခါ၌ သူမ တွေးမိသေးသည်မှာလည်း ကလေးသည် တစ်နာရီထက် တစ်နာရီ သူ၏ သီးခြားဘဝကို ယူရန် ကြီးထွားနေ၊ ပုံယူနေသည်

ဆိုတာကို သိရသည့်အတွက်များကြောင့်လား မသိရ။ သူတို့၏ ပြင်းပြ ထက်သန်သော အချစ်စိတ်ကိုပါ ကလေးသည် မျှဝေခံယူရမည် ဖြစ်လေရာ စုဇန်သည် ထိုအချစ်အတွက် ရှက်ကြောက်စိတ်ဝင်လာကာ မာ့က်ကိုလည်း ရှက်ကြောက်လာပေတော့၏။

"ဒါဟာ ကလေးကြောင့်ပါပဲ" ဟု တိုးတိုးရွတ်ကာ သူ့ထံမှ ခွာ၏။

"စု မလုပ်ချင်တဲ့ဟာတွေကို ဘာမှ မလုပ်ရပါဘူး" ဟု ပြောကာ မာ့က်သည် သူမ ခွာသွားသည်ကို လွှတ်လိုက်လေ၏။

ယင်းသို့လျှင် သူတို့နှစ်ယောက်အကြားတွင် ပြောင်းလဲသွားစေသော ကိစ္စ၏ အရင်းခံကို သူတို့သိဖို့ နည်းလမ်းမရှိတော့ဘဲ ဖြစ်လေ၏။ သူမအဖို့ ဘာမျှ လုပ်ရန် မကျန်တော့ချေ။ သူမသည် သည်အတိုင်း ဆက်၍ နေသွားကာ သူမကတိ ပြုခဲ့သော အလုပ်များကို အပြီးသတ်ဖို့ရန်သာ ကျန်၏။ မိုက်ကယ်၏ခေါင်းကို တဖြည်းဖြည်းနှင့် သူမ လုပ်ခဲ့သမျှတွင် ထားရှိခဲ့သော ဂရုစိုက်ခြင်းထက် ပို၍ ဂရုစိုက်စွာ အပြီးသတ် ထုလုပ်လေ၏။

မိုက်ကယ်သည် ဝဲလင်းဆောင်ကို အလိုအလျောက် လာသည်။ သူမကို မခေါ်ဘဲလည်း သူ့ဘာသာ လှေကားထစ်များမှ ခုန်လွှား၍ တက်လေ့ရှိသည်။ သူမ အပေါ်တက်သွားလျှင် မိုက်ကယ်သည် ပုံဆွဲစက္ကူအသစ်ကို မိုနှင့်နှက်ကာ "ဟဲလို" ဟု ဆိုရုံထက် ဘာမျှမပိုဘဲ သူ့ဆေးရောင်စုံများနှင့်သာ ခြယ်လေ့ရှိသည်။ ၎င်းကို သူဘယ်တော့မျှမထိ။ သူဆွဲသည့် ကားချပ်များမှာ တစ်ခုနှင့်တစ်ခု ကွဲပြား ခြားနားတတ်၏။ ပထမဆုံး ရုပ်ပုံမှာ ပြတင်းဘောင်ရှိ နံရံပေါ်တွင် ကပ်မြဲကပ်လျက် ရှိသေး၏။ ထိုကားကို သူသည် သုံးရက် တိုင်တိုင် အလွန်တရာ တိတ်ဆိတ်စွာ ရေးဆွဲခဲ့ပေ၏။

သူ့ တောအုပ်ကိုလည်း ကြီးမားညို့မှောင်၍ မှုန်ဝါးစေခဲ့၏။ ရှေ့ဘက် မှာကား တောအုပ်ဆီသို့ အပြင်းစိုင်းနေသော မြင်းကိုဆွဲ၏။ မိုက်ကယ် ကိုယ်တိုင်မှာမူ မြင်းစီးသမားဖြစ်၍ လွင့်ပျံနေသော ဆံပင်များ၊ မော့နေသော မျက်နှာ၊ ကိုယ်ခန္ဓာမှာ တောအုပ်ဆီသို့ ရည်စူးအားထုတ်စွာနှင့် ရှိပေ၏။ မြင်းနှင့် မြင်းစီးသမားတို့မှာ သေးငယ်လှသော်လည်း မိုက်ကယ်သည် သူတို့ ကို အမြန်ပြေးနေတုန်း အမိအရ ဆွဲယူလိုက်ပေ၏။ ထိုကဲ့သို့သော အပြီး သတ်ခြင်းမျိုးဖြင့် ဘယ်အရာကိုမျှ သူ မလုပ်ခဲ့သေးချေ။

တခြားသော ကားချပ်များကို သူသည် ကြီးမားစွာ မရေမရာနှင့်

ဘာလို ချင်မှန်း သေချာစွာ မသိ ဆွဲထားပေ၏။ သူမကလည်း တစ်ခါမျှ… “ဘာပုံဆွဲ နေသလဲဟေ့” ဟု မမေး။ သူ့ကို တစ်ယောက်တည်း ထားကာ သူမ ကိုယ်တိုင်လည်း ဆိတ်ငြိမ်စွာ။ သူ့မျက်နှာမှာ စိတ်လုံးနစ်ပါရင်း အလုပ်လုပ်၏။

ထို့နောက်ကား မိုက်ကယ်သည် ကျောင်းသို့ပြန်၍ သွားလေရာ စုဇန်သည် ရက်အနည်းငယ်အတွင်း မှတ်မိသမျှနှင့် ခေါင်းကို အပြီးသတ်၏။ တစ်ခါတစ်ရံမှု သူမက စိတ်တွင်းမှ သူ့မျက်နှာသည် လွတ်ချော် ထွက်သွားကာ လုံးဝပင် မမှတ်မိတော့ဘဲ နေ၏။

ယင်းသို့ဆိုလျှင် သူမသည် သူဆွဲခဲ့သော ပုံကားများကို သွားကြည့်ကာ ထိုပုံကားများကို နားလည် မလည်၊ နားလည်ဖို့လည်း မကြိုးစားဘဲ အတွေးနက်နှင့်နေရာက သူ့မျက်နှာ ပြန်၍ပေါ်လာလေ၏။ ယင်းသို့ ပြီးစီးခဲ့ရာ ကြေးရုပ်မသွန်း မီပင် မိုက်ကယ်၏ မိခင်လာ၍ ကြည့်သည်။ ကျယ်ပြန့်သော ဦးထုပ်အောက်မှ နေ၍ ငေးစိုက်ကာ ကြည့်သည်။

“ကြည့်ရတာ မိုက်ကယ်နဲ့တော့ တစ်ပုံတည်းပါပဲ၊ တစ်ခုပဲ ကျွန်မတော့ သူ ဘာလုပ်နေတယ်ဆိုတာ မစဉ်းစားတတ်ပါဘူး။ သူ့ အကြည့်ကို နားမလည်နိုင်ပါဘူး၊ သူ ဘာလုပ်နေတာလဲ စုဇန်”

“တောအုပ်ညိုထဲကို မြင်းနဲ့ စိုင်းနေတယ်လေ”

“သိပ်ထူးတာပဲ” ဟု အမေဖြစ်သူက ပြော၏။

စုဇန်က အဖြေမပေးဘဲ ခေါင်းပုံကိုသာ အဝတ်အုပ်လိုက်၏။

သို့သော် သူမ တစ်ယောက်တည်း ကျန်လျှင်မူ ခေါင်းပုံကို လှစ်ကြည့်ပြန်၏။ အကြာကြီးပင် ကြည့်နေ၏။ သူမသည် သိပ်ပြီး တွေးတောမနေဘဲ သူမက စိတ်ခံစားရမှုများကိုသာ အခိုးအငွေ့များပမာ ကြွလာ၊ အရည်ပျော်သွားကြွလာ၊ သူမကို ဆွဲငင်ခေါ်ဆောင် သွားသည်အထိ နေလိုက်၏။ ထို့နောက်ကား တိတ်ဆိတ်ငြိမ်သက်နေသည့် ကြားထဲမှ ရွှံ့နှုတ်ခမ်းများမှ မိုက်ကယ်၏ အသံသည် စီညံပီသစွာ ထွက်ပေါ်လာ၏။ အသံသာကြား၍ စကား မသဲကွဲသော်လည်း ထိုမျှပင် လုံလောက်ပြီဖြစ်၏။ ခေါင်းပုံသည် ပြီးစီး၍ ကောင်းစွာပြီးစီးသည်ဟု သူမသိရှိ၏။

သို့နှင့်ပင် နားထောင်နေစဉ်မှာ ဖြန်းခနဲ ကြောက်ရွံ့လာကာ သူတကာထံမှ လည်းကောင်း၊ မာ့က်ထံမှ လည်းကောင်း ခွဲခွာဝေးကွာလာရ

သလို ထင်မိ၏။ သူမသည် လှည့်၍ပြေးဆင်းလာကာ စားပွဲ၌လည်းကောင်း ထိုင်၏။ မစ္စစ်ဝင်ဒါပဲ ထံသို့ ဆူးချုံပေါင်းမိုးအတွက် ရေပန်းကလေး မလုပ်နိုင်တော့ကြောင်းကို စာရေး၏။ သူမသည် ကလေးအတွက် အကုန်ခံရာ၌ မှော်နှင့် တန်းတူနီးပါး ရှိရုံမျှသာ ဆိုလျှင် အကောင်းဆုံးပေတည်း။

စာရေးပြီး၍ စာအိတ်ပိတ်သော် သူမသည် ထိုင်၍တွေး၏။ ကလေးအတွက် စီစဉ်ထားသော ပစ္စည်းများကို အဝေးသို့ဖယ်လိုက်၏။ ကလေးအဖို့မှာ မိဘနှစ်ဦး၏ မပျက်သောမေတ္တာကြားမှာ နေရသော ဘဝ ထက် ဘယ်ဟာကို ရတာကမှ ပို၍ အရေးမကြီး။ အချစ်ဆိုသည်မှာ ထူးဆန်း၏။ အပြောင်းအလဲနှင့် အခြေအနေတို့ကြောင့် ထိခိုက်လွယ်၏။ တစ်ခါကမူကား သူမသည် အချစ်ကို ဘဝတာကဲ့သို့ ခိုင်မာစည်ပင်၍ အချိန်ကာလကဲ့သို့ ကြာရှည်ခံသည်ဟု အိပ်မက် မက်ဖူးလေပြီ။ ယခုမူ အချစ်ဆိုသည်ကို အကာအကွယ်ပေး၍ ပြုစုပျိုးထောင်ကာ စောင့်ရှောက်နေနိုင်ရမည်ဟု သိရှိပေပြီ။ တစ်ယောက်ကို တစ်ယောက် ချစ်ကြသော လူနှစ်ဦးသည် တစ်ယောက်ထံမှ တစ်ယောက် ဘယ်တော့မျှ မလွတ်လပ်နိုင်ဘဲ၊ တစ်ယောက်နှင့် တစ်ယောက် ဘယ်တော့မျှလည်း လွယ်လင့်တကူ ရှိနိုင်မည် မဟုတ်။ နှစ်ယောက်စလုံးသည် သူတို့၏ အချစ်ကို မနာကြည်းအောင်လည်းကောင်း၊ ယုတ်လျော့သွားအောင် လည်းကောင်း ဂရုစိုက်၍ နေရမည် ဖြစ်၏။ အချစ်သည် အလွန်ပျော့ညံ့၍ ပြန်၍မပြင်နိုင်ကောင်းသော ဖမ်းဆုပ်၍ မမိနိုင်သော နည်းမျိုးဖြင့် လွယ်ကူလှစွာ ပျက်စီးခြင်းသို့ တိုင်ပေ၏။ ယခု မိုက်ကယ်လည်း မရှိတော့ပြီ ဖြစ်ရာ သူမသည် ဝဲလင်းဆောင်သို့ သွားဖို့ မလိုတော့ချေ။

ဦးခေါင်းပုံကို လုပ်ရာ၌ စုဇန်သည် သုံးသင့်သည်ထက် ပိုမိုသော အချိန်ကို သုံးခဲ့လေသည်။ သူမသည် ငွေထပ်၍ ရဖို့ကိုတော့ ပြုတော့မည် မဟုတ်လေရာ သူမ အလိုရှိရာကို ဝယ်မည့်အစား သူမကိုယ်တိုင် လုပ်ကိုင်ဖို့ရာ အတွက် အချိန် လိုမည်ဖြစ်၏။ နွေနှောင်းရာသီမှ ဆောင်းသို့ ပြောင်းသည်နှင့် စုဇန်လည်း အထည် အဝတ်ကို ဝယ်ကာ ချုပ်လုပ်စ ပြုလေသည်။ မှော်၏အမေက သူ့အား မှော်အတွက် အဝတ်အစားဟောင်းများကို အကူအညီ ပေးသည်ကို လက်မခံပေ။ မှော် ကိုယ်တိုင်ကလည်း သူ့အမေထံသို့ မသွားပေ။ တစ်ညတွင် စုဇန်က “ဘာဖြစ်လို့ မောင့်မိဘတွေဆီကို

သိပ်မသွားတာလဲ" ဟု မေးမိ၏။

"သူတို့က မောင့်အတွက် ဘာများ လုပ်ပေးဖူးလို့လဲ၊ မောင့်အဖို့ မောင့်ဘာသာ တတ်နိုင်သမျှ လုပ်ပြီးပြီ"

"မောင့်ကို အသက်တစ်ချောင်း ပေးခဲ့တာပဲ"

"အသက်တစ်ချောင်း ဆိုတာ ဘာမှ မများလှပါဘူး"

စုဇန်သည် မှော်က်၏အမေကို သတိရကာ မှော်က်၏စကားကို စဉ်းစားကြည့် မိလေသည်။ မှော်က်၏အမေသည် ထိုမျှသာ ပေးနိုင်၏။ မှော်က်ကလည်း လုံလောက်သည် မထင်ခဲ့ပါတကား။ အမှန်စင်စစ် ထိုဟာသည် မိန်းမတစ်ယောက်က ပေးနိုင်သော အဖိုးတန် ပစ္စည်းတစ်ခုပင် မဟုတ်ပါလော။ မိန်းမတစ်ယောက်က အတတ်နိုင်ဆုံးပေးခြင်းသာ ဖြစ်သည် ဆိုလျှင် ထိုဟာသည် အဖိုးတန်ဆုံးပင် ဖြစ်ပေတော့သည်။

ထိုမှ စုဇန်သည် ဆေးရုံ၏ ကျဉ်းမြောင်းသော အခန်းကလေးတွင် ဂျွန်ကို မွေးခဲ့လေသည်။ ကလေးမွေးရာ၌ ဝေဒနာ ခံစားရသည်ကို အနီးရှိ ဆရာဝန်ဆရာမများကိုမျှ မသိစေခဲ့။

ဂျွန်ကို မွေးပြီးနောက် စုဇန်သည် ဘာတစ်ခုမျှ ဟုတ်တိပတ်တိ မလုပ်နိုင်ခဲ့။ အိမ်ထဲမှလည်း အိမ်ပြင်သို့ မထွက်ခဲ့။ သူ့ သူငယ်ချင်းများ ထံသို့သော်မှ မသွား။ သူ့ အဖေကမူ သူ့အား အလုပ်များနေသည်ဟု ထင်ခဲ့လေသည်။ တစ်နေ့တွင် သူ့အဖေ ရောက်လာကာ သူ စပ်ထားသည့် ကဗျာတစ်ပုဒ်ကို ဒေါ်လာနှစ်ဆယ်နှင့် ရောင်းခဲ့ကြောင်းပြော၏။ စုဇန်တစ်ယောက် ကလေးနှင့် အလုပ်များနေသည်ကို တွေ့ရသောအခါ အိမ်သို့ ခေါ်လာပြီး စန္ဒရား တီးစေလေသည်။

စုဇန်သည် ဂီတနှင့် တွေ့သောအခါ ကလေးကို မေ့သွားလေ၏။ သို့သော် ဂီတသည် သူ၏ ဂနာမငြိမ်နိုင်သော အထီးကျန်မှုကို ပို၍ တိုးပွားလာလေ၏။

"ဒါဟာ လူတွေနဲ့ နေချင်တဲ့စိတ် ထင်ပါရဲ့၊ ဒီတော့ ပါတီပေးဦးမှ" ဟု တွေးမိလေသည်။

ထိုနေ့က စုဇန်အမေက မေရီတစ်ယောက် စုဇန်နေခဲ့သည့် ကောလိပ်တွင် မနေလိုဟု ပြောနေသဖြင့် မည်သို့ပြုရမည်မသိကြောင်း ပြောပြရာ စုဇန်က သူသွားလိုရာ သွားပါစေဟု ပြောခဲ့လေသည်။

နောက်တစ်နေ့တွင် သူ့ သူငယ်ချင်းများကို ခေါ်၍ ပါတီပေးလေသည်။ စုဇန်တစ်ယောက်တည်း အစစအရာရာ စေ့စပ်ပြည့်စုံအောင် လုပ်နိုင်သဖြင့် သူ၏ မိတ်ဆွေများက သူ့အား သဘောမကျကြချေ။ လူဆိုင်းက ဆိုလျှင် "ဟော့ကောင်မတွေ... တို့ စုဇန်ကို သပိတ်မှောက်ရင် ကောင်းမယ် ဟေ့၊ ဘာကြောင့်လဲဆိုတော့ တို့တစ်တွေ အလုပ် လုပ်ရတဲ့ အခြေအနေကို ပိုပြီး ဆိုးဝါးလာအောင် စုဇန် လုပ်နေတယ် မဟုတ်လား၊ သူဟာ တို့ သပိတ်မှောက်တုန်း တို့ကို သစ္စာဖောက်ပြီး အလုပ် ဝင်နေတဲ့ လူပဲကွ." ဟုပင် ပြောခဲ့သည်။ စုဇန်သည် သူ့ သူငယ်ချင်းများ၏ သဘောကြောင့် စိတ်တွင် ထိခိုက်မိလေသည်။ မှာက်က မေ့ပစ်ရန် တိုက်တွန်းလေသည်။

သို့နေခဲ့ရာမှ တစ်နေ့သ၌ မိုက်ကယ် ရောက်လာလေသည်။ မိုက်ကယ်သည် စုဇန်နှင့် တွေ့ပြီးသည်မှစ၍ ပန်းချီဆွဲချင်နေကြောင်း သူ့ကိုယ်သူ သိသွားသဖြင့် ကောလိပ်သို့ပင် မသွားတော့ဘဲ ပန်းချီကျောင်းသို့သာ တက်ခဲ့လေသည်။ ထို့နောက် စုဇန်ကိုလည်း "ဘာတွေ လုပ်ထားသလဲ" ဟု မေးလေသည်။

"ကိုယ်လား... ကလေးတစ်ယောက်ကလွဲပြီး ဘာတစ်ခုမှ မလုပ်ဖြစ်ဘူး"

မိုက်ကယ်က အပြစ်တင်သော မျက်လုံးများဖြင့် ကြည့်ကာ... "ခင်ဗျား ရှက်ဖို့ကောင်းတယ်ဗျာ" ဟု ဆိုလေသည်။ ဘာမျှမလုပ်ဘဲ ပျော်ပျော် နေနိုင်သည်ကိုလည်း ရှုတ်ချလေသည်။ ထို့နောက် ဒေးဗစ်ဘာနေဆိုသူ ရုပ်ထုဆရာ တစ်ယောက် ဤအရပ်သို့ ရောက်နေသည်ဟု ပြောလေသည်။

"အဲဒီဆရာက ခင်ဗျား လုပ်ထားတဲ့ ခေါင်းပုံကိုမြင်တော့ ခင်ဗျားကို သူ့ဆီ လာတွေ့ဖို့ ပြောခိုင်းသဗျ၊ ခင်ဗျား သွားမယ် မဟုတ်လား၊ ခင်ဗျား သွားမှာပါဗျာ၊ ခင်ဗျားမသွားရင်တော့ မသေမချင်း ဝမ်းနည်းနေရမှာပဲ၊ ဟုတ်လား၊ ဒီည ကျွန်တော် ဒေးဗစ်ဘာနေဆီကို သွားပြီး ခင်ဗျား လာမယ် ဆိုတာ ပြောလိုက်မယ်၊ သူ့ကို သိတယ် မဟုတ်လား၊ သူဟာ ချီကာဂို မြို့တော်က ဆုကို ရသွားတဲ့ ရုပ်တုကြီးကို ထုလုပ်တဲ့လူလေ၊ "ရှေးပညာရှိ" လို့ သူ့အရုပ်ကို နာမည်မှည့်ထားတယ်။

နောက်တစ်နေ့၌ စုဇန်သည် ဒေးဗစ်ဘာနေထံသို့ သွားလို စိတ်

ပြင်းထန်လာသဖြင့် သူ့အမေအား ကလေးကိုကြည့်ရန် ထားခဲ့ပြီး လာခဲ့လေသည်။ ဒေးဗစ်ဘာနေကား နက်မှောင်သော မုတ်ဆိတ်မွေး ထူထူနှင့် သေးကွေး၍ ပုသော လူတစ်ယောက်ဖြစ်လေသည်။ သူသည် စုဇန်အား သူထုထားသည့် အရုပ်များကို ကြည့်စေလေသည်။ ထို့နောက် "မင်းဖို့ ငါ ဘာလုပ်ပေးရမလဲ" ဟု မေးလေသည်။

"ကျွန်မ သိသင့်တာတွေ သင်ပေးစမ်းပါ"

"မင်းဟာ မိန်းမ တစ်ယောက်ပဲကိုး၊ ဒမ်… ဒမ်၊ အင်း… မိန်းမ တစ်ယောက်ကိုမှ ဒီပါရမီ ပေးသတဲ့ကွာ" ဟု ဒေါသတကြီး ပြောနေရာမှ ကြေးရုပ်ကို ကိုယ်တိုင် သွန်းတတ်ဖို့လိုကြောင်း၊ ဘယ်အလုပ်မဆို အစမှ အဆုံးအထိ ကိုယ် တိုင်လုပ်နိုင်ရမည် ဖြစ်ကြောင်းပြောပြီး စုဇန်လုပ်ထားသည့် အရုပ်များ တွေ့လိုသည် ဟုဆို၏။ စုဇန်က သူ့အိမ်သို့ခေါ်သွားကာ ဝဲလင်းဆောင် အတွင်းရှိ မပြီးသေးသော အရုပ်များကို ပြလေ၏။

"ဒီနွေကုန်ရင် ကျုပ်ပါရစ်မြို့ကို သွားမလို့၊ ကျုပ်နဲ့လိုက်ဖို့ စိစဉ်ထား၊ ဒီ အတောအတွင်း တစ်ပတ်နှစ်ခါ ကျုပ်ဆီလာခဲ့၊ မနက်ဖြန်ကစပြီး လာခဲ့"

ဒေးဗစ်ဘာနေက သူ့အား အမိန့်ထုတ်လေသည်။ "မင်းဟာ သိပ် ရှက်ဖို့ ကောင်းတာပဲ" ဟူ၍လည်း အပြစ်တင်လိုက်သေးသည်။

ထို့ကြောင့် ညဘက်တွင် စုဇန်က မာ့က်အား "ရုပ်တု ထုနည်း သင်ခန်းစာ ယူမယ်ဆိုရင် မောင် စိတ်ဆိုးမှာလား" ဟု မေးမိလေသည်။

"ဘာလို့ ဆိုးရမှာတုန်း၊ လုပ်တာလုပ် စုရေ… စုအဖို့ ပျော်စရာတစ်ခု ဖြစ်မှာပဲ မဟုတ်လားကွယ်"

"ပိုက်ဆံလည်း ပေးရဦးမှာရှင့်"

"အေးပါကွယ်… " ဟု မာ့က်က ဂရုမစိုက်ဘဲ ပြောလေ၏။

ဂျွန်ကို မွေးဖွားပြီးကတည်းက သူတို့သည် ငွေအကြောင်းစပ်၍ မပြောခဲ့ကြချေ။ မာ့က်သည် ဘယ်တော့မျှ အမေးအမြန်း မရှိ။ အပတ်စဉ်ပင် သူရသည့် လစာငွေကို သူသုံးဖို့ ငါးဒေါ်လာကိုချန်၍ အကုန်အစင် အပ်လေသည်။ သူ့အလုပ်တွင် သူဌေးနှင့် ပြောခဲ့ဆိုခဲ့ရပုံတွေကိုသာ ပြောတတ်သည်။ မာ့က်တော့ မအိုခင် ဆံပင်ဖြူမှာပဲဟု စုဇန်စိတ်၌ တွေးမိခဲ့လေသည်။

ထို့နောက် စုဇန်သည် ဂျွန်ကို ထိန်းရန်အတွက် ကြောက်တတ်သည့် မျက်နှာထားရှိသော အင်္ဂလိပ်မ တစ်ယောက်ကို ရှာဖွေ၍ တစ်ပတ်လျှင်

နှစ်ရက်ကျ ထိန်းဖို့ စီစဉ်လေသည်။ အင်္ဂလိပ်မ၏ နာမည်မှာ ဂျိန်းဟူ၍ ဖြစ်လေသည်။ ဂျိန်း သည် တစ်ပတ်လျှင် နှစ်ရက်ကျ သူတို့အိမ်သို့ အရိပ်ပမာ ဝင်ရောက်၍လာတတ်လေသည်။

စုဇန်ကား တစ်ပတ်လျှင်နှစ်ခါ ဒေးဗစ်ဘာနေ ထံသို့ သွားလေသည်။ ဒေးဗစ်ဘာနေ ရှိနေခြင်း၊ မရှိခြင်းနှင့် ပတ်သက်၍ စုဇန်အဖို့ မထူးခြား။ သူသည် ရေပန်းတစ်ခုကို လုပ်လိုသော စိတ်ဖြင့် ဝင်လုပ်နေခြင်းသာ ဖြစ်လေသည်။ ဒေးဗစ် ကမူ နာခေါင်းခပ်ရှုံ့ရှုံ့ ရှိခဲ့လေသည်။

"ရေပန်း ဟုတ်လား... ဥယျာဉ်ထဲက ဟာပေါ့"

ဒေးဗစ်က ပွက်သံနှင့်ပြောရာ စုဇန်မှာ ရှက်သွားပြီး...

"ရေနဲ့ ကျောက်ကို ဘယ်လိုလုပ်ရင် လှမလဲလို့ ကျွန်မ သိချင်နေတာနဲ့၊ ဒါပေမဲ့ ရှင်မကြိုက်..."

"မင်း လုပ်ချင်ရာ လုပ်ပါ၊ ကျုပ်ကြိုက်တာ မကြိုက်တာနဲ့ ဘာဆိုင်လို့တုံး"

စုဇန်သည် ဘာမျှမပြောတော့ဘဲ ရေပန်းကို စ၍ ထုလေ၏။ ထိုမှုန့်ကို လက်ဖြင့်ဖိရသည်ထက် ကျောက်သားကို ထွင်းထုလိုခြင်းက အလွန်ပြင်းထန်၍ လာလေ၏။ ဒေးဗစ်ဘာနေကိုပင် ပြောမိလေသည်။

"ကျွန်မတော့ ကျောက်ကိုပဲ ကိုင်တော့မယ်၊ တခြားဟာတွေကို ကိုင်ခဲ့တာ သိပ်မှားတာပဲ"

"အင်း...ရှုံ့ပုပ်ဆိုတာဟာ အင်မတန်လွယ်တာပဲ၊ အထူးသဖြင့် မိန်းမတစ်ယောက်အဖို့ပေါ့"

"ဒါပေမဲ့ ကျွန်မမှာ ကျောက်တုံးဝယ်စရာ ငွေမရှိဘူး၊ ကျွန်မ ရေပန်းပြီးသွားရင်တော့ ရောင်းလို့ရပါလိမ့်မယ်"

"မင်းကြိုက်တာ ရွေးယူလေ၊ ငွေက နောက်မှပေး၊ ဟောဒါတွေဟာ အကောင်းဆုံးကျောက်ပဲ"

စုဇန်သည် ကျောက်တုံး ထွင်းထုရာ၌ ပုံကြမ်းဆွဲရန် မရသဖြင့် အခက်အခဲ တွေ့နေခိုက် မိုက်ကယ် ရောက်လာလေရာ ဒေးဗစ်က မိုက်ကယ်အား ပုံစံအဖြစ် နေစေလေ၏။ ထိုအချိန်မှာ မိုက်ကယ်ကိုယ်တိုင် ဒေးဗစ်ဘာနေ၏ ပုံကို ပန်းချီဆွဲနေခိုက် ဖြစ်လေသည်။ တစ်နေ့တွင် မော်ကက စုဇန်အား အနူးအညွတ်မေးလေသည်။

"သင်ခန်းစာ သွားယူရတာ ပျော်ရဲ့လား"

"အင်း... ပျော်တယ်မောင်"

"ဘာလုပ်ရလဲကွယ်"

"လမ်းမက ထောင်သားတစ်ယောက်လိုပေါ့၊ တစ်နေ့လယ်လုံး ကျောက်တုံးထုနေရတယ်"

မှက်က ရယ်လေရာ စုဇန်လည်း လိုက်ရယ်၏။ သူတို့ရယ်မောခြင်းကြားထဲမှ သူသည် သည့်ထက်ပို၍တော့ မပြောဟူသည်ကို မှက် သတိမထားမိချေ။ သို့နှင့်ပင် တစ်နေ့ကုန်ခဲ့သော်လည်း သူမ မသိလိုက်၊ ဒေးဗစ်ဘာနေကမူ သူမအား အစဉ်သဖြင့် ဆူပူကြိမ်းမောင်းခဲ့လေသည်။ ရုပ်တုကိုကား သူကိုယ်တိုင် ဘယ်တော့မှ မကိုင်။ သူဆိုလိုသည့် စကားကို နားလည်အောင်ပင် မကိုင်ချေ။ သို့သော် သူသည် အသနားမဖက်၊ စုဇန်အား ယောကျ်ားတစ်ယောက် မဟုတ်ဟူ၍လည်း အသာမပေးချေ။

"မင်းဟာ မိန်းမဆိုတာကို တစ်သက်လုံး မေ့ပစ်လိုက်စမ်း၊ ကြားလား၊ ဘုရားမလို့ မေ့ပါစေဗျာ၊ အဲဒီ မျဉ်းအတိုင်းထုစမ်း၊ ပြင်းပြင်းထု ဟုတ်ပြီ... ဟုတ်ပြီ"

စုဇန်သည် လက်ကိုလွှဲ၍ ထုလေ၏။

ကျောက်ရုပ်ပြီးသွားသောအခါ ရောင်းရန် စီစဉ်လေသည်။ အရုပ်တွင် စုဇန်၏ နာမည်ကို ထိုးမည်ပြုသောအခါ ဒေးဗစ်ဘာနေက "ပါရစ်မှာ ၂နှစ်လောက်နေမပြီးသေးသမျှ ဘယ်တော့မှ နာမည်မထိုးပါနဲ့ဦး၊ အဲဒီအခါ ကျုပ်ငါ သဘောကျရင် နာမည်ထိုးပေတော့၊ အဲဒီအချိန် မရောက်မချင်း မင်းလုပ်တာဟာ ကောင်းတယ် မကောင်းဘူး မင်းသိမှာ မဟုတ်ဘူး၊ အင်မတန်ညံ့တဲ့ဟာ တစ်ခုခု လုပ်မိရင် လုပ်မိ မှန်းသိရတယ်" ဆိုလေရာ...

"ပါရစ်ကို သွားမယ်လို့လည်း ကျွန်မ မပြောရသေးပါဘူး၊ အမှန်ပြောရရင် ကျွန်မ သွားဖို့ မဖြစ်နိုင်ပါဘူး" ဟု စုဇန်က အေးကြည်စွာ ပြောလေ၏။ "ကျွန်မမှာ လင်နဲ့ သားနဲ့ရှင့်"

"ဘယ်မိန်းမ မဆို လင်ယူပြီး သားသမီး မွေးနိုင်တယ်ကွ၊ လင်တွေကလေးတွေနဲ့ မင်းနဲ့ ဘာဆိုင်သတုံး"

"ကျွန်မလင်နဲ့ ကျွန်မသားကို ချစ်တယ်ရှင့်"

ဒေးဗစ်သည် **သူ့အား** စကားဆက်၍ မပြောတော့ဘဲ အလွန်

ကျယ်လောင်စွာ တဒုန်းဒုန်းထုလေ၏။

နွေရာသီလည်း ကုန်ဆုံးလုနီးတွင် သူတို့နှစ်ဦးကြား၌ ရန်ပွဲတစ်ခု စလေ၏။ နောက်တွင် ဒေးဗစ်က သူ့အား အကျိုးသင့် အကြောင်းသင့် ပြောလေ၏။

"စုဇန်... ငါ လူတွေအများကြီး တွေ့ဖူးပါတယ်၊ ဒါပေမဲ့ ထူးမြတ်တဲ့ ပါရမီ မရှိကြဘူး၊ မင်းမှာတော့ ရှိတယ်၊ ဒါကို မင်း မလိုချင်ဦးတော့ ဖယ်ရှား မပစ်နိုင်ဘူး၊ ပါရမီကို လွှတ်မပစ်နိုင်ဘူး၊ ပါရမီဟာ မင်းကိုယ်ထဲမှာ ရှိတယ်၊ ပါရမီဟာ မင်းကိုယ်တိုင်ပဲ ဖြစ်နေတယ်၊ ခုတော့ ဒီအကြောင်းကို မင်းမသိလို့၊ မင်း ငယ်ငယ်ကလေးမှာ လင်ယူပြီး ကလေးမွေးလိုက်ဘာနဲ့ ဘုရားသခင်က မင်းကို ပေးထားတဲ့ ပါရမီကို ပစ်ထားလိုက်ဖို့ အခွင့်အရေးရှိတယ်လို့ မဆိုလို ဘူးကွ"

"အဲဒါကို ကျွန်မရဲ့ကလေးကို ပေးနိုင်ရင် ပေးနိုင်လိမ့်မယ်လေ"

"မင်းရဲ့ ပါရမီကို မင်းရဲ့ ကလေးတွေဆီ မပေးနိုင်ဘူး၊ မင်းကိုကော ဘယ်သူက ပေးသလဲ၊ မင်းဆွေမျိုးထဲမှာ ရုပ်တုဆရာလို့ ရှိဖူးသလား၊ ပန်းချီဆရာတောင်မရှိဘူး မဟုတ်လား၊ ဘယ်သူမှ မင်းကို မပေးဘူး၊ မင်းဟာ ဒီအတိုင်းသွားပြီး ကလေးခန်းတစ်ခန်း ပြည့်တဲ့အထိ ချွေးကောင်လေး တွေကို ရနိုင်တယ်၊ ဒါပေမဲ့ အဲဒီကောင်ကလေးတွေဟာ တခြားမိန်းမ တစ်ယောက်ရဲ့ ကလေးတွေနဲ့ အတူတူပဲ နေလိမ့်မယ်၊ ဘာမှပိုမကောင်းဘူး၊ မင်းဟာ တစ်ခုခုအကြောင်းကို အမြဲတွေးနေရမယ်"

"ကျွန်မ မိခင်ကောင်း ဖြစ်နိုင်ပါတယ်"

"ဒီကလေးတွေရဲ့ ကိစ္စကို ငါဘာမှ နားမလည်ဘူး မထင်နဲ့၊ ဘာ ကြောင့်လဲ ဆိုတော့ ငါက သိတာကိုးကွ၊ ငါလည်း ရဖူးတယ်၊ ယောကျ်ား လေး သုံးယောက်နဲ့ မိန်းကလေး တစ်ယောက်၊ ဒါပေမဲ့ တစ်ယောက်မှ ဆောက်တောင် မကိုင်တတ်ဘူး၊ ကိုင်ချင်စိတ်လည်း မရှိကြဘူး"

"သူ့အမေတွေက..."

"မအေက သုံးယောက်ကွ၊ ခင်းတို့ကို မိန်းမသုံးယောက်ဆီက ရခဲ့တယ်လေ၊ ဒါပေမဲ့ ချွေးကလေးတွေကတော့ တစ်ပုံတည်းပဲ"

စုဇန်အဖို့ မှာက်နှင့် ဓွန်ကိုခွဲခွာ၍ လိုက်ရန်မှာ ခဲယဉ်းလှပေသည်။ ဒေးဗစ်ဘာနေ၏ နောက်သို့ သူ လိုက်သွားလျှင် ဘယ်သူကမှ သူ့သဘော

ကို နားလည် မည်မဟုတ်။ စုဇန်၏ အဖေကသာ နားလည်နိုင်ပေမည်၊ ထို့ကြောင့် နောက်ဆုံးတွင် ပါရစ်သို့ မလိုက်နိုင်ဟု အတိအကျ ပြောလိုက်လေသည်။

"မင်းကိုယ်မင်း မှားမှန်းသိတဲ့အခါ ငါ့ဆီကို စာရေးလိုက်ပေါ့လေ၊ ဒါပေမဲ့ တခြား ဘာအကြောင်းနဲ့ ပတ်သက်လို့မှတော့ မရေးလေနဲ့၊ မင်းရဲ့ တခြား အကြောင်းတွေကို ငါ စိတ်မဝင်စားဘူး"

ဒေးဗစ်ဘာနေက လိပ်စာကိုသာ ရေးပေးခဲ့လေသည်။ ဒေးဗစ် ပြန်သွားပြီးနောက် သူသည် မာ့က်ကိုသာ တောင့်တနေလေသည်။ အခန်းကိုပင် ခါတိုင်းထက် ပို၍သာနေသည်ဟု ထင်ခဲ့၏။ မာ့က်သည် သူ မျှော်လင့်သည်ထက် စောစော ပြန်ရောက်လာသဖြင့် ဝမ်းသာလွန်းလှသောကြောင့် မျက်ရည်များပင် ကျမိလေသည်။ "မောင့်ကို ချစ်တယ်၊ မောင့်ကို ချစ်တယ်" ဟု တတွတ်တွတ် ပြောရာက လပေါင်းများစွာက မလုပ်ခဲ့ဖူးသောနည်းဖြင့် သူတို့သည် ပွေ့ဖက်ပူးကပ်ကာ နမ်းရှုပ်ကြလေသည်။

"မာ့က် စုတို့ ကလေး တစ်ယောက် ထပ်ရဖို့ အချိန်တော်ပြီ၊ စု နောက်ထပ် ကလေးတစ်ယောက် လိုချင်တယ်"

"တကယ်လား စု"

"တကယ်ပေါ့"

❊ ❊ ❊

ဒေးဗစ်ဘာနေ ပြန်သွားစက ဒေးဗစ်မရှိလျှင် သူသိပ်ပြီး သတိရနေလိမ့်မည်။ ဒေးဗစ်နှင့် သူတို့နှစ်ယောက် အတူတကွ အလုပ် လုပ်ခဲ့သည်များကို သတိတရရနှင့် နေလိမ့်မည်ဟု ထင်ခဲ့၏။ သို့သော် နွေရာသီ ကုန်ဆုံးသည့် တိုင်အောင် ဂျွန်မာ့က်နှင့် အိမ်အတွက် ဂရုစိုက်နေရခြင်းက လွဲ၍ ဘာအလုပ်တစ်ခုမျှ မလုပ်ဘဲနှင့်ပင် ပျော်ရွှင်ချမ်းသာစွာ ကုန်လွန်ခဲ့လေသည်။ ဒေးဗစ်ဘာနေ မရှိသော်လည်း အိမ်အလုပ်များ လုပ်နေရသည်နှင့် ပျော်နေခဲ့လေ၏။

ခရစ်စမတ် ပွဲတော်ရာသီတွင် စုဇန် ကိုယ်ဝန်ရှိကြောင်း မှာက် သိရှိရသောအခါ "မောင့် စိတ်ထဲမှာ စုဟာ ဘာမဆို စု အလိုရှိသလို ဖြစ်လာနိုင်တဲ့ မိန်းကလေးလို့ ထင်နေမိတာပဲ၊ မောင်ဟာ စုနဲ့ မတန်လှဘူး" ဟု ယုယစွာ ပြောလေသည်။

"ဒါကို မပြောစမ်းပါနဲ့၊ မောင် ဒီလိုပြောတာကို စုဘယ်လောက် မုန်းတယ်ဆိုတာ မပြောနိုင်ဘူး"

စုဇန်၏ စိတ်တွင် မှာက်သည် သူနှင့် တန်းတူသာ ဖြစ်သည်ဟု တွေးထင် လိုသောကြောင့်တည်း။

ဇန်နဝါရီလထဲတွင် ဒေးဗစ်ဘာနေထံမှ စာတစ်စောင် ရောက်လာလေသည်။ စာမှာ ခပ်တိုတို မေးခွန်းတစ်ခုပင်။

"ဒီ တစ်ချိန်လုံးမှာ မင်း ဘယ်လို အချိန်ဖြုန်းနေသလဲ"

စုဇန်သည် ပြုံးရယ်ကာ စာရွက်ကို ဆွဲဆုတ်လိုက်လေသည်။

ဇွန်လလောက်တွင် ကလေးတစ်ယောက် ထပ်မွေးရဦးမည်။ ဂျွန်လည်း ကြီးလှပြီ။ အိမ်ကို လှပအောင် ပြုပြင်ရဦးမည်ဟု တွေးခဲ့လေသည်။ ထိုအတွင်း သူ့သူငယ်ချင်းမ တစ်ဦးက တစ်နွေလုံး စုဇန်တစ်ယောက် ဒေးဗစ်ဘာနေနှင့် အတူနေခဲ့သည်ကို သိရသောအခါ ကိုယ်ကျင့်တရား ဆိုးရွားပုံတွေကို ပြောပြလေသည်။ စုက သူ ဘာမှ မသိဟု ဆို၏။ သူ့အဖို့ ဒေးဗစ်ဘာနေ ဆိုသူမှာ အဖျားတုံး၍ သန်မာလှုပ်ရှားသော အာရုံစွမ်းသန် သိမြင်လွယ်သည့် လက်နှစ်ဖက်မျှသာ ဖြစ်ပေ၏။

ဇွန်လထဲတွင် နောက်ထပ် မိန်းကလေး တစ်ယောက် မွေးလေရာ "မာဇီယာ" ဟု အမည် မှည့်လေသည်။ မာဇီယာကို မွေးပြီးသောအခါ စုဇန်၏ အဖေက "မာဇီယာ မွေးဖွားခြင်းသို့... " ဟူသော ကဗျာကို လက်ဆောင် ပေးလေသည်။ မာဇီယာကို ပွေ့ချီကြည့်ရှုနေရခိုက် ညီမ မေရီ ရောက်လာလေသည်။

"ဖေဖေ ကျွန်မအကြောင်း ဘာပြောလဲ" ဟု မေးသည်။ မေရီသည် ကောလိပ်ကို မဆက်ချင်တော့ ဆိုသောကြောင့် အဖေ စိတ်ဆိုးနေသည်ဟု ဆို သည်။

"ကျွန်မအကြောင်း ကျွန်မသာ သိတယ်" ဟုလည်း ပြောသေးသည်။ နောက်တစ်ရက်နှစ်ရက်တွင် အဖေက မေရီနှင့် ပတ်သက်၍ ညည်းလေ

သည်။

"မိန်းကလေးတွေဟာ အတော် ခက်လာပြီ၊ မေရီကလည်း သူ့အတွေးနဲ့သူ၊ သူ့ဘ၀ကို သူကျောင်းချင်သတဲ့၊ နယူးယောက်မှာ အလုပ်သွားလုပ်မတဲ့၊ ယောကျ်ားလေး ဆိုရင်တော့ ငရဲသွားသွား၊ သွားပေစေပေါ့၊ မိန်းကလေးဆိုတော့ သွားလို့ မဖြစ်ဘူး၊ မေရီကို ဘယ်လို လုပ်ရမလဲ၊ ငါ မသိတော့ပါဘူးကွာ"

ယင်းသို့လျှင် သူတို့၏ ဘ၀များသည် သူ့ထံသို့ စီးဝင်လာလိုက် စီးထွက်သွားလိုက်နှင့်ပင် စုဇန်သည် သူတို့အားလုံးနှင့် တစ်စိတ်တစ်ဒေသ နှောင်ကြိုးတဲကာ၊ ထိုအချိန်အတွင်းမှာပင် သူတို့နှင့် ကင်းကွာလျက်လည်း ရှိပေ၏။ သူ၏အိမ် လသာဆောင်ရှိ စပျစ်နွယ်ကြားမှ မမျှော်လင့်ဘဲ ပွင့်ပြူလာသော နှင်းဆီဝါများမှာ ဒေးဗစ်ဘာနေ၏ ရုပ်တုတစ်ခုကို နယူးယောက်မြို့မှ ဒေါ်လာငါးထောင်ဖြင့် ဝယ်လိုက်သည်ဆိုသော သတင်းကဲ့သို့ပင် စိတ်ဝင်စားစေ၏။ သို့သော် သူသည် သူ၏ ဇာတိစိတ်အားဖြင့် သိထားသည်မှာကား ယခုအခါ အရာရာတို့ဖြင့် ရရှိသည်ထက် ပိုမိုသော ပျော်ရွှင်သုခကို မိအောင်ဖမ်းနိုင်မည် ဆိုခြင်းပေတည်း။

ငယ်ငယ်က ကျောင်းထိုင်ဘုန်းကြီးက လောကဋ္ဌ ဘာမျှမကျန်အောင် ဆုံးရှုံးပြီးသူ တစ်ယောက်အကြောင်းကို ပြောဖူးသည်။

"အရှင်သည် ချစ်တော်မူသော သူ့နောက်သို့ လိုက်တော်မူ၏၊ ဝမ်းနည်း ပူပန်ခြင်းသည် လူ၏ဝိညာဉ်ကို သင်ကြားပြသရန် အလို့ငှာ ပို့ရောက်လာခြင်း ဖြစ်၏။ ဝမ်းနည်းပူပန်ခြင်းသည် လူ၏ဝိညာဉ်ကို ပို၍ ကြီးကျယ်သော ကိစ္စများ အတွက် သင့်လျော်စေ၏"

သို့သော် သူမကား ဝမ်းနည်းပူပန်ခြင်းကို လုံး၀မသိခဲ့။ မာ့က်သည် သူမ၏ အချစ်အားဖြင့် ရိုးသားကောင်းမွန်ခြင်း သက်သက်ဖြစ်ကာ သူမ၏ ကလေးများမှာလည်း ကျန်းမာ၍ ပူဆာချေးထူခြင်းလည်း မရှိ။ သူမသည် သေခြင်းတရားကိုလည်း မကြုံတွေ့စဖူး။ သူမ၏ ဘ၀သည် အဆုံးမရှိတော့ဟု ထင်ရကာ ထိုကဲ့သို့ ဖြစ်ရသည်ကိုပင် ဝမ်းမြောက်နေသည်။ ထို့နောက် စုဇန်သည် ဂျွန်ကိုခေါ်ကာ ပုံစံ အဖြစ်နေစေပြီး ရွှံ့များကို နယ်စပ်၍ အရုပ် ထုလုပ်ပြန်လေ၏။ သူသည် ပြင်းထန်ရက်စက်လှသော လျင်မြန်ခြင်း ဖြင့်လုပ်နေလေရာ ဂျွန်သည် စကားပင် မပြောနိုင်တော့ဘဲ ပိုမို ကြောက်၍လည်း

လာခဲ့လေ၏။ စုဇန်လည်း ထက်မြက်တီးတိုးသော အသံဖြင့် "အို... အဲဒါ ဟာလေ ငါ့ရဲ့ဂုဏ်ကျက်သရေ ဖြစ်ရမယ်လေ" ဟု သူ့ ဘာသာ အသံထွက်မိ မှန်း မသိဘဲ သီချင်း ညည်းမိလေ၏။

တစ်ညသ၌ စုဇန်သည် နိုးလာ၏။

အိပ်ပျော်နေစဉ် အလင်းရောင်တစ်ခုသည် မခံရပ်နိုင်စရာပင် သူ၏ မျက်ခွံများကို ဖိနှိပ်လာခဲ့ပေ၏။ ကောင်းကင်ဝယ် နေကဲ့သို့ တောက်ပ ဝန်းစက်ကာ ဝင်းပပြုနေသော လကို မြင်ရသဖြင့် ထထိုင်လေရာ မှော်က အသံ ကြည်လင်စွာဖြင့် ပြော၏။

"စုလည်း နိုးနေတာကိုး လကလည်း သိပ်သာတယ်"

အတန်ကြာသော် "စု... စု အိပ်ရာကို မောင်လာခဲ့မယ်နော်" ဟုဆို၏။

"လာခဲ့လေ မောင်"

စုဇန်သည် မှော် ကိုယ်ငွေ့ကြောင့် နွေးထွေးကာ ကြည်နူးနေ၏။

"မောင့်ကို ကျပ်ကျပ် ဖက်ထားစမ်းပါ စုရယ်"

စုဇန်သည် လက်မောင်းများဖြင့် စိတ်ပါလက်ပါ သိုင်းဖက်ကာ မှော်အား တွန်းဖယ်ပစ်လိုက်ခြင်း မရှိဘဲ ချစ်ကြင်စွာသာ နေလေ၏။ မှော်သည် ငြိမ်သက်စွာ လဲလျောင်းနေပြီး စုကို အသာအယာ နမ်းကာ စောင်ဖြင့် ထွေးပေးလေ၏။

"အိပ်တော့၊ အိပ်တော့ စုကလေးရေ၊ စုကို နှောင့်ယှက်ဖို့ မကောင်း ပေဘူး"

စုဇန်သည် ချက်ချင်း ထမိလေ၏။

"ဒါပေမဲ့ကွယ်၊ စုက ပြန်ပြီး ချစ်လိုက်တာပဲ မဟုတ်လား"

မှော်က "အေးပါကွယ်" ဟု ကြင်နာသံ ပကတိဖြင့် ပြောလေ၏။ ထို့နောက် "မောင်... ခဏ စာဖတ်ဦးမယ်၊ အလကား လသာတာနဲ့ အိပ်လို့ မရဘူး" ဟု ဆိုလေသည်။ သူ့အသံမှာ ရွှင်လန်းဟန် ရှိပေမဲ့ စုဇန်အပေါ်တွင် ထူးခြားနေသည်ဟု သိရလေ၏။

"မှော်... မှော်မှာ တစ်ခုခုတော့ ရှိပြီ၊ ဒါပေမဲ့ စုကို မပြောဘဲ နေတယ်"

"ဘာမှ မဖြစ်ပါဘူး စုရဲ့၊ ကိုင်း အိပ်လေ"

မှော်သည် မီးကိုဖွင့်ကာ သူ့အိပ်ရာဘေးမှ အလုပ်စင်ပေါ်တွင်

အလုပ်ကို ရွေးနေလေ၏။

"မှက် စုကို တစ်ခုမှ မလိမ်ခဲ့ဘူးနော်"

"စုကို မောင် ချစ်တယ်"

"အင်းလေ... စုကို မောင် ချစ်တယ်၊ မောင့်ကိုလည်း စု ချစ်တယ်၊ ဒါ ဘာဖြစ်သလဲ"

ထိုအခါ စုဇန်သည် မှက်ကို ကြည့်လိုက်ရာ သူ၏နှုတ်ခမ်းများ တဆတ်ဆတ်တုန်နေသည်ကို တွေ့ရလေရာ စုဇန်သည် "အို... မှက်" ဟု ထိတ်လန့် တကြား အော်လိုက်ပြီး အိပ်ရာထဲမှ ခုန်၍ထကာ မှက်၏ ခေါင်းကို သူ၏ပခုံးပေါ်သို့ ဆွဲယူလိုက်လေ၏။

"မှက်... မှက်" ဟု တိုးတိုးခေါ်ရင်း မှက်ကို ကိုင်ထားရာ သူ၏ တစ်ကိုယ်လုံးသည် တုန်ခိုက်၍ တောင့်တောင့်ကြီး ဖြစ်နေ၏။ မှက်ကား ငို၍ နေလေသည်။

"ဘာဖြစ်တာလဲ မှက်၊ စုတော့ ခက်တော့တာပဲ"

"ဘာမှ မဟုတ်ပါဘူး၊ ဘာမှ မဟုတ်ပါဘူး၊ မောင့်စိတ်ထဲမှာ စုဟာ ပြောင်းလဲသွားပြီလို့ ထင်တယ်၊ မောင်ဟာ စုနဲ့ မတန်ပါဘူးကွယ်"

ထိုခဏ၌ စုသည် ယောကျ်ားဖြစ်သူက မိန်းမဖြစ်သည်ဟု ထင်မြင်မိလေ၏။ စုနှင့် မှက်တို့ လက်ထပ်ခဲ့သည့် လေးနှစ်အတွင်း မှက် စိတ်မချမ်းမသာ ဖြစ်ရသည်ကို တစ်ခါမျှ မတွေ့ဖူးသဖြင့် စုသည် ကြောက်ရွံ့ တုန်လှုပ်နေလေ၏။

"ထိုင်ဦး အချစ်ရယ်... ကဲ... ပြောစမ်း၊ မောင့်ကို ထိခိုက်အောင် စု တစ်ခုခု လုပ်ခဲ့တယ်၊ ဒါပေမဲ့ ကြောက်စရာ ကောင်းပုံက ဒါကိုဘာမှန်း စုက မသိဘူး မောင်ရဲ့၊ သိလား၊ ဒီတော့ မောင်က ပြောပြမှပေါ့၊ စုဟာလေ မောင့်ကို သိပ်ချစ်တဲ့စုပါကွယ်"

မှက်က စကားပြောနိုင်ဖို့ အကြာကြီး စောင့်ရ၏။

"စုဟာ... ဆိုစရာ ဘာမှ မရှိပါဘူး၊ ဧမောင်သာ ရူးတာပါ၊ ဒါပါပဲ၊ မဟုတ်တာက မောင်ပါ၊ စု မဟုတ်ပါဘူး၊ ကြည့်လေ အိမ်ကလေးကို စု သိမ်းဆည်းထားလိုက်တာလဲ လှလှပပ၊ ကလေးတွေကိုလည်း ပြောစရာ မရှိအောင် ပြုစုလို့... တကယ်ပါ၊ စုဟာ မောင့်အဖို့ အမြဲချစ်စရာ ကြင်နာစရာ ပါပဲ၊ တခြား မောင်တွေ သူတို့မယားအတွက် အံကြိတ်ရတာ ကြားဖူးပါရဲ့၊

ဒါပေမဲ့ စုက ဒီလို မဟုတ်ဘူး၊ စု တစ်ခုခု လုပ်ခဲ့လို့လည်း မဟုတ်ပါဘူး"

"ဒီလိုဆိုရင် စုဟာ တစ်ယောက်ယောက်ဖြစ်မိတဲ့အတွက်ပဲ"

"အဲဒါ ဟုတ်ချင် ဟုတ်မလား၊ ဒါပဲ ဖြစ်ပါလိမ့်မယ် စုရယ်"

"အဲဒါ ပိုပြီးဆိုးတာပဲ၊ မောင့်ကို နာအောင် စုလုပ်မိတဲ့အလုပ်ဆိုရင် စုရပ် ပစ်လိုက်နိုင်တယ်၊ ဒါပေမဲ့ စုဟာ စုသာဖြစ်တယ် ဆိုတာကို ရပ်ပစ်ဖို့ အတော် ခက်တယ်၊ ဘယ်လို လုပ်ရမယ် ဆိုတာလည်း စုမသိနိုင်တော့ဘူး၊ စုဟာ ဘယ်လို မိန်းကလေးဆိုတာလည်း စု မတွေးခဲ့ဖူးဘူး၊ စု တစ်သက်လုံး အလုပ်များလွန်းလို့၊ ပြီးတော့ စုမှာ ပြောလို့လည်း မဆုံးပါဘူး"

"စု ဒီလိုလုပ်ရမယ်လို့ မောင်မရည်ရွယ်ပါဘူး၊ မောင်ဘာကို ဆိုလိုတယ် လို့လည်း မောင်မသိဘူး၊ ဒီတော့ ဘာမှပြောဖို့ မကောင်းပါဘူး၊ ဒါပေမဲ့ မောင့် စိတ်ထဲမှာ စုဟာ အနားမှာ မရှိသလိုပဲ၊ စုရဲ့ စိတ်ရော ကိုယ်ရော အကုန်မရှိဘူး၊ ဆိုပါတော့၊ ဘာကိုမဆို စုကောင်းကောင်း လုပ်တတ်တယ်၊ လူတကာထက် ကောင်းအောင် လုပ်တတ်တယ်... မောင် သိတယ်လေ စုဟာ... "

"အို... မှက် မပြောနဲ့တော့ကွယ်၊ မောင်စိတ်ချမ်းသာအောင် လုပ်တာ အပြင် ဘာလုပ်တတ်တော့ကော စုက ဂရုစိုက်ရဦးမှာလား၊ စုလုပ်ခဲ့ဖူးသမျှ ဟာ မောင့်ကို စိတ်မချမ်းသာ ဖြစ်စေတယ်ဆိုရင် ဘာကောင်းတော့မှာလဲ၊ အို... စု လွဲခဲ့ပြီလေ"

"မောင် စိတ်ချမ်းသာအောင် စုလုပ်ပါတယ်၊ မောင်ဟာ ရူးလို့ ပြောတာ ဖြစ်ရမယ်၊ မောင့်မှာ သက်သောင့်သက်သာ နေရတယ်၊ ဂရုစိုက် ခြင်း ခံရတယ်၊ စုမှာ မလုပ်ရသေးတဲ့ အလုပ်လို့ ဘာမှမရှိဘူး၊ တစ်ခုပဲ တစ်ခုပဲ"

မှက်သည် ခေတ္တမျှ ရပ်နေပြီးမှ "တစ်ခုရှိတာက စုဟာ စုရဲ့ စိတ်ရောကိုယ်ပါ မောင့်ကို မအပ်ဘူး ဆိုပါတော့" ဟု ဆို၏။

"ဘာကို ဆိုလိုတာလဲ၊ စု ဘာများငြင်းဖူးလို့လဲ"

"မငြင်းခဲ့ပါဘူး၊ မောင်ဟာ အရူးပဲ၊ ဒါပေမဲ့ မောင်တော့ လုံးဝ မပိုင်သလိုပဲ၊ ဒီမှာကြည့်စမ်း... စု၊ မောင် အခုစုကို စကားပြောနေတယ် ဆိုရင် မောင့်မှာ ဖြစ်ပျက်သမျှ အကုန် ပြောနေတာသာ ဖြစ်တယ်၊ အားလုံး ပြောပြနေတယ် သိလား၊ မောင့်မှာ ဘာမှ မချန်ဘူး၊ ဒါပေမဲ့ စုမှာ မောင့်ကို

မပြောတာတွေ အများကြီး ရှိတယ်၊ စုသာ မောင့်စကားကို နားထောင်နေတယ် ဆိုရင်လည်း စုရဲ့ တစ်စိတ်တစ်ပိုင်းကသာ နားထောင်နေတာပဲ၊ အဲဒါပါပဲ… မောင်ဟာ စုရဲ့ တစ်စိတ်တစ်ဒေသ ကိုသာ လက်ထပ်ယူခဲ့ရတယ် ဆိုတာ"

စုသည် ပါးစပ်ကို ဖွင့်၍ စူးရှထက်မြက်စွာ "စုကို အကုန်လုံး လိုချင်ရင် စုမှာ ရှိသမျှ အကုန်လုံး ယူနိုင်တတ်ရမယ်၊ မပေးဘဲ သိမ်းထားတာ ရှိတယ်ဆိုရင် အဲဒါအတွက်တော့ မတတ်နိုင်ဘူး" ဟု ပြောပစ်လိုက်မလို ဖြစ်မိလေ၏။

စု၏ စိတ်အလိုဆန္ဒသည် စု၏ နှလုံး၊ ဦးနှောက်နှင့် ကိုယ်စိတ်နှစ်ပါးကို တောင်းခံလေ၏။ မှာက်ကတော့ မှန်ကန်လှပေ၏။ သို့သော် ထိုအကြောင်းကို သူ ဘယ်တော့မှ မသိစေရ။

"ငါ ဘယ်နေရာမှ မကျရှုံးစေရဘူး၊ ငါ အားလုံး လုပ်နိုင်တယ်၊ မယားအဖြစ်နဲ့ရော၊ အမေအဖြစ်နဲ့ရော၊ ပြီးတော့ ငါ့ရဲ့တကယ့် ကိုယ်တိုင်ရော"

ဘာကြောင့် စုသည် သူ မွေးဖွားလာသည့်အတိုင်း မဖြစ်ရမှာလဲ၊ ဘာကြောင့် အရာရာကို မပြုရမှာလဲ၊ သူဖြစ်ချင်သည့် အဖြစ်ကို မရောက်ရမှာလဲ။ အခြား မိန်းမများ လုပ်သကဲ့သို့ တကယ်စင်စစ် ဘာမှ လုပ်ချင်တာ မရှိဘဲ အားလုံးကို လွတ်လပ်စွာ လုပ်နိုင်ဖို့ လျှာရှည်ရှည်နှင့်တော့ မအော်ချေ။ မှာက်သည် သူနဲ့ မတန်သူ၊ သူ့အဖို့ လုံလောက်သူ မဟုတ်သည်မှာတော့ မှန်လှပေ၏။ သို့သော် မှာက်မရှိဘဲနှင့်တော့ မဖြစ်နိုင်။ အကြောင်းမူကား သူ့အဖို့ ဘာမဆို လုံလောက်သည် ဟူ၍ မရှိသောကြောင့်တည်း။ သူ၏ အလုပ်သည်ပင်လျှင် မလုံလောက်။ ဒေးဗစ် ဘာနေကဲ့သို့ တစ်နေ့ပတ်လုံး ပုံသွင်းကာ ထွင်းထုနေနိုင်သည် ဆိုဦး။ တစ်နေ့တာ ကုန်သွားသောအခါ အားလုံးကို မေ့လျော့စွာ ရှိနေပြီးသည့်အခါ သူသည် ဒါချည်းပဲဖြင့် မလုံလောက်နိုင်သည်ကို သိမည်ဖြစ်ပေ၏။ ဒေးဗစ်ဘာနေမှာ သူ့နည်း နှင့်သူ လူတိုင်းကဲ့သို့ ကျဉ်းမြောင်းစွာ သတ်မှတ်နေသူ ဖြစ်၏။ အလှသည်သာ သူ၏ ဝိညာဉ်၏ အစာဖြစ်သော်လည်း သူ မှတ်သိပ်သည်မှာ အားလုံးသော အလှ ဟူသမျှတို့ မဟုတ်ဘဲ တစ်မျိုးတစ်စားတည်းသော အလှသာ ဖြစ်ပေ၏။ သူသည် ကလေးမွေးခြင်း၊ ကလေးများကို ကြီးပြင်းစေခြင်း၊ သန့်ရှင်းခြင်း၊ ချက်ပြုတ်ခြင်း၊ သစ်ပင်စိုက်ခြင်း၊ သီချင်းဆိုခြင်း၊ မှာက်နှင့် ချစ်စခန်း

ဖွင့်ခြင်း စသည်တို့ကို လိုအပ်သည်ဟု မထင်။ စု… စုကတော့ ကိုယ်တိုင် လည်း လူအဖြစ် တည်နေလိုကာ ပြုလုပ်ဖန်တီးခြင်းလည်း ပြုလို၏။ ထိုနှစ်ခုသည် သူမ၏ထံတွင် သီးသန့်ခွဲခြမ်းမနေကြ။ သူမ၏ ဘဝမှာ ဘယ်သူ့ကိုမှတော့ အလွတ်မခံနိုင်၊ ဘာကိုမှ ဘယ်သူ့ကိုမှ အလွတ်မခံနိုင်။

"လောဘ… လောဘ" ဟု သူမသည် မှာက် အိပ်ပျော်စဉ်တွင် တစ်ကိုယ်တည်း လေးနက်တည်ငြိမ်စွာ ဆိုမိလေ၏။

❊ ❊ ❊

ထို့နောက် ရက်အနည်းငယ် အတွင်းမှာပင် စုဇန်သည် အကြီးအကျယ် ရုပ်တု များ လုပ်ချင်သဖြင့် တောနယ်ဘက်သို့ အိမ်ပြောင်းရန် စီစဉ်ကြလေသည်။ အိမ်မှာ ကျောက်တုံးအိမ်လေး တစ်ခုဖြစ်လေသည်။ မှာက်ပင် အလျှင် အိမ်ထက် သာသော အိမ်ကောင်းတစ်လုံး ဖြစ်သည်ဟု ပြောရသည်။ ကလေးတို့သည်လည်း မြက်ခင်းများပေါ်တွင် ပျော်ရွှင်၍ နေလေသည်။ ဂျိန်းသည်လည်း ဘရမ်ဘယ်ရီသီး များကို ခူးကာ ယိုထိုးလေသည်။ ထိုအတွင်း "ဇူလိုင်လ ငါးရက်နေ့မှာ ကျုပ် ရောက်လာမယ်" ဟူသော ပို့စကဒ် တစ်စောင်ကို ဒေးဗစ်ဘာနေထံမှ လက်ခံရရှိလေသည်။ နွေရာသီ၏ ရက်များတွင် သူသည် ရွှံ့စေးများဖြင့် အရုပ်ထုလေသည်။ အရုပ် တို့ကား ယောကျ်ား၊ မိန်းမနှင့် ကလေးရုပ်တို့ ဖြစ်လေသည်။ အရုပ်ပြီးသောအခါ ဂျိန်းကို ခေါ်၍ပြလေသည်။ မှာက်အလုပ်က ပြန်လာသောအခါတွင်လည်း မှာက်ကို ခေါ်၍ ပြပြန်လေသည်။ သို့သော် ထိုအရုပ်များမှာ ပုံကြမ်းများသာ ဟု စုဇန်က ပြောလေသည်။

"ဘယ်သူတွေလဲကွ"

"လူတွေပေါ့ မောင်"

"သူတို့တစ်တွေဟာ တစ်ယောက်ကို တစ်ယောက် လုံးလုံး မကြည့် နေကြဘဲကိုနော်၊ ဘာဖြစ်လို့ ဒီလိုလုပ်တာလဲ စု"

"ဘာဆိုလိုတာလဲ ဟင်၊ သူတို့ကို ဒီအတိုင်း လုပ်တာပဲ"

"သူတို့ဟာ တစ်ယောက်ဆီက တစ်ယောက်စွာပြီး အဝေးကို ကြည့်နေကြတယ်၊ အထူးသဖြင့် မိန်းမကို ကြည့်ပါဦး၊ ကလေးဆီကတောင်မှ အဝေးကို ကြည့်နေတယ်၊ မိန်းမတစ်ယောက်ဟာ သူ့ကလေးကိုတော့ ကြည့်နေဖို့ ကောင်းတယ်လေ၊ မဟုတ်ဘူးလား စု၊ ဒါမှမဟုတ် ယောကျ်ားကို ကြည့်နေရမယ်လို့ ထင်တယ်"

စုက ကြောင့်ကြ စိုးရိမ်စွာဖြင့် ပြောပြန်၏။

"ဒါကို မှားနေတယ်လို့ မောင် ထင်သလားဟင်၊ စုဖြင့် မိန်းမရုပ်အတွက် ခက်လိုက်တာ၊ ဒီမိန်းမကို ပုံမှန်မရနိုင်ဘူး၊ နောက်ဆုံး စု အနေအထား အတိုင်း ပေါ်လာမှပဲ ပုံမှန်ရတယ် ထင်မိတယ်"

မာ့က်က ဖျတ်ခနဲ မေးလေ၏။

"ဒါဟာ မောင်တို့လား"

"မဟုတ်ပါဘူး၊ တကယ်ပဲ မဟုတ်ပါဘူး"

"ပုံစံကို ဘယ်ကရသလဲ၊ မိန်းမကတော့ စုနဲ့ တယ်တူတာပဲ"

"ကိုယ်လုံးကိုယ်ပေါက် တစ်ခုတည်း တူတာပါ"

သို့သော် မာ့က်က စုနှင့် လုံးဝ တူနေကြောင်းကိုသာ ဆက်ပြောနေသဖြင့် စုက စိတ်မရှည်တော့ဘဲ "စု လုပ်သမျှတွေဟာ စုတို့ မောင်တို့ တစ်တွေပဲလို့သာ မောင်ထင်နေရင်တော့ ဘာမှ မလုပ်တော့ဘူး၊ ရပ်လိုက်တော့မယ်၊ မောင့်ကို ထိခိုက်အောင် လုပ်မိမှာကို စု ကြောက်ပါတယ်" ဟု ပြောတော့မှ မာ့က်က စကားရပ်လေတော့သည်။

ထို့နောက် စုစန်သည် မာ့က်၊ ဂျွန်၊ မာဇီယာ၊ ဂျိန်းတို့နှင့် ပျော်ရွှင်စွာ နေခဲ့လေသည်။

တစ်နေ့တွင် ဒေးဗစ်ဘာနေ ရောက်လာလေတော့သည်။

"မင့်ဘိုးအေထံမှ ရှာလိုက်ရတာ အချိန်ကို ကုန်တာပဲ" ဟု စိတ်တိုစွာ ပြောကာ ကလေးတွေကို ကြည့်လိုက်ပြီး "မင်း လုပ်နေတာ ဒါပဲပေါ့လေ" ဟု ပြောပြန် ၏။

"ဒါပဲ တော်ရောပေါ့၊ မတော်သေးဘူးလား"

စုက ခက်မာ တောက်ပြောင်သော မျက်လုံးများဖြင့် ဖြေ၏။

"မင်း ဘာလုပ်ထားသလဲ၊ မင်း တစ်ခုခု လုပ်ထားတယ် ဆိုရင်ပေါ့

လေ"

"ကျွန်မ လုပ်ထားတာတော့ ရှိတယ်"

စုနေ်က သူလုပ်ထားသော နွံ့ရုပ်များကို ပြသောအခါ...

"မင်း အခုထက်ထိ ခန္ဓာကိုယ် အစိတ်အပိုင်း ပညာကို တတ်အောင် မလုပ်သေးဘဲကိုး၊ အရုပ်တွေကတော့ ကောင်းပါတယ်၊ ဒါပေမဲ့ အရိုးအဆစ် နေပုံက တယ်မဟန်ဘူး၊ မင်းကတော့ ငါ့လခွီးမှ ဒီလိုပါရမီမျိုးနဲ့ မတန်ပါဘူး ကွာ၊ ငါ ပြောသားပဲ၊ အရိုးအဆစ်အကြောင်း၊ ကြွက်သားအကြောင်းတွေကို လေ့လာစမ်း ပါလို့၊ ဒီတစ်ခါတော့ မင်း ကေတီကာတိ လုပ်လို့မရတော့ဘူး၊ နယူးယောက်မှာ အကောင်တစ်ထောင်ရှိတယ်၊ သူ့ဆီကိုသွားပြီး တစ်ပတ် သုံးခါ အလုပ် လုပ်ရမယ်၊ ဒီအကောင်က ဘာမှမလုပ်တတ်ဘူး၊ ကိုယ်အင်္ဂါ အစိတ်အပိုင်းပဲ တတ်တယ်" ဟု ကြိမ်းမောင်းလေ၏။

ဤတွင် ဒေးဗစ်ဘာနေ၏ ကြိမ်းမောင်း တိုက်တွန်းချက်၊ မှော်က်၏ ခွင့်ပြု ပေးချက်များကြောင့် နယူးယောက် မြို့ပေါ်ရှိ ခရေတန်ဆိုသူထံတွင် ကိုယ်ခန္ဓာ အစိတ်အပိုင်းပညာကို သင်ခဲ့ရလေသည်။ ကိုယ်ခန္ဓာ အစိတ် အပိုင်း ပညာကို လုံလောက်အောင် တတ်ပြီးသောအခါတွင် ဒေးဗစ်ဘာနေက ပါရစ်သို့ လိုက်ရန် ခေါ်ပြန်သည်။ ပါရစ်ကိုသွားကာ ပြင်သစ်ဟန်ကို ရလာ မည်။ စုက အမေရိကန်သို့ ဆန်ချင်သည် ပြောသည်။ ကလေးများနှင့် မှော်က်ကိုလည်း မခွဲနိုင်။ သူတို့ချည်း မထားရစ်နိုင်ဟု ဖြေကာ ငြင်းခဲ့၏။

"ကျွန်မဟာ ဘယ်ဟာကိုမှ လက်လွှတ်မခံဘူး၊ အားလုံး ကျွန်မ ရစေရမယ်၊ ဟုတ်မဟုတ် စောင့်ကြည့်ဦးလေ" ဟူ၍ပင် ပြောခဲ့သေး၏။

"မင်း မရနိုင်ဘူး၊ ဘဝမှာ တစ်ခုခုကို ရွေးချယ်ရတယ်၊ အားလုံးလုပ်ဖို့ အချိန်မရဘူး၊ အေးလေ... တစ်နေ့နေ့တော့ မင်းကို ပါရစ်မှာ ငါ တွေ့ဦးမှာ ပါပဲ"

"ဟုတ်ချင် ဟုတ်မယ်လေ၊ အားလုံးကို ကျွန်မ ရ ရမယ်လို့ ဆိုပါ ပကော၊ ပါရစ်လည်း ပါမှာပေါ့"

ဒေးဗစ်ဘာနေနှင့် ဤသို့ပြောခဲ့သော ညနေတွင် မှော်က်သည် ပင်ပန်း နွမ်းနယ်လျက် ရှိခဲ့ရာမှ နေမကောင်း ဖြစ်လာလေသည်။

"မောင် အနားယူရမယ်" ဟု စုက ပြောနေခိုက် ကြေးနန်းစာ တစ်စောင် ရောက်လာလေသည်။ ကြေးနန်းမှာ "ဟယ်လ်ဖရက်" ပြိုင်ပွဲတွင်

သွင်းထားသော စုဇန်၏ ယောကျာ်း၊ မိန်းမ၊ ကလေးရုပ်တို့ကို အကောင်းဆုံး အဖြစ် ရွေးချယ်သောကြောင့် ဘာနေနှင့် နယူးယောက်တွင် လာတွေ့ရန် အတွက် ဒေးဗစ်ဘာနေက ပို့လိုက်သည့် ကြေးနန်းဖြစ်လေသည်။

မာ့က်က စုဇန်အား သွားရမည်ဟု ဆိုသည်။ စုဇန်က "မောင် နေ မကောင်းဘဲနဲ့ စိတ်မဖြောင့်ပါဘူး" ဟု ငြင်းလေသည်။

"မောင် နေကောင်းပါတယ်လို့ ပြောနေတာပဲ၊ ဒီမှာ ကြည့်စမ်း၊ စောစောထွက်တဲ့ ရထားနဲ့ ပြန်လာခဲ့၊ မောင်ကကြိုပြီး အိမ်မှာ အနားယူမယ် လေ၊ နေလို့ မကောင်းရင် အိပ်ရာထဲ နေမှာပေါ့"

"တကယ်လား"

"တကယ်ပါ" ဟု မာ့က်က ရွှင်လန်းစွာ ပြောလေ၏။

နယူးယောက်သို့ ရောက်သော် ပြိုင်ပွဲကျင်းပသူ ဂျိုနာသန် ဟဲလ် ဖရက်က သူ့အား ချီးကျူးစကား ပြောလေသည်။ ဒေးဗစ်ဘာနေက ပါရစ်ကို သာ ခေါ်နေလေသည်။ စုဇန်ကမူ သူ့အရုပ်များကို မကြိုက်၍ ပြန်လုပ်ဦးမည် ဟု ပြောကာ ပြန်ခဲ့လေသည်။

အိမ်သို့ ရောက်သောအခါ အဖေနှင့် တွေ့လေသည်။ အဖေက "မာ့က် သိပ်ဖျားနေတယ်" ဟု ပြောရာ စုဇန်သည် ထိတ်ခနဲ ဖြစ်ခဲ့ရလေ သည်။ မာ့က်နှင့် တွေ့လျှင်တွေ့ချင်း "ပျော်ခဲ့ရဲ့လား" ဟု မာ့က်က မေးလေ သည်။

"မနက်က ဘာဖြစ်လို့ မပြောတာလဲ အချစ်ရယ်၊ ဒီလိုဆိုရင် စု မသွားပါဘူး"

မာ့က်က အဖြေမပေး။ ခြောက်သွေ့သော လျှာဖြင့် ခြောက်သွေ့သော နှုတ်ခမ်းများကို သပ်၏။ စုဇန်က မာ့က်၏ ရောဂါသည် သေမည့် ရောဂါ မဟုတ်ဟု သိနေ၏။ ဆရာဝန် လာသောအခါတွင်ကား "ခင်ဗျား ယောကျာ်း သိပ်ဖျားနေတာပဲ" ဟု ဆိုလေသည်။

"သိပ်မြန်တာပဲ... ဒီမနက်ပဲ"

"သူ ဖျားနေတာကို သူ သိဟန် မတူဘူး၊ လူက ဘယ်တော့မှ ထုတ်ဖော် ညည်းညူခြင်း မရှိဘူး ထင်ပါရဲ့"

"ဘယ်တော့မှ မညည်းတတ်ပါဘူး၊ ဒါပေမဲ့ ကျွန်မ သတိပြုရမှာပဲ မဟုတ်လားရှင်"

ဆရာဝန်က လက်ဖြင့်အုပ်ပြီး ချောင်းဆိုးလိုက်၏။

"ရောဂါဖြစ်ရတဲ့ အကြောင်းရင်းကတော့ ရှိရမယ်၊ ခင်ဗျားတို့ ရေတွင်းကို စမ်းသပ်ကြည့်ရဲ့လား၊ ဒီလို ယာခင်းဟောင်းတွေမှာ မသန့်ရှင်းတဲ့ ရေတွင်းတွေ အများကြီး ရှိတတ်တယ်"

"ဟုတ်လား... ကျွန်မ နည်းနည်းမှ မတွေးမိခဲ့ဘူး၊ ကျွန်မ တွေးမိဖို့ ကောင်းတယ်"

စုသည် ကိုယ့်ကိုယ်ကို ဓားနှင့် ထိုးလိုက်သလို ဖြစ်သွားလေ၏။

"ဒီကို လာချင်တာက ကျွန်မပါ၊ အရင်အိမ်မှာ နေခဲ့ရင် မြို့ရေပေးဌာနက ရေကိုပဲ ရနေမှာ၊ ဒီပဒိစ္စဟာ ဖြစ်လာရတော့မှာ မဟုတ်ဘူး"

"စုဇန်... ဖြစ်ပြီးတဲ့ အလုပ်အတွက် ဒီလို ပြောတာထက် အကျိုးအကြောင်း မသင့်တဲ့ဟာ မရှိတော့ဘူး"

"ကျွန်မ အလုပ် လုပ်နိုင်အောင်လို့ ဒီအိမ်ကို ကျွန်မပဲ လာချင်တာ"

ဆရာဝန်က မှက်ကို ဆေးရုံသို့ ပို့ရမည်ဟု ပြောသည်။

ဆရာမကလည်း စိတ်မပူရန် ပြောသဖြင့် စုဇန်သည် မှက်အနားမှ ခွာခဲ့လေသည်။ ထို့နောက် အဖေ့ကို ပြောမိလေသည်။

"ကျွန်မ မှားသလား ဖေဖေ၊ ကျွန်မရဲ့ ဘဝတစ်ဝက်ကို လက်လွှတ်လိုက် ရမှာလား၊ ဒီလိုလုပ်ရင် သူ့ကို ကယ်နိုင်လိမ့်မယ်လို့ ဘယ်လိုလုပ်သိမလဲဟင်"

"ဒီလို မေးခွန်းမျိုး မေးလို့ အကျိုးမရှိပါဘူး သမီးရယ်၊ အကြောင်းတစ်ခုကြောင့် မင်းရဲ့ဘဝ တစ်ဝက်ကို လက်လွှတ်လိုက်ရတယ် ဆိုရင် မင်းဟာ လုံးဝ ပြောင်းလဲသွားတဲ့ လူတစ်ယောက် ဖြစ်သွားလိမ့်မယ်၊ မင်းဖြစ်ဖို့ ကောင်းတဲ့လူရဲ့ တစ်ဝက်အဖြစ် မကျန်တော့ပေဘူး၊ အနစ်နာခံလိုက်ခြင်းဟာ မင်းကို ခြေမှုပြီး တခြား သတ္တဝါအဖြစ် ရောက်အောင် ပုံသဏ္ဌာန် ဖျက်လိုက်တော့တယ်"

"မင်းရဲ့အဘိုးဟာ သူ့ဂီတအတွက်သာ အသက်ရှင်ခဲ့တယ်၊ သူ့မယားနဲ့ ကလေးတွေကတော့ အငတ်ငတ် အပြတ်ပြတ်နဲ့ ဖြစ်ရတယ်၊ ဒီတော့ ငါ သစ္စာဆိုခဲ့တယ်၊ ငါ့အမေကို သူလုပ်ခဲ့သလို ဘယ်မိန်းမကိုမှ ငါ မလုပ်ပါဘူးလို့၊ မင်းအမေဟာ ငါနဲ့ လက်ထပ်တုန်းက ချစ်စရာ ကလေးမလေးလို ရှိသေးတယ်၊ ငါက ၂၂ နှစ်ရှိပြီ။ ကလေးမလေးကို ဂရုစိုက် စောင့်ရှောက်ပါ့မယ်လို့

ကတိခံခဲ့သေးတယ်၊ ငါ့မှာ လစာမှန်မှန် မဝင်တာကို သူတွေ့တော့ လန့်နေတာ မြင်တာနဲ့ ငါ စာရေးပြီး အသက်မွေးဖို့အတွက် ကံမစမ်းတော့ဘဲ ကျောင်းဆရာအလုပ်ကို လက်ခံလိုက်တော့တာပဲ၊ နောက်ဆုံးကျတော့ ငါ တွေးမိတယ်၊ ငါ့အမေကို သည်လိုထားပြီး အဖေလုပ်ခဲ့တာထက် အခု ငါ လုပ်ပုံက ပိုပြီးဆိုးနေတယ်ဆိုတာ သိရတယ်၊ ဒီလို နေရတာကို ငါ စိတ်မချမ်းသာဘူး၊ ဒီအဖြစ်ကို သတိရပြန်တော့လည်း ပိုပြီးမချမ်းမသာ ဖြစ်ရတယ်"

"လူတွေ မမြင်နိုင်ကြတာကတော့ ဒါတွေဟာ အလုပ်လုပ်ဖို့အတွက် သက်သက် ဖြစ်ရတဲ့ ပြဿနာမဟုတ်ဘူး ဆိုတာကိုပဲ၊ မင်းတို့ငါတို့ကသာ ဒါတွေကို မလုပ်ဘဲ မနေနိုင်ပေမဲ့ စင်စစ်တော့ လောကကြီးဟာ ကဗျာတို့ ဂီတတို့မရှိလည်း တည်ရှိနေနိုင်တာပါပဲ၊ အေး တစ်ခုတော့ရှိတယ်၊ မင်းတို့ ငါတို့အတွက် ဘယ့်နှယ် လုပ်မလဲ၊ ဒီတော့ မင်းကို အဖေ အကြံပေးမယ်၊ မင်းရဲ့ အခုအခြေအနေကို လက်လွှတ်လိုက်ပါ၊ မင်းဟာ ဒီလိုမှ နေတတ်ရင် ဒီလို မဟုတ်ဘဲလည်း နေတတ်ရမယ်၊ အဲဒီအခါမှာ အားလုံး ရှင်းသွားလိမ့်မယ်၊ သူတို့နဲ့ ထူးမခြားနား ဖြစ်တဲ့အတွက် လူတွေကလည်း မင်းကို နားလည်လာလိမ့်မယ်၊ နှစ်သက်လာမယ်၊ ဘုရား… ဘုရား… ကိုယ့်ထက် ခေါင်းတစ်လုံးမြင့်တဲ့ လူဆိုရင် လူတွေဟာ ဘာဖြစ်လို့ မုန်းကြပါလိမ့်။ တတ်နိုင်ရင် သူတို့က မင်းကို နှိမ်မယ်၊ အေး… နှိမ်ဖို့အတွက် မြင့်နေတဲ့ မင်းရဲ့ ခေါင်းကိုတောင် ဖြတ်ပစ်ကြမှာပဲ"

မှော်က် ဆေးရုံသို့ တက်နေစဉ်အတွင်း သူမသည် ရေတွင်း အသစ်တူးကာ မိဘများအိမ်တွင် နေလေသည်။ ထိုအတွင်း နယူးယောက်မှ စာလာသော်လည်း ဖတ်၍ မကြည့်ခဲ့။ တစ်နေ့တွင် အမှတ်မထင် မှော်က်သည် နေကောင်း၍နေလေ၏။

"ကလေးတွေ ဘယ်လို နေကြသလဲ"

"ကလေးတွေ နေထိုင်ကောင်းကြပါတယ်၊ မောင့်ကို လွမ်းနေကြတာ တစ်ခု ပါပဲ"

"မောင်တော့ ပန်းနေတုန်းပဲ"

"ဟုတ်တယ်မောင်၊ ငြိမ်ငြိမ်လေးနားနေပါ၊ မောင် ကြိုက်သလောက် အနားယူရမယ်နော် အချစ်၊ စုတို့ကိုသာ မမေ့ဘဲနေနော်"

မှက်က ပြုး၍ "စု ဘာလုပ်သေးသလဲ" ဟု မေး၏။

"ဘာမှ မလုပ်ဘူး၊ မောင်အိမ်ပြန်မလာသေးသမျှ စု ဘာမှမလုပ်တတ်ဘူး၊ မောင် နေကောင်းပြီး အိမ်ပြန်လာမှ လုပ်ရမှာပဲ"

"အဲဒီအခါကျရင် စု ဘာလုပ်ဦးမလဲ"

"စုရဲ့ လူလေးယောက်ကို ပြန်ထုမလို့လေ၊ ဒါပေမဲ့ မောင် တကယ့်ကို နေကောင်းလာမှပါ"

စုက ကြင်နာစွာ ပြော၏။

"မိန်းမက တစ်ဖက်ကို လှည့်နေတယ် မဟုတ်လား"

မှက်သည် ဤစကားတို့ကိုသာ အသံထွက်နိုင်တော့၏။

"ဟုတ်တယ်မောင်"

မှက်ကား စကားမပြောတော့ချေ။ မျက်လုံးများကို မှိတ်လိုက်၏။ စုဇန်သည် မှက်၏ တိတ်ဆိတ်သွားသော မျက်နှာကို ကြည့်နေခိုက် မှက်သည် သူ့ ခေါင်းကိုလှည့်ကာ နံရံဘက်သို့ မျက်နှာမူပြီး အေးဆေးငြိမ်သက်စွာ သေသွားလေ၏။

❋ ❋ ❋

မှက်သေပြီးနောက် လူဆိုင်းနှင့် ဟဲတို့က စုဇန်အား အစစအရာရာ ကူညီကြ၏။ စု မပျင်းရအောင် အဖော်အဖြစ်ပြု၏။

"ငါ တစ်ခုခုလုပ်မှဖြစ်မယ်၊ လက်တွေနဲ့ တစ်ခုခုလုပ်မှ ဖြစ်မယ်။ ဒါမှမဟုတ်ရင် ငါ တကယ့်ကို ရူးသွားလိမ့်မယ်"

စုဇန်သည် ညဘက်များတွင် သူ့အိမ်နောက်တွင်ရှိ စပါးကျီထဲတွင် အလို ဆန္ဒအတိုင်း ရုပ်ရုပ်များကို လုပ်လေတော့သည်။ စာဖတ်ခြင်း၊ စန္ဒရား တီးခြင်းဖြင့် မှက်ကို ဆုံးရှုံးရပြီဟူသော သူ၏အသိကို ဖြေ၏။ မေရီက သူ့ထံသို့ အဖော်အဖြစ် လာနေ၏။

ခရစ်စမတ်နေ့တွင် မိုက်ကယ် ရောက်လာလေသည်။

"ခရစ်စမတ်ပွဲတော်အတွက် ကျွန်တော်တို့ နယ်ဘက်ကို ဆင်းလာတာ၊ ကိုင်း… ခင်ဗျားရဲ့ မီးဖိုဘေးကို လာပါရစေဦး၊ ခင်ဗျား ဘာလုပ်နေတယ်ဆိုတာလဲ ပြောပါ၊ ဝမ်းနည်းစရာတော့ မပြောကြပါနဲ့၊ ကျွန်တော် အားလုံးသိပြီးပါပြီ"

မိုက်ကယ်ကား လန်းဆန်းနုပျိုလျက်ပင် ရှိသေးသည်။

"ဒေးဗစ်နဲ့တောင်မှ ဟိုတစ်နေ့က ပါရစ်မှာ တွေ့ခဲ့သေးတယ်၊ ခင်ဗျားကို သူ မျှော်နေတယ်ဗျ"

စုဇန်က ပြုံး၍နေခိုက် မိုက်ကယ်က ပန်းချီဆွဲရန်အတွက် သူရောက်ခဲ့သည့် နယ်များအကြောင်းကို ပြောလေသည်။ ကွန်စတင်တီနိုပယ်မြို့၊ အိန္ဒိယပြည်မှ ဟိမဝန္တာတောင်များ၊ တရုတ်ပြည်မှ မြားကဲ့သို့ သေးသွယ်သော မိန်းမများ၊ ဆင်ဖြူ ရုပ်မှျင်မှျင်ကလေးကဲ့သို့သော ခေတ်မီမိန်းမများ။

ထိုအခိုက် မေရီရောက်လာသဖြင့် စုဇန်က မေရီနှင့် မိုက်ကယ်ကို မိတ်ဆက် ပေးလေသည်။ ရက်အနည်းငယ်အတွင်းမှာပင် မေရီနှင့် မိုက်ကယ်တို့သည် အံ့သြဖွယ် ကောင်းလောက်အောင် ချစ်ကြိုးသွယ်မိကြလေသည်။ မိုက်ကယ်က မေရီနှင့် လက်ထပ်ပြီးလျှင် မေရီ၏ ပုံကိုသာ အမြဲတမ်း ဆွဲနေမည်ဟုဆိုသည်။ သို့သော် မေရီကမူ မိုက်ကယ်နှင့် လက်မထပ်နိုင်သေးဘဲ နယူးယောက်ကိုသာ သွားမည်ဟု ဆိုခဲ့သည်။

"ညည်း… သူ့ကို မချစ်ဘူးလား" ဟု စုဇန်က မေးမိသည်။

"ချစ်တော့ ချစ်ပါတယ်၊ ဒါပေမဲ့ ရှင်းရှင်းပဲ၊ ကျွန်မ လက်မထပ်ချင်သေးဘူး"

"ညည်း မှားနေတယ်၊ ညည်း ဝမ်းနည်းရလိမ့်မယ်"

"ဘာဖြစ်လို့… "

"ဒါဟာ ဘဝပဲ၊ ညည်း ဘဝကို ငြင်းဆန်ပြီးတော့ဖြင့် အသက်ရှင်မနေနိုင်ဘူး"

"ဒီအိမ်မှာ ဘဝရယ်လို့ သိပ်မရှိပါကလား၊ ဒီလို သတ်သတ်တည်နေတဲ့ နေရာကနေပြီးတော့ ဘဝဆိုတာ မမ မသိသေးပါဘူးလေ"

"ငါ့မှာ မောင် ရှိခဲ့တယ်လေ၊ ငါ့မှာ ကလေးတွေ ရှိသေးတယ်"

"ဘာဖြစ်လို့ မိန်းမတွေဟာ ယောကျ်ား တစ်ယောက်နဲ့ ကလေးနှစ်ယောက်ကို ဘဝ တစ်ဘဝလုံးလို့ ထင်ကြတယ် မသိပါဘူး"

"အဲဒါဟာ မြေကြီးပဲ၊ မြေကြီးကမှ ဘဝ ပေါက်ပွားလာတယ်၊ လက်ထပ်ခြင်းကို ညည်း လက်မခံရင် ဘယ်တော့မှ ညည်းရဲ့ အမြစ်အကြော တွေကို နက်နက်နဲနဲ စိုက်နိုင်မယ် မဟုတ်ဘူး မေရီ"

စုဇန်သည် ဆိုလိုသော အကြောင်းကို မပြောပြတတ်။ သို့သော် သူ သိသည်မှာ မှက် သေပြီဖြစ်သော်လည်း သူပေးသည့် အရာများကိုတော့ သေခြင်းတရားသည် ယူဆောင်မသွားနိုင်ဆိုခြင်းပေတည်း။

"ကျွန်မက အမြစ်အကြောတွေကိုလည်း နက်နက်နဲနဲ မစိုက်ချင် ပါဘူး၊ အိမ် တစ်အိမ်ထဲကို နှောင်ကြိုးတဲပြီးတော့ရင်ဖြင့် ဘယ်နေရာမှာမှ မပေါက်ပွားချင်ပါဘူး၊ ဒီလို ပြောနေလို့ အကြောင်းမထူးပါဘူး၊ ကျွန်မတို့ ဘယ်တော့မဆို ဘာကိုမှ တစ်မျိုးတည်း မြင်မှာ မဟုတ်ဘူး၊ မမကတော့ စွမ်းရည်နဲ့ သေချာပြီးသားပေါ့၊ ဒီမြို့ကလေးကိုလည်း လေးလေးနက်နက် စိတ်ထဲမှာ ထားတယ်၊ အမြဲတမ်း သိနေရတဲ့ မိန်းကလေးတွေနဲ့လည်း ပေါင်းနေနိုင်တယ်၊ မမကိုယ်ကို မမ အသုံးမချတတ်ဘူး၊ မှက် ဆိုတာက လည်း တော်ပါရဲ့၊ မမရဲ့ တစ်ဝက်နဲ့တောင် မတန်ဘူး"

"သူ့ကို မပြောပါနဲ့"

"သူ့ အကြောင်းလည်း ကျွန်မ မပြောချင်ပါဘူး၊ တကယ်ဆိုတော့ မမဟာ ကျွန်မကို ပုံစံပြသွားတာပါပဲ၊ မမ တောင်းခဲ့တဲ့ ဆုတောင်းတွေကို လွှတ်ပစ်ခဲ့တယ်၊ မမကိုယ်ကို အလုံပိတ်ပြီး ဒီမှာနေတယ်၊ တကယ်တော့ မမဟာ အပြင်ထွက်ပြီး ခရီးသွား၊ လူတွေနဲ့တွေ့ အဆက်အသွယ်လုပ်ဖို့ ကောင်းပါတယ်။ ခုတော့ ဘယ်ကိုမှ မမရောက်ဖူးမှာ မဟုတ်ဘူး။ မမကို ဘယ်သူကမှလည်း မသိဘူး၊ ကျွန်မသာ မမရဲ့ ဆုတောင်းမျိုး တစ်ဝက် လောက် ကောင်းခဲ့ရင် မမရဲ့ အရှေ့မိုင်ပေါင်းများစွာ တောင်ကျော်နိုင်သေး တယ်၊ မမသာ မှက်ကို လက်ထပ်၊ ကလေးတွေမွေးပြီး သာမန် မိန်းမတွေလို အိမ်အတွက် အချိန်ဖြုန်းနေတဲ့ အခုနေရာထက် ရှေ့ရဲ့ မိုင်ပေါင်းများစွာ တောင်မှ ကျွန်မ ကျော်နိုင်သေးတယ်"

"ငါကတော့ အားလုံးကို ရအောင်ယူမယ်၊ ညည်း လုပ်သလို ငါ့ ကိုယ်ကို ငါ မချိုးလိုက်နိုင်ဘူး၊ ငါဟာ ကလေးတွေလည်း ရရမယ်၊ ဘဝဟာ ငါ့ကိုယ်ပေါ် သွန်းချလာတာကိုလည်း ငါခံစားမယ်၊ မိုးရွာသလို အပေါ်ယံ ကလေး မဟုတ်ဘူး၊ ဩော်... မိုက်ကယ်လေးက သနားစရာ"

"မိုက်ကယ်နဲ့ ကျွန်မတော့ ဒီအတိုင်း ဆက်သွားမှာပဲ၊ ခုခေတ်မှာ ဘယ်မိန်းကလေးမှ ယောကျ်ားတစ်ယောက်ကို လုံးလုံးချည်း မငြင်းဆန်ဘူး၊ ကျွန်မဆိုလိုတာက အဲဒီလူဟာ ရှုံစရာကောင်းတဲ့လူ မဟုတ်ဘူးဆိုရင်ပေါ့၊ မိုက်ကယ်ကတော့ တကယ့်ကို ချိုမြတဲ့ သူပါပဲ၊ တစ်နည်းအားဖြင့်တော့ သူ့ကို ကျွန်မ အလိုရှိပါတယ်"

"မေရီ"

"ဘာလဲ"

"မိုက်ကယ်ကို ငါ သတိပေးရလိမ့်မယ်"

မေရီက ပြုံးကာ "ကျွန်မတို့ ရန်မဖြစ်ခင် ဝွတ်နိုက်လိုက်ပါရစေတော့" ဟု ပြော၏။

"စုဇန်လေး သနားစရာပဲ၊ စုကိုလေ အရင်တုန်းက သိပ်မနာလိုဖြစ်ခဲ့ဖူးတယ်၊ မမဟာ ကျွန်မထက်လည်း ပိုပြီး ချစ်စရာ ကောင်းတယ်၊ ဘာကိုမဆို ကျွန်မထက် အဆတစ်ရာပိုပြီး ကောင်းအောင် လုပ်တတ်တယ်၊ ခုတော့ ကျွန်မလေ နည်းနည်းမှ မနာလိုမဖြစ်တော့ဘူး၊ နောက်ဆုံးတော့လည်း ကျွန်မဟာ ကျွန်မပဲ ဖြစ်ရမှာပေါ့၊ ကျွန်မ ဘာလိုချင်တယ်ဆိုတာ ကျွန်မသိတယ်၊ ကျွန်မကတော့ အသက်ရှင်နေတယ်၊ မမကတော့ သေပြီ"

မေရီသည် ဓားမြှောင်ကဲ့သို့ ထက်မြသော စကားလုံးများပြောရင်း အိမ်ပေါ်သို့ တက်ခဲ့လေ၏။

စုဇန်၏ ဘဝတွင် "ငါ ဒါကိုလုပ်လိုက်ရင် မှာက်မှာ ထိခိုက်သွားမှာလား" ဟူသော အတွေးမျိုး ပေါ်လာစရာ မရှိတော့ပြီ ဖြစ်ကြောင်းကို သိရသော အခါတွင် သူသည် စိတ်ပေါ့ပါးသလို ဖြစ်သွားကာ ဟဲ့လ်ဖရက် အထိမ်းအမှတ်အတွက် အရုပ်ကို သွန်းလုပ်မိလေသည်။ ထိုအရုပ်ကို လုပ်နေခိုက် မိုက်ကယ် ရောက်လာလေသည်။ ခရီးထွက်တော့မည် ဖြစ်သဖြင့် လာ၍ နှုတ်ဆက်ခြင်းပင်။ မိုက်ကယ်ကား သူတစ်ခါက အရုပ်ထုခဲ့ရသည့် ကလေးငယ် မဟုတ်တော့ပြီ။

ထို့နောက် စုဇန်သည် ပါရစ်သို့သွားရန် စိတ်ဆုံးဖြတ်လိုက်လေသည်။

* * *

"ကိုင်း... စုဇန်ဂေးလေ့... နောက်ဆုံးကျတော့ မင်းရောက်လာပြီ၊ အင်း... ကလေးတွေက တစ်ပြုကြီးနဲ့ပါလား"

ပါရစ်သို့ရောက်လျှင် ရောက်ချင်း ဒေးဗစ်ဘာနေက ဆီးကြိုလေသည်။ ထို့နောက် သူ အသင့်ရှာထားသော အိမ်ခန်းငယ်သို့ ပို့ဆောင်လေသည်။ စုဇန်သည် ပါရစ်တွင် နေထိုင်ရန်အတွက် အိမ်တစ်အိမ်ကို ရှာဖွေငှားရမ်း၍ နေလေ၏။ သို့နေရာမှ တစ်နေ့တွင် ကျောက်ရုပ်ထု ဆရာကြီးတစ်ယောက်ထံသို့ ဒေးဗစ်ဘာနေ၏ ညွှန်ကြားချက်အတိုင်း သွားကာ ကျောက်ရုပ်တုပညာကို သင်လေသည်။

ဆရာက "ပထမဦးဆုံး လက်မှုပညာသည် ဖြစ်ရမယ်၊ ပြီးတော့မှ အနုပညာသည် ဖြစ်ရမယ်၊ ဒါပေမဲ့ အနုပညာသည် လုံးလုံး မဖြစ်ချင်လည်း မဖြစ်ဘူး၊ ဘာကြောင့်လဲဆိုတော့ အဲဒါဟာ မင်းအတွင်းမှာရှိတဲ့ အရာပေါ်မှာတည်တယ်၊ လူတစ်ယောက်ဟာ အနုပညာသည် တစ်ယောက်အဖြစ်ကို လုပ်ယူလို့ဖြစ်လာတာ မဟုတ်ဘူး၊ သူ့နဂိုက အနုပညာသည် ဖြစ်ချင်ဖြစ်မယ်၊ မဖြစ်ချင် မဖြစ်ဘူး၊ ဒါတွေ အားလုံးဟာ ဝိညာဉ်ကို တိုင်းထွာခြင်းမျှသာ ဖြစ်တယ်၊ ကြီးမားတဲ့ ဝိညာဉ်နဲ့ နည်းနည်းတတ်နိုင်မှုဟာ ကြီးမားတဲ့ တတ်နိုင်မှုနဲ့ သေးငယ်တဲ့ ဝိညာဉ်ထက် အများကြီး သာသေးတယ်၊ တတ်နိုင်မှုရော၊ ဝိညာဉ်ရော နှစ်ခုစလုံး ကြီးမားနေတာကို တွေ့ရရင်တော့ကွာ၊ တောက်... ဟင်း... တစ်ခါနှစ်ခါ ငါတွေ့ခဲ့ဖူးပါတယ်" ဟု ပြောလေသည်။ စုဇန်သည် ဤအချိန်၌ ဘာကိုမျှ မေးစရာမလိုသေးဟု ယူဆကာ ဘာတစ်ခွန်းမျှ မမေးဘဲ လုပ်စရာရှိသည်ကိုသာ လုပ်ခဲ့လေ၏။

ဆရာ့ထံတွင် အလုပ်သင်၍ နေဆဲတွင်ပင် ဂျွန်ကလေးမှာ ကျောင်းသွားချိန်သို့ ရောက်လာလေရာ၊ ဂျွန်ကို ကျောင်းထားရလေသည်။ ထို့နောက် စုဇန်သည် သူ့ဘာသာသူ အလုပ် လုပ်နိုင်ရန်အတွက် အခန်းငယ် တစ်ခု လိုချင်နေခိုက် ဒေးဗစ်ဘာနေလည်း အမေရိကသို့ သွားရမည်ဖြစ်သဖြင့် ဒေးဗစ်ဘာနေ၏ အလုပ်ခန်းကိုပင် သူ ဆက်ခံရလေသည်။

ရှေးဦးစွာ စဇနီသည် လက်ငင်း ငွေရနိုင်မည့် ကလေးကစားစရာ အရုပ်များ ထုလုပ်လေသည်။ လုပ်ရသည့် အလုပ်မှာ ကစားစရာ ရုပ်လေးများ ဖြစ်သော်လည်း ကိုယ်ပိုင်အလုပ် ဖြစ်သောကြောင့် ပျော်ရွှင်စွာဖြင့် သီချင်းဆိုမိခဲ့လေသည်။

"အို... အဲဒါဟာလေ၊ ငါ့ရဲ့ ဂုဏ်ကျက်သရေ ဖြစ်ရမှာပဲလေ"

သူ့ အရုပ်ကလေးများကို ဆိုင်သို့တင်သောအခါ ချက်ချင်းပင် ကုန်သွားလေသည်။ ကျောက်ထုဆရာကြီးထံသို့ ရောက်သွားပြီး ကျောက်တုံးများ ထုခွင့်ပြုရန် တောင်းပန်လေသည်။ ဆရာကြီးက ကျောက်တုံးများ ပျက်စီးသွားမည်ကို စိုးရိမ်၍ တားသော်လည်း စဇနီက အတင်းအဓမ္မ ကျောက်တုံးကို ထုလေသည်။ သူ့ဆရာ လုပ်မည့် ကျောက်ရုပ်ကို သူကအံ့ဩဖွယ် ကောင်းလုမျှ ထုထွင်းပြလိုက်ပြီး အခငွေ အစား ကျောက်တုံးတစ်တုံး တောင်းသောအခါ ဆရာက "မင်း ဘာဖြစ်လို့ မိန်းမ ဖြစ်နေသလဲကွ၊ ဟောဒီ ငါ့ကို မိန်းမတစ်ယောက်က ဒီစကားမျိုး ပြောရသတဲ့၊ "ဘုရားသခင်ဟာ အခုခေတ်မှာ ဘာမှ ဂရုတစိုက် မရှိတော့ဘဲ သူ့ရဲ့ဆုတွေကို ရောက်ချင်ရာရောက် လွှင့်ပစ်တာပဲ" လို့ ဒေးဗစ်ဘာနေက ပြောတာ မှန်လှသဗျာ" ဟု ပြောရလေသည်။ ထိုနေ့တွင်ပင် အမေရိကမှ ဒေးဗစ်ဘာနေက လွှတ်လိုက်သော ဘလိတ်ကင်းနက် ဆိုသူနှင့် တွေ့ရလေသည်။ ဘလိတ်က စဇနီနှင့်အတူ ကျောက်တုံးလာရွေးချယ်ရင်း "ဒေးဗစ်ဘာနေကတော့ ခင်ဗျားအကြောင်း သိပ်ပြောတာပဲ" ဟု ပြောလေသည်။

"သူက ခင်ဗျားကို ကြီးကျယ်တဲ့ ပါရမီရှင်ပဲလို့ အထင်ရောက်နေတယ်"

"ကျွန်မဟာ ဘာလဲ ဆိုတာတော့ ကျွန်မဘာသာ မသိသေးဘူး၊ ဘယ်သူမှလည်း သိမယ်လို့ မထင်ပါဘူး"

"ကျွန်တော်လည်း မထင်ပါဘူး"

ဘလိတ်ကား ကျောက်ရုပ်ထုရာတွင် ဆန်းသစ်သူဖြစ်လေသည်။ သမား ရိုးကျ နဂိုပုံမှန်သမား မဟုတ်ပေ။ သူသည် စဇနီအား သူ၏ ဆန်းသစ်သော အတွေးများကို ပြောပြတတ်လေသည်။ နေ့စဉ် ပေါင်မုန့်နှင့် နွားနို့ကိုသာ သောက်၍ နံနက် ပိုင်းတွင် ကျောက်ထုဆရာကြီးထံသို့ ရောက်လာသော စဇနီအား သူက နံနက်စာ ကျွေးလေသည်။

"နေ့လယ်ကျတော့ ခင်ဗျား ဘာလုပ်နေသလဲ"

"ဒေးဗစ်ဘာနေ့ အလုပ်သွားလုပ်တဲ့ အခန်းကို ကျွန်မငှားထားတယ်"

"ကျွန်တော် တစ်ခါတလေ မလာရဘူးလား၊ သူ့ရုပ်တုတွေ ကြည့်ချင်လို့ပါ၊ သူကတော့ ကြည့်နိုင်တယ်လို့ ပြောထားတာပဲ"

"ရှင် မလာရဘူးလို့ ပြောခွင့်မရှိဘူး ထင်ပါတယ်" ဟု စုဇန်က ဖြည်းညင်းစွာ ပြောပြီးမှ "ဟင့်အင်း... ဟင့်အင်း... စိတ်မရှိပါနဲ့နော်၊ မလာပါနဲ့" ဟု လျင်မြန်စွာ ပြောလေ၏။

နံနက်ခင်းများ၌ ကျောက်ရုပ်တုကြီးကို ထုနေသောအခါတွင် စုဇန်သည် ဘလိတ်အား အနားတွင် မရှိစေချင်ပေ။

"သွားစမ်းပါ ဘလိတ်ရယ်" ဟု အော်ဟစ် တောင်းပန်တတ်၏။

"ကျွန်မ အလုပ် လုပ်နေတုန်း ဝေးဝေးသွားနေစမ်းပါ"

"အခု ကျွန်တော် သွားရမယ်ဆိုရင် ဒီနေ့ နေ့လယ်ကျရင် လာခဲ့ဖို့ ခွင့်ပေးမလား"

"အင်း... အင်း... ကျွန်မရဲ့ အလုပ်ကိုသာ မဖျက်ဘူးဆိုရင် ဘာလုပ်လုပ်"

နေ့လယ်ဘက်တွင် စုဇန်သည် ငွေရရန်အတွက် ကလေး ကစားစရာ အရုပ်များ လုပ်ရပေရာ၊ ဘလိတ်ရောက်လာသောအခါ၌ ဘလိတ်က သူလုပ်ထားသည့် အရုပ်တစ်ခုကို ရောင်းရန်ပြောလေသည်။

"ရှင် ဆိုင်မှာ သွားဝယ်ပါလား"

"ဆိုင်မှာ သွားဝယ်တော့ ရောင်းခပိုပေးရတာပေါ့"

"ရှင်... ကျွန်မကို ထောက်ပံ့ချင်လို့ ဝယ်တာလားဆိုတာ ကျွန်မ ဘယ် သိနိုင်မလဲ"

"ခင်ဗျားလို လွတ်လပ်တဲ့ မိန်းမတွေကို သိပ်မုန်းတာပဲ"

"ကျွန်မ သိတယ်၊ ယောကျ်ားတိုင်း မုန်းကြတာပဲ မဟုတ်လား၊ ဒါပေမဲ့ ကျွန်မ မတတ်နိုင်၊ ကျွန်မ ဒီလိုပဲ မွေးခဲ့တယ်..."

ဘလိတ်က စုဇန်၏ လက်ကိုဆုပ်ကိုင်ကာ "ဒီမှာကြည့်စမ်း" ဟု ဆိုလေရာ စုဇန်က ဖွတ်ရုန်းလေ၏။

"မဟုတ်သေးဘူးလေ၊ ကျွန်တော် ခင်ဗျားကို မလွှတ်နိုင်ဘူး၊ ဘယ်တော့မဆို ခင်ဗျားဟာ တစ်ယောက်တည်းချည်းပဲ သွားတတ်တယ်၊

ကျွန်တော် ခင်ဗျားကို စကားပြောနေတုန်းမှာတောင်မှ ခင်ဗျားတစ်ယောက်တည်း တစ်နေရာရာကို တိတ်တိတ်ကလေး ထွက်သွားတတ်တယ်၊ ကျွန်တော် ခင်ဗျားကို အသက်ရှင်အောင် လုပ်ပေးမလို့… ”

စုဇန်သည် ဘလိတ်၏ သွယ်လျတင်းမာသော မျက်နှာကို ငုံ့ကြည့်လိုက်ရင်း မေရီ ပြောခဲ့သော စကားကို သတိရမိလေ၏။ “ကျွန်မကတော့ အသက်ရှင်နေတယ်၊ မမကတော့ သေပြီ” စုဇန်၏ အိမ်သည် ထိုစဉ်က မိုက်ကယ်နှင့် မေရီတို့ အကြားရှိ ဆန်းကြယ်သော အပူရှိန်ပြင်းသည့် အချစ်ဖြင့် အပြည့် ရှိခဲ့ဖူးသည်။ မိုက်ကယ်ကို လက်မထပ်နိုင်သော မေရီ၏ အချစ်မှာ ဘယ်လို အချစ်မျိုးလဲ…။

“မင်းကို သိပ်လှတယ်လို့များ ဘယ်သူကမှ မပြောဘူးလား စုဇန်၊ မင့်ဆံပင်ကလေးဟာ တစ်ကမ္ဘာလုံးမှာ အလှဆုံးဆိုတာတွေ၊ တစ်ခါတလေ မှောင်ပြီး၊ တစ်ခါတလေ ရွှေရောင်တောက်နေတဲ့အတွက်ကြောင့် ဘာမှန်းနားမလည်နိုင်တဲ့ အရောင်မျိုးဆိုတာ ဘယ်သူကမှ မပြောဖူးဘူးလား၊ ဒီလို ညိုမှောင်တဲ့ မျက်လုံးတွေနဲ့ ဒီလိုဆံပင်မျိုးကို စပ်လိုက်တာ တကယ့်ပဋ္ဌလက် နည်းပါပဲဆိုတာ ဘယ်သူကမှ မပြောဖူးဘူးလား၊ မျက်လုံးကလေးများ ကတော့ မင်းဟာ မိန်းမတစ်ယောက် ဖြစ်တဲ့အခါမှာ ရှက်ရွံ့တဲ့ဟန်ရှိပြီး ကလေးတစ်ယောက်အဖြစ်နဲ့ အင်မတန် ရဲဝံ့တဲ့ဟန် ရှိတယ်ဆိုတာကော မပြောဖူးဘူးလား၊ မင်းရဲ့ အကြောင်းကို နည်းနည်းပဲဖြစ်ဖြစ် ဘယ်ကမှ မပြောဘူးလား စုဇန်”

“ဟင့်အင်း… ဟင့်အင်း ၊ကျွန်မ မလိုချင်ဘူး”

“ဘာ မလိုချင်တာလဲ… ”

“ကျွန်မ ကျောက်တုံးထဲက ထွက်လာဖို့ မလိုချင်ဘူး”

စုဇန်သည် ကျယ်လောင်စွာ ပြောကာ လက်များကို ဆောင့်ရုန်းပြီး ခုန်ထကာ အလုပ်ခန်းအတွင်းမှ ပြေးထွက်သွားလေသည်။ ကုတ်အင်္ကျီမပါ၊ ဦးထုပ်မပါဘဲ အိမ်သို့တန်း၍ ပြန်လေသည်။ လူတွေက သူ့ကို ပြူးတူးပြဲတဲ ကြည့်ကြ၏။ သူကတော့ ထိုသူများကို မမြင်ရချေ။ ဘလိတ်သည် သူ့အား ချစ်စခန်းဖွင့်နေခြင်း ပေလော။ စုဇန်ကတော့ အလိုမရှိ။ ဘလိတ်နှင့်လည်း ဘယ်တော့မျှ မတွေ့လိုတော့။

အိမ်သို့ပြန်ကာ ဂျွန်၊ မာဇီယာနှင့် ဂျိန်းတို့နှင့်သာ တွေ့လို၏။ သူ့တွင်

ပြန်စရာ အိမ်ရှိသည်။ ဘာမျှ ထပ်မလိုချင်တော့။ အားလုံးရရှိခဲ့သည်။ ယခု အခါတွင် သေဆုံးသွားသော မှော်ကမှတစ်ပါး အားလုံးကို ရရှိနေလေပြီ။ စုဇန်သည် အပေါ်ထပ်သို့ ပြေးတက်ကာ အခန်းတွင်းသို့ဝင်၏။ ဂျိန်းသည် ညစာစားပွဲကို ပြင်နေသည်။

ဂျွန်က "ဟင်... အမေ့ဆံပင်တွေကလည်း ဖရိုဖရဲနဲ့ပါလား" ဟု ပြောသည်။

"ကုတ်အင်္ကျီနဲ့ ဦးထုပ်ကော မာမီ" ဟု ဂျိန်းကလည်း မေးသည်။

"ငါက အိမ်ပြန်ရတော့မှာကို သိပ်နောက်ကျနေပြီ မှန်းလည်းမသိဘူး၊ ဒီအတိုင်း ပြေးထွက်လာခဲ့တယ်"

မာဇီယာသည် မြင့်မား စီည်သော ငွေသံကလေးဖြင့် ရယ်ကာ ပန်းကန်ကို ချလေသည်။

"အမေဟာ သိပ်ရယ်စရာ ကောင်းတာပဲ"

ကလေး၏အသံမှာ သနားခြင်း၊ သည်းခံခြင်းတို့ဖြင့် ပြည့်နေလေ သည်။

"အမေလည်း သိပါတယ်"

နောက်တစ်နေ့၌ စုဇန်သည် အလုပ်ခန်းသို့ သွားပြီး ဒူးထောက် နေသော မိန်းမရုပ်ကို ထုလေ၏။ စုဇန် အလုပ် လုပ်နေခိုက်တွင် ဘလိတ် ရောက်လာလေသည်။ စုဇန်ကတော့ ဘလိတ်ကို မကြည့်ပေ။

"ဘလိတ်၊ ရှင် ကတိပေးထားတယ် မဟုတ်လား"

"ဟုတ်ပါတယ်၊ ကျွန်တော်က လူကောင်းပါ၊ ကျွန်တော် သွားပါ တော့မယ်၊ ဒါပေမဲ့ အချစ်ကလေး စုဇန်ကတော့ အင်မတန် အံ့ဩစရာ ကောင်းပါရဲ့၊ မိန်းမ ရုပ်ကို ဒူးထောက်နေတာ မြင်ရပြီ၊ ဘုရားမတဲ့ ချစ်စရာ အရုပ်ကလေးပဲ၊ သူ့မျက်နှာကို မြင်ရတဲ့အထိ မစောင့်နိုင်တော့ဘူး"

စုဇန်သည် ဝမ်းထဲကသာ "ကျွန်မ အလုပ် လုပ်ချင်တယ်၊ ရှင် ဒီမှာ ရှိနေရင် ကျွန်မ အလုပ် မလုပ်နိုင်ဘူး၊ ရှင်စကားပြောတာကို နားထောင်နေမိ တယ်...၊ ကျွန်မ တစ်ယောက်တည်း လွတ်လွတ်လပ်လပ် နေချင်တယ်"ဟု ပြောနေသော်လည်း စကားတစ်လုံးမျှ မထွက်ချေ။ လှည့်၍လည်း မကြည့်။ ဘလိတ်၏ သက်ပြင်းချသံကို ကြားသည်အထိ စုဇန်က စောင့်နေ၏။

"အေးစက်လိုက်တဲ့ အသည်းနှလုံးရယ်၊ ဩော်... စုဇန်... စုဇန်..."

သည်နိုင်ငံရပ်ခြားရှိ သည်မြို့ဝယ် စုဇန်သည် ဘလိတ်ထံမှ ထွက်ပြေးနိုင်သည့် နေရာဟူ၍ တစ်နေရာမျှမရှိ။ နေ့လယ်တွင် ကလေးများ အတွက် အရုပ်လုပ်ရလေရာ ဘလိတ်သည် အမြဲလာ၍ တွေ့လေသည်။ သူ ဝင်လာသည့်အခါ စုဇန်သည် မရုပ်တန့်တော့။ ခါတိုင်းထက်ပို၍ပင် လျင်မြန်စွာ လုပ်နေသေးသည်။ တစ်ခါတစ်ရံ သူ့ထံမှ ပြေးဖို့ရန်မှာ စုဇန်၏ ထင်ယောင်မြင်မှား ဖြစ်မှုမျှသာဖြစ်သည်ဟု တွေး၏။ သူသည် အလွန်တရာ မှ ညွတ်နူးစဖွယ် အေးချမ်းစွာ နေလေသည်။ စုဇန်၏ လက်ဖျားများကိုပင် တစ်ခါတစ်ရံ ဆုပ်ကိုင်ဖို့ မကြိုးစား။ "ချစ်နှမ လေး စုဇန်" ဟု တစ်ခါမျှ မခေါ်ပေ။

"ဒီအဘိုးကြီး ကိုယ့်ကို ဘာမှ သင်နိုင်မှာ မဟုတ်ပါဘူး၊ စုဇန် ကိုယ် အိမ်ပြန်တော့မယ်၊ ဆန်းသစ်လာတဲ့ အမေရိကန်ပြည်သစ်အကြောင်းကို သူ ဘာမှနားမလည်ဘူး၊ ကိုယ်ဟာ သူ့အဖို့ သိပ်ဆန်းသစ် နေလွန်းတယ်"

"ရှင့်ကို မသွားစေချင်ပါဘူး... ဘလိတ်"

စုဇန်သည် စိတ်လိုလက်ရဖြင့် ပြောလိုက်မိသည့်အတွက် မိမိကိုယ်ကို မုန်းမိ၏။ မနက်တုန်းကတော့ သွားစေချင်လိုက်သည်မှာ ပြောစရာ မရှိပါ တကား။

"မင်း ကိုယ့်ကို သတိရမှာလား အချစ်ရယ်"

"နည်းနည်းပေါ့လေ"

အထီးတည်း ကျန်ရခြင်းသည် ကောင်းသည် မဟုတ်ပါလော။ လူ တစ်ယောက်သည် အထီးတည်း ကျန်သည့်အခါမှာ အလုပ် ကောင်းစွာ လုပ်သည်။

"အများကြီး သတိရမှာဗျ၊ မင်းဟာ ကိုယ့်ကိုသိပ်ပြီး သတိရနေမှာ အချစ်ရဲ့၊ ဘာကြောင့်လဲဆိုတော့ အခု မင်းဟာ ကိုယ့်ကိုချစ်စပြုနေလို့ပေါ့"

"မဟုတ်ပါဘူး၊ ဒါတွေအားလုံး ကျွန်မ တွေ့ခဲ့ဖူးပြီးသားပါ"

"မင်းရဲ့ တစ်သက်မှာ တစ်ခါမှ မချစ်ခဲ့ဖူးပါဘူး"

ဘလိတ်က မာ့က်၏ အကြောင်းကို အပြောမခံဘဲ ရယ်လေ၏။

"ချစ်ဖူးတယ်... ချစ်ဖူးတယ်"

"မင်း အခုလို တစ်ခါမှ အချစ်နယ်ထဲ မရောက်ခဲ့ဖူးပါဘူး၊ မင်းဟာ မင်းကိုယ်မင်း မိန်းမရယ်လို့တောင် မသိရှာဘူး၊ ဒါပေမဲ့ မင်းဟာ မိန်းမ

ါပဲကွာ"

ဘလိတ်က ပြောရင်း ပြောရင်း စုဇန်၏ မေးကို ဆွဲမော့စေကာ နမ်းလေ၏။ စုဇန်က မည်သို့မျှ မလှုပ်ရှားချေ။

"မင်း တစ်ခါမှ အနမ်း မခံခဲ့ရဖူးဘူး ထင်တယ်"

စုဇန်က အဖြေမပေးချေ။ သူ၏မျက်လုံးများသည် ကြီးမားဝိုင်းစက်၍လာကာ မျက်ရည်များ အပြည့်ဖြင့် သူ့ကို ကြည့်နေ၏။

"မငိုပါနဲ့ကွာ၊ မင်းဟာ ကလေးမလေး တစ်ယောက်လို ပါပဲကွယ်၊ ဘာဖြစ်လို့ ငိုတာလဲ အချစ်ရယ်"

"ကျွန်မ သိပ်ကြောက်တယ်"

"မင်း ကိုယ့်ကို လက်ထပ်ရမယ် သိလား"

ဘလိတ်က စုဇန်ကို ပွေ့ယူကာ ထပ်တလဲလဲ နမ်းလေရာ၊ စုဇန်မှာ နှစ်ပေါင်းများစွာက မရယ်ခဲ့ဖူးသော ရယ်နည်းဖြင့်ရယ်ရင်း အရယ်တွင်းမှ မတတ်နိုင်တော့ဘဲ "အို... ဘလိတ်... ဘလိတ်" ဟု အော်နေသည့် အထိပင် ဖြစ်လေ၏။

ထို့နောက် သူတို့သည် ညတိုင်းညတိုင်း ပါရစ်မြို့ကို လှည့်လည်ကြလေသည်။ တစ်ညတွင် စုဇန်က "ကလေးတွေပါ ကျွန်မတို့ ခေါ်ခဲ့ရင် စိတ်ဆိုးမှာလား" ဟု မေးလေ၏။

"မဆိုးပါဘူး၊ ဘာဖြစ်လို့ ဆိုးရမှာလဲ၊ သူတို့ကို မင်း ခေါ်ချင်တယ် ဆိုရင်ပေါ့လေ"

ဘလိတ်ကို ပြောမပြသော်လည်း ကလေးတွေ မပါသဖြင့် စုဇန် မပျော်ချေ။ ကလေးတို့သည် ဘယ်လောက်လှသည်ကို ဘလိတ်တွေ့မြင်စေဖို့ စိတ်အလွန် ထက်သန်လေသည်။ ကလေးတို့ကို သူ ဘယ်လောက် ချစ်ခဲ့သည်များကို သူ့အား ရှင်းပြလေသည်။

"မင်း ကလေးတွေကို မရစေရဘူး သိလား၊ စုဇန် မင်းရဲ့ ခန္ဓာကိုယ်ကို ဒီလို သုံးရတာဟာ သက်သက်ဖြုန်းတီးခြင်းပဲ၊ မင်းဟာ ကလေးရဖို့ခွင့် မပေးနိုင်ဘူး သိလား"

"အို... ဘလိတ်ရယ်၊ ရှင်နားမလည်ပါဘူး၊ အမှန်က ဒီလိုဘယ်ဟုတ်မလဲ၊ ကလေး တစ်ယောက်ရတဲ့အခါ ဘယ်လို ခံစားရတယ်ဆိုတာ ကျွန်မ ပြောမပြနိုင်ဘူး၊ အဲဒါဟာ ကျွန်မရဲ့ ခေါင်းရယ်၊ လက်တွေရယ်သာ အလုပ်

လုပ်တာမကဘဲ ကျွန်မရဲ့ တစ်ကိုယ်လုံး အသွေးရော ထွက်သက်ဝင်သက်ရော…"

"မင်းဟာ ကိုယ့်ကို ချစ်နေတယ် သိလား စုဇန်"

"မှန်ပါတယ် ဘလိတ်၊ ဒါပေမဲ့ လူတွေဟာ အချစ်နယ်ထဲ ရောက်တဲ့အခါ သူတို့ကလေးကို လိုချင်လာကြတယ်"

"ကလေးတွေကို ကိုယ် မလိုချင်ပါဘူး၊ ပြီးတော့ ကိုယ်ကတော့ မင်းကို ကြောက်စရာ ကောင်းအောင် ချစ်နေပါတယ်၊ ရှေးဆန်တဲ့ ချစ်သူလေးရယ်…"

"ဂျွန်နဲ့ မာဇီယာကို ရှင် သိပ်ချစ်စေချင်တာပဲ၊ မာဇီယာက မျက်တောင်ကြီးတွေ သိပ်ရှည်တာ၊ ဂျွန်ကတော့ တကယ့်ကို ကောင်းတဲ့ ကောင်လေး တစ်ယောက်ပါပဲ"

စုဇန်က ပွင့်ပွင့်လင်းလင်း ပြောခဲ့လေသည်။

"သူတို့ကို မျက်စိထဲမှာ မှန်းကြည့်လို့ မရပါဘူး၊ မင်းဟာ ကလေးတွေနဲ့တဲ့၊ မင်းဟာ ကိုယ့်ကို ခြောက်ရအောင်လို့ ကလေးတွေ လုပ်ထားတာထင်တယ်"

"တကယ်ပါ ဘလိတ်၊ ကလေးတွေကို ရှင်ချစ်ဖို့ဟာ ကျွန်မ စိတ်ချမ်းသာမှု အတွက် အင်မတန် လိုတဲ့ အချက်ပါပဲ"

"ဒီလိုဆိုရင် သူတို့ကို ချစ်ပါ့မယ်ကွာ၊ ကိုယ် ကတိ ပေးပါတယ်"

ကလေးတို့အပေါ်၌ သူ တကယ် ကောင်းသည်မှာ အမှန်ပင်။ သို့သော် ကလေးတို့ကို သူ ချစ်သည် မချစ်သည်ကိုတော့ မသေချာချေ။ ထို့နောက် စုဇန်သည် ဘလိတ်နှင့် လက်ထပ်တော့မည့် အကြောင်းကို ဂျိန်းအား ရှေးဦးစွာ ပြောပြလေသည်။ ထို့နောက် ဂျွန်နှင့် မာဇီယာတို့အား ပြောပြလေသည်။ စုဇန်က "ဘလိတ်ဟာ မင်းတို့ရဲ့ အဖေသစ်ပဲ" ဟု ဆိုသောအခါ ဂျွန်က အဖေဟောင်းကို သူ မှတ်မိသမျှ ပြောပြလေသည်။ မာဇီယာကမူ တွေးနေရာမှ "ဒီလိုဆိုရင် မေမေ့ကို ဘလိတ်က အချစ်ဆုံးဖြစ်တော့မှာပေါ့နော်၊ ကျွန်မထက်တောင် မေမေ့ကို သူက ချစ်မှာလား" ဟု မေးလေသည်။

"သူက မေမေ့ကို တစ်မျိုး ချစ်ပြီး သမီးက တစ်မျိုးချစ်တာပေါ့"

တစ်နေ့တွင် သူတို့နှစ်ယောက်သည် ဒူးထောက်နေသော မိန်းမရုပ်ပုံ

အပြီး သတ်အောင် ထုလိုက်ပြီးနောက် ရုံးခန်း တစ်ခုဝယ် အေးဆေးစွာ လက်ထပ်လိုက်ကြလေသည်။

လက်ထပ်ပြီးသည့် နောက်တွင်ကား ဘလိတ်နှင့်တကွ စုဇန်တို့ အိမ်သား တစ်စုသည် နယူးယောက်သို့ သင်္ဘောကြီးဖြင့် ပြန်ခဲ့လေသည်။ သင်္ဘောဆိပ်သို့ ရောက်သောအခါ ဘလိတ်၏ အဖေက ဆီးကြိုနှင့်လေသည်။

"ဟောဒါ ကျွန်တော့်ရဲ့ အလှကလေး စုဇန်ပေါ့အဖေ၊ ဟေး... စုဇန် အဖေဟာလေ သူ့ တောနယ်က ဘယ်ကိုမှ မသွားဘူး၊ အခုလာတာ မင့်ကြောင့် ပေါ့ကွ"

ဘလိတ်က ဝမ်းသာအားရ ပြောလေသည်။

"ငါ့သားက မိန်းမ တစ်ယောက်နဲ့ လက်ထပ် ဖြစ်ပါစေလို့ ငါ့မှာ အကြာကြီး မျှော်လိုက်ရတာကွာ၊ ငါ ကိုယ်တိုင်လည်း ပျော်စရာကောင်းတဲ့ လက်ထပ်ခြင်းကို ရခဲ့ပါတယ်၊ အခုတော့ သူ စောင့်နေခဲ့တဲ့အတွက် ဝမ်းသာရပြီလေ"

စုဇန်က ကလေးတွေကို ပြလေသည်။

"အေး... အေး... ကလေးတွေ ဖိန်းတောင်ကုန်းမှာ လာပြီးတစ်နေကုန် နေကြတာပေါ့ကွာ"

သူတို့ အားလုံးပင် ဘလိတ်အိမ်တွင် တစ်စုတစ်ဝေးတည်း နေကြလေသည်။ နွေရာသီသို့ ရောက်သောအခါ ကလေးများကို တောနယ်ဘက်သို့ အလည်အပတ် ထွက်စေလေသည်။ ဘလိတ်ကား အိမ်၏ အပေါ်ဆုံး အထပ်တွင် အလုပ် လုပ်လေသည်။

"မင်းလည်း ဒီအခန်းကို သုံးနိုင်ပါတယ် စုဇန်၊ မင်းဆက်ပြီး အလုပ်လုပ်မယ်ဆိုရင်လေ"

"ဒါပေါ့ ကျွန်မလည်း ဆက်ပြီး အလုပ်လုပ်မလို့ပဲ"

တစ်ပတ်တွင် တစ်ခါ နှစ်ခါမျှ အလုပ်ခန်းကို ဖွင့်လိုက်လျှင် သူသည် ပုံစံပြသော လူတစ်ယောက်နှင့် တွေ့တတ်သည်။ ပုံစံပြသူများမှာ ပါးလျား၍ ဇာတ်ဆန်သော ကိုယ်လုံးကိုယ်ပေါက်များရှိသည့် ယောကျ်ားငယ်များ၊ မိန်းမငယ်များ ဖြစ်လေသည်။

"ကျွန်မကတော့ ရှင် ဘယ်လို လုပ်လိုက်တယ်ဆိုတာ နားမလည်နိုင်

အောင်ပါပဲ၊ ဒါပေမဲ့ ဒါဟာ အနုပညာပဲဆိုတာ သိပါတယ်"

"ယခုအခါမှာတော့ ဒီတစ်ခုတည်းသာ အနုပညာ ဖြစ်တယ်၊ ဒါဟာ တည်တံ့နေတဲ့ တစ်ခုတည်းသော အနုပညာကို ဆိုလိုတာပါ"

ညစဉ်ပင် သူတို့ မသိသော လူတွေကြားထဲရှိ တစ်နေရာသို့ စုဇန်အား ဘလိတ်သည် ခေါ်ဆောင်၍ သွားလေသည်။

တစ်နေ့တွင် စုဇန်က ဘလိတ်အား ပြောသည်မှာ "ကျွန်မ မိဘတွေဆီ သွားလည်ဖို့ ကောင်းတယ် ထင်တာပဲ၊ ဘာဖြစ်လို့များ ကျွန်မ မသွားချင်ပါလိမ့်၊ သူတို့ကိုတော့ ကျွန်မ ချစ်တယ်ထင်တာပဲ၊ ကျွန်မ သူတို့ကို တကယ် ချစ်ပါတယ်" ဟူ၏။

"ကိုယ်ဟာ မင်းကို ရိုးဖြောင့်တဲ့ မိန်းမ တစ်ယောက်ဖြစ်အောင် လုပ်နေသလေ၊ တကယ်တော့ သူတို့ကို မင်း မတွေ့ချင်ပါဘူး၊ ဒါပေမဲ့ သူတို့ကို တွေ့ချင်စိတ် ရှိဖို့ကောင်းတယ်လို့ မင်းထင်နေတာ၊ ကလေးတွေဟာ တကယ်တော့ မိဘများကို မုန်းတတ်ကြတယ်"

"ကျွန်မ မယုံနိုင်ပါဘူး"

"ဒါဖြင့်ရင် မင်း သူတို့ကို ဘာဖြစ်လို့ သွားမတွေ့တာလဲ၊ ကိုယ်ကော ဘာဖြစ်လို့ ကိုယ့်အဖေနဲ့ကင်းပြီး တကယ့်ကို ကျေကျေနပ်နပ် နေနိုင်တာလဲ၊ အဖေကကော ကိုယ်တို့နဲ့ တစ်ညကလေးတောင် အတူမနေချင်တာလဲ၊ ဂျွန်နဲ့ မာဇီယာကကော မင်းနဲ့ အဝေးကြီးမှာ ပျော်ပျော်ရွှင်ရွှင် နေနိုင်ကြတာလဲ"

"ရှင်ဟာ သိပ်ပြီးတော့ ခက်မာတာပဲ ဘလိတ်၊ ဘာဖြစ်လို့လဲ ဟင်"

"လူတစ်ယောက်ဟာ မခက်မာရင် ဘယ်ကိုမှ မသွားနိုင်တော့ဘူး၊ ကိုယ်တို့ ဆန်းသစ်ရေးသမားတွေ အဖို့တော့ ခက်မာတာဟာ အကောင်းဆုံးပဲ၊ ကိုယ်တို့ဟာ ခက်မာတယ်"

"မဟုတ်သေးပါဘူး၊ ဘာအတွက်ကြောင့်လဲ"

"အလှကို ရက်ရက်စက်စက် ချစ်တဲ့အချစ်ပေါ့၊ အလှသန့်သန့်ကိုက ခက်မာနေတာပဲ"

တကယ်ပင် သူ့ထံ၌ ပျော့ပျောင်းခြင်း မရှိပေ။ သူ၏အချစ်စိတ် အပြင်းထန်ဆုံးသော အခါမှာပင် သူသည် ရက်စက်၏။ သူ၏ ယုယခြင်းသည်ပင် ခက်မာနေသေး။ စုဇန်သည် အခန်းတွင်းသို့ ဝင်ကာ တံခါးကို လုံအောင်ပိတ်လိုက်ပြီး အမေနှင့် အဖေထံသို့ အကြာကြီး လာလည်မည့်

အကြောင်း စာရေးလိုက်လေသည်။

စုဇန်တို့ နယူးယောက်သို့ရောက်ပြီး ရက်သတ္တပတ်အဆုံးတွင် မေရီ ရောက်လာလေသည်။ မေရီကို မြင်မြင်ချင်း ဘလိတ်က သဘောကျနေသည်။

"မေရီဆိုတဲ့ ကောင်မလေးတစ်ယောက် အောက်ထပ်မှာ ရောက်နေတယ်၊ သူက ပြောတော့ မင်းရဲ့ ညီမလေးဆိုပါလား၊ ကောင်မလေးက ကြည့်လို့ တော်တော်ကောင်းတယ်၊ မင်းနဲ့တော့ နည်းနည်းမှ မတူဘူးဆရာ"

စုဇန်ထွက်လာသောအခါ မေရီနှင့် တွေ့ရလေ၏။

"ဟယ်လို... စုဇန်၊ ဘလိတ်ကင်းနက်ကို မမ လက်ထပ် လိုက်တာ ဟာ သိပ်ပြီး ရယ်စရာ ကောင်းတာပဲ"

"ဘလိတ်ကို ညည်းသိလို့လား"

စုဇန်က မေရီလှည့်ပေးသော အေးစက်ဖျော့တော့သည့် ပါးပြင် ချောချောကို နမ်းလိုက်လေသည်။ မေရီကတော့ ဘယ်သူ့ကိုမှ နမ်းလေ့မရှိ။

"မသိပါဘူး၊ မိုက်ကယ်ကတော့ သိတယ်"

"မိုက်ကယ်က ဘယ်မှာလဲ"

"ကျွန်မတို့ နော်ဝေက ပြန်လာတာ မကြာသေးဘူး၊ မိုက်ကယ်က နော်ဝေ ကျောက်တုံးတွေ၊ ရေတွေကို ပန်းချီ ဆွဲဖို့ နေရစ်ခဲ့တယ်၊ ဘလိတ်ကို သူက သိပ်ပြီး ချီးမွမ်းတာပဲ၊ ဒါပေမဲ့ မမကို ဘလိတ် လက်ထပ်တယ် ကြားတော့ ရယ်နေတယ်၊ ဘလိတ်ဟာ တစ်ယောက်ယောက်ကို လက်ထပ်မယ်လို့ မထင်နိုင်ဘူးတဲ့၊ အေးလေ အနည်းဆုံးတော့ မမဟာ လွတ်လွတ်လပ်လပ် ဖြစ်သွားတာပဲ၊ ဘလိတ်က ကလေးတွေဘာတွေ လိုချင်တာ မဟုတ်ဘူး"

ဘလိတ်သည် စီးကရက်ကို ညှိကာ မေရီ့ကို တစေ့တစောင်း ကြည့် ရင်း ဝင်လာလေ၏။

"ကိုယ့်အကြောင်း ဘာပြောတာလဲ"

"ကျွန်မ ပြောတာက စုဇန်ဟာ ရှင့်ကို လက်ထပ်လိုက်တော့ သူ့ လွတ်လပ်ရေးကို ဆက်ပြီး သိမ်းထားနိုင်တာပဲ ဆိုတာပေါ့"

မေရီက ရဲတင်းတင်းပင် ပြောလေ၏။

"မင်းတို့ အားလုံး စုဇန်ကို နားမလည်ကြပါဘူး၊ စုဇန်ဟာ နည်းနည်း ကလေးမှ လွတ်လပ်တာ မဟုတ်ဘူး၊ လွတ်လပ်သလား စုဇန်"

"ဥပဒေတွေ မထုတ်တော့ဘူးလေ စုဇန်"

မေရီက ပြုံးနေ၏။

"နည်းနည်းမှ မထုတ်တော့ပါဘူး"

ဘလိတ်က စုဇန်အတွက် ရဲတင်းစွာ အဖြေ ပေးလေ၏။

"ဒါကိုတော့ ကျွန်မ အမြဲတမ်း သံသယ ဖြစ်ခဲ့သားပဲ၊ ဒါပေမဲ့ မမကို တော့ မယုံလေနဲ့၊ သူက ရှင့်ကို အတင်း တွယ်ကပ်ပြီး ကလေးတစ်ယောက် ရအောင် မွေးဦးမှာ၊ မမဟာ အမြဲတမ်း ကလေး လိုချင်နေတာပဲ"

"စုဇန်များ ကလေး လိုချင်ရင်တော့ကွာ ကိုယ်နဲ့ ကွာရှင်းပြတ်ဆဲရေး အတွက် အကြောင်းရင်းတစ်ခုပဲ"

မေရီနှင့် ဘလိတ်ကား ယခုမှ တွေ့ကြသူများ ဖြစ်သော်လည်း လွန်စွာခင်မင် ရင်းနှီးလျက် ရှိကြလေသည်။ မေရီပြန်သွားသောအခါ စုဇန်က ဘလိတ်အား "ဘာပြုလို့ ကျွန်မကို လက်ထပ်တာလဲ" မေးလေ၏။

"အစတုန်းကတော့ လက်ထပ်မယ်လို့ နည်းနည်းလေးမှ စိတ်ကူး မပေါက်ခဲ့ပါဘူး"

ဘလိတ်က ကျိစယ်သော မျက်လုံးဖြင့် ဖြေလေ၏။

တစ်နေ့တွင်မူ ဘလိတ်နှင့် စုဇန်တို့သည် ဘလိတ်၏ဖခင် မစ္စတာ ကင်းနက်ကြီး ထံသို့ သွားရောက် လည်ပတ်ကြရာ အဖေက သူ စုထားသော ကျောက်တုံးများကို ပြလေသည်။

စက်တင်ဘာလ ကုန်ခါနီး အေးချမ်းသော နေ့လယ်ခင်း တစ်ခု၌ စုဇန်သည် နယူးယောက်သို့ လာကာ သူ လုပ်ခဲ့သည့် ဟဲလ်ဖရက် အထိမ်း အမှတ် ရုပ်ဆီသို့ လာမိလေ၏။ ကြေးရုပ်များကို ငေးကြည့်နေခိုက် သူ့ဘေး တွင် ရုပ်ကြည့်နေသော မိန်းမနှစ်ယောက်က အရုပ်ကိုကြည့်၍ စကားပြော နေကြသည်။

"မိန်းမက သိပ်ပြီး ဝမ်းနည်းနေသလိုပဲ၊ မဟုတ်ဘူးလား အေ"

"အေးကွဲ့၊ လူကို ငိုချင်သွားတာပဲ"

စုဇန်သည် အိမ်သို့ပြန်ခဲ့ကာ အိပ်ရာထက်တွင် လက်မောင်းကြား၌ မျက်နှာမြှုပ်၍ နေမိခဲ့လေ၏။ ထို့နောက် ကလေးနှစ်ယောက်နှင့် ဂျိန်းတို့သည် တောရွာမှပြန်လာကာ သူ့အား ပျော်ရွှင်စွာ ပြောကြ၏။

ဇွန်က... "ကျွန်တော် ငါးများတာ ငါး ဆယ့်ခြောက်ကောင်တောင်

ရတယ်" ဟု ဆို၏။

မာဇီယာကမူ "ကျွန်မကတော့ ရေချည်းပဲ ကူးကူးနေ" ဟု ပြော၏။

ဂျိန်းကလည်း "ကျွန်မတို့ နေခဲ့တဲ့ အိမ်ကလေးမှာ အားလုံးလိုလိုပဲ ရှင်းခဲ့သေးတယ်၊ အဲဒီမှာလေ ကောင်းကင်ဘုံလိုပဲ သိပ်အေးတယ်၊ တိတ်တယ်" ဟု ပြော၏။

"ရေတွင်းသစ်ကလေးရော ဘယ့်နှယ်လဲ"

"သိပ်ကောင်းတာပဲ၊ ရေက သိပ်ချိုပြီး အေးတာပဲ"

စုဇန်က စကားမပြောတော့။ ထိုချိုမြအေးစက်သော ရေကိုသာ သောက်ရလျှင် မာ့က်သည် သေဖို့မရှိတော့။ သို့သော်လည်း ဘလိတ်နှင့် အတူနေရသည့် ယခုဘဝသည်လည်း ဖြစ်ပေါ်လာမည်မဟုတ်။ ယခုအခါ စုသည် သူ၏ကိုယ်ကို ဘလိတ်နှင့်ကင်း၍ တွေးတောခြင်းငှာ မစွမ်းနိုင်။ သူသည် ဘလိတ်၏ ချစ်သူဖြစ်ကာ ဘလိတ်သည် သူ၏ချစ်သူ ဖြစ်၏။

တစ်ခါသော် မိုက်ကယ်သည် မမျှော်လင့်ဘဲ ရောက်လာလေ၏။ မိုက်ကယ်က သူ နော်ဝေတွင် မေရီနှင့် နေခဲ့ကြောင်းကို တစ်ခွန်းမျှ မပြောပေ။

"ခင်ဗျားနဲ့ ကင်းနက်တို့ တစ်ယောက်ကိုတစ်ယောက် ဘယ်လို လုပ်ကြမယ်ဆိုတာ ကြည့်ရရင် သိပ်စိတ်ဝင်စားစရာ ကောင်းမှာပဲဗျာ၊ ခင်ဗျားတို့ထဲက တစ်ယောက်ကတော့ ပြောင်းလဲသွားမှာပဲ၊ ဒါပေမဲ့ ဘလိတ်ဟာ တခြားလူ တစ်ယောက် ဖြစ်သွားမှာကိုတော့ မြင်လို့မရပါဘူး"

မိုက်ကယ်က အံ့ဖွယ်စကားကို ပြောသွားလေသည်။

မိုက်ကယ်ပြန်သွားပြီးနောက် ဒေးဗစ်ဘာနေ ရောက်လာပြန်လေသည်။

"ဘလိတ်ဟာ ပါရစ်မှာ လက်ထပ်မယ့်အစား တခြားဟာတွေ လုပ်လိမ့်မယ်လို့ ငါထင်နေတာ"

"စုဇန်ဟာ သူ့ကို လက်ထပ်ဖို့ကလွဲပြီး တခြားဘာမှ ပြောရမယ့် မိန်းမမျိုး မဟုတ်ဘူး၊ သူ့အချိုးနဲ့ တခြားဟာနဲ့ မကိုက်ဘူး" ဟု ဘလိတ်က ပြန်ဖြေ၏။

"ဘလိတ်သေရင် ကျွန်မလည်း သေမှာပဲ"

စုဇန်က ဤမျှပင် ပြောခဲ့၏။

ဒေးဗစ်ဘာနေကမူ... "မင်းဟာ မင်းကိုယ်မင်း အပြစ်ရှိတယ် မထင်ဘူးလား" ဟု ပြော၏။

"အပြစ်... ဟုတ်လား... "

"ဟုတ်တယ် အပြစ်ပဲ၊ မင်းဘဝဟာ ရှေ့ဆက်သွားနေပြီး၊ မင်းကတော့ ဘာမှ မလုပ်ဘဲ နေတယ်"

စုဇန်က ခေါင်းခါ၍ "ဘဝမှာ နေနေရတာကို ကျွန်မ ရောင့်ရဲတယ်" ဟု ဖြေလေ၏။ ဒေးဗစ်ဘာနေကမူ... "ဒါကိုများ ဘဝမှာ နေနေတာလို့ မင်းထင်သလား၊ ဒီလိုဆိုရင်တော့ မင်းကို ပြောတာဟာ အလကား ဖြစ်ဦးမှာပဲ" ဟု ပြောကာ ပြန်သွားလေသည်။ စုဇန်မှာ ဒေးဗစ်ဘာနေကိုပင် သနား၍ ကျန်ရစ်ခဲ့လေ၏။

ထိုနှစ်က ခရစ်စမတ်ပွဲနေ့တွင် ဘလိတ်က သူလုပ်စရာတွေ အများကြီး ရှိနေသောကြောင့် မလည်ပတ်နိုင်။ စုဇန်တစ်ယောက်တည်း သွားနိုင်သည်ဟု ပြောလေသည်။

စုဇန်က ကလေးများနှင့်အတူ သူ၏ မိဘများထံသို့ သွားလိုသည်ဟု ဆိုပြီး "ဒါပေမဲ့ ရှင့်ကို တစ်ယောက်တည်း ထားမပစ်ခဲ့ချင်ဘူး" ဟု ပြောဆိုလေသည်။ ဘလိတ်က ပြောင်လက်သော မျက်လုံးအစုံဖြင့် စုဇန်ကို ကြည့်ကာ... "ဟုတ်ပါတယ်၊ မင်းကိုယ့်ကို ပစ်ခဲ့တာပဲ ကြည့်စမ်း မင်းဟာ ကိုယ့်ဆီက ဝေးဝေးကို ခွာသွားချင်နေတယ်" ဟု ပြောလေ၏။

"ရှင် ဘယ့်နှယ်လုပ် သိသလဲ"

"မင်း နည်းနည်း ပြောင်းလဲနေတယ် စုဇန်၊ မင်းဟာ လုံးဝ အလျှော့မပေးသေးဘူး၊ သွားချင်သွားလေ၊ ပြီးတော့ ကိုယ့်ကို ဘယ်လောက် လွမ်းရမယ် ဆိုတာ ကြည့်နေပေါ့"

"ရှင်ကော ကျွန်မကို လွမ်းမလား"

"ဒါပေါ့ လွမ်းတော့လွမ်းမှာပေါ့၊ ဒါပေမဲ့ မင်းအတွက်တော့ ငိုညည်းမနေဘူးလေ၊ ဘယ်သူ့အတွက်မှ မငိုညည်းနိုင်ဘူး၊ ကိုယ့်မှာ လုပ်စရာ အလုပ်ပေါင်း တစ်ရာမက ရှိသေးတယ်"

စုဇန့်ကို သူ ချစ်ပါ၏။ သို့သော် ယုယကြင်နာခြင်းကား မရှိချေ။

စုဇန်သည် သူ၏ မိဘများ၏ အိမ်သို့ရောက်သည့်နေ့မှစ၍ နေ့တိုင်း ဘလိတ်ထံမှ ကြေးနန်းစာလာရာ သူကလည်း ပြန်၍ ကြေးနန်းရိုက်ရသော

ကြောင့် သူသည် ဘလိတ်ကို မလွှမ်းချေ။ အဖေ အမေနှင့် လူဆိုင်းတို့က လည်း သူ့အား ယုယကြင်နာစွာ ဆက်ဆံကြ၏။ သူသည် ပြန်ချင်စိတ်ကို မပေါ်ခဲ့။

တစ်နေ့တွင် အဖေက "ဝဲလင်းဆောင်" သို့ တက်စေကာ စန္ဒရား တီးနိုင်းသဖြင့် တီးပြရ၏။

"ဖေဖေ ကဗျာတွေ စပ်သေးလား" ဟု မေးသောအခါ အဖေက "ငါ လက်လျှော့လိုက်ရပြီ" ဟု ဖြေ၏။ "တောင်ပင်လယ်ကို သွားဖို့ရော စိတ်ကူး တုန်းပဲ မဟုတ်လား" ဟု မေးသည့်အခါ၌ကား "တစ်ခါ တစ်ခါတော့လည်း စိတ်ကူးမိပါရဲ့၊ ဒါပေမဲ့ ဒီနေရာကို ငါ ဘယ်တော့မှ မရောက်တော့ဘူးဆိုတာ မင်းလည်းသိသားနဲ့" ဟု ဆို၏။

အဖေ့ဘဝကား ဆုံးခဲ့လေပြီ။ ဘဝ၏ တောက်ပခြင်းများကို သူ့ ဘာသာသူ ဖြုန်းတီးခဲ့၏။ နှစ်ကာလများက သူ့ကို အရှုံးလုပ်ခဲ့၏။ သူ လုပ်မည်ဟု သေချာခဲ့သော အရာများကို သူ မလုပ်ခဲ့ရ။ လောကကြီးက သူ့ကို လက်လွှတ်လိုက်သည်ဟု ထင်ခဲ့၏။ စင်စစ်သူကသာလျှင် လောက ကြီးကို လက်လွှတ်ခဲ့ခြင်းဖြစ်၏။ ဒါကို သူက ကိစ္စမရှိဟု ထင်၏။ အမှန်မှာ ရောမကိစ္စကြီးတစ်ရပ် ဖြစ်၏။

"တကယ်ဆိုတော့ ဖေဖေဟာ ဘာကိုမှ လက်မလွှတ်ပါဘူး" ဟု စုစန်က အားပေး၏။

"အဆုံးသတ်မှာ... ကိုယ် လိုချင်တာကို မရဘူးဆိုရင် ဘယ်ဟာမှ ဘာမှ မဟုတ်တော့ဘူးလေ"

အဖေက ပြောပြီးထွက်သွားသော်လည်း စုစန်ကား ကြောက်ရွံ့၍ ကျန်ရစ်လေ၏။ ထိုအကြောက်သည်ပင် သူမ၏ ဝိညာဉ်အတွက် အလင်း ရောင် ဖြစ်ပေ၏။

❊ ❊ ❊

နှစ်ဆန်းတစ်ရက်၏ နောက်တစ်နေ့တွင် စုဇန်သည် ဘလိတ်ရှိရာသို့ ပြန်လာခဲ့လေ၏။ ပြန်ရောက်ပြီး ရက်မကြာမီအတွင်း၌ပင် သူသည် အလုပ်ခန်းတစ်ခု ငှားပြီး ကျောက်တုံးများ ထုရန်အတွက် ဘလိတ်၏ ဖခင်ထံမှ ကျောက်တုံးများကို သွားယူလေသည်။ ဘလိတ်၏ ဖခင်သည် ဘလိတ်ကျောက်တုံး ထုရန် ရည်ရွယ်၍ ကျောက်အကောင်းစားများကို စုထားခဲ့သည်ကို စုဇန် တစ်ခါက တွေ့ရလေသည်။ အဖေက သူ့အိမ်တွင်ပင် အလုပ်လုပ်ရန် ပြော၏။ သို့သော် စုဇန်က သူအခန်း တစ်ခု ငှားပြီးဖြစ်သည်ဟု ဆိုလေသည်။

"ဒီကျောက်တုံးတွေက မင်းဘာကို ထုယူလိုက်တယ် ဆိုတာ ငါ့ကို ကြည့်စေရမယ်နော်" ဟု သူကပြောသည်။

စုဇန်သည် လုပ်ငန်းကို စတင်လေတော့၏။ မနက်တိုင်း သူ၏ အလုပ်ခန်းသို့ သွား၏။ ဘလိတ်ကလည်း သူ့အလုပ်နှင့်သာ သူနေ၏။ တစ်နေ့တွင် ဘလိတ်က မာန်ဖီနေသော ကြောင်ရုပ်တစ်ရုပ်ကို ထုလုပ်ပြီး "ဒါကို "မသတ္တဝါ" လို့ နာမည် ပေးမလို့" ဟု စိတ်လိုက်မာန်ပါ ပြောလေ၏။

စုဇန်သည် တစ်နေ့သ၌ အလုပ်ခန်းကို ရှင်းပေးရန် ရောက်လာသော နီဂရိုးမကြီးအား အခန်း မရှင်းစေဘဲ ငွေပေးကာ ကိုယ်တုံးလုံး ချွတ်စေပြီး နီဂရိုးမကြီးနှင့် ကျောက်ရုပ် ထုရန် ပုံတူ ရေးဆွဲလေ၏။ သူ ကျောက်ရုပ်ထုနေခိုက် လမ်းထဲမှကလေးတွေသည် ဝင်ရောက်ကာ သူ့အရုပ်ကို ဝေဖန်ကြ၏။ ထိုနေ့က သူ အိမ်ပြန်သွားသောအခါ ပြပွဲတွင်တင်ထားသော ဘလိတ်၏ ရုပ်တုများကို ပြပွဲမှ ပယ်ချခဲ့ရသဖြင့် ဒေါပွနေသည်ကို တွေ့ရလေ၏။ ပြင်သစ်ပြည် ပါရစ်မြို့တွင် ထားရစ်ခဲ့သော စုဇန်၏ ဒူးထောက်နေသော မိန်းမရုပ်ကို ပယ်လိုက်ကြောင်း ကြားရ၏။ စုဇန်ကမူ မတုန်လှုပ်ခဲ့။

နီဂရိုးမကြီး ကျောက်ရုပ်ကို ထုပြီးသောအခါ လင်သည်နှင့် ပျော်ပွဲစားရုံ ဖွင့်ထားသော ဆွီဒင်ပြည်သူ မိန်းမတစ်ယောက်ပင် ဖြစ်လေ၏။ သူတို့ တစ်တွေ အလုပ် လုပ်နေခိုက်တွင် ခွင့်တောင်း၍ ပုံတူရေးဆွဲခဲ့ကာ ကျောက်တုံးတွင် ထွင်းထုလေ၏။ လမ်းထဲမှ ကလေးများလည်း လာ၍ကြည့်ကြ

လေ၏။

ဘလိတ်နှင့် သူတို့သည် နေ့တွင် အတူမနေကြရသဖြင့် ညဘက်တွင် စကားလက်ဆုံကျ၍ နေခဲ့ကြလေသည်။ သူသည် ပင်ပန်းနွမ်းနယ်လျက် ရှိသော်လည်း နွမ်းနယ်ခြင်းကို ဂရုမစိုက်ခဲ့။ တစ်ခါက သူ၏ ကိုယ်ခန္ဓာသည် အလွန်ပင် ပိန်ချုံးခဲ့သော်လည်း ယခုအခါတွင် တောက်ပြောင်ပြည့်တင်းသော ကိုယ်ထည်ကို ရလေပြီ။ ဘလိတ်သည် သူ့အပေါ် အနည်းငယ် ပြောင်းလဲလာသလိုလို ရှိသော်လည်း စုဇန်သည် ဂရုမမူဘဲ နေခဲ့၏။ ဘလိတ်ကား မာဇီယာကို အလွန်ခင်၏။ မာဇီယာကလည်း ဘလိတ်ကို ခင်၏။

ဆောင်းရာသီ တစ်ရာသီတွင် ဘလိတ်က မာဇီယာ၏ပုံကို ပလာစတာဖြင့် လုပ်လေ၏။ ထို့နောက် လူတိုင်းကို အရူးအမူး ဖြစ်စေသည့် ဆိုနီယာ ပရက်စလော့ အမည်ရှိ ရုရှားကချေသည်မ၏ ရုပ်တုကိုလည်း လုပ်လေ၏။ မာဇ်ယာသည် ကျောင်းစာကို မသင်တော့ဘဲ ဆိုနီယာထံတွင် အက သင်နေ၏။ ဆိုနီယာနှင့် ဘလိတ်တို့သည်လည်း ညကလပ်များသို့ သွား၍ က,လေ၏။ စုဇန်ကမူ ဘလိတ်နှင့် ဆိုနီယာတို့ အရောဝင်လွန်းခြင်း အတွက် စိတ်လှုပ်ရှားမိသော်လည်း ဆိုနီယာ၏ ရုပ်မှာ ကျောက်သားဖြင့် ထုသင့်သည်ဟု ယူဆကာ ကျောက်ရုပ် ထုလေ၏။

သို့နေကြသည့် အခိုက်တွင် မေရီ ရောက်လာလေသည်။ မေရီက နောက် ရက်သတ္တတစ်ပတ် ကြာလျှင် သူ ပါရစ်ကို သွားမည်ဟု ပြောသည်။ မေရီက "မိုက်ကယ်အား သူမည်မျှပင် ချစ်စေကာမူ လက်မထပ်နိုင်" ဟု ဆိုလေသည်။ သူ လက်ထပ်ရန် ရည်ရွယ်သူမှာ ဘယ်နဖီးရိုဒ် ဆိုသူ ပိုက်ဆံပေါပေါ အသက်ကြီးကြီး သူဌေးတစ်ဦးဖြစ်လေသည်။ မိုက်ကယ်ကို ယူလျှင် သူ၏ဘဝ ဆုံးရှုံးရမည်ကို စိုးရိမ်သည်ဟု ဆိုလေသည် ။ ဘလိတ်ကို စုဇန် ပေါင်းနိုင်သည်မှာလည်း လူတကာအဖို့ အံ့စရာဖြစ်နေသည် ပြောပြန်သည်။ ဘလိတ်နှင့် ဆိုနီယာတို့သည်ပင် ဘာလိုလိုဟု ပြောလေသည်။

မေရီပြန်သွားသောအခါ စုဇန်က ဘလိတ်အား "ဆိုနီယာနဲ့ ကြိုက်နေတယ် ဆိုတာ တကယ်ပဲလား" ဟု မေးလေသည်။ ဘလိတ်က တိကျသော အဖြေကို မပေးပေ။

"ရိုးလှတဲ့ အချစ်ကလေး စုဇန်ရယ်၊ ဆိုနီယာ့အကြောင်း မေ့ပစ်လိုက်စမ်းပါ၊ ဆိုနီယာကို ကိုယ်ဘယ်လိုတွေးတယ်ဆိုတာဟာ ကိုယ်တို့နှစ်ယောက်

နဲ့ ဘာမှ မဆိုင်ပါဘူး"

"ဆိုင်တယ် ဘလိတ်၊ ဘာပဲဖြစ်ဖြစ် ရှင်တွေးတာ ခံစားတာ မှန်သမျှ ဟာ ကျွန်မနဲ့ တစ်နည်းနည်းတော့ ဆိုင်တာပဲ"

"စုဇန် မင်းဒီအကြောင်းကို ထပ်ပြီး မပြောစမ်းပါနဲ့လား"

"ရှင် မပြောနိုင်ဘူးလို့ ဆိုလိုတာပေါ့ ဘလိတ်"

"ဒါဟာ မင်းနဲ့ ဆိုင်တယ်လို့ကို မထင်ဘူး"

"ရှင် မပြောမချင်း ကျွန်မ စောင့်ဦးမယ်"

သူတို့နှစ်ယောက်ကား အကြီးအကျယ် ရန်မဖြစ်ခဲ့ကြ။

ဒေးဗစ်ဘာနေ လာသည့်အခါတွင်မူ သူ၏ ရုပ်တုများကို ချီးကျူး လေ၏။ ပြင်သစ် အငွေ့ကင်းကာ ဆန်းသစ်နေသည်ဟု ဆို၏။ ဘလိတ်၏ သြဇာများလွှမ်း နေရှာသလားဟု ပြော၏။

"ဟုတ်တယ်၊ ဘလိတ်ဟာ ကျွန်မကို ကျွန်မ စင်စစ်ဖြစ်အောင် လုပ် လိုက်တယ်"

စုဇန်က ဆက်လက်၍ "ဘလိတ်နဲ့ ကျွန်မတို့ ချစ်ကြတုန်းက ကျွန်မ တို့ ဘဝကို သူ့ဆီ ပစ်ပေးပြီး ကျွန်မဟာ ဆုံးသွားတယ်လို့ ထင်ခဲ့တယ်" ဟု ပြောကာ သူ့အဖေနှင့်တွေ့၍ အဖေ၏စကားကို ကြားရတော့မှ သူ့ဘဝကို ဘလိတ်ထံမှ လွတ်လပ်စွာ နေလိုစိတ် ပေါ်လာပြီး အလုပ်လုပ်ခဲ့ကြောင်း ပြောပြလေသည်။

"ဒါနဲ့များ ဘလိတ်ကို ယူရအောင် ဘယ်နတ်ဆိုးက နှိုးဆော်ခဲ့သလဲ"

"သူက ကျွန်မ လိုချင်တာ အကုန်ပေးလို့ပေါ့"

ထို့နောက် ဒေးဗစ်ဘာနေက စုဇန်အား ပထမဆုံး တွေ့စကပင် မိန်းမချော တစ်ယောက်အဖြစ် ယူဆခဲ့ကြောင်း ချစ်ခဲ့ကြောင်း သို့သော် သူက မပြောရက်၍ မပြောခဲ့ဟုဆိုလေသည်။ စုဇန်က သူမ စဉ်းစားမိခဲ့ကြောင်း ပြော၏။

ဒေးဗစ်ဘာနေသည် ဆက်မပြောတော့ဘဲ စုဇန် လုပ်ထားသော ရုပ်တုများနှင့် သူ့ရုပ်တုများကို ပေါင်း၍ ပြပွဲလုပ်လိုကြောင်း ပြောသွားလေ သည်။ သူ့အရုပ်များကို ပြပွဲသို့ တင်သောအခါ ဘလိတ်၏ အဖေကို ခေါ်၍ ပြလေသည်။ ပြပွဲသို့ အရုပ်များထားသည့်နေ့မှာပင် မိုက်ကယ်ရောက်လာကာ သူ၏အရုပ်များ ကြီးကျယ်ကြောင်း ချီးမွမ်းလေသည်။ ထို့နောက် မေရီသည်

ရို့ဒ်ဆိုသူ အဘိုးကြီးနှင့် လက်ထပ်လိုက်ပြီဖြစ်ကြောင်း ပြောလေသည်။

"ကျွန်တော်ဟာ အရှုးသက်သက်ပါပဲ၊ တစ်ညလုံး ကျွန်တော် မအိပ်နိုင်ဘူး၊ မနေ့ကပဲ သူလက်ထပ်ပြီးတော့ ကျွန်တော်နဲ့ ခေါ်တွေ့သေးတယ်၊ ကျွန်တော်ကတော့ သူတကယ်လုပ်လိမ့်မယ်လို့ မထင်ခဲ့တာ တစ်ခုပါပဲ"

"ကိုယ်သာ မင်းဖြစ်ရင်တော့ မိုက်ကယ်ရာ ငါလေ... "

"ကျွန်တော်ဟာ မေ့မပစ်နိုင်ပါဘူး"

"အေးလေ... ကိုယ်ဒါကို ပြောမလို့ မဟုတ်ပါဘူး၊ ကိုယ်ပြောမှာက ဒါကို ဘဝအနေနဲ့ လက်ခံဖို့ပါပဲ"

မိုက်ကယ် ပြန်သွားသောအခါ စုဇန်က မေရီထံသို့ တယ်လီဖုန်းဆက်လေသည်။ မိုက်ကယ်ပြောမှ လက်ထပ်ပြီးပြီဟု သိရကြောင်း ပြောရလေသည်။ မေရီကမူ အဖေနှင့်အမေတို့ထံ ယခုမှ စာရေးရမည်ဟု ဖြေသည်။ မေရီ၏ ခင်ပွန်းသည် ရို့ဒ်က စုဇန်တို့ထံ လာလိုကြောင်း ပြောသောအခါ စုဇန်က ဖိတ်ခေါ်လိုက်လေ၏။ စုဇန်သည် မစ္စတာရို့ဒ်အား တွေ့လျှင်တွေ့ချင်း ခင်မင်ကြင်နာမိလေ၏။ မစ္စတာရို့ဒ်ကလည်း စုဇန်အတွက် ဂုဏ်ယူ၏။ မာနတက်သည်ဟုလည်း ပြော၏။ ဆွေမျိုးတွေအကြောင်း မပြောသော မေရီကိုပင် အပြစ်တင်နေသည်။

ပြပွဲတွင် သူ့ရုပ်တုများနှင့် ပတ်သက်၍ အမျိုးမျိုးဝေဖန်ကြလေသည်။ "ဒေးဗစ်ဘာနေက အသစ်ပေါ်လာသော ရုပ်တုဆရာ ချီးကျူးခြင်း" ဟူသော သတင်း ပါလာသောနေ့တွင် ဘလိတ်က ဒီလူဟာ နည်းနည်းတော့ လွှန်လွှန်း နေတယ်၊ ကိုယ်ဆိုလိုတာက မင်းအဖို့တော့ ကောင်းပါတယ်၊ ဒါပေမဲ့ မင်းဟာ တစ်ယောက်ယောက်ရဲ့ အထောက်အပံ့ကို လိုနေသလို ကျနေတာပဲ၊ အေးလေ... ဘာပဲဖြစ်ဖြစ် ဘာနေပြောတာဟာ လူတကာတွေ ဂရုစိုက်စရာတော့ ဖြစ်ရမှာပေါ့" ဟု ပြောလေသည်။

"အို... အချစ် ဘလိတ်ရယ်၊ ဒါဟာ ဒေးဗစ်ဘာနေက ကျွန်မ နည်းနည်း အကူအညီ လိုတယ်ဆိုတာ သိလို့ပါ၊ ရှင်ကကော မလိုဘူး မဟုတ်လား"

"ဟုတ်တယ်၊ ကိုယ့်အလုပ်နဲ့ ပတ်သက်ပြီး အကူအညီ မလိုပါဘူး'

"နောက်ပြီး ကျွန်မဟာ မိန်းမတစ်ယောက် ဖြစ်နေတဲ့အတွက် ခက်ခက်ခဲခဲ ဖြစ်ရလိမ့်မယ်လို့ သူ ထင်တယ်နဲ့ တူပါတယ်၊ ဒါပေမဲ့ အလုပ်

ဆိုတာဟာ ကောင်းကင်ဘုံတစ်မျိုးပဲ၊ ယောကျ်ား မိန်းမရယ်လို့ မရှိဘူး"

"မဟုတ်ဘူး စုဇန်၊ မင်းဘာပဲ လုပ်လုပ် ယောကျ်ား မိန်းမဆိုတဲ့ ခွဲခြားမှုဟာ မင်းကို နေရာ သတ်မှတ်လိုက်တာပဲ"

"ဒါကို ကျွန်မ လက်မခံနိုင်ဘူး"

"ဒါပေမဲ့ မိန်းမတွေဟာ သံသယဖြစ်ခြင်းကိုပဲ ခံနေရသေးတယ်၊ အနုပညာသည်ကြီးတွေ ဂီတပညာသည်ကြီးတွေ အကြီးကျယ်ဆုံး ထမင်းချက်တွေတောင်မှ ယောကျ်ားတွေသာ ဖြစ်တယ်၊ နောက်ပြီးတော့"

"ကဲ... တော်ပါတော့ ဘလိတ်၊ ဒီလောက် ဟောင်းနွမ်းဆွေးမြည့်တဲ့ စကားစုကို ရှင့်ဆီက ကြားရတာ အံ့သြပါရဲ့"

"မိန်းမတွေကို လေးလေးနက်နက် ယူဆဖို့တော့ ခဲယဉ်းပါရဲ့"

ထို့နောက် သူတို့သည် ပြပွဲဆီသို့ သွားကြလေ၏။ ပြပွဲတွင် ဘလိတ်သည် ရုပ်ထုဆရာကြီးများနှင့် စကားများ ငြင်းခုံလေသည်။ စုဇန်ကမူ ဘာတစ်ခွန်းမျှ မဆိုဘဲ ဘလိတ်၏ဖခင် ကင်းနက်ကြီးနှင့်သာ အတူသွား၍ စကားပြောလေ၏။

"ကျုပ်ဖြင့် မင်းရဲ့ အရုပ်တွေဆီကို လာပြီးပဲ ကြည့်နေမိတော့တာပဲ ကလေးမရယ်၊ သူတို့က ကျုပ်အပေါ် မိုးသွားပြီလေ"

"ကျွန်မ သိပ်ဝမ်းသာတာပဲ"

"မင်းကို ဘယ်နေရာမှာ ထားရမယ် ကျုပ် မသိဘူး၊ မင်းရဲ့ လုပ်ငန်းပရိယာယ်ကို ကျုပ်မရိပ်စားမိဘူး၊ ဘလိတ်ကိုတော့ ဘယ်နေရာမှာ ထားမယ်လို့ ကျုပ်သိတယ်၊ ဘလိတ်ဟာ တကယ်စင်စစ် ဆန်းသစ်တာပဲ၊ ဒါပေမဲ့ မင်းကတော့ ဆန်းသစ်တာ မဟုတ်၊ ရှေးမှုလည်း မဆန်ဘူး၊ ပြင်သစ်ရဲ့ အငွေ့အသက်လည်း မင်းရဲ့ အနုပညာမှာ တစ်စေ့ကလေးမှ မတွေ့ဘူး၊ မင်းစိတ်ထဲမှာ ဘယ်လိုရှိသလဲ"

"ကျွန်မ မသိပါဘူး၊ ကျွန်မကိုယ် ကျွန်မ ဘယ်နေရာမှလဲ မထားဘူး၊ ကျွန်မ အသက်ရှူနေသလို အလုပ်လုပ်တာပဲ၊ သတိမထားဘဲ မသိလိုက်မသိဘာသာ ဆိုပါတော့၊ တစ်ချိန်ကနေ တစ်ချိန်ကိုတော့ ကျွန်မဟာ စိတ်ထဲက ခံစားနေတယ်"

"အင်း... ဒါဟာ ဘာကြောင့်လဲဆိုတော့ မင်းဟာ မိန်းမတစ်ယောက်ဖြစ်တဲ့အတွက် ထင်ပါရဲ့"

"ဟုတ်ပါလိမ့်မယ်"

စုဇန်သည် ဘလိတ်၏ဖခင် ပြောသော စကားများကို နားမထောင်တော့ ချေ။

❊ ❊ ❊

ညနေဘက်တွင် "တယ်လီဖုန်း" ခေါ်နေတယ် မစ္စဂေးလော့" ဟု လူတစ်ယောက်က ဘာပြော၏။ စုဇန်သည် အိမ်သို့ပြန်ချင်စိတ်မရှိဘဲ ပြပွဲမှာပင် နေကာ ဘလိတ်နှင့် တွေ့နိုင်သည့် အချိန်အထိ စောင့်နေနိုက်ဖြစ်၏။ တယ်လီဖုန်းခွက်သို့ ရောက်သောအခါ အိမ်တွင်ကျန်ရစ်ခဲ့သော ကရောင်းဆိုသူက မဒမ်... မဒမ်အဖို့ ကြေးနန်းတစ်စောင် ရောက်နေတယ်၊ ကျွန်တော်ဖတ်ပြရမလား" ဟု မေးလေသည်။

"တစ်ဆိတ်ကလေးရှင်" ဟု ပြောကာ အံ့ဩနေစဉ် အတွင်းက ခပ်ဖြည်းဖြည်း ဖတ်သည်မှာ "ဖေဖေ သိပ်ဖျားနေသည်၊ ချက်ချင်းလာပါ၊ အမေ" ကြေးနန်းပြန်ရိုက် ဦးမလား မဒမ်"

"ဟုတ်ကဲ့၊ အဲဒီလိပ်အတိုင်း ပြန်ရိုက်လိုက်ပါ၊ "ချက်ချင်း လာခဲ့မယ်၊ စုဇန်" နောက်ပြီးတော့ ကျွန်မဖို့ရော သူ့ဖို့ရော အထုပ်အပိုး ပြင်ပါလို့ ဂျိန်းကို ပြောလိုက်ပါ၊ ပြီးတော့ ပမ်းကမ်းခြေက ပန်တယ်ရီဂျီနာမှာရှိတဲ့ ကျွန်မရဲ့ ညီမကိုလည်း ကြေးနန်းရိုက် လိုက်ပါဦး၊ မစ္စစ်ဘင်နီဖီးရို့ဒ် သိတယ် မဟုတ်လား"

"ကောင်းလှပါပြီ မဒမ်"

"မစ္စတာကင်းနက်ကော ရှိသလား"

"မရှိပါဘူး မဒမ်"

သူမသည် နားခွက်ကို ပြန်ချိတ်လိုက်လေသည်။ ယခုအခါ လူတို့သည် ခါတိုင်းထက် ထူထပ်စွာပင် ရောက်လာလျက်ရှိသည်။ စိတ်နှလုံးမကောင်းသော မျက်နှာရှိသည့် နက်မှောင်သော လူပိန်ပိန် တစ်ယောက်သည်

ရုပ်ပုံတိုင်း ရှေ့တွင် ရုပ်ရင်း သေးငယ်သော စာရေးစက္ကူကတ် တစ်ခုထဲတွင် လျင်မြန်စွာ မှတ်သားရေးချလျက် ရှိသည်ကို တွေ့ရ၏။ မစ္စတာကင်းနက်ကြီး သည် ပြန်၍ လာပြန်ကာ အီတလီပြည်မှ လူကလေး တစ်ယောက်၏ ရုပ်တု ကို စိတ်ဒုက္ခဖြစ်စွာနှင့် ငေးကြည့်လျက်ရှိလေ၏။ သူသည် သူမကို မေ့သွားပြီ ဖြစ်ရာ စုဇန်သည် သူ့ကိုစကားမပြောတော့ဘဲ ထွက်ခွာလာခဲ့လေသည်။

နောက်တစ်နာရီမျှမကြာခင် ဘလိတ်၏အိမ်မှ စွန့်ခွာနေဆဲသူမသည် စာ တစ်စောင် ရေးခဲ့လေသည်။

"ကျွန်မ အချစ်ဆုံးရေ၊ ဖေဖေဖျားနေလို့ ရှင့်ကိုဘယ်မှာ တွေ့ရမယ် ဆိုတာ မသိတာနဲ့ တောက်လျှောက်ပဲ ကမန်းကတန်း သွားရပြီ" သူမသည် ကလပ်သို့ ဘလိတ်ကို သွားရှာရန် ကရောင်းကို ပြောခဲ့သည်။ သို့သော် ကလပ်မှာလည်း မရှိချေ။ "လွန်ခဲ့တဲ့ညကို သတိရရင်းနဲ့ ကျွန်မ ထွက်သွား ပြီ၊ ရှင်တတ်နိုင်ရင် ကျွန်မ ဆီလာခဲ့ပါ၊ ကျွန်မရှင့်ကို သိပ်ပြီးအလိုရှိနေမှာပဲ၊ ရှေ့မှာ ဘာရှိနေတယ်ဆိုတာလဲ ကျွန်မ မသိဘူး၊ ကျွန်မဟာ ရှင့်ရဲ့ စုဇန်ပါပဲ"

စာရွက်ကိုခေါက်ကာ ကရောင်းကို ပေးလိုက်၏။ "မစ္စတာကင်းနက် လာ လာချင်း ပေးလိုက်ပါ" ဟု ပြောလိုက်လေ၏။

သူမနှင့် ဂျိန်းတို့ ကားထဲဝင်မိသည်အထိ ကရောင်းသည် ကိုယ်ကို ညွတ်ကာ ကားတံခါးကို ပိတ်ပေး၏။ ထို့နောက် ဘန်တီသည် ကားစက်နှိုးမိ သော် သူသည် အိမ်ထဲဝင်ကာ အိမ်တံခါးကို ပိတ်၏။ သူမ၏ စိတ်ထဲတွင် ထိုတံခါး၏ ပိတ်လျက်သား ရုပ်ပုံသည် ပါလာကာ သူမသည် ထွက်ခွာခဲ့ သည်။

"နိမိတ်တွေကိုကား ငါယုံရင်" သူမသည် တွေးတော စိတ်ဒုက္ခ ဖြစ်၏။ "ဒါပေမဲ့ ငါမှ မယုံဘဲ" သူမသည် ချက်ချင်းပင် ကြီးမားသော တောင့်တခြင်းဖြင့် ဘလိတ်ကို တွေး၏။ သည်မနက်၏ ဒေါသသည် ဘာမျှ မဟုတ်ချေ။ ထိုမှန်ကန်သော တရားထဲမှ သူမ ထွက်လာသည်ကို တွေ့သည့် အခါ သူသည် လျင်မြန်စွာ လိုက်လာခဲ့လိမ့်မည်။ ထို့နောက် အိုမင်းယိုယွင်း သည့် နှစ်သိမ့်ဖွယ်ရာ ရိုးရှင်းလှသော အိမ်တွင် သူတို့သည် အလျင်က မတွေ့ခဲ့ဖူးသော နည်းဖြင့် တစ်ယောက်နှင့် တစ်ယောက် တွေ့ကြလိမ့်မည် ဖြစ်၏။ ဂျိန်း၏အသံက သူမကို ကြားဖြတ်လိုက်လေသည်။

"နောက်ဆုံး ကျွန်မတို့ အိမ်ပြန်တုန်းက သူသိပ်ပြီး နေထိုင်ကောင်းပုံ

ခရဘူး၊ အေးလေ... အားလုံးဟာ သေမျိုးချည်းပဲကိုး... ” ဟု ဂျိန်းက ပြောကာ သက်ပြင်းချ၏။

“ရှူး... ဂျိန်း၊ ရှင်ဟာ အမြဲတမ်း အဆိုးရွားဆုံးဟာ ဖြစ်နေပြီလို့ တွေးတတ်တယ်”

“တစ်ခါတစ်ခါတော့ အဆိုးဆုံးပဲ ဖြစ်တတ်တာပဲ မဒမ်၊ ကျွန်မဟာ အကောင်းဆုံးကို မဖြစ်စေချင်တာတော့ မဟုတ်ပါဘူး”

သူမကတော့ ပြောတော့မည် မဟုတ်။ သူမသည် ဘလိတ်ကိုသာ သိနားလည်နေသည်။ တခြား ဘယ်သူ့ကိုမျှ မဟုတ်။ ဘလိတ်သည် ဘယ်နည်းနှင့်မျှ သူမကို ဒေါသကြွရှည် ဖြစ်နေရမည် မဟုတ်။ သူမသည် အဖေ့အိမ်သို့ ရောက်ကာ ဟဲပါမာက တံခါးလာဖွင့်သည့်တိုင်အောင် သူမ သည် ဘလိတ်ကို တွေးလျက်ပင် ရှိသေး၏။

“ဘယ့်နှယ်... ဟဲ... အမေ ဘယ်မှာလဲ” ဟု သူမက မေးသည်။

“လူဆိုင်းနဲ့ ရှိပါတယ်” သူ၏ ရိုးသားသော မျက်နှာဝိုင်းသည် တည်ငြိမ် လေးနက်နေကာ သူ၏ သေးငယ်သော မျက်လုံးပြာများမှာ မျက်ရည် အပြည့်ရှိသည်။ “ခင်ဗျား... သိပ်နောက်ကျနေပြီ ထင်တယ်၊ ခုဖြစ်ပုံက ဖြန်းခနဲကိုး၊ ဒီလိုပဲ သူ ဖြစ်သွားရှာတယ်”

သူမသည် ဂျိန်းဘက်သို့ လှည့်၏။ “ဘလိတ်ကို ကြေးနန်းရိုက် လိုက်” သူမသည် ကုတ်အင်္ကျီကို ချွတ်ပစ်ကာ အမေရှိရာသို့ သွားသည်။

တစ်နာရီပြီး တစ်နာရီ အမေ့စကားများကို သူမထိုင်ပြီး နားထောင် နေလေသည်။

သူမ ဝင်လာသည့်အခါ လူဆိုင်းက ထလိုက်သည်။

“ဟောတော့... ညည်း လာတာကိုပင် သိပ်ဝမ်းသာတာပဲ စုဇန်၊ ကိုယ် တို့လည်း တတ်နိုင်သလောက်တော့ လုပ်တာပဲ၊ ဒါပေမဲ့ အိမ်သားနဲ့တော့ ဘယ်တူ မလဲကွယ်၊ မေရီကော”

“ကြေးနန်း ရိုက်ထားတယ်” သေခြင်းတရား၏ အရေးတကြီး ကာလ တွင်လည်း လူဆိုင်းနှင့် ဟဲတို့သည် သူမ၏ဘဝကို လာ၍ ထိတွေ့ကြသည် မှာ ဆန်း ကြယ်၏။ လွန်ခဲ့သော ညကို သတိရသည်ထက် ပို၍ ရုပ်ပုံ ပီသစွာ မှတ်သေသည့် အချိန်ကို တစ်ခဏမျှ သတိရနေ၏။

“ညည်း ဒီမှာရှိနေသမျှ” ဟု လူဆိုင်းက စူးရှသော တီးတိုးသံဖြင့်

ပြော၏။

"ကိုယ်လည်း ဆက်လုပ် သွားမှာပါပဲ၊ အားလုံးအတွက်ကတော့ ဟဲ စီစဉ်ပြီးသားပဲ၊ ကျောင်းထိုင်ဘုန်းကြီးလည်း ခုပဲ ပြန်သွားတယ်၊ ဒါပေမဲ့ ပြန်လာရင် လာမှာပါပဲ၊ အိမ်သားထဲက တခြားလူတွေကော လာကြဦး မှာလား"

"ကလေးတွေကို ခေါ်လိုက်မလို့၊ ကိုယ့်ယောက်ျားလည်း လာမှာပေါ့"

"အို... ကလေးတွေကို ခေါ်စမ်းပါကွယ်" ဟု အမေက ရှိုက်၏။ "သူတို့ ရှိရင် ငါလည်း သက်သာရာရမှာပါပဲ၊ ငါ့မှာ အသက်ရှင်နေဖို့ တွယ်တာစရာ ဘာမှ မကျန်တော့ပါဘူး"

"မစ္စစ်ဂေးလော့ကလဲ" ဟု လူဆိုင်းက သနားလန်းဆတ်သော အသံဖြင့် ခေါ်၏။ "ဒီလို မပြောပါနဲ့ရှင်၊ ရှင့်မှာ သမီးချစ်ကလေး နှစ်ယောက် ရယ်၊ ပြီးတော့ ဟော... မြေးအနှစ်ကလေးတွေရယ်၊ ရှင့်ကို ချစ်ခင်တဲ့ ဟောဒီမြို့က ကျွန်မတို့တစ်တွေရယ် ရှိပါသေးတယ်၊ ပြီးတော့ ရှင်ဟာ အံ့စရာ မယားနဲ့ မအေ ဖြစ်ခဲ့တယ် ဆိုတာ သတိရပါဦးရှင်၊ ရှင့်ကိုယ်ရှင် မုန်းဖို့အကြောင်း မရှိပါဘူး"

"ကျုပ် တတ်နိုင်သမျှလည်း ကျုပ် လုပ်ခဲ့ပါပြီတော်" အမေက မျက်စိများကို သုတ်ရင်း ပြော၏။

"ရှင့် အိမ်သားတွေအတွက် ဘာတစ်ခုမှ ရှင် မလုပ်ရသေးတာ မရှိပါဘူး" ဟု လူဆိုင်းက နှစ်သိမ့်စရာ ပြောသည်။ "ကဲ... ရှင်ဟာ သတ္တိ ကောင်းကောင်း ထားရတော့မယ်၊ စုဇန်လည်း ခရီးပန်းလာတော့ သူ့ကိုယ်သူ သန့်ရှင်းရဦးမယ်၊ ပြီးတော့ သူ့အဖေလည်း ကြည့်ချင်ဦးမှာပေါ့၊ မဟုတ် လား" ဟု လူဆိုင်းက စုဇန်ဘက်သို့ လှည့်လာပြန်၏။ "အဘိုးကြီးဟာလေ အိပ်နေသလိုပါပဲ၊ သူ အသက်ရှူတာလည်း ရပ်သွားရော ကြောက်စရာ ကောင်းတဲ့ နီနီမည်းမည်းကြီးတွေ မျက်နှာက တစ်ခါတည်း ပျောက်သွားတာ ပဲ၊ ပြီးတော့ တောင့်ပြီးထားရတဲ့... "

"သိပ်ပြီး ခံရသေးသလား" ဟု စုဇန်က လျင်မြန်စွာ မေး၏။

"ဘယ်လောက် ဆိုတာတော့ ကိုယ်တို့လည်း ဘယ်သိမလဲ၊ ဘာ ကြောင့်လဲ ဆိုတော့ သူ ဘယ်လောက် သတိရှိတယ် မရှိဘူးဆိုတာ သိမှ မသိဘဲကိုး၊ သူ စကားတစ်လုံးမှ ပြောမသွားဘူး"

"မသေခင်ကလေးတွင်ပဲ ငါနဲ့ နည်းနည်းစကားများသွား သေးတယ် အေ" ဟု အမေသည် နီရဲသော မျက်လုံးများနှင့် ဝင်၍ပြော၏။ "ဘာ အကြောင်းမှလဲ မဟုတ်ပါဘူးအေ၊ သူ့ဗွတ်ငြင်းတတ်တဲ့ဟာကို ညည်းလည်း အသိသားပဲ စုဇန်၊ အေး... အသက်ကြီးလာတော့ ပိုပြီး ဆိုးတာပေါ့၊ ငါဖြင့် ဘယ်တော့မှ ပါးစပ်ကို မဟရဲပါဘူးအေ၊ သူ ကန့်လန့်လုပ်လာရင်သာပါ"

"သည်းခံပါတယ်... သည်းခံပါတယ်" ဟု လူဆိုင်းက သက်ပြင်းချ၏။

အမေသည် ရောင်နေသော နှုတ်ခမ်းများ တဆတ်ဆတ်တုန်ကာ ဆက်ပြောပြန်၏။

"ဒီနေ့မနက်ကလည်း ခြံထဲကို သူ ဆင်းမလို့တဲ့၊ အဲဒါ သွားဖို့ မကောင်းဘူး၊ အအေးမိနေတဲ့ ဥစ္စာကိုလို့ ပြောတယ်၊ ပြီးတော့ ငါကလည်း ပြောလိုက်မိတယ်အေ၊ အပြင်ကို ထွက်နိုင်အောင် နေကောင်းပြီဆိုရင် မြေတိုက်ခန်းကို ဆင်းပြီး ငါ့ဖို့ မီးဖိုကို ခါပေးနိုင်ဖို့လည်း နေကောင်းဖို့ ကောင်းတယ်လို့ အဲဒီ မီးဖိုကို ငါ ထွင်နေတာ ၂ ရက် ၃ ရက် ရှိပါပြီအေ၊ ဘာကြောင့်လဲဆိုတော့ ပြာတွေလွင့်လို့ သူ ချောင်းဆိုးတယ်တဲ့၊ သူလည်း ငါ့ဘက်ကို လှည့်လာပြီး သူဟာ အေးလေ သူ ဘယ်လို ပြောတတ်တယ် ဆိုတာ ညည်းတို့ သိသားပဲ၊ အဲဒါနဲ့ သူက အဲဒီမီးဖိုကို ဘယ်တော့မှ မထိတော့ဘူးလို့ ပြောတယ်၊ ဒါနဲ့ ငါက ဒါဟာ မိန်းမ အလုပ်မဟုတ်ဘူး တော်ရေ့လို့ ပြောလိုက်တယ်၊ အဲဒီတင်ပဲ သူ့မျက်နှာကြီးဟာ ရဲတက်သွားပြီး သူ့အကြောတွေဟာ ထောင်လာလိုက်တာ ဟောဒီအတိုင်းပါပဲ၊ အေးလေ... မသေခင်တုန်းက မသေခင်က ပြောတာပါ၊ သူဒေါသကြီးတဲ့အခါ ဖြစ်တတ် သလိုပေါ့၊ အဲဒီနောက်တော့ တစ်ခါတည်း လဲကျသွားပြီး" အမေသည် ငိုကြွေးပြန်လေသည်။

နားထောင်ရင်း စုဇန်သည် အဖေ၏ လဲဟန်ကို မြင်လိုက်သူကား သေးငယ်၍ အိုမင်းလှသော ရန်ဖြစ်ခြင်းမျိုးမှ သေဆုံးခဲ့သည်။ အို... မဟုတ် ပါ။ သည်တစ်ချိန်ကလေးသည်သာ သူ့ကို သတ်ခဲ့သည် မဟုတ်ပါ။ သည်ဟာသည် သူကိုယ်တိုင် ဆောက်ခဲ့ပြီး နေထိုင်ကာ တစ်ဘဝလုံး မုန်းတီးခဲ့သော သည်အိမ်တွင်း၌ သူ့တစ်သက်လုံး ရှိခဲ့သည့် ဒေါသပင် ဖြစ်ခဲ့သည်။

"ကျွန်မ ပြန်ဦးမှ" ဟု ဆိုကာ လူဆိုင်းသည် ကုန်း၍ မစ္စဂေးလော့၏ ပါးပြင်ကို နမ်း၏။ "ကျွန်မကို လိုရင် ခေါ်လိုက်ပါနော်"

သူမသည် ထွက်သွားခဲ့ပြီး စုဇန်သည် အမေ ဖြစ်သူနှင့်သာ ကျန်ရစ်သည်။ အမေဖြစ်သူကို နှစ်သိမ့်ဖို့ ကောင်းသော်လည်း သူမသည် မတတ်နိုင်ချေ။ သူမသည် စကားမပြောနိုင်အောင်ပင် ငိုယိုကာ နေသည်။ အဖေ သေသည့်အတွက် မဟုတ်။ အဖေ ရှင်ခဲ့သော ဘဝအတွက်ပင်တည်း။ သူမ၏ မျက်ရည်များကို မြင်သော် အမေသည်လည်း ငိုပြန်သည်။

"တော်ပြီလေ၊ တော်ပြီ၊ ကျွန်မတို့ ငိုဖို့မကောင်းတော့ဘူး၊ မနက်ဖြန်ခါ ကလေးတွေခေါ်ဖို့ ဂျိန်းကို လွှတ်ရမယ်၊ ကျွန်မလည်း အမေ့ကိုသွားပြီး ကြည့်ရဦးမယ်၊ အမေလည်း နားပါဦး၊ ကျွန်မ အကုန် လုပ်လိုက်မယ်လေ၊ အမေ အိပ်ရာပေါ် လှဲနေပါ၊ ကျွန်မ စောင်ခြုံပေးမယ်၊ အမေ့ဖို့ ညစာကို ကျွန်မ လင်ပန်းနဲ့ ယူခဲ့ပါ့မယ်"

သူမသည် အမေ့ကိုကူ၍ အင်္ကျီချွတ်ပေးပြီး ရှေးဆန်သော ညဝတ်အင်္ကျီရှည်ကြီးကို ကူ၍ဝတ်ပေး၏။ ဝတုတ်၍ မလှပသော သည်ကိုယ်သည် တစ်ခါက သေးသွယ်၍ ချစ်ဖွယ်ကောင်းသည့် ကိုယ်လုံးကလေးအဖြစ် သူမအဖေ၏ အားလုံးသော နှစ်ကာလများကို ဖမ်းယူကာ ဆုပ်ကိုင်ပြီး ထောင်ချထားခဲ့သည်မှာ ယခုအခါ မှန်းဆ၍ပင် မဖြစ်နိုင်တော့သလောက် ရှိလေ၏။ သို့သော် သည်အတိုင်း အမှန်ပင် ဖြစ်ခဲ့သည်။ အသားစိုင်သည် ဘယ်လောက် လွယ်ကူစွာ ပြောင်းလဲခဲ့ပါသလဲ။ ပြီးတော့ သူမနှင့် ဘလိတ်တို့ကြားတွင် ပြန်၍တည်းထားသည့် နှောင်သည် ဘယ်လောက် လွယ်ကူစွာ ရှုံးပါးခဲ့ပါသလဲ။

မိနစ်အနည်းငယ်မျှ ကြာသော် သူမသည် အမေ့ကို နေရာချထားသော ညှိုသည်အခန်းသို့ ရပ်လျက်ရှိလေသည်။ အဖေသည် သူ၏ အကောင်းဆုံးသော အနက်ရောင်ဝတ်စုံကို ဝတ်ကာ အိပ်ရာပေါ် လျောင်းလျက်သား ရှိ၏။ သူ၏ ရှူးဖိနပ် အနက်များ၌မှာ အရောင်တင်ထားသဖြင့် ပြောင်လက်နေကာ သူ၏ဖြူနေသော ဆံပင်သည်လည်း ချောပြောင်လျက် ရှိ၏။ သူ့မျက်နှာနှင့် လက်များမှာ ကျောက်စရစ်လို ဖြူကာ စုဇန်သည် သူမ၏ လက်ကို သူ့ပခုံးပေါ်သို့ တင်လိုက်သော် ကုတ်အင်္ကျီအောက်တွင် အလွန်အေး၍ မာနေသည်ကို သိရလေသည်။ အဖေသည် ကျောက်ရုပ်တစ်ရုပ်ကို အဝတ်အစား

ဝတ်ပေးထားသကဲ့သို့ ရှိလေ၏။ အဖေ၏ မျက်နှာမှ မခံရပ်နိုင်စရာ ကောင်းသော ဝမ်းနည်းသည့် အမူအရာကို သူမသည် မကြည့်ရက်နိုင်ဘဲ သူ့ဘေးနားမှာ ထိုင်ကာ ငိုပြန်လေ၏။ သို့သော်လည်း သူမ ယူကျုံးမရ ဖြစ်ရသည်မှာ သေခြင်းကြောင့် မဟုတ်ဘဲ ရှင်ခဲ့သော သူ့ဘဝကြောင့်သာ ဖြစ်ပေ၏။ သူ၏ ပါးစပ်ကို သည်လိုဝမ်းနည်းပင်ပန်းခြင်းထဲသို့ ရောက်အောင် ကွေးညွှတ်ပေးလိုက်သော သူ့ဘဝ။ သူ့မျက်လုံးများကို ချိုင့်ဝှမ်းစေသော သူ့ဘဝကြောင့်သာ ဖြစ်ပေ၏။ ထိုဘဝသည် နုပျိုသော အရွယ်တွင် အချစ်၏ အိပ်မက်များကို ပေးခဲ့ကာ သူ့ကိုလှည့်ဖြားသွား၏။ တစ်ဖန် သူ၏ ရင့်အိုလာသော အရွယ်တွင် အပူပိုင်းမှ ပင်လယ်ပြာထဲရှိ ကျွန်းငယ်များ၏ အိပ်မက်ကို ပေးပြန်ကာ မြို့ကလေး တစ်မြို့၏ အိမ်ညို့ညို့တစ်ခု၌ သူ့ကို သော့ခတ်ထားလေတော့သည်။ သူအသက်ရှင်စဉ်က ဖုံးကွယ်ထားခဲ့သည်ကို သူသည် ဖုံးကွယ်ဖို့ရာ ဘာမျှ မတတ်နိုင်တော့ သည့်အခါတွင် သူ့ဖြစ်ပုံကို ယခုလို ဖွင့်ပြနိုင်သည့် သေခြင်းတရားသည် ရက်စက် ကြမ်းကြုတ်လှသည်တကား။

သူမသည် အလွန်တရာ အထိမိုက်ဆုံးသော ငိုခြင်းဖြင့် အသည်းနိုက်အောင် ပြောနေမိသည်မှာ "ငါတို့အားလုံးဟာ လွတ်လပ်ဖို့ ကောင်းတယ်၊ လူတိုင်းဟာ သူ့အတွက်သူ လွတ်လပ်ဖို့ ကောင်းတယ်၊ ဘယ်သူမှ လွတ်လပ်ခြင်း ဆိုတာကို မသိခဲ့ဘဲ သေဖို့မကောင်းဘူး"

သူမသည် ညစာကို လင်ပန်းပေါ်တင်ကာ အမေဖြစ်သူ၏ အခန်းသို့ ဝင် သွားသော် အမေသည် အိပ်ပျော်နေသည်ကို တွေ့ရ၏။ အမေသည် ခြေသံများကြောင့် နိုးလာကာ လန့်ပြီး အော်လိုက်၏။ "စုဇန် ဘယ့်နှယ် ဩော်... ငါမေ့ လိုက်တာ၊ ငါ အိပ်ပျော်လိုက်တိုင်း ဘာဖြစ်နေတယ်ဆိုတာ မေ့သွားတာပဲ" အမေသည် ငိုပြန်လေရာ စုဇန်သည် လင်ပန်းကို အောက်သို့ ချပြီး အမေ့ကို ဖက်လိုက်လေသည်။ "ဘာပဲဖြစ်ဖြစ်လေ" ဟု အမေက ရှိုက်သည်။ "ငါတော့ ငါတတ်နိုင်သလောက် လုပ်ခဲ့ပြီးပါပြီ"

"ဒါပေါ့ အမေရယ်" ဟု စုဇန်ကပြောသည်။ သို့သော် ရင်တွင်းမှာမူကား "ဒါတော့ မှန်ပါရဲ့၊ ဒါပေမဲ့ အဲဒါဟာ အသည်းကို ခွဲခဲ့တာ မဟုတ်လား"

"ဒီထက်ပိုပြီး ဘယ်သူမှလည်း မလုပ်နိုင်ပါဘူး" ဟု အမေက မျက်စိများကို သုတ်ကာ ပြောပြန်၏။

"ဘာ ·ယ်သူမှ မလုပ်နိုင်ဘူး" ဟု စုဇနေ်သည် အေးတိတ်စွာ ပြောကာ လင်ပန်း ယူလေသည်။

သူမသည် သူမ၏အတွက် မပြောပြနိုင်လောက်အောင်ပင် တမ်းတ လျက် ရှိ၏။ အကြောင်းမှုကား သူမ၏ ကလေးဘဝက နေထိုင်ခဲ့သော သည်အိမ်သည် သူမ၏အိမ် မဟုတ်တော့သလို ဖြစ်နေလေ၏။ သည်အိမ်မှာ ရှိသော သူမ၏ အခန်းသည် အဖေဖြစ်သူနှင့်အတူ သေခဲ့လေပြီ။ ထိုညတွင် ဘာလိတ်ကိုဇစောင့်ကာ မျှော်လင့်ခြင်း တစ်ဝက်ဖြင့်နေရင်း သူမအတိတ်၏ နှစ်ကာလများကို သတိရမိ၏။ အမေသည် ဘယ်လောက်ပင် သူမတို့အား ကျွေးမွေးပြုစုခဲ့သော်လည်း သူတို့၏ဘဝမှ တံခါးကို တကယ် ဖွင့်ပေးသူမှာ အဖေသာဖြစ်ခဲ့သည်ကို မြင်လေ၏။

ထိုနှစ်ကာလများတွင် တစ်စုံတစ်ခု အသစ်ဖြစ်ပေါ်မိခဲ့လျှင် အဖေ သည် "စမ်းကြည့်လေ၊ စမ်းကြည့်လေ၊ ဘာကြောင့် မလုပ်ရမှာတုံး" ဟု ထပ်တလဲလဲ ပြောခဲ့တတ်သည်။ သူမ၏ လက်ထဲသို့ ခဲတံတစ်ချောင်းကို ပထမဆုံး ထည့်ခဲ့သူ။ ရုပ်ပုံဖော်ရန် ပထမဆုံး ရွှံ့စေးကို ဝယ်ပေးခဲ့သူမှာ အဖေသာ ဖြစ်လေသည်။ သူမသည် ရုပ်ပုံ လုပ်ရန် ပထမဆုံးသော စိတ် အလိုကို ရခဲ့သည်မှာလည်း အဖေသည် သစ်သားစမှ သူ့ကလေးများ ပျော်ပါး ရှင်မြူးရန်အတွက် တိရစ္ဆာန်ကောင်ကလေးများ၊ ငှက်ကလေး ခုတ်ပေးခဲ့သောကြောင့် ဖြစ်ပေ၏။ ထိုနေ့တွင် အမေက အော်ခဲ့သည်။ "ပေရေကုန်ပါပြီတော်... လက်နှစ်ဖက်လုံး၊ အကြမ်းခံရှေ့ဖုံး တစ်ထည်လုံး"

ထိုအခါ အဖေသည် မျက်နှာထားနှင့် ပစ်ကြည့်လိုက်သည်။

"ပြီးရင် ငါဆေးပေးမှာပေါ့ကွ"

စုဇနေ်သည် အဖေက ချီးကျူးသော ပုံတူကလေး တစ်ခုကို လုပ်ကာ၊ ထို့နောက်တွင်ကား သူတို့သည် ရေချိုးခန်းထဲသို့ ဝင်ပြီး အဖေက သူမ၏ လက်များကို ဂရုမစိုက်စွာ ဆေးကြောပေးသည်။ ထို့နောက် အဖေက ပြောသည်မှာ "ဟောဒီ အကြမ်းခံ ရှေ့ဖုံးကို မလျှော်သေးဘူးနော်၊ ရွှံ့ပေဦးမှာမို့ ထားလိုက်ဦးမယ်၊ ဒါကို မင်း အကြာကြီး သုံးနေရမှာ" အဖေသည် သူမ၏ အပြာရောင် အကြမ်းခံရှေ့ဖုံးကို အပေါ်ထပ်သို့ ယူကာ ဝဲလင်းဆောင်၌ ချိတ်ထားပြီး "မင်းလိုချင်တဲ့အခါ ယူဖို့ ဟောဒီမှာနော်"

အဖေသည် ပြတင်းပေါက် တစ်ပေါက်နားတွင် ကုလားထိုင်များခုကာ

ပျဉ်ချပ်တစ်ချပ်ကို တင်ပြီး ရွှံ့စေးနှင့် ရွှံ့စေးကို စပ်နယ်ရန် ရေတစ်ချိုင့်ကို ထားပေးသည်။ "မင်း ဒီကိုလာပြီး လုပ်နော်၊ မင့်အမေကို ဂရုမစိုက်နဲ့၊ တစ်ခုခု ဖြစ်အောင်သာ လုပ်ပြနိုင်ရင် ပေတာရေတာကို ဖေဖေ ဂရုမစိုက်ပါဘူး" သူမ၏ ငယ်ရွယ်သော ကလေးဘဝမှ အားလုံးသော နှစ်ကာလများတွင် သူမသည် ပျော်ရွှင်သုခကြီးစွာဖြင့် ထိုပျဉ်ချပ်တွင် ထိုင်ခဲ့သည်။

မရေတွက်နိုင်သော သူ လုပ်ခဲ့ဖူးသည့် အသေးအဖွဲ့ကလေးများသည် ညအခါ၌ ထကြွလာကာ သူမသည် သူ့ကို သတိရစေ၏။ သူမ၏ ဆုံးရှုံးခြင်းကို သိသည့် အသိသည် မခံရပ်နိုင်အောင် တိုးပွားလာ၏။ သို့နှင့်လည်း သူမသည် အတွေးပေါက်မိသေးသည်မှာ အဖေ၏ ထိုကြီးမားခြင်းကို မေရီသည် ရှုံရှာခဲ့သည်ဆိုခြင်းပင်တည်း။

"စမ်းကြည့်လေ၊ စမ်းကြည့်လေ" ဟု အဖေက ဆိုသည့်အခါ မေရီ သည် နောက်သို့တွန့်ခဲ့သည်။ "ကျွန်မ မစမ်းကြည့်ချင်ဘူး" ဟု မေရီက သန္နေပါစိတ်အတိုင်း ပြော၏။ "ကောင်းပြီ" ဟု အဖေသည် ပြောကာ အဖေ့ မျက်နှာမှ စိတ်ထက်သန်ခြင်းသည် ပျံ့ထွက်သွားသည်။ မေရီထွက်သွား လျှင်မူ အဖေသည် စုဇန်ကို အားရပါးရ ပွေ့ဖက်လှုပ်ယမ်းသည်။ "ဟောဒါမှ အဖေ့သမီးကွ၊ မဟုတ်လား စု" ဟု ပြောတတ်သည်။

မေရီသည် ထိုညတွင် ကြေးနန်းတစ်စောင်ပို့သည်။ "နှလုံးကွဲမိပါ တယ်၊ ကောင်းတယ်ထင်ရင် လာခဲ့မယ်၊ အချစ် မေရီ"

သူမက ကြေးနန်း မပြန်ခဲ့ချေ။ အားလုံး ပြီးစီးသွားသည့်အခါ မေရီကို စာရေး၍ ပြောမည်။

ညလယ်လောက်တွင် တယ်လီဖုန်း ခေါင်းလောင်း မြည်၏။ သူမ သွားနားထောင်သော် ဘလိတ်၏ အသံကို ကြားနေရသည်။

"စုဇန်လား"

"ဘလိတ် အချစ်ရယ်၊ အို... ရှင့်ကို ဘယ်လောက်များ ကျွန်မ လိုချင် နေပါလိမ့်ကွယ်"

"မင်း ရေးခဲ့တဲ့ စာကို အခုပဲ ရသေးတယ်" သူ့အသံသည် သေးငယ်၍ ဝေးကွာလှသလို ထင်ရသည်။ "တစ်နေ့လုံး ကိုယ်အိမ်မှာ မရှိဘူး၊ တယ်လီ ဖုန်းလည်း မကိုင်မိဘူး စုဇန်၊ ကိုယ်သိပ်ပြီး စိတ်မကောင်းဖြစ်မိပါတယ်ကွာ၊ မင်း ဘယ့်နှယ် နေသလဲ အချစ်ရေ"

"ကျွန်မလေ… ဘလိတ်၊ ဖေဖေဟာ သိပ်မြန်တာပဲ၊ ကျွန်မ ရောက်လာတော့ မမီတော့ဘူး"

"အို… အချစ်ရယ်၊ ကိုယ် သိပ်စိတ်မကောင်းတာပဲ" သူသည် ခဏမျှ တိတ်ဆိတ်သွား၏။ ကြေးနန်းကြိုးများ၏ ဟာလာဟင်းလင်းနေသော သီချင်းသံကိုကြားကာ သူမသည် တစ်ဝက် ရှိုက်ငင်ပြီး စောင့်နေ၏။ သူ လာခဲ့မည်ဆိုတာ သူ ပြောလိမ့်မည်။ သူ့အသံ ပြန်လာ၏။ "စုဇန်… ဒီလိုပဲ ကောင်းပါတယ်၊ ကိုယ့် အဖေကိုလည်း ဒီလိုပဲ သေသွားစေချင်တယ်"

"ဒါပေမဲ့ ကျွန်မ သူ့ကို တွေ့ရတော့မယ် မဟုတ်ဘူး၊ အိမ်ဟာ ဗလာကျင်း သွားတော့တာပဲ"

"ကိုယ်သိပါတယ်" သူ အနည်းငယ် ချောင်းဟန့်လိုက်သည်ကို ကြားရ၏။ "ဘာပဲဖြစ်ဖြစ် စုဇန်၊ အိုပဲ အိုပြီ မဟုတ်လား၊ သူ့ဘဝကို သူရခဲ့ပြီပဲ"

သူမသည် တယ်လီဖုန်းထဲသို့ အော်လိုက်ချင်၏။ "အို… မဟုတ်ဘူး၊ ဒီလို မဟုတ်ဘူး၊ သူ့ဘဝကို သူ မရခဲ့ပါဘူး" သို့သော် သူမသည် မအော်ဘဲ နေလိုက်သည်။

ဘလိတ်၏ အသံကို နားထောင်ရင်း ငြီးငွေ့ခြင်း တစ်မျိုးသည် သူမ၏ ကိုယ်ထဲသို့ တွားဝင်ခဲ့လေသည်။

"ရှင် စိတ်မပါရင်တော့ လာရမယ်လို့ မဆိုလိုပါဘူး ဘလိတ်"

"စုဇန်… အချစ်" သူ့အသံသည် အနည်းငယ် ရင်ချင်း တော့ဆိုင်သလိုလို၊ အနည်းငယ် တောင်းပန်ချင်သလိုလို ရှိလေသည်။ "ကိုယ် မသာအိမ်ကို ဘယ်တော့မှ မသွားတတ်ဘူးကွယ်၊ အဖေ့ မသာကို တောင်မှ ကိုယ်သွားမယ်ဆိုတာကို သံသယ ဖြစ်နေသေးတယ်၊ ကိုယ့်မသာကိုတော့ ကိုယ်ပို့ရမှာပေါ့လေ၊ ဒါပေမဲ့ ဘယ်သူကမှ ပို့မယ်မထင်ဘူး၊ မင်းတောင်မှ မပို့ပါဘူး၊ မသာ ပို့ရတာဟာ သိပ်ပြီး စက်ဆုပ်စရာ ကောင်းတယ် မဟုတ်ဘူးလား စုဇန်၊ သွားရမယ်ဆိုရင်တော့ သွားပေါ့ ဟုတ်လား၊ ပြီးတော့ နောက်ထပ် ထွက်မယ့် ရထားနဲ့ ပြန်ခဲ့ပါလို့ တောင်းပန်ပါတယ်၊ ဒီလို ကိစ္စတွေမှာ ငိုယို မြည်တမ်းနေတာဟာ သက်သက် ရူးတာပါပဲ"

သူမသည် အဖြေမပေးဘဲ နေရာ သူက ခေါ်ပြန်၏။ "စုဇန်… မင်း ရှိနေသေးသလား"

"ဟုတ်ကဲ့၊ ကျွန်မ ဒီမှာ"

"ကိုယ့်ကို ကြားရဲ့လား"

"ဟုတ်ကဲ့၊ ကြားပါတယ်"

"ကိုယ့် စိတ်ထဲ ဘယ်လို နေမယ်ဆိုတာ မင်း သိတယ် မဟုတ်လား"

"သိတာပေါ့"

"ဒီလိုဆိုရင် ကိုယ်လုပ်နိုင်မယ့်ဟာ ဘာများရှိမလဲ မသိဘူး၊ စုဇန်... ကိုယ် တစ်ခုခု... "

"နေပေ့စေ ဘလိတ်၊ ကျေးဇူးပါပဲ၊ နေပေ့စေ ကျွန်မလည်း အိပ်တော့မယ်၊ ဂွတ်နိုက်"

"အကောင်းဆုံးပဲ၊ ဂွတ်နိုက်... စုဇန်" သူ့အသံသည် ဝေးစွာသော အရပ်သို့ သေဆုံးနစ်ဝင်သွားကာ သူမသည် နားခွက်ကို ချလိုက်လေသည်။

ဘာကြောင့်များ လွန်ခဲ့သောညက ဒါဟာ လွန်ခဲ့သော ညကပဲ ရှိသေးသလား။ အသားဆိုင်သည် နှောင်တစ်ခု ဖြစ်နိုင်သည်ဟု ထင်ခဲ့ပါသလဲ။

သူမသည် လေ့ကားများကို တက်ရင်း ငိုရှိုက်ကာ မတိတ်နိုင်ဘဲ ရှိလေသည်။ သူမသည် အဝတ်အစားများကို ချွတ်ကာ ရေချိုးပြီး အိပ်ရာဝင်၏။ သူမ၏ ကိုယ်ကမူ မတိတ်နိုင်သော ငိုခြင်းဖြင့် တုန်ယင်နေပေ၏။ သည်လောက် မဆုံးနိုင်အောင် ဘာကြောင့်ငိုနေရသည်ကို သူမ မသိ။ သို့သော် သည်ဟာသည် သေခြင်း အတွက်ကြောင့်ထက် မကသည်ကိုတော့ သိလေသည်။

နောက်တစ်နေ့တွင် စိတ်အားထက်သန်လှစွာ ရောက်ရှိလာသော ဂျွန်နှင့် မာဇီယာတို့ကို သူမသည် တံခါးဖွင့်ပေးခဲ့လေသည်။ ထိုအချိန်ကာလကို တွေ့ရခြင်း သည်ပင် သူမ၏ ငိုကြွေးခြင်းကို ညက နောက်ဆုံး၌ အေးငြိမ်းသွားစေခဲ့လေသည်။ "မနက်ဖြန်ကျရင် ဂျွန်နဲ့ မာဇီယာတို့ လာတော့မယ်" ဟု သတိရလာလေသည်။ သူမ၏ ယူကျုံးမရ ဖြစ်ခြင်းထဲသို့ နှစ်သိမ့်ခြင်း အလင်းရောင်သည် ထိုးဖြန့်၍ ကျခဲ့လေသည်။ သူမသည် ကလေးတို့ကို ပြင်းပြသော အချစ်ဖြင့် ခိုတွယ်လေသည်။ သူတို့သည် သူမ ပြုလုပ်ခဲ့သော၊ သူမ ချစ်ခင်ခဲ့သော သူမ၏ ကလေးများ ဖြစ်သည်။ မနက်လင်းသော် သူမသည် မိမိဘာသာ မေးမိသည်မှာ "ငါ ကလေးတွေကို တွယ် နေဖို့ မကောင်းဘူး၊ ပြီးတော့ ငါ့အဖို့ကို ငါ တွေးဖို့မကောင်းဘူး၊ သူတို့အဖို့ ဒါဟာ သေခြင်းတရားကို ပထမဆုံး တွေ့ခြင်းပဲဆိုတာ ငါ သတိရရမယ်" သို့လျှင်

သူမသည် တံခါးကို ဖွင့်လိုက်သော် သူတို့ကို ဖက်လှဲတကင်း ပြုလုပ်ရန် အတွက် သူမ၏ အသည်းနှလုံးကို လွှတ်မပေးဘဲ ထားသည်။ သူမသည် သူတို့ကို မိမိ၏ လျှို့ဝှက်သော နှစ်သိမ့်မှုအတွက် ချစ်ကြင်စွာ နမ်းလိုက်သော်လည်း သူမသည် ရွှင်လန်းစွာ ပြောရုံ ပြောလိုက်သည်မှာ "ဝင်ခဲ့ကြ၊ အချစ်တို့ရယ်... မင်းတို့ သိပ်ချမ်းနေကြပြီလား၊ ဂျိန်း ကျွန်မတို့ဖို့ ချောကလက်ရည် လုပ်ပါလားရှင်"

သူမသည် ဘယ်လိုပြောင်းလဲနေမည်ကို မသိလေရာ၊ ကလေးတို့သည် သူမကို ရက်ရွံ့ကာ နေကြသည်။ ထို့ကြောင့် ခါတိုင်းလို ဖြစ်အောင် သူမသည် ကြိုးစား၍ နေလေသည်။ တစ်ချိန်လုံးပင် သူမ၏ နှလုံးတို့သည် သူတို့တွင်း၌ လဲလျောင်းနေ၏။ သူတို့၏ ကျန်းမာစိုပြည်ခြင်း၊ သူတို့၏ ချစ်စရာကောင်းသော ရုပ်များ၊ သူတို့၏ လန်းဆတ်သော ပါးပြင်များနှင့် ကြည်လင်သော မျက်လုံးများ ထဲ၌ လဲလျောင်းကာ နေလေ၏။ မာဇီယာ၌ အပြစ် တစ်စုံတစ်ရာ ရှိသည်ဆိုတာကို သူမ မေ့လျော့ကာ မာဇီယာ၏ ပေါ့ပါး နက်မှောင်သော ချစ်စဖွယ် လှပခြင်းကိုသာ မြင်လေ၏။ ဂျွန်ကား သန်မာ၍ လှပသည်။ မှော်ကဲ့သို့ တင့်တယ်သော ဆံပင်၊ ပြာလဲ့သော မျက်လုံးများရှိ၏။ သို့သော် ချောမောပြေပြစ်၍ အသက်ရှင်ကာ ဖျတ်လတ် လှုပ်ရှားကာနေသည်။ သူ့ပါးစပ်ကလေးမှာ သိမ်မွေ့နုနယ်သည်။

"ဂျိန်းက ပြောပြပြီးပြီ အမေ" ဟု ဂျွန်က လေးနက်စွာ ပြော၏။ "မသာက ဒီနေ့ချမယ်ဆို၊ ဂျိန်း ပြောတာပဲ"

"ကျွန်မတို့ ဝင်မကြည့်ဘူးလား" ဟု မာဇီယာက လျင်မြန်စွာ မေး၏။

"အေး... " ဟု စုဇန်က တည်ကြည်စွာ ပြော၏။ "တို့ ဝင်မကြည့်ရင် ဘွားဘွားဟာ စိတ်နာသွားလိမ့်မယ်၊ တို့ဟာ ဘိုးဘိုးကို သိပ်ချစ်တယ် မဟုတ်လား၊ ဒီတော့ ဝင်ပြီး မကြည့်စရာ အကြောင်း မရှိဘူး၊ တို့ ပထမ ဘွားဘွားဆီ သွားကြဦးစို့၊ ဘွားဘွားက သူ့အခန်းထဲက အိပ်ရာပေါ်မှာ ရှိတယ်"

သူတို့သည် ရက်ကြောက်စွာ ဝင်သွားပြီး အိပ်ရာဘေး၌ ရပ်ကြ၏။ မစ္စစ် ဂေးလော့သည် ကလေးတို့၏ လက်ကို ကိုင်ပြီး မျက်ရည်များ ကျရပြန်သည်။

"ကျွန်တော် သိပ်ကို စိတ်မကောင်း ဖြစ်ပါတယ်၊ ကျွန်တော် တကယ့်

ကို စိတ်မကောင်း ဖြစ်ပါတယ်" ဟု ဂျွန်က ကွဲအက်သော အသံဖြင့် ပြောလေ၏။

မာဇီယာကမူ မတ်တတ်ရပ်ကာ အမယ်ကြီး၏ ရှုံ့မဲ့ရွတ်တွသော မျက်နှာကို စိုက်ကြည့်နေလေသည်။

"ဒါပေါ့" ဟု စုဇန်က အသာတယာပြော၏။ "တို့မှာတော့ အသက်ရှင်ပြီး နေစရာလူတွေ အများကြီး ရှိပါသေးတယ်၊ ကဲ... အမေ၊ ပူပူလေး တစ်ခွက် သောက်လိုက်ရအောင်၊ ပြီးတော့မှ အိပ်ရာကထပြီး လမ်းကလေး ဘာကလေးလည်း ထလျှောက်တာပေါ့"

"အမယ်လေး... ကျုပ် မလုပ်နိုင်ပါဘူး၊ လူမြင်လို့ မတင့်တယ်ပါဘူး" ဟု မစ္စစ် ဂေးလော့က ရှိုက်၏။

"ကျွန်မတို့ မြို့ထဲကို ဖြတ်ပြီးလျှောက်ဖို့ မလိုပါဘူး၊ ဒါပေမဲ့ အိမ်ပြင်ထွက်ပြီး နေရောင် ခံရအောင်၊ မာဇီယာ... ညည်းသွားပြီး ဂျိန်းကိုပြောစမ်း၊ ချောကလက်ရည်ကို ဒီကို ယူခဲ့ပါလို့"

သူမ၏ လက်တွေ့လုပ်၍ သွားသောအသံသည် သူတို့ အားလုံးကို ငြိမ်ကျ သွားစေ၏။ ဒီလို ငြိမ်ကျသွားအောင်လည်း သူမက ရည်ရွယ်ခဲ့သည်။ မာဇီယာလည်း ပြေးထွက်သွားလေ၏။

"သူတို့ဟာ အလောင်း ခေါင်းမသွင်းခင် သွားကြည့်မလို့လား" ဟု မစ္စစ် ဂေးလော့က တိုးတိုးမေး၏။

စုဇန်က ဂျွန်ဘက်သို့ လှည့်ကာ "ဘိုးဘိုးကို ဒီအတိုင်း ကြည့်ချင်သလား ကလေး"

ဂျွန်သည် မျက်လုံးများဝိုင်းကာ ပြန်ကြည့်လေ၏။ ကောင်ကလေးသည် အနည်းငယ် ဖြူဖျော့သွားလေ၏။ "ကျွန်တော် နောက်တော့မှ ပြောလို့ မဖြစ်ဘူးလား" ဟု မေး၏။

"ပြောတာပေါ့"

"ဘာလဲ" ဟု မာဇီယာက ပြန်လာရင်း မေးသည်။

"ဘိုးဘိုးကို ကြည့်မလားလို့ ဂျွန်ကို မေးနေတာ" ဟု စုဇန်က ခါတိုင်းထက် မထူးခြားသော အသံဖြင့် ပြော၏။

မာဇီယာသည် အခန်းကို ဖြတ်လာရာမှ လမ်းတစ်ဝက်၌ ရပ်လိုက်လေ၏။ "ကျွန်မ ကြည့်ချင်တယ်၊ ကျွန်မ လူသေကို တစ်ခါမှ မကြည့်ဖူးသေး

ဘူး"

"ကောင်မလေးက နားလည်တာ မဟုတ်ဘူး" ဟု မစွစ်ဂေးလော့သည် ညည်းညူလိုက်ကာ မျက်စိ မှိတ်လိုက်လေ၏။

"အေး... ကောင်းပြီ" ဟု စုဇန်က ပြော၏။

"အခု သွားရအောင်ပါ" ဟု မာဇီယာက ပြောကာ စုဇန်၏ လက်ထဲသို့ သေးငယ်သော လက်ကလေးကို ထည့်ကာ ဆွဲခေါ်၏။ စုဇန်သည် ထလိုက်ကာ သူတို့ ထွက်လာကြသည်။ ဂျွန်သည် မဝေခွဲနိုင်ဟန်ဖြင့် စိတ်ယိမ်းယိုင်ကာ သူတို့ကို ကြည့်နေသော်လည်း မလိုက်ခဲ့ချေ။

သူမသည် စကား တစ်လုံးမျှ မပြောဘဲ ညှော်ခံသော အခန်းထဲသို့ မာဇီယာကို ခေါ်ခဲ့ကာ မာဇီယာနှင့်အတူ အိပ်ရာဘေး၌ ရပ်လေ၏။ သူမသည် ကြောက်ရွံ့ခြင်းကို မြင်ရမည်လားဟု မာဇီယာ၏ မျက်နှာကို ကြည့်နေလေ၏။

သို့သော် မာဇီယာသည် နည်းနည်းကလေးမျှ မကြောက်ချေ။

"သိပ် ငြိမ်တာပဲနော်" ဟု ခဏကြာမှ မာဇီယာက ပြောသည်။

"ဒါပေါ့၊ သေတယ်ဆိုတာ ဒါပဲ ထင်ပါရဲ့၊ တကယ့်ကို ငြိမ်နေခြင်းပဲ"

မာဇီယာသည် ခဏ နှုတ်ဆိတ်နေ၏။

"အခုတော့ ကျွန်မ နားမလည်ဘူးလို့ ဘွားဘွား မပြောနိုင်တော့ဘူး" ဟု မာဇီယာက ပြော၏။ စုဇန်က ဘာမျှ မပြောချေ။ သူတို့သည် ခပ်ကြာကြာကလေး ရပ်သေးသည်။ "ကျွန်မ သွားချင်ပြီ" ဟု မာဇီယာက ပြော၏။

ထို့ကြောင့် သူတို့သည် ထွက်လာကြ၏။ တံခါး အပြင်ဘက်၌ ဂျွန်ကို တွေ့သည်။ "ကျွန်တော် မကြည့်ချင်ဘူး" ဟု သူကတိုးတိုးလေး ပြော၏။ သူ၏ နှုတ်ခမ်းများမှာ ဖြူကာ သူသည် တုန်လှုပ်နေလေသည်။

"ဒီလိုဆိုရင် ဘိုးဘိုးကလည်း မင့်ကို လာကြည့်စေချင်မှာ မဟုတ်ပါဘူးကွယ်"

"ကျွန်တော် နောက်ဆုံးသူ့ကို တွေ့တုန်းက ဘိုးဘိုးဟာ ကျွန်တော့်အဖို့ လှေကလေး လုပ်နေတယ်၊ သုံးပင်တိုင် လှေကလေး၊ ဘိုးဘိုးက ရယ်နေပြီးတော့ ကျွန်တော့်ကို ဝွတ်ဘိုင်လို့ဆိုပြီး ပြောတယ်၊ သုံး လေးရက်အတွင်းမှာ လှေကလေးကို ပို့လိုက်မယ်တဲ့၊ နောက်ပြီးတော့ ကျွန်တော့်ဆီကို

ပို့လိုက်တာပဲ၊ ကျွန်တော် အစုအထဲ ဝင်မကြည့်ရင် သူ့စိတ်တော့ မဆိုးပါဘူးနော်"

"မင်း အခုလို သတိရတာဟာ အကောင်းဆုံးပါပဲကွယ်၊ ဘိုးဘိုးက ပိုပြီး ဒီလိုပဲ သတိရစေချင်ပါလိမ့်မယ်"

သူမသည် ဂျွန်၏ လက်မောင်းများကို ချိတ်လိုက်ကာ တခြားသို့ ခေါ်သွား လေသည်။

နောက်ဆုံးတွင် သူမ၏ နှစ်သိမ့်ခြင်းသည် သူမ၏ အတွင်းမှာပင် ထွက်လာခဲ့လေသည်။ နိုဝင်ဘာလ၏ နေ့တစ်နေ့တွင် အေးစက်ကြည်လင်သော နေရောင်ခြည်အတွင်း၌ ထိုနှစ်သိမ့်ခြင်းသည် သူမထံသို့ လာလေသည်။ အဖေသည် သေခဲ့လေပြီ။ သို့သော် သူ၏သေခြင်းအတွင်းမှ အသက်ရှင်သော ဘဝတစ်ခုသည် လာရပေသည်။ သူမ ပြုလုပ်ဖန်တီးမည်ဖြစ်သော ဘဝတစ်ခုသည် လာရပေမည်။ သူမသည် လုပ်ခဲ့သမျှထဲတွင် အကောင်းမွန်ဆုံးသော ရုပ်တု။ သူ့ကို သတိရခြင်းထဲမှ ခုန်ထွက်လာသော ရုပ်တုကို လုပ်ကာ သူ့ကို ရည်စူးလိုက်မည် ဖြစ်လေ၏။ ဆုံးရှုံးခြင်းကို သိမြင်ခြင်း၏ အတွင်းမှ ကြည်လင်သော မီးတောက်တစ်ခုဖြစ်သည့် စိတ်အလို၏ ကျင့်သားရနေသော သန့်မာလှသည့် အတိုင်းမသိ ပျော်ရွှင်ခြင်းသည် ဟုတ်ခနဲ အပေါ်သို့ တက်လာလေ၏။ ထိုနေ့ နေ့လယ်တွင် သူမ၏လက်မောင်း ကို အမေသည် ခိုတွယ်ကာ သူမ၏လက်များသည် ဂျွန်၏နုပျိုသော လက်မောင်းများကို ကိုင်ကာ ပွင့်နေသော သချိုင်းဘေး၌ ရပ်နေစဉ် ထိုမီးတောက်သည် သူမကို ရစ်ပတ်ထားလေသည်။ သူမသည် စောစီးသော ဆည်းဆာဖြင့် တောက်ပသော ကောင်းကင်ကို ငေးမောကြည့်ကာ စုဝေးနေသော ပရိသတ်ထဲမှ တစ်ယောက်ကိုမျှ လည်းမမြင်။ တီးမှုတ်သံကိုလည်း မကြား။ စကားပြောသည်ကိုလည်း မကြားချေ။ သူမ၏ ကိုယ်ပိုင် တိတ်ဆိတ်ခြင်းထဲမှာသာ သတ်သတ်နေကာ သေသူအဖေ၏ ကိုယ်ခန္ဓာဖြစ်သော ရွှံ့တွင်းမှ သူ၏ဒုက္ခ၊ သည်းညည်းခံသော ပုံသဏ္ဌာန်ကို ထုတ်ယူလျက် ရှိလေသည်။ သူမ၏ နားသည် သစ်သားကို ရိုက်သည့် လေးလံသော အသံများကို ကြားလိုက်လေသည်။

"မြေမှုန့်မှသည် မြေမှုန့်သို့" စကားလုံးများသည် အဝေးမှ ပဲ့တင်မြည်ခြင်း သာဖြစ်လေ၏။ သူမသည် ဘာကိုမျှ မြင်လည်းမမြင်။ ကြားလည်း

မကြား။

"အထဲမှာ အကြောမရှိတဲ့ ကျောက်တုံးနဲ့ ဖဖေ့ပုံကို ထုဦးမယ်" ဟု သူမ သည် လေးနက် တည်ငြိမ်သော မာနရောက်ခြင်းဖြင့် တွေး၏။ သူ၏ ရုပ်ပုံကို အတွင်းမျက်စိမှ မြင်ရင်း၊ ရုပ်တု ပြီးစီးသွားကာ ရုပ်တုက စကားပြော သံကို ကြားလေရာ သူမသည် မြေပုံကို သတိမေ့ကာ ပြုံးလိုက်ပြီး ခေါင်းကို မော့လိုက်လေသည်။

ဘလိတ်က ပြောခဲ့သည်မှာ "နောက်ထပ် ထွက်မယ့်ရထားနဲ့ လိုက်ခဲ့ ပါ" သို့သော် သူမ မလုပ်နိုင်ချေ။ ဟာလာဟင်းလင်း ဖြစ်နေသော အိမ်သို့ ပြန်ရောက်သော် ကလေးတို့သည် နောက်ထပ် ဘာလုပ်ရမည်ဆိုတာ မသိဘဲ တစ်ယောက်ကို တစ်ယောက် ကြည့်နေကြလေသည်။ ဟာလာဟင်းလင်း အတွင်းမှ ပုံပေါ်၍ လာသော သူမ၏ အလိုဆန္ဒကို ခံစားရကာ ထိုရုပ်ဆိုင်း ခြင်း အတွင်းမှ သူမက ပြောလိုက်သည်။ "တို့တစ်တွေ ယာတောကို လေး ငါးရက် သွားနေရင် မကောင်းဘူးလားဟေ့"

ဂျိန်းက လျင်မြန်စွာ ပြောလိုက်သည်မှာ "အောင်မယ်လေး သိပ် ကောင်းလိုက်တဲ့ အကြံဉာဏ်ပဲ မဒမ်၊ ကျွန်မကို မေးလိုက်ရင်တော့ ဒီလိုပဲ ဖြေမှာပဲ၊ အိမ်ဟာ သိပ်ပြီးတော့ကာ ဆိုးနေမှာ မဟုတ်ပါဘူး၊ နေ့တုန်းက ကျွန်မ ခါတိုင်းလိုပဲ ကောင်းကောင်းကို လှည်းကျင်း သန့်ရှင်းခဲ့တာပဲ"

"ဟုတ်တယ် အမေ၊ ဟုတ်တယ်၊ အိမ်ဟာ ဘယ်လိုနေမလဲ ဆိုတာ တော့ ကျွန်မ မမှတ်မိတော့ဘူး" ဟု မာဇီယာက ပြောသည်။

"ဘယ်မှာ နေရ နေရ ငါကတော့ မထူးပါဘူးအေ" ဟု သက်ပြင်း ချ၏။

ထို့ကြောင့် သူတို့သည် ကားထဲသို့ အိပ်ရာလိပ်များ၊ စားစရာများ ထည့်ကာ ချက်ချင်း သွားကြလေသည်။ သွားခါနီးတွင် လူဆိုင်းသည် တယ်လီဖုန်းနှင့် လှမ်းပြောသည်မှာ "ဒီည ကျွန်မတို့ လာခဲ့မယ်၊ ပထမဆုံး ညဟာ သိပ်ဆိုးတာပဲ၊ အမေ သေတုန်းက ကျွန်မ သိခဲ့ရပါတယ်၊ အလောင်း ဟာ မြေကျတဲ့ ပထမနေ့မှာပဲ သိခဲ့ရတယ်"

"ကိုယ်တို့ ယာတောကို အကုန်လုံး သွားကြမလို့" ဟု စုဇန်သည် ပြောခဲ့ကာ ဘာမှမစောင့်တော့ဘဲ နားခွက်ကို ပြန်ချိတ်ခဲ့သည်။ ထို့နောက် စုဇန်သည် တံခါးကို လျင်မြန်စွာ သော့ခတ်ကာ သူမကို စောင့်နေသော

ကားဆီသို့ ပြေးခဲ့လေ၏။

အိပ်ရာများခင်းခြင်း၊ ဆေးကြောသန့်ရှင်းခြင်း၊ ထမင်းချက်ခြင်းတို့ကို မအားအောင် လုပ်ရမည်မှာ အလွန် ကောင်းပေ၏။ ထိုသို့ သာမန် မလုပ်မဖြစ်သော အလုပ်များတွင် အနာသည် မြန်မြန်ကျက်နိုင်စရာ အကြောင်း ရှိလေသည်။ မနက်ဖြန်ဆိုလျှင် သူမသည် အမေ့ကို အလုပ် မအားအောင် လုပ်ဖို့ သွေးဆောင်မည်ဖြစ်ကာ ကလေးတို့သည်လည်း အနှံ့အပြား လျှောက် ပြေးနေကြမည် ဖြစ်လေ၏။ ကလေးတို့ကို တစ်ခဏမျှတော့ ကျောင်းပျက် ပေစေဟု တွေးသည်။ သူမသည် ကလေးတို့ကို မိမိနှင့်အတူ ရှိစေချင်၏။

ညကြီးမင်းကြီး၌ သူမသည် မြို့အစွန်သို့ မောင်းကာ မှုက် ဖျားနေသည်ကို တွေ့ရန် နောက်ဆုံး လျှောက်ခဲ့ဖူးသော လမ်းသို့ဆင်း၍ ဥယျာဉ် လမ်းသို့ တက်ခဲ့လေ၏။ သစ်ကိုင်းများသည် သူတို့အပေါ် မိုးယှက်ကာ ညဥ့်မှောင်၏ ကောင်းကင်ကို ဆန့်ကျင်ကာ အရိုးပြိုင်းပြိုင်းသာ ရှိလေသည်။ လမရှိဘဲ ကြယ်များသည်သာ ရွှန်းရွှန်းပနေ၏။ နောက်ဆုံးတွင် သူတို့သည် အကျွမ်းတဝင် ရှိခဲ့သော လသာဆောင်သို့ ရောက်ကာ ဂျိန်းသည် သူမ၏ လွယ်အိတ်ထဲမှ ကြီးမားလှသော သံဖြင့် ပြုလုပ်သည့် သော့ကြီးကို ထုတ် လေ၏။

"ကျွန်မတို့ လာခဲ့ရဦးမှာပဲလို့ ထင်တာနဲ့ သော့ကို ယူခဲ့တာရှင့်" ဟု ဂျိန်းက ပြော၏။ စုဇန်သည် အလျှင်ဆုံး အိမ်ထဲသို့ ဝင်လေသည်။

"ခဏနေဦး၊ ကျွန်မ ကောင်းကောင်းကြီး သိပါတယ်၊ ခန်းမထဲက စားပွဲပေါ်မှာ မီးအိမ်နဲ့ မီးခြစ်တွေ (သစ်သားမီးခြစ်ပြောတာ) ထားခဲ့တယ်၊ ကြွက်လောက်တော့ ဘယ်သူ့ကိုမှ မယုံနိုင်တော့ဘူး မဟုတ်လား"

မီးအိမ်သည် လင်းလာကာ သူတို့အားလုံးသည် ခန်းမထဲ၌ရပ်ကာ ပတ်လည်လှည့်၍ ကြည့်နေကြလေသည်။

"ကျွန်တော် မှတ်မိပြီ" ဟု ဂျွန်က ပြော၏။ သူ့အသံမှာ အံ့ဩခြင်း အပြည့် ရှိလေသည်။

"ကျွန်မဟာ ခုထက်ထိ မမှတ်မိသေးဘူး၊ ဒီမှာ တစ်မျိုးကြီးပဲ" ဟု မာဇီယာက ပြော၏။

သို့သော် စုဇန်သည် သူတို့ကို မကြားချေ။ သူမ တွေးနေ၏။ ငါဟာ ဘာလိတ်ကို ပြောရဦးမယ်၊ အလုပ် လုပ်စရာ ရှိတယ်၊ အဲဒါကို ဒီမှာ လုပ်ရမှ

ဖြစ်မယ်" လို့ ပြောရဦးမယ်။ လူကျပ်ညပ်၍ အသံဗလံ ဆူညံသော ထိုလမ်းထဲတွင် အဖေ၏ ရုပ်တုကို ဘယ်နည်းနှင့်မှ မလုပ်နိုင်ဘူးဆိုတာကို ချက်ချင်းပင် ရှင်းလင်းစွာ သိမြင် လာလေ၏။

အဖေသည် ထိုနေရာတွင် သူမနှင့် တစ်ခါမျှ မရှိဖူးရာ ထိုနေရာသို့ သူ့ကို ဆောင်ယူသွားလျှင် အဖေသည် သူမထံမှ လွတ်၍ ပြေးလိမ့်မည်ဖြစ်၏။ သို့သော် ဤနေရာမှာမူ သူမ လုပ်နိုင်သည်။ တိတ်ဆိတ်သော ပြန့်ပြူးသော ဤနေရာမှာ သူမသည် နောက်ဆုံးတွင် အိမ်သို့ပြန်ရောက်ခဲ့သည့်ပမာ သူမသည် မိမိ၏ ကိုယ်ပိုင်မြေပေါ်၌ မတ်တတ်ရပ်လေသည်။

❊ ❊ ❊

ဘလိတ်ထံသို့ နေ့စဉ် သူမ စာရေးသည်။ သူမ၏ ကိုယ်တွင်း၌ ရှာဖွေတွေ့မြင်မိခြင်းကို သူ့ကို သိစေခြင်းငှာ နေ့စဉ် လုပ်ခြင်းမျှသာ ပေတည်း။ ပထမသော် သူမ ရေးသည်မှာ "ကျွန်မ ဘာလုပ်ချင်တယ်ဆိုတာကို မြင်ရတဲ့အထိ ဒီမှာစောင့်နေ ဦးမယ်၊ ရှင်လည်း နားလည်မှာပဲ၊ လူတစ်ယောက်ဟာ တစ်ယောက်ယောက်ကို တစ်နေရာမှာထက် အခြား တစ်နေရာမှာ ပိုပြီး ထင်ထင်ရှားရှား မြင်နိုင်တယ်ဆိုတာကို ဖေဖေ့ကို ကျွန်မဒီမှာ မြင်တယ်"

ဘလိတ်က ပြန်ဖြေခဲ့သည်မှာ "ဒါပေါ့၊ ကိုယ် နားလည်ပါတယ်" ထို့နောက် သူ တကယ်တမ်း တွေးတောနေသည့် အကြောင်းများကို ပြောပြခဲ့လေသည်။

"မင်းပြပွဲအတွက် အကဲဖြတ် စာတမ်းတွေကို ကိုယ် စုထားတယ်၊ ဘာနေ ရေးပြီးကတည်းက သူတို့ လုပ်လိမ့်မယ်လို့ ကိုယ်တွေးထားတဲ့အတိုင်း အကဲဖြတ်သမားအားလုံးမှာ ပြောစရာ တစ်ခုတော့ ရှိကြတာချည်းပဲ၊ မြို့ပြီး ပြောရရင်တော့ မင်းဟာ လုလုပပကလေး ထွက်ခဲ့ပြီလို့ ဆိုရမှာပေါ့၊ အေးလေ... သူတို့ကတော့ ပြောတာပေါ့၊ မင်းရဲ့ လက်ရာတွေဟာ စဉ်းစားတွေးတောစရာတော့ ဖြစ်တယ်လို့၊ မိန်းမတွေ အဖို့တော့ ထူးဆန်းတဲ့ ပါစား

ပေးတာက အထူးသဖြင့် ရုပ်တုပညာမှာ လိုအပ်တာကိုး"

သူတို့ ဘာပြောသည်ဆိုတာကို သူမသည် ဂရုမစိုက်ဘဲရှိကာ ဂရုမစိုက်သည့် အကြောင်းကိုလည်း ဘလိတ်ကို သည်အတိုင်းပင် ပြောပြလိုက်၏။ အကြောင်းမူကား ယခုအခါ သူမ ကြေးနန်းရိုက်၍ မှာကြားခဲ့သော ကျောက်တုံး တစ်တုံးသည် ရောက်ခဲ့ပြီဖြစ်ကာ သူမသည် အလုပ်သစ်စနေပြီဖြစ်သောကြောင့်ပေတည်း။ ယခင်က အတိတ်သည် မရှိတော့ချေ။ သည်မေ့လျော့ခြင်း၊ အသစ်ပြု လုပ်ဖန်ဆင်းခြင်းသို့ ထပ်တိုးခြင်းတို့ကို နားလည်ခြင်း မရှိဘဲ သူမသည် လက်ခံ လိုက်လေသည်။

အိမ်တွင် ဂျိန်းသည် လှည်းကျင်းသုတ်သင်ကာ ချက်ပြုတ်လျက်ရှိပြီး၊ အမေကတော့ ငွေထည်များကို အရောင်တင်ကာ ခန်းဆီးများကို အသစ်ပြင်ကာ၊ ခုတင်ခု အနည်းငယ်ငိုကာ တစ်စုံတစ်ယောက် အနီးသို့ ရောက်လာလျှင် မိမိဘယ်လို တွေးသည့်အကြောင်း၊ ဘယ်လိုပြောသည့် အကြောင်းနှင့် အဖေကြီးသည် ဘာတွေ ပြောသည့်အကြောင်းကို ပြောရန် ရပ်တန့်ကာဖြင့် နေလေ၏။

ဂျွန်သည် စုဇန်ကို ပြောသည်မှာ "သစ်သားနဲ့ ဘိုးဘိုးရဲ့ ခေါင်းပုံကို ကျွန်တော်ထုမယ်လို့ စဉ်းစားထားတာပဲ အမေ၊ ကျွန်တော် ဒါကို ကျွန်တော့်ဘာသာ သိမ်းထားမလို့၊ ချယ်ရီသားကို သုံးရကောင်းမလား၊ ကျီထဲမှာ ခြောက်နေတဲ့ အတုံး ကောင်းကောင်းတစ်ခု တွေ့ထားတယ်၊ ကျွန်တော့်ကို ပုံနည်းနည်း ဆွဲပေးပါလား"

မာဗီယာ တစ်ယောက်တည်းသာ ဂနာမငြိမ် ဖြစ်လေသည်။ "ဒီမှာ ဘာမှလဲ လုပ်စရာ မရှိဘူး" ဟု တစ်နေ့တစ်နေ့ကို အကြိမ်ပေါင်းများစွာ ပြောသည်။

"ခရစ်စမတ် ကုန်တဲ့အထိတောင်မှ ကျောင်းကို ပြန်မသွားရဘူးဆိုရင် အမေရယ်... တစ်နှစ်လုံး ကျွန်မ ဘာလုပ်နေရမှာလဲ"

အကြောင်းမူကား စုဇန်သည် သည်နေရာမှ ထွက်ခွာရန်ကို တစ်နေ့ပြီး တစ်နေ့ ရက်ရွှေ့ခဲ့သောကြောင့်ပေတည်း။ သူမသည် တစ်ခန်းမှ တစ်ခန်းသွားကာ ကွင်းပြင်များ၊ တောင်များနှင့် ကောင်းကင်ကို ပြတင်းပေါက်မှ ငေးစိုက်ကြည့်ကာ ဆင်ခြင် တွေးတောလျက် ရှိလေ၏။ သည်အိမ်တွင် မာ့က်သည် သူမထံသို့ ပြန်လာလေမည်လားဟု တွေးနေမိသော်လည်း မာ့က်

ပြန်မလာချေ။ အားလုံးသည် သူမ၏ ဘဝမှ တစ်စိတ်တစ်ပိုင်းဖြစ်သကဲ့သို့ မှာ့က်၏ ဘဝသည်လည်း သူမဘဝမှ တစ်စိတ်တစ်ပိုင်းပင် အမြဲတမ်း ရှိနေမည်က လွဲ၍ မှာ့က်သည် ဖြတ်သွားလေပြီ။ သူငယ်ချင်းဟောင်းတို့သည် သူမထံသို့ လာကြသည်။

"ဘယ်လောက်ကြာကြာ နေမှာလဲ စု" ဟု မေးရန်၊ "မသိသေးပါဘူး" ဟု စုဇန် ဖြေသည်ကို ကြားရန် အတင်းအဖျင်းကလေးများ ပြောရန်လာကြသည်။

"ထရိုင်နာကို မှတ်မိသေးသလားစု၊ သူ့ ယောကျ်ားက အမြဲတမ်းထင်ရာ လျှောက်လုပ်နေတဲ့လူ မဟုတ်လား၊ နောက်ဆုံး တစ်နေ့ကျတော့ ထရိုင်နာလည်း သူ့ကိုယ်သူ သတ်သေပစ်လိုက်တာ ၂ နှစ်လောက်ကြာသွားပြီလေ၊ သူ့ယောကျ်ားကတော့ သူ့ထက်လှတဲ့ ကောင်မလေး တစ်ယောက်ကို ယူလိုက်တယ်တော့၊ အခုတော့ သူက တစ်ပြန်စိတ်ပူနေရပြီလေ၊ အဲဒါမှ ဝဋ်လည်တာပဲလို့ တို့တစ်တွေက ပြောတာပဲ"

သူမသည် သူတို့၏ လမ်းမဟုတ်သော သူမ၏ ကိုယ်ပိုင်လမ်းကို လျှောက်သွားခဲ့ပေ၏။ ဒါနှင့်လည်း မြင်တွေ့သည့်အခါ သူမ၏ဘဝမှ သူတို့၏ နေရာဟောင်းများကို ပြန်ညွှန်ကြလေ၏။ သူမ ရှိခဲ့ဖူးသော အရာအားလုံးသည် သူမထံတွင် ယခုလည်း ရှိနေမြဲပင် ဖြစ်လေ၏။

တစ်ခါမူ ဒေးဗစ်ဘာနေက သူမကို စာရေးလိုက်လေသည်။

"ဇန်နဝါရီလကျရင် နယူးရောက်မှာ ငါ ပြပွဲတစ်ခု လုပ်မလို့၊ ပြီးရင်တော့ ပြင်သစ်ကို သွားနေတော့မယ်၊ ငါ့ပညာရှိ ရုပ်တွေကို အကုန်ပြီးသွားပြီ၊ ငါ့ဘဝမှာ ထပ်ပြီးလုပ်ဖို့ ဘာမှ မကျန်တော့ဘူး၊ ငါ့ကို အိုလ်ပစ်တောင်ကနေ နှင်ထုတ်လိုက်သလို ခံစားနေရတယ်၊ ငါဟာ နတ်သားတွေနဲ့ ချည်းပဲ နေခဲ့ရတော့ လူတွေလောက် သေးနုပ်တဲ့အမြင်ကို မမြင်တတ်တော့ဘူး၊ မင်းကတော့ အင်မတန်ကြီးကျယ်တဲ့ အစကို ရပါပြီလေ၊ အကဲဖြတ်သမားတွေက မင်းကို သဘောကျမလား၊ မကျရဘူးလားဆိုတာ မသိကြဘူး၊ ဒီတော့ မင်းကို လွယ်လွယ်လေးနဲ့ မေ့နိုင်ကြမယ် မဟုတ်ဘူး၊ မင်းဟာ ကိုယ့်အလုပ်ကိုသာ ဆက်ပြီး လုပ်သွားဖို့ရှိတယ်၊ ဘယ်သူ တစ်ယောက်ကိုမှ မင်းမလိုဘူး၊ မင်း မြို့ပေါ်ကို ပြန်လာရင် ငါ သိပါရစေ"

သူမသည် စာရွက်ကိုခေါက်ကာ သိမ်းထားလိုက်လေ၏။ သူ့ကို

တွေ့ရချင်မှလည်း တွေ့ရပေတော့မည်။ သို့ပေမည့် ဒါကိစ္စ မရှိပါ။ သူတို့နှစ်ယောက်သည် တစ်ယောက်ကို တစ်ယောက် တတ်နိုင်သမျှတော့ ပေးခဲ့ကြလေပြီ။ တစ်ယောက်သည် သူတတ်နိုင်သလိုပေးကာ ကျန်တစ်ယောက်က လက်ခံနိုင်သည်ကိုသာ ပေးခဲ့လေသည်။ ဘယ်ဟာမှတော့ မဆုံးပါးခဲ့။

ဘလိတ်က စာရေးလိုက်သည်မှာ...

"မင်း ကိုယ့်ဆီကို ပြန်မလာတော့ဘူးလို့ ထင်စပြုနေပြီ"

"ကျွန်မ ဘာလုပ်မယ်ဆိုတာလဲ ကိုယ့်ဟာကိုယ် မသိဘူး၊ လာမယ့်နေ့တစ်နေ့ကိုသာ မြင်နိုင်တော့တယ်"

ဘလိတ်သည် သူမထံသို့ ချက်ချင်းလာခဲ့ပြီ ဖြစ်သည့်အကြောင်းကို ကြေးနန်းရိုက်လိုက်သည်မှာ ထိုအခါပင်တည်း။

သူမသည် ဘလိတ်ကို တွေ့လိုသည်၊ မတွေ့လိုသည်ကို သိမြင်ဖို့ရာ မိမိ ကိုယ်ကို ခွင့်မပြုခဲ့ချေ။ ဘလိတ်သည် သူမအပေါ် ဘယ်လို ရှိနေသည် ဆိုသော အဖြစ်က လမ်းညွှန် ထိန်းသိမ်းသွားမည်ကိုသာ လုံး၀ နာခံရန် ရှိလေသည်။ အကြောင်းကား ယခုအခါ ဘလိတ်ကို တစ်ခါတုန်းက သိမြင်ဖူးသကဲ့သို့ နည်းနည်းမှ မမြင်နိုင်တော့ပြီကို သူမသိသောကြောင့်ပင်တည်း။ သူသည် လူသစ် တစ်ယောက်ဖြစ်ကာ အသစ် ထပ်မံတွေ့ရန်သာ ဖြစ်လေ၏။ ထို့ပြင်သူမသည် သူ့ကို ဘယ်လိုမြင်သည် ဆိုတာကိုသာမက သူက သူမကို ဘယ်လို မြင်သည် ဆိုတာကိုသာ စဉ်းစားရပေမည်။ သူမကို သူလိုလျှင် သူမ အရေးယူ တွေးတောရပေမည်။ သို့သော် သူမကတော့ သူ့ကို နည်းနည်းမှ မလိုတော့ဆိုသည်ကို သူမ သိလေသည်။

မနက်လင်းလျှင် စုဇန်သည် စကားစပ်၍ ပြောသည့်ပုံဖြင့် "ဒီနေ့ ဘလိတ် လာလိမ့်မယ်" ဟု ပြောလိုက်၏။ မာဇီယာ၏ မျက်နှာသည် ၀င်းပလာကာ... "ဟာ... သိပ်ဟုတ်တာပဲဟော့၊ ကျွန်မ ဘလိတ်ကို သိပ်အောက်မေ့နေတာ အမေရဲ့"

ဂျိန်းက ပြောသည်မှာ "ကျွန်မတော့ အသားတစ်ခုခုရအောင် ၀ယ်ဦးမှမမ်၊ သူက အိုင်းရစ် အာလူးချက်ကို ဘယ်တော့မှ စားမှာ မဟုတ်ဘူး"

အမေက သက်ပြင်းချသည်။ "ညည်း အဖေ သူ့ကို မမြင်သွားရဘူးအေ"

ဂျွန်ကမူ ဘာမျှ မပြောချေ။ သူသည် စားပွဲတွင် ပုံဆွဲနေကာ

ဆက်ပြီးသာ ဆွဲနေလေသည်။ ဘလိတ် ကြေးနန်း ရိုက်သည်မှာ သူသည် သုံးနာရီတွင် ဘန်တီက ကားမောင်းပို့၍ ရောက်လာမည်။ သူမသည် ဂရုတစိုက် အဝတ်လဲကာ နားနေစရာ အခန်းမှ သူ့ကိုစောင့်၏။ သုံးနာရီ ထိုးပြီး၍ မိနစ် အနည်းငယ်ကြာသော် သူ့ကို မြင်ရသည်။ ဘလိတ်သည် ကားတွင်းမှ ထွက်ကာ သားမွေးကုတ်ကို ဝတ်လျက် လက်ကိုင်တုတ်ကို လက်ထဲ၌ ကိုင်ပြီး လှေကားမှ တက်လာလေသည်။ သူမသည် တံခါး သွားဖွင့်လေသည်။

"ဝင်ခဲ့လေ... ဘလိတ်" ဟု သူမက ပြောလိုက်၏။

"ကောင်းပြီ... စုဇန်" ဟုဆိုကာ ကုန်း၍ သူမ၏ ပါးကို နမ်းလိုက်လေသည်။

သည်အိမ်တွင် ဘလိတ်သည် သူမအဖို့ အလွန်တရာ စိမ်း၍ နေရကား သူမ၏ ပါးပြင်ပေါ်ရှိ သူ့အနမ်းသည် အလန့်တကြား ဖြစ်စရာပင်။ သူသည် ကုတ်အင်္ကျီကို ချွတ်နေခိုက် သူမသည် ရပ်၍စောင့်နေသည်။

"ဒီနေရာက ရှာရသိပ်ခက်တာပဲ၊ ဘယ်သူမှ မသိသလောက်ပဲ၊ ဒီနေ့မှာ အေးလိုက်တာကလည်း မပြောပါနဲ့တော့" ဟု သူကပြော၏။

လှပသော သူ့နှာခေါင်းများသည် အနည်းငယ် နီနေကာ သူသည် လက်များကို ပွတ်နေလေရာ သူ့အဖေသည် လက်များကို ထိုကဲ့သို့ ပွတ်သည့်အခါ ထွက်လာသော အသံအတိုင်း သစ်ရွက်ခြောက်များ၏ ခြောက်သွေ့သော အသံသည် ပေါ်ထွက်လာပေ၏။

"မီးဖိုနားကို လာပါလား" ဟု စုဇန်က ပြောလိုက်၏။

ဂျွန်သည် သစ်တုံးများကို ယူလာကာ မီးဖိုဟောင်းတွင် မီးပုံကြီးတစ်ပုံကို တည်ခဲ့လေသည်။

ပရိဘောဂ နည်းပါးလှသော အခန်းသည်ကား နွေးထွေး၍ နှစ်သက်ဖွယ် ကောင်းကာ ကျယ်ဝန်းလှပေ၏။ ဂျိန်းသည် မီးဖိုဘေးတွင် စားပွဲငယ်ကလေး တစ်ခုကို ချကာ လက်ဖက်ရည်ပွဲ တည်လေ၏။ သူမ၏ အမေကတော့ ဘေးမှာ ထိုင်ကာ စောင့်နေလေ၏။

"ဟောဒါ ဘလိတ်ပဲ အမေ" ဟု စုဇန်က ပြောရာ ဘလိတ်သည် အမေ၏ လက်ပေါ်သို့ ကုန်းလိုက်သည်တွင် အမေသည် အနည်းငယ် ကြောက်ရွံ့စွာ မော့ကြည့်လိုက်လေသည်။

"မောင် မလာခင်ကလေးတွင်ပဲ စုဇန်ကိုတောင်မှ ကျုပ် ပြောနေသေးတယ်" ဟု စရုံရှိသေးစဉ် မာဇီယာသည် အခန်းထဲသို့ အပြေးအလွှား ဝင်ခဲ့လေသည်။

"ဘလိတ်... ဘလိတ်" ဟု မာဇီယာက အော်လိုက်၏။

"အို... နောက်ဆုံးတော့ ဘလိတ် ရောက်လာပြီနော်"

မာဇီယာသည် သူမ၏ အကောင်းဆုံးဖြစ်သော အနီရောင် တာဖယ်တာ ဂါဝန်ကို ဝတ်လာကာ တိုတောင်း မည်းနက်သော ဆံပင်တွင်လည်း အနီရောင် ဖဲကြိုးကို ချည်ခဲ့သည်။ ကလေးမ၏ ပါးပြင်နှင့် နှုတ်ခမ်းများမှာ အလွန်တရာမှ တောက်ပနေလေသည်။

"မာဇီယာ... ငါ့ဆီကို လာဦး" ဟု စုဇန်က အော်လိုက်သည်။

မာဇီယာသည် ချက်ချင်းပင် ချဉ်သိုးသွားသော မျက်လုံးများဖြင့် သူမကို ကြည့်ကာ တဖြည်းဖြည်းနဲ့ အနားကပ်လာလေသည်။

"ဘာလဲ" ဟု ကလေးမက မေး၏။

သို့သော် စုဇန်သည် ကလေးမကို ဖမ်းကိုင်လိုက်ကာ ပါးပြင်နှင့် နှုတ်ခမ်းများကို လက်ကိုင်ပဝါဖြင့် ပွတ်တိုက်ပစ်လေ၏။

"ရှက်စရာ ကောင်းလိုက်တာ မာဇီယာရယ်" ဟု စုဇန်က ပြောလိုက်သော် ဘလိတ်သည် သူ၏ အသံမြင့်၍ ကြီးမားသော ရယ်ခြင်းဖြင့် ပေါက်ကွဲ၍ ရယ်လေ၏။ သူတို့အားလုံးသည် လက်ကိုင်ပဝါ အဖြူပေါ်မှာ ဆိုးဆေးများ စွန်းပေနေသည်ကို ဝိုင်း၍ကြည့်နေကြကာ မာဇီယာ၏ မည်းနက်သော မျက်လုံးများမှာ အမျက် ပြင်းစွာ ထွက်နေကြလေ၏။

"ဒါဟာ ညည်းရဲ့ အလုပ်လား" ဟု စုဇန်က ပြော၏။

"ဖြစ်မှ ဖြစ်ရပလေတော်" ဟု မစ္စစ်ဂေးလော့က ပြော၏။

ဂျွန်က ဝင်လာ၏။ "ကျွန်တော် မာဇီယာကို ပြောသားပဲ၊ အမေကြိုက်မှာ မဟုတ်ဘူးလို့၊ ကျန်းမာရဲ့နော်... ဘလိတ်"

ဂျွန်သည် လက်ကို ဆန့်ပေးရာ ဘလိတ်က ရယ်မောခြင်းဖြင့် ကျီစယ်တောက်ပသော မျက်လုံးများအတိုင်းပင် ရှိသေးကာ ဂျွန်၏ လက်ကို ဆွဲယူလေသည်။

"ငါကတော့ သဘောကျသားပဲ မာဇီယာ၊ တကယ်ပဲ" ဟု ဘလိတ်က ပြောသည်။

"မာဇီယာ မျက်နှာ သွားသစ်လိုက်စမ်းကွယ်" ဟု စုနေ်က တောင်းပန်၏။ မာဇီယာသည် ယခုလို လုပ်ခဲ့ခြင်းအတွက် စုနေ်သည် တိတ်တဆိတ်ကျေးဇူးတင်နေမိကာ နောက်မှလှမ်း၍ အော်သည်မှာ...

"မြန်မြန်ပြန်လာခဲ့နော်၊ သမီးရေ လက်ဖက်ရည်နဲ့ သောက်ဖို့ စပျစ်သီးခြောက် ကိတ်မုန့်တွေ ဂျိန်း ယူလာတယ်"

သို့သော် တစ်ချိန်လုံးပင် သူမသည် ဘလိတ်ရှိသည်ကိုသာ သတိမူနေမိ၏။ အကြောင်းမူကား အချိန်တိုင်းမှာပင် သူတို့ နှစ်ယောက်ကြား၌ အသားချင်း အသားချင်း တည်းသည့်နှောင် မရှိတော့ပြီ ဖြစ်သည်ကို သိမြင်ရသောကြောင့်ပင်တည်း။ သူ့အသားသည် သူမအဖို့ စိမ်းနေ၏။ ထိုအသားတွင် ပဋိလက် မရှိတော့ချေ။ သူ့လက်ကိုလည်း ထိလိုစိတ် မရှိ။ သူက နမ်းမည်ဆိုကလည်း သူမအား စိတ်ရှုပ်ထွေး မွေလီခြင်းဖြင့်သာ အပြည့်ဖြည့်လိုက်လေသည်။ သူမသည် လက်ဖက်ရည်ကိုသာ ငုံ့၍နေတုန်း။ မာဇီယာသည် ပြန်လာပြီး ဘာမျှမဖြစ်သလို ဟန်ဆောင်ကာ ဘလိတ်၏ ဒူးပေါ်တွင် ထိုင်ပြီး စကားများနေတုန်း။ သူမသည် တိုးပွားလာသော အကြောက်ဖြင့် ထိုင်လျက်ရှိလေသည်။ တစ်ခါကမူ သူမသည် ဘလိတ်၏ လည်ပင်းပေါ်တွင် မျက်နှာကိုမြှုပ်နှံကာ မွှန်းနစ်စွာဖြင့် တီးတိုးပြောခဲ့ဖူးသည်မှာ "ကျွန်မရှင့်ကို အချစ်ဆုံးပဲ"

ဘလိတ်သည် သူမကို ရယ်မောလျက် ရှိနေပြန်လေသည်။

တစ်ချိန်လုံးပင် သူမ သိနေသည်မှာ သူမနှင့် ဘလိတ်တို့သည် တွေ့ဆုံကြဖို့၊ သို့မဟုတ် ခွဲခွာကြဖို့ အချိန်သည် အနားကပ်လာပြီ ဖြစ်သည့်အကြောင်း၊ သည်နေရာသို့ ရောက်လာသည့် အကြောင်းပင်တည်း။ ညမတိုင်ခင် သည်ဟာကို ရင်ဆိုင်ရမည်။ သူမသည် ချက်ချင်း ထလိုက်လေသည်။

"ကဲ... မင်းတို့အားလုံး သွားကြစမ်း၊ ဘလိတ်နဲ့ ငါ ပြောစရာ ရှိသေးတယ်"

သူမ၏ အသံတွင်းမှ အစွမ်းသတ္တိ တစ်ခုသည် မာဇီယာကိုတောင်မှ စေခိုင်းနိုင်လေရာ သူမနှင့် ဘလိတ်တို့သည် နောက်ဆုံးတွင် နှစ်ယောက်တည်း ကျန်ရစ်ခဲ့လေသည်။

ဘလိတ်သည် သူမကို အလိုရှိသည်၊ မရှိသည်ကို သိနိုင်ရန်အတွက်

ဘလိတ်ကစ၍ ပြောမည်ကို သူမသည် စောင့်နေလေ၏။ အကြောင်းမူကား အကယ်၍ သူက သူမကို အလိုရှိသေးလျှင် သို့မဟုတ် လိုနေသေးလျှင် ပါရစ်မြို့၏ ရုံးခန်းကလေးတွင်း၌ ပေးခဲ့သော "ပြန်၍ သတိရပါမည်" ဆိုသည့် သူမ၏ ကတိသည် ရှိခဲ့လေသည်။ သူမသည် ကြောက်ရွံ့ တစ်ဝက် ဖြင့် စောင့်နေရာ သူသည် ချစ်အားဖြင့် "ကိုယ့်ဆီကို ဘယ်တော့ပြန်လာမှာလဲ စုဇန်" ဟု မေးရမည့် အနေသို့ ရောက်နေလေ၏။

သို့သော် သူစကားပြောသည့်အခါ သူပြောလိုက်သည်မှာကား "ကိုယ့် ကိစ္စလည်း ရှိလို့ လာခဲ့တာပဲ စုဇန်၊ ဂျိုးဇက်မတ်ဆိုတဲ့ လူထူးဆန်းကြီးက လေ" သူသည် ရယ်မောတစ်ဝက်ဖြင့် ရပ်တန့်လိုက်ပြီးမှ ဆက်ပြောသည်မှာ "စုဇန် အခုတော့ မင်းဟာ အမြွောက်အပင့် ခံလိုက်ရသလို ဖြစ်နေပြီ၊ အဘိုး ကြီးက မင့်ရုပ်တုတွေထဲက နှစ်ရုပ်ကို ပြတိုက်ထဲမှာ ထားဖို့ လိုချင်တယ်တဲ့"

သူမသည် အလွန်တရာမှ အံ့သြငေးမောသွားရာ သူမ၏ မျှော်လင့် ထားခြင်းကို ထိန်းချုပ်ဖို့ရာနှင့် သူ၏စကားလုံးများကို စိတ်နှလုံးစိုက်လိုက် ဖို့ရာမှာ အလွန် ခဲယဉ်းသွားလေ၏။

ယခုအချိန်မှာ သူ ပြောပြလိုက်သည့် အရာသည် သူမအဖို့ လုံးဝပင် အရေးမကြီးချေ။ သူမသည် ရုတ်ခြည်း စကားပြန်မပေးနိုင်ချေ။ ဘလိတ် သည် စီးကရက် တစ်လိပ်ကို မီးညှိလေသည်။

"သူက ပြောတယ်၊ မင်းရဲ့ သဘောတူညီချက်ကို လိုချင်ပါတယ်တဲ့၊ ဒါမှမဟုတ် ဘယ်လိုပုံစံမျိုးနဲ့ ဖြစ်ဖြစ်တဲ့" သူသည် စီးကရက်ကို ပြင်းထန်စွာ ရှိုက်လိုက်ပြီး မီးခိုးကို မှုတ်ထုတ်လိုက်၏။

"မင့်အဖို့ ကိုယ်ဆောင်ရွက်ပေးနိုင်မယ် ထင်ပါရဲ့"

သူမသည် အားယူ၍ တွေးသည်။

"အဲဒီရုပ်စုံ အစီအစဉ်ကို ပျက်မသွားစေချင်ဘူး" ဟု သူမက နောက် ဆုံး၌ ပြောလိုက်၏။

"ဒါဟာ မပြည့်စုံသေး မကျေနပ်သေးဘူး၊ ထပ်ပြီး ဖြည့်ဖို့ နောက်ထပ် အနည်းဆုံး ရှစ်ရုပ်လောက်လိုသေးတယ်၊ ဒါဟာ ပြတိုက်ထဲကို သွားရတော့ မယ် ဆိုရင် တစ်လုံးတစ်စည်းတည်းပဲ သွားရမယ်"

သူ့မျက်ခုံးများသည် မြင့်တက်သွားသည်။ "ကိုယ်ပြောမယ် စုဇန်" ဟု သူက ရွတ်၏။

"မင်း ဘာကိုမှ မမျှော်ကိုးဘူးပေါ့၊ ဟုတ်လား" သူ့အသံသည် သရော်သံ ပါနေရာ သူမ၏နှလုံးသည် ပျံ့ကြွ၍ ထလာသည်။

"ကျွန်မ အားလုံးကို မျှော်ကိုးတယ်" ဟု သူမက မာနကြီးစွာ ပြော၏။

"အေးလေ... " ဟု သူက ပြန်ပြော၏။

"မင်း ရပါစေကွာ"

သူမကို ဘာမျှ ပြန်မပြောချေ။

"ကိုယ် အဘိုးကြီးကို ပြောလိုက်ရမလား" ဟု ခဏကြာမှ သူက ပြော၏။

"ဟင့်အင်း... ကျွန်မဘာသာ ပြောမယ်" ထို့နောက် သူမသည် မနေနိုင်ဘဲ ကိုယ်ကို ရှေ့သို့ယွန်းကာ "ဒါက ကိစ္စမရှိပါဘူး" ဟု ပြောလိုက်၏။

"ဘာလိတ်၊ ရှင်နဲ့ ကျွန်မနဲ့အတွက်က ဘယ်လိုလဲ"

ဒါကို သူ့ထံ တွန်းပေးလိုက်ပေပြီ။ သူသည် သူမကို ကြည့်နေရာ သူမသည် သူ၏အကြည့်ကို ပြည့်ပြည့်ဝဝပင် မေးမြန်းနေသော မျက်လုံးများဖြင့် ပြန်ကြည့်လေသည်။

"မင်း ဘာဆိုလိုတာလဲ" ဟု သူကမေး၏။

"ကျွန်မ မရှိဘဲ ရှင် စိတ်ချမ်းသာနေသလား"

"မင်းကော ကိုယ်မရှိဘဲ စိတ်ချမ်းသာသလား"

"ကျွန်မ ဒီအတိုင်း မသွားနိုင်ဘူး၊ ဒါဟာ ကျွန်မတို့ နှစ်ယောက်လုံး အဖို့ တစ်ခုခု အမိပ္ပာယ်ဆောင်ရမယ်"

"ဟုတ်တယ်လေ" ဟု သူက နှစ်သက်ဖွယ် သဘောတူလိုက်၏။ သူမက စောင့်နေသော်လည်း သူက ဘာမျှမပြောချေ။ မီးဖိုတွင် သစ်တုံး တစ်တုံးသည် လျှောကျလာရာ သူမသည် လှုပ်ရှားလိုက်ရုံရှိသေးစဉ် သူက ရှေ့က ရောက်နှင့်၏။

"ကိုယ် လုပ်စမ်းပါရစေ" ဟု သူက တောင်းပန်၏။ ၎င်းနောက် သူသည် ပြန်ထိုင်ကာ...

"ဟောဒီ အိမ်အိုကြီးက အဆင့်အတန်း မြင့်မြင့် တစ်ခုကို မင်း လုပ်နိုင်တယ်၊ သိလား စုဇန်၊ အိမ်ကြီးမှာ မျှဉ်းကြောင်းတွေ ရှိတယ်" ဟု ပြောလေသည်။

"ဟုတ်တယ်" ဟု သူမက ပြော၏။

သူသည် သူ၏ အစွမ်းကုန် သန္တာန်အားဖြင့် ဘယ်တော့မျှ စကားပြောမည် မဟုတ်ဆိုတာကို သူမ သိမြင်ရလေသည်။ သူသည် အလွန်ရှည်ကြာစွာ သူ့ကိုယ်သူ ဝေလည်ကြောင်ပတ် လုပ်ခဲ့သည့်အတွက်ကြောင့် လည်းကောင်း၊ ဘယ် အမှန်တရားကိုမဆို သူ့ကိုယ်သူ ပုန်းလျှိုးကွယ်ဝှက်၍ နေခဲ့သည့် အတွက်ကြောင့် လည်းကောင်း၊ အမှန်ကို မျက်နှာချင်းဆိုင်ရန် သူ မတွေ့လိုတော့ချေ။ သူမကတော့ အမှန်တရားအဖို့ မွေးဖွားလာကာ အမှန်ကို ရရှိရမည်ဖြစ်၏။ အသား အသားချင်း ကြားမှ နှောင်သည် ပျက်စီးခဲ့ပြီဖြစ်ရာ သူတို့သာ နှစ်ယောက်အတူ နေခဲ့လျှင် သူမသည် မခံရပ်နိုင်သော လိုအပ်ခြင်းကြောင့် သူ လွှဲဖယ် ရှောင်ရှားခဲ့သော နောက်ဆုံးစခန်းသို့ ရောက်အောင် ထပ်တလဲလဲ သူ့ကို တွန်းပို့နေမိမည် ဖြစ်၏။ နောက်ဆုံး၌မူကား ယခုအထိ၌ပင် သူ့ကို မိမိ မချစ်နိုင်တော့သလို သူသည် နောက်ဆုံး၌ မိမိကို မုန်းတီးလာလိမ့်မည် ဖြစ်၏။ မှန်သည်။ သူ့ကို မချစ်တော့ချေ။ သို့သော် သူ့ကို တစ်ခါကတော့ အပြည့်ဝ အကျနဆုံးသော ချစ်ရမှုက်ဖြင့် သူ့ကို ချစ်ခဲ့ဖူးသည် ဆိုတာကိုတော့ ဘယ်တော့မှ မမေ့ပါ။ သူမသည် အကြာကြီးပင် အတွေးဖြင့် နှုတ်ဆိတ်နေစဉ် ဘလိတ်သည် စီးကရက်သောက်ရင်း မီးတောက်များကို ငေးနေလေသည်။

"ဘလိတ်" ဟု နောက်ဆုံး၌ သူမသည် အလွန်ကြင်နာစွာ ပြောသည်။

"ကျွန်မ ဒီမှာ နေပါရစေလို့ ပြောရင် ရှင်သိပ်ပြီး... သိပ်ပြီး စိတ်ဆိုးမှာလား"

"ကွာရှင်းဖို့လား" သူသည် ထိုစကားလုံးကို စူးရှလျင်မြန်စွာ ပြောလိုက်၏။

"ဒီလိုပဲ ထားရင်လည်း ထားပါလေ။ ကျွန်မကတော့ ဂရုမစိုက်ပါဘူး။ ကျွန်မ ကိုသာ ဒီမှာ နေခွင့်ပေးပါ။ အလုပ် လုပ်ခွင့်ပေးပါ။ ဒါတစ်ခုပဲ"

"ဘယ်သူနဲ့မှတော့ မတွေ့သေးပါဘူးနော်"

သူမသည် ခေါင်းခါ၏။

"မတွေ့ပါဘူး၊ တကယ်ပဲ ဘယ်သူနဲ့မှ မတွေ့သေးဘူး"

သူက ပြုံး၏။ "ကိုယ် နားလည်ပါပြီ"

သူမကတော့ ဘာမျှ မပြောတော့ချေ။ သူ ဘယ်လို ခံစားရသည်

ဆိုတာကို သိဖို့ရာ ယခုထိပင် ခက်ခဲသေးသည်။

"ကိုယ်ဟာ မင်းနဲ့ ပျော်ရွှင်သုခ ရခဲ့တယ် စုဇန်" သူသည် သူ၏ ပြေပြစ် ရွှင်လန်းသော အသံဖြင့် ပြော၏။ "တစ်ခါတစ်ခါကျရင် ကိုယ်ဟာ ဆက်ပြီး ပျော်ပါ့မလားလို့ တွေးမိတယ်၊ မင်းလို မိန်းမမျိုးကို ကိုယ်ထင်တာ၊ မင်းဟာ တုပြိုင် ရင်ဆိုင်တတ်တယ်။ ဘာကြောင့်လဲဆိုတော့ မင်းဟာ တိုက်ဖျက်လို့ မရနိုင်တဲ့ လူမို့ပဲ၊ ပထမတော့ မင်းရဲ့ မာနကို ချီးချင်တယ်၊ ဒီနောက်တော့ မင်းကို ကိုယ် ချစ်ကြိုက်သွားတယ်"

"ကျွန်မရဲ့ မာနဟာ မကျိုးခဲ့ပါဘူး" ဟု သူမက အေးတိတ်စွာ ပြော၏။

"ဒါဟာ မင်းရဲ့ အတွင်းက သန္တာပါ ပစ္စည်းပဲလေ...၊ ဒမ်"

သည်ဟာသည် သူ့အတွင်းက အမှန်တရားနှင့် အနီးဆုံးသော အချိန်သာ ဖြစ်ကာ သူမသည် ခဏပန်း ဖြစ်လာသော သနားကြင်နာခြင်းဖြင့် ပြော သည်မှာ...။

"ကျွန်မ သိပါတယ်၊ ကျွန်မဟာ မယားတစ်ယောက်အဖြစ် နှစ်သိမ့်ခြင်း ပေးတဲ့ မိန်းမတစ်ယောက် မဟုတ်ပါဘူး ဆိုတာ"

"မင်းဟာ အဲဒီနေရာမှာ တစ်ဝက်ပဲ ရှိတယ်" သူက ပြုံးပြီး ပြောနေလေသည်။ "ယောကျ်ားတစ်ယောက်ဟာ ကိုယ့်မယားကို ပိုင်ဆိုင်ချင်တာပဲ"

"ကျွန်မ သိပါတယ်" သူမသည် အနည်းငယ် ငြီးငွေ့ဟန်ဖြင့် ပြော၏။

"ပြီးတော့ ကျွန်မဟာ အပိုင်အဆိုင် ခံမယ့်သူ မဟုတ်ဘူး"

သူမသည် စောင့်နေပြီးမှ မြန်မြန်စွာ ပြောသည်မှာ...

"ကျွန်မဟာ ဒီလိုပဲ မွေးလာခဲ့တယ်"

သူသည် စကားပြန် မပေး။ သို့ရာတွင် ထိုင်ကာ ကြည့်နေသည်။

"ကျွန်မဟာ အားလုံးကိုပဲ လိုချင် နေတတ်တယ်"

သူမသည် မိမိအတွက် တတ်နိုင်သမျှကို ရှင်းလင်းပြရန်အတွက် တစ်ဝက် လျှောက်လဲသံဖြင့် သူ့ကို ပြောနေသည်။

"ကျွန်မဟာ အားလုံးပဲ ဖြစ်ချင်တယ်၊ မယားကောင်း တစ်ယောက် ဖြစ်ချင်တယ်၊ ကလေးတွေ လိုချင်တဲ့ မအေမျိုး ဖြစ်ချင်တယ်၊ ပြီးတော့ ကျွန်မရဲ့ အလုပ်ကိုလည်း လုပ်ချင်တယ်၊ ရှင်လာတဲ့ အခါကျတော့ ကျွန်မ

ဟာ ရှင့်ရဲ့ အချစ်အဖြစ်ကို ရောက်ချင်ပြန်တယ်"

သူက မသက်မသာ တစ်ဝက်ဖြင့် ပြောသည်မှာ...

"အင်း... မင်းဟာ အားလုံးပဲ ဖြစ်ခဲ့သားပဲ"

"ကျွန်မဟာ သေသွားပြီ ဖြစ်တဲ့အတိုင်းပဲ၊ ကျွန်မတို့ ပြောနေတာဟာ ဘာကြောင့်လဲ မသိပါဘူး၊ ကျွန်မဟာ အရင်တုန်းကထက်တောင်မှ ပိုပြီး အသက်ရှင်နေသေးတယ်၊ အရာရာကို ပိုပြီး သတိမူနေတယ်လေ"

အမှန်ပင်၊ သည်ဟာသည် အမှန်ပင်။ ထို သတိမူခြင်းထဲမှ နေ၍ သူမသည် ကြီးကျယ်သောအလိုကို ရရှိလာသည့် အလင်းရောင်ဖြင့် ဝမ်းနည်းစွာသော စိတ်ညှိုးနွမ်းခြင်းဖြင့် မြင်မိသည်မှာ သာမန် လူသတ္တဝါတို့နှင့် အလွန်ဝေးကွာစွာ ခြားနားခဲ့သော သူမ၏ အဖြစ်စဉ်၌ပင်၊ သူမ၏ နက်နဲသော အဖြစ်သည် တည်ခဲ့သည်ဖြစ်ကာ ထို့ကြောင့်ပင် လူတို့က မခံရပ်နိုင်စဖွယ် ဖြစ်ရသည် ဆိုသည့် အကြောင်းပင်တည်း။ မိန်းမတို့သည် သူမ၏ နီးကပ်သော သူငယ်ချင်းများ မဟုတ်။ အကြောင်းကား သူတို့ လုပ်သည်ကို သူမလည်း လုပ်ကာ တခြားများစွာသော အရာတို့ကိုလည်း သူမက ပို၍ လုပ်သောကြောင့် ဖြစ်သည်။ မေရီသည် ဘာကြောင့် သူမကို ဘယ်တော့မှ မချစ်ပါသလဲ။

မာဒီယာ၏ ပေါ့ပါးသော ပူနွေးခြင်းသည် မအေဖြစ်သူ၏ ကြွယ်ဝလှသော ချစ်ချင်ခြင်းအတွက် မလုံလောက်နိုင်သည့် တစ်ခုသာ ရှိလျက်က ဘာကြောင့် မာဒီယာသည် သူမက လက်များ ဆန့်လိုက်သည့်အခါ မကြာခဏ နောက်သို့ တွန့်၍ သွားခဲ့ပါသလဲ။ သူ့ ပညာရှိရုပ်များနှင့် သူ လုံလောက် နေပြီဖြစ်သော ဒေးဗစ်ဘာနေအဖို့လည်း သူမသည် မှာက်အဖို့ လည်း ပိုလွန်ခဲ့ကာ ယခုအခါ ဘလိတ်အဖို့လည်း ပိုလွန်းခဲ့လေပြီ။ သူမ လုပ်ထားသည့်ဟာများကိုသာ ဂျိုးဇက် ဟက်က မကြိုက်ခဲ့လျှင် ဘလိတ်သည် သူမကို ခွင့်လွှတ်လျှင် လွှတ်ခဲ့မည်ဖြစ်၏။ တစ်ယောက် တစ်ယောက်သည် သူမထံမှ တခြား တစ်ယောက်က မလိုချင်ခဲ့သည်ကို လိုချင်ခဲ့သည်။ သို့သော် သူမသည် သူတို့အလိုကို အလွန်ပြည့်ဝစွာ ပေးခဲ့ရာ လူတိုင်း လူတိုင်းသည် သူမ၏ ဘေးတွဲအဖြစ်များအတွက် အလွန်လေးလံနေကြလေသည်။ လူတိုင်းသည် သူတစ်ယောက်တည်း သူမအဖို့ မလုံလောက်နိုင်သည်ကို သိခဲ့သည်။ ထိုအသိသည် အလွန်ခါးသီးရကား ထိုအသိမှ

လွတ်ပြေးကွက် ရှိရမည် ဖြစ်လေတော့သည်။ လူတိုင်းအတွက် သူမသည် ပိုလွန်းနေကာ ဘယ်သူမျှ သူမကို ပြည့်ဝစေမည် မဟုတ်ရာ လူတိုင်းသည် ဒါကို သိပြီး အဝေးသို့ ထွက်သွား ကြလေသည်။

ယခုအခါ ဂျွန်ကလွဲ၍ တစ်ယောက်မျှ မကျန်တော့ချေ။ သူမသည် ဂျွန်ကို အလွန်တရာ ဂရုစိုက်ရပေမည်။ ဂျွန်ကို သစ်သားဖြင့် ပေးခဲ့သော ရုပ်ပုံကလေးများကို ထွင်းထုစေကာ သူမ၏ ကျောက်တုံးကြီးများက ကြီးမား ခြင်းကို ဂျွန်မခံစား စေရအောင် လုပ်ရမည်ဖြစ်၏။ သူမသေသည်အထိ သူမ ၏ ကြီးမားခြင်းကို ဂျွန်ထံမှ ကွယ်ဝှက် သိမ်းဆည်း၍ ထားရပေမည်။

"ရှင် ကျွန်မကို ခဏခဏ ရိုးတယ်လို့ ပြောဖူးတယ်၊ တစ်ခါတော့ မိုက်တယ်လို့တောင် ပြောဖူးသေးတယ်" ဟု သူမသည် ဘလိတ်ကို ပြော လိုက်လေ၏။

"ရှင် ပြောတာ သိပ်မှန်တာပဲ၊ ကျွန်မအတွက် ဘာဟာ မှားနေတယ် ဆိုတာ သိဖို့ရာ ကျွန်မ အကြာကြီး နေခဲ့ရတယ်"

သူမ ဘာကိုသိသည် ဆိုတာကိုကား ဘလိတ်က မမေးချေ။

"မင်းဟာ သိပ်ပြီး သဘာဝအတိုင်း ရှိလွန်းလှတယ်၊ မင်းကို ဒီအတိုင်း လက်ခံဖို့ လူတွေကို မျှော်လင့်တယ်၊ လူတွေဆီကို မင်းဟာ ကလေးလေး တစ်ယောက်ပမာပဲ တည့်တည့်မတ်မတ်ကြီး သွားတော့တာပဲ၊ ဒါပေမဲ့ မင်းဟာ ကလေးလေးတစ်ယောက် မဟုတ်တော့ လူတွေဟာ မင်းကို ဘာလုပ်ရမယ်ဆိုတာ မသိတော့ဘူး"

"ဟုတ်တယ်၊ ကျွန်မ သိပါတယ်၊ လူတွေက တခြားလူတွေကို ကိုယ့် အတိုင်းသာ ယူကြတာကိုး၊ လူတွေဟာ ဒီလောက်ပဲ တတ်နိုင်တယ်၊ အရင် ကတည်းကိုက ဒါကို ကျွန်မ နားလည်ဖို့ မကောင်းဘူးလား"

သူတို့သည် အလွန်ကြာရှည်စွာ ရုပ်ဆိုင်းခြင်းများဖြင့် စကား ပြော လေ၏။ သူမ၏ ရုပ်ဆိုင်းခြင်းများမှာ မျှော်လင့်တောင့်တခြင်းနှင့် သံသယ ဖြစ်ခြင်းတို့ဖြင့် အပြည့်ရှိကာ သူ၏ ရုပ်ဆိုင်းခြင်းမှာတော့ သတိထား၍နေခြင်း အပြည့်ရှိလေသည်။ နေ့လယ်သည် ကုန်ဆုံးလုနီးလေပြီ။ နေသည် အခန်းကို စောင်းရွေ၍ ဖြတ်စပြုလေပြီ။ နေရောင်သည် သူမနှင့် မာ့က်တို့ သူတို့၏ ဘဝကို စတင်စဉ်က ဝယ်ခဲ့သော နွမ်းရိသည့် ကော်ဇောပြာပေါ်သို့ ကျနေလေ ၏။ ထိုဘဝသည် တည်ရှိခဲ့ပြီး ကုန်ဆုံး၍သွားခဲ့ပေ၏။ သို့သော် ထိုဘဝ

သည် သူ၏နေရာကိုတော့ ယူခဲ့သေးသည် ဖြစ်၏။ ယခုအခါ သူမနှင့် ဘလိတ်တို့ စကားပြောရာ၌ အလွန်နည်းပါးလှသော စကားလုံးများကြောင့် သူမသည်လည်း ယခုဘဝသည် သူမထံမှ ထွက်သွားကုန် ဆုံးကြပြီဟု ထင်ခဲ့လေသည်။

"ကိုယ် မသိပါဘူး" ဟု ဘလိတ်က ပြန်၍ ဖြေလေ၏။

"ကိုယ့်ကိုတော့ စိတ်ပညာကို ထိုးဖောက်ရအောင် မလုပ်ပါနဲ့တော့ အချစ်ရယ်၊ တကယ် ရှင်းတဲ့ အမှန်တရားကတော့..." သူသည် ခဏမျှ ရပ်ဆိုင်းလိုက်ကာ ခေါင်းကို တစ်ဖက်သို့ လှည့်လိုက်လေ၏။ ထို့နောက်မှ ဆက်၍ ပြော၏။

"ကိုယ်တို့နှစ်ယောက် ရခဲ့သမျှ ဘာပဲဖြစ်ဖြစ်လေ ကိုယ်တို့ဆီက လွတ်ပြေးသွားတော့သလိုပါပဲ"

"တကယ်လို့များ ကျွန်မဟာ အခုလိုသာ မဖြစ်ခဲ့ရင်" သူမက စကားစလိုက်ရာ...

"မင်းကို ကိုယ်ဟာ လုံးလုံးကို ချစ်ကြိုက်မိမယ် မဟုတ်ဘူး" ဟု ဘလိတ်က အဆုံးသတ်လိုက်လေ၏။ သူသည် ကုတ်အင်္ကျီကို ခါးပတ် ပတ်နေကာ ထလျက်သား ရှိနေလေ၏။ သူ့မျက်နှာသည် အနည်းငယ် ဖြူနေ၍ နှုတ်ခမ်းများ ခြောက်သွေ့နေ၏။ သူမသည် မည်းနက်သော အရိပ်ပမာ ကျလာသည့် ကြီးမားစွာသော ဝေဒနာဖြင့် ရုတ်ခြည်း လွှမ်းမိုးခြင်း ခံရလေ၏။

"အို... ဘလိတ်၊ ရှင် ကျွန်မကို အများကြီးပဲ ပေးခဲ့ပါတယ်"

"ဒီလိုပဲ မင်း ကိုယ့်ကိုလည်း အများကြီး ပေးခဲ့ပါတယ် စုဇန်"

သို့သော် သူမသည် လက်ကို ဆန့်လိုက်သည့်အခါမှ သူက ခေါင်းခါလိုက်၏။

"စိတ်မရှိပါနဲ့ကွယ်၊ မရှိတော့တဲ့ဟာ တစ်ခုကို ဖမ်းဖို့ရာ ကြိုးစားမနေပါနဲ့တော့၊ မရှိတော့တဲ့ အတွက်ကြောင့် ကိုယ် ဝမ်းနည်းမိပါရဲ့၊ ဒီဟာဟာ ကြာရှည်နေပါစေလို့ စိတ်ထဲမှာ ထားခဲ့ပေမဲ့လည်း ဘယ်ဟာမှ ကြာရှည်တည်မနေဘူး၊ ကိုယ် သိပါတယ်၊ အားလုံးဟာ အဆုံးသတ်ရလိမ့်မယ်ဆိုတဲ့ အသိ ကိုယ့်မှာ ရှိတယ် ဆိုတာကို ကိုယ်အမြဲတမ်းပဲ အဆုံးနဲ့ တွေ့ခဲ့ရတယ်၊ အစကို မစခင်မှာ ကိုယ်ဟာ အဆုံးကို ခံစားနေရပြီ"

"ကျွန်မနဲ့ကော ဒီလို ခံစားရတာပဲလား"

"ဒီလိုပဲ ထင်ပါရဲ့" ဟု သူက ဖြည်းညင်းစွာ ပြော၏။ "ဒီလိုပဲ ဖြစ်ရမယ်လို့ ကိုယ်တွေးတယ်၊ ဘာကြောင့်လဲဆိုတော့ ဒါတွေဟာ ကိုယ့်အဖို့ ဘာမှ မထူးဆန်းပါဘူး၊ ကိုယ်ဟာ အရင်ကတည်းက တွေ့ဖူးကြုံဖူးရသလိုပဲ"

သူသည် သူမ၏ လက်ကို ယူ၍ နမ်းလိုက်ရာ သူ့မျက်လုံးများသည် ဝေမှိုင်း၍ နေသည်ကို မြင်ရ၏။ "သူ အိုလာရင် သူဟာ ဒီလိုရုပ်မျိုးပဲ ရှိလာမှာပဲ" ဟု သူမ တွေး၏။

"ကျွန်မတို့ ခဏ ခဏ တွေ့ကြတာပေါ့နော်"

"ဘာဖြစ်လို့ တွေ့ရမှာလဲ"

သူသည် တံခါးဆီသို့ သွားကာ ကုန်း၍ ဦးထုပ်နှင့် လက်အိတ်ကို ယူလေ၏။ သူ၏လက်ကိုင်တုတ်သည် လဲကျသွားရာ သူသည် ကောက်ရန် ငုံ့လိုက်ရလေသည်။

"ကိုယ် မင်းဆီကို စာရေးလိုက်မယ်၊ အသေးစိတ်ပြီး လုပ်ရမယ့်ဟာကိုတော့ ကိုယ်တို့ လွယ်လွယ်လေးနဲ့ ပြီးအောင် လုပ်နိုင်ပါတယ်၊ သိပ်ဆန်းတာပဲ"

သူသည် ရပ်လိုက်ကာ ခန်းမကို ပတ်လည်လှည့်၍ ကြည့်လေ၏။

"ဒီနေ့ ကိုယ် ဒီအခန်းထဲ ဝင်လာကတည်းက ခုလို အဆုံးသတ်ရမယ်ဆိုတဲ့ အသိကို ရခဲ့သေးတယ်"

သူသည် ဝမ်းနည်းသည် မနည်းသည်ကို မပြောနိုင်ချေ။

သူမသည် သူ့လက်မောင်းပေါ်ကို လက်တင်ရင်း စိတ်ဓောသန်စွာ ပြောသည်မှာ...

"ရှင်သာ ဝမ်းနည်းညှိုးငယ်တယ်လို့များ ကျွန်မ ထင်ရင် အဲဒါဟာ ကျွန်မကို သိပ်ပြီး ယမ်းခါပစ်လိုက်မှာပါပဲ"

"မင်း ဝမ်းနည်းနေသလား"

"ကျွန်မဟာ ဝမ်းနည်းနိုင်တယ်လို့ ထင်ပါတယ် ဘာလိတ်၊ ကျွန်မဟာ ဝမ်းနည်းလိမ့်မယ်လို့တော့ ထင်နေပါတယ်"

"အား... မင်းဟာ ဝမ်းနည်းလိမ့်မယ်၊ ဘာဖြစ်လို့လဲဆိုတော့ ဘယ်ဟာမှ အမြဲမတည်တဲ့ အတွက်ကြောင့်ပဲ၊ ဒါပါပဲ၊ ကိုယ်တို့ရဲ့ ဘဝဟာ

လွတ်ပြေးမယ်လို့ ကြိုးစားနေတုန်းကို ကိုယ်တို့ ခံစားရတဲ့ နောက်ဆုံး ဝမ်းနည်းခြင်းပါပဲ၊ ဗွတ်ဘိုင်... စုဇန်၊ ကျေးဇူးတင်ပါတယ်" သူသည် ဖြုတ်ခနဲပင် ထွက်ခွာသွားရာ ကြည့်နေရင်းက ပျောက်ကွယ်သွားသည်နှင့် တူလေ၏။ သူသည် သူ့ကားထဲသို့ တက်ကာ သူ့ကားသည် သစ်ပင်များ အောက်တွင် မှောင်မည်း လာပြီဖြစ်သော ဆည်းဆာ အတွင်းသို့ တစ်ရှူးထိုး မောင်း၍ ထွက်သွားလေ၏။

သူမသည် တွေဝေစွာ အခန်းထဲသို့ ဝင်သွားလေသည်။ နေသည် ကွယ်ခဲ့လေပြီ။ သို့သော် မီးတောက်သည် မီးကျနေသော ကျောက်မီးသွေး များ၏ တည်ငြိမ် ကြွယ်ဝခြင်းဖြင့် တောက်လောင်နေသော အခန်းသည် အနွေးဓွေးဖြင့် အပြည့်ရှိကာ နဂိုအတိုင်းပင် လင်းလျက်ရှိ၏။ သူမသည် တွေဝေစွာပင် ထိုင်ချလိုက်၏။ ဘလိတ် သည် အချိန်ကို ပေါ့ပါးခြင်း တစ်ဝက်ဖြင့် ကုန်ဆုံးသွားစေခဲ့၏။ သို့သော်လည်း ထိုမျှ ကြောက်မက်ဖွယ် ကောင်းလှသော အဆုံးသတ်ခြင်းဖြင့် ကုန်ခဲ့စေခြင်းသာ ဖြစ်ပေ၏။ သည်ဟာ သည် ပြီးဆုံး သွားလေပြီ။ သူမ ဝမ်းနည်းသွိုးငယ်သလား သူမ မသိ။ သည်ဟာသည် အစွမ်းသတ္တိ ပြင်းထန်သော မေ့ဆေးအောက်တွင် သူမကို ဘလိတ်သည် လက်သီးတစ်ချက် သွင်းခဲ့သလို ဖြစ်နေကာ သူမသည် ထိုလက်သီးချက်ကို ခံယူခဲ့၏။

"မင်းဟာ ဝမ်းနည်းလိမ့်မယ်၊ ဘာကြောင့်လဲဆိုတော့ ဘယ်ဟာကမှ မတည်မြဲဘဲကိုး၊ ဒါပါပဲ" ဟု သူက ပြောခဲ့၏။

"အင်း... " သို့သော် သူမ၏ အတွင်း၌ အားလုံးသည် အမြဲတည်ပေ သည်။ သူမ ရရှိဖူးသမျှလည်း ယခုလည်း သူမထံတွင် ရှိနေပေသေး၏။ သူမ ရရှိခဲ့သော အားလုံး၊ သူမနှင့် မာ့က်တို့ လုပ်ခဲ့သည့် အိမ်၊ သူ၏ သေဆုံး ခြင်း၊ သူမကို မိန်းမတစ်ယောက်ဖြစ်ကြောင်း ကိုယ့်ကိုယ်ကို သိလာအောင် လုပ်သည့် ဘလိတ်၏ စူးရှ၍ ရမ္မက်ကြွသော အချစ်ကလေးများသည် အားလုံးကို သူမသည် အမြဲတမ်း ရရှိပေသည်။ သူမ၏ သေမျိုးဖြစ်သော ကိုယ်ခန္ဓာထက် ပိုမိုများပြားသော သူမ၏ဘဝကို ဆွဲယူရန်အတွက် ကြွယ်ဝ သော အတွေ့အကြုံအဖြစ် ရရှိခဲ့သည် မှန်ပါသည်။ တစ်ခါတစ်ံ့ သူမသည် ဝမ်းနည်းပေလိမ့်မည်။ ညအခါများမှာ ဆိုပါတော့။ သို့သော် မနက် မိုးလင်းလျှင်တော့ သူမသည် အိပ်ရာကထပြီး အလုပ်ရှိရာသို့ သွားမည်ဖြစ်ရာ

ထိုအခါ သူမသည် ဝမ်းနည်းတော့မည် မဟုတ်ချေ။ ဝမ်းနည်းဖို့ရာကို သူမသည် မေ့လျော့သွားပေမည်။

ကြည်အေး